တက္ကသိုလ်

# တင်မြင့်



# ကန့်လန့်ကာချလိုက်ရပြီ

## တက္ကသိုလ်တင်မြင့်

# ကန့်လန့်ကာချလို့ရပြီ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၂၄၀၅၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၇၀၅၀၇

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၇) စေတနာOFFSET


အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

စီစဉ်သူ

မောင်ကျော်လှိုင်

(စေတနာစာပေ)

## တက္ကသိုလ်တင်မြင့်



# ကန့်လန့်ကာချလို့ရပြီ

## ၁

### ၁၉၉၀ နှစ်ဦးပိုင်း

"နှင့်လက်မှတ်က ရိုးရိုးတန်းလက်မှတ် … နင်စီးလာတာက အထက်တန်းတွဲ … "

"ဟုတ်ပါတယ်ရှင် … ဟောဒီကလေး ကိုယ်တွေသိပ်ပူနေပါတယ် … ရိုးရိုးတန်းတွဲကို ကျွန်မနဲ့ ဒီကလေး ဘယ်လိုမှ မတက်နိုင်ပါဘူး … ဘယ်တွဲမှ တက်လို့မရဘူး … တံခါးတွေ ပိတ်ထားပါတယ် … ရထားကလည်း ထွက်နေပြီ … ဒါကြောင့် ရရာတွဲပေါ် ကျွန်မတို့နှစ်ယောက် တက်ရတာပါ"

"ဒါဖြင့် … ကလေးလက်မှတ်ကော … "

အမျိုးသမီးအသံတိတ်သွားသည်။

"ငါမေးနေတယ်လေ … ကလေးလက်မှတ်ကောလို့ … နင့် ကလေးက အသက်ငါးနှစ်ကျော်နေပြီ … ကလေးလက်

မှတ်ဝယ်ရမှာ ... ”

“ဟို ... ဟို ... ပိုက်ဆံမလောက်လို့ပါ ... ”

ပြောသည့်ကြားကပင် အမျိုးသမီးအသံက တိမ်ဝင်သွားသည်။

“ဒါဆို ... နင့်ကို အရေးယူဖမ်းရမှာပဲ ... ရှေ့ဘူတာကျရင် ရဲပိုင်ဆီမှာ အပ်ခဲ့ရမှာပဲ ... ”

“ကျွန်မတောင်းပန်ပါတယ်ရှင် ... ”

“ဟဲ့ ... ဒါ အစိုးရတာဝန်ကိစ္စဟဲ့ ... တာဝန်အရ အရေးယူရမှာပဲ ကလေးမ ... နင့်ဟာက ရိုးရိုးတန်းလက်မှတ်နဲ့ အထက်တန်းတွဲမှာ တက်စီးတာရော ... ကလေးလက်မှတ်လည်း မယူတာရော ... နင် ဘယ်ဘူတာက တက်လိုက်လာတာလဲ ... ”

“သာယာဝတီကပါ ... ”

“အေး ... အခုဆိုက်ရင် ကြို့ပင်ကောက်ဘူတာပဲ ... နင်နဲ့ ကလေးကို ကြို့ပင်ကောက်ဘူတာရဲပိုင်လက်ထဲ အပ်ထားခဲ့ရမှာပဲ ... ”

အမျိုးသမီး၏ ငိုရှိုက်သံ ထွက်လာသည်။

နောင်ဝင်းဆွေသည် မြင်ရကြားရသည်တို့ကို စိတ်မကောင်းဖြစ်ရသည်။ မိမိထိုင်ခုံက တွဲ၏တံခါးပေါက်နားကပ်နေသဖြင့် ဝင်ပေါက်တွဲကြမ်းခင်းတွင် ထိုင်၍ လိုက်ပါလာသော အမျိုးသမီးတစ်ယောက်နှင့် အသက်ခုနစ်နှစ်၊ ရှစ်နှစ်ကလေးအား မီးရထား



လက်မှတ်စစ်က စစ်ဆေးမေးမြန်းပြောဆိုသံအားလုံး ကြားနေရသည်။

အကယ်၍သာ ...

နောင်ဝင်းဆွေ ယခုလို မီးရထားနှင့် ခရီးဝေးသို့ အသွားအလာ၊ အလေ့အထများသူဆိုပါက ယခုလို လမ်းခရီးတွင် တွေ့မြင်ရတတ်သော အဖြစ်အပျက်မျိုးကို အံ့သြမည်မဟုတ်။

ယခုတော့ ...

နောင်ဝင်းဆွေအဖို့ ဤတစ်ကြိမ်သည် ရန်ကုန်မှ ပြည်မြို့သို့ မီးရထားဖြင့် ပထမဆုံး လိုက်ပါလာခဲ့ဖူးခြင်းဖြစ်သည်။

နောင်ဝင်းဆွေသည် ရန်ကုန်မွေး၊ ရန်ကုန်မှာ ကြီးဖြစ်ပါ၏။ ငယ်စဉ်ကလေးဘဝမှစ၍ အိမ်ပေါ်ကဆင်းလျှင် ကိုယ်ပိုင်ကားပေါ်တက်၊ ကျောင်းသွား၊ ကျောင်းဆင်းသည်နှင့် ကိုယ်ပိုင်ကားပေါ်တက် အိမ်ပြန်မျိုး၊ ဘဝတစ်လျှောက်လုံးဖြစ်လာခဲ့သည်။

မီးရထားနှင့်ဖြစ်စေ၊ သင်္ဘောနှင့်ဖြစ်စေ မိသားစုဘုရားဖူးမျိုး၊ ခရီးသွားသည်မျိုး ကြုံခဲ့သည်များကျပြန်လည်း မိဘနှင့်ဖြစ်စေ၊ သူငယ်ချင်းအုပ်စုနှင့်ဖြစ်စေမျိုးသာ သွားခဲ့သည်။

နောင်ဝင်းဆွေ၏ ဘဝက ရွှေလင်ပန်းနှင့် အချင်းဆေးပြီး ပန်းမွေ့ရာ ရွှေကော်ဇောနှင့် နေထိုင်ခဲ့သည့်ဘဝ။

နောင်ဝင်းဆွေထိုင်ခုံမှထရပ်လိုက်သည်။ အချိုအချဉ်ဖြစ်နေသည့် အတက်အဆင်းကွက်လပ်သို့ ခြေလှမ်းရောက်ရှိသွားသည်။

မိန်းကလေးမှာ ပုဆစ်တုတ်လေးထိုင်ပြီး ငိုရှိုက်နေသည်။ သူမဘေးတွင် အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ဘောင်းဘီတိုနှင့် ဓမ္မိရှပ်နှင့် ကလေးကထိုင်ပြီး ငိုနေသော အမျိုးသမီးကို မျက်လုံးကလယ်လေးဖြင့် ကြည့်နေရှာသည်။

ချာတိတ်၏ မျက်နှာလေးကို မြင်လိုက်သည်နှင့် နောင်ဝင်းဆွေ၏ ဆရာဝန်မျက်စိဖြင့် ဤကလေးဖျားနေသည်ကို ချက်ချင်းသတိထားလိုက်မိသည်။

ရှပ်ဖြူ၊ ဘောင်းဘီဖြူနှင့် မီးရထားလက်မှတ်စစ်ကြီးသည် စိတ်ဖျက်သော အမူအရာဖြင့် မတ်တက်ရပ်ကာ ငိုနေသော အမျိုးသမီးကို ငုံ့ကြည့်နေသည်။

"ဒီမှာဗျာ ... မသိလို့ မေးပါရစေ ... ဒီအမျိုးသမီးနဲ့ ကလေးကို ဖမ်းမှဖြစ်မှာလား ... "

"အင်း ... တာဝန်အရ ဖမ်းပြီး ပထမဆုံးဆိုက်တဲ့ဘူတာက ရဲပိုင်လက်ထဲကို အမှုဖွင့်အပ်ထားခဲ့ရမှာပဲ ... "

"တကယ်လို့ပေါ့ဗျာ ... အခု သူတို့နှစ်ယောက်ကို ရဲပိုင်လက်အပ်ရင် ... ရဲပိုင်က ဘယ်လိုအရေးယူမှာလဲ ... မသိလို့ မေးတာနော် ... "

"အခု သူတို့နှစ်ယောက် စီးလာတဲ့ ခရီးနဲ့ အထက်တန်းတွဲ တက်စီးမှုအတွက် ကျသင့်တာကို တွက်ချက်ပြီး ဒဏ်ရိုက်မယ် ... ဒဏ်ငွေမဆောင်နိုင်ရင် တရားရုံးပို့မယ် ... တရားရုံးက ချမှတ်တဲ့ ထောင်ဒဏ်ကို သူတို့ခံရမှာပေါ့ ... "



"ဒါဆို ... ဒီရထားပေါ်မှာတင် တာဝန်ကျတဲ့ နောင်ကြီးက သူတို့ကို ဒဏ်ရိုက်ရင်ကော မရဘူးလားဗျာ ... "

"အဲဒါတော့ ရတာပေါ့ ... သူတို့ကို ကျွန်တော်ကပဲ ကျသင့်ထုံးစံအတိုင်း ဒဏ်ရိုက်ပြီး ပြေစာရေးပေးရင်ရပါတယ် ... အဲ ... အပြစ်ဒဏ်ကြေးဆိုတာ ခရီးအတွက် တကယ်ကျသင့်တာထက် အချိုးကျငွေ ပိုပေးဆောင်ရမယ် ... "

"ဒါဆို ... သူတို့နှစ်ယောက်အတွက် ကျသင့်သလောက် ဒဏ်ကြေးကို ကျွန်တော်ကပဲ ပေးမယ် ... အဲဒီလိုဖြစ်တယ် မဟုတ်လား ... "

"ဖြစ်ပါတယ် ... ဖြစ်ပါတယ် ... ကျွန်တော်ကလည်း လူမှုရေးအရ ဖမ်းတာဆီးတာတွေကို မလုပ်ချင်ပါဘူး ... ဒါပေမဲ့ တာဝန်အရ စစ်ဆေးတွေ့ရှိပါလျက် အရေးမယူဘဲ လွှတ်လိုက်တာကို အထက်ကသိသွားရင် ကျွန်တော်ထမင်းအိုးကွဲမယ် ... အလုပ်ပြုတ်မယ် ... ခရီးမဆုံးခင် တခြားလက်မှတ်စစ်က ဝင်စစ်လို့ တွေ့သွားရင် ... ကျွန်တော့်ကို အပြစ်ယူနိုင်လို့ပါ ... "

"ဒါပေါ့ ... ဒါပေါ့ ... ကဲ ... တွက်သာ တွက်ပေးပါဗျာ ... ကျသင့်ငွေအားလုံး ကျွန်တော်ကပဲ ဒဏ်ကြေးစိုက်ဆောင်ပေးပါ့မယ် ... "

တွက်သည်။

တစ်ရာကျော် ကျသင့်ပါ၏။

ကျသင့်ငွေကို နောင်ဆွေဝင်းက တိတိကျကျ ထုတ်ပေးလိုက်သည်။

လက်မှတ်စစ်က ပြေစာဖြတ်ပိုင်းကို နောင်ဝင်းဆွေအား ပေးသည်။

"သူ့ကိုပဲ ပေးပေါ့ဗျာ ... နောက်ထပ်လက်မှတ်စစ်လာရင် ပြနိုင်တာပေါ့ ..."

ပြောပြီး နောင်ဝင်းဆွေ သူ့ထိုင်ခုံကို ပြန်လာထိုင်လိုက်သည်။

"ကဲ ... ကောင်မလေးရော ... ချာတိတ်ကောင်လေးရော ပြည်မြို့အထိ လိုက်စီးသွားကြပေတော့ ... နင်တို့အထက်တန်းတွဲမှာ စီးခွင့်ရသွားပြီ ... အထဲမှာ ထိုင်ခုံလွတ်ရှိရင် ဝင်ထိုင် ... နောက်ထပ်လက်မှတ်စစ်လာရင် ဒီပြေစာကို ထုတ်ပြ ..."

ဒီနောက်မှာတော့ လက်မှတ်စစ်က သူ့တာဝန်အတိုင်း လက်မှတ်တွေဆက်စစ်တော့သည်။

ကြို့ပင်ကောက်ဘူတာတွင် မီးရထားက တစ်ခဏသုံးမိနစ်ခန့်သာရပ်ပြီး ဆက်၍ခုတ်မောင်းသည်။ ကြို့ပင်ကောက်ဘူတာတွင် အထက်တန်းတွဲ ခရီးသည်များ ဆင်းသူကများပြီး တက်သူက နည်းသောကြောင့် ခုံလွတ်တွေရှိလာသည်။

သို့တစေ ...

အမျိုးသမီးနှင့် ဖျားနေသော ချာတိတ်သည် တွဲထဲ



ရှိ ခုံလွတ်များတွင် ဝင်ရောက်ထိုင်ခြင်းမပြုသည်ကို နောင်ဝင်းဆွေ သတိထားမိသည်။

ခရီးသွားရင်း ကလေးတစ်ယောက်ဖျားပါလားဆိုသည့် ဆရာဝန်စိတ်၊ နောင်ဝင်းဆွေတွင် ဖြစ်ပေါ်လာသည်။ မီးရထားအမိုး ကပ်ထားသောစင်တန်းလျားပေါ်တွင် တင်ထားသော ဆေးသေတ္တာကို နောင်ဝင်းဆွေ ထယူလိုက်သည်။ ပြီး ဖျားနေပုံရသော ချာတိတ်ဆီသို့ လာခဲ့သည်။

မြင်ကွင်းမှာ သနားစရာ။

အမျိုးသမီးသည် တွဲနံရံကို ကျောမှီပြီး ချာတိတ်ကို သူမ၏ရင်ခွင်ထဲတွင် အလျားလိုက် ပွေ့ထားပြီး ပါးချင်းကပ်ထားသည်။

သူမ၏မျက်ဝန်းအိမ်မှ မျက်ရည်များ ပါးနှစ်ဖက်ပေါ် စီးကျနေသည်။

"ပြစမ်း ... ကလေး ..."

နောင်ဝင်းဆွေက အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် ဒူးထောက်ထိုင်ကာ တိုတိုပြတ်ပြတ်ပင် ပြစမ်း ကလေးဟု ပြောလိုက်သည်။

အမျိုးသမီး ခေါင်းမော့လာသည်။

နောင်ဝင်းဆွေကို မြင်သည်နှင့် မိမိတို့ကို ကယ်တင်သူဟူသော ကျေးဇူးတင်သောမျက်နှာလေးနှင့် ကြည့်ပေသည်။

နောင်ဝင်းဆွေ ဆေးသေတ္တာဖွင့်၍ နားကြပ်ကို

ထုတ်ယူလိုက်သည်။

ချာတိတ်ဝတ်ထားသော စပို့ရှပ်အင်္ကျီကို လည်ပင်းအထိ ဆွဲဖော်ပြီး ရင်ဘတ်၊ ဝမ်းဗိုက် နေရာအနှံ့ကို နားကြပ်ဖြင့် စမ်းသပ်သည်။ ချာတိတ်ဖါးစပ်ထဲ ပြဒါးတိုင်ထည့်ကာ အဖျားစစ်ဆေးသည်။

အင်း ... ပြောရတာတော့ အခက်သား။

ကလေးကို ပေါင်ခွင်ထဲအလျားလိုက်ထည့်ထားသဖြင့် နားကြပ်ထောက်ရာတွင် အခက်အခဲလေးတစ်ခုဖြစ်စေသည်။

အမျိုးသမီးက ရွှေရင်မို့မို့လေးရှိနေသည်။ နားကြပ်ထောက်ရာတွင် သူမ၏ ရွှေရင်မို့မို့လေးကို မထိမိစေရန် သတိထားထောက်နေရသည်။

"ကလေး ချောင်းဆိုးသလား ... "

အမျိုးသမီးက ခေါင်းညိတ်ပြသည်။

နောင်ဝင်းဆွေက ပါးစပ်ထဲမှ ပြဒါးသာမိုမီတာ အဖျားတိုင်း ဖန်ပြွန်ကို ထုတ်ကြည့်သည်။ ဒီဂရီ (၁၀၃)အထိ တက်နေသည်ကို တွေ့ရသည်။

ကလေး၏အသက်အရွယ်နှင့်ဆိုပါက အဖျားပြင်းနေသည်။

ဆေးထိုးပေးသင့်၊ မပေးသင့်၊ နောင်ဝင်းဆွေစဉ်းစားသည်။ လူနာကုသရာတွင် မဂ္ဂိုအမ်ပါက နောင်ဝင်းဆွေ ဆေးထိုးပေးခြင်းကို မလိုလား။



နားမလည်သော လူနာနှင့် လူနာရှင်တချို့က ဆရာဝန်ဆီလာပြလျှင် ဆေးထိုးပေးလိုက်မှ ကျေနပ်ချင်တတ်ကြသည်။

ထိုးဆေးဆိုသည်မှာ ထိုးသင့်မှ ထိုးရသည်။

နောင်ဝင်းဆွေက မီးရထားဖြင့် ခရီးသွားစဉ်မို့ အရေးပေါ်အဖြစ် ဆေးထိုးကုသရန် ဆုံးဖြတ်လိုက်သည်။ ဆေးထိုးလိုက်လျှင် အဖျားချက်ချင်းကျသွားနိုင်ဖွယ်ရှိသည်။

သူ့တွင်ပါလာသော ယိုးဒယားချင်းထဲမှ ရေနွေးထည့် ဓာတ်ဘူးကိုဖွင့်ကာ ဓာတ်ဘူးခွက်တွင် ဆေးထိုးပိုက်နှင့် ဆေးထိုးအပ်ကို ရေနွေးစိမ်လိုက်ပြီးမှ ဆေးသေတ္တာထဲမှ လိုအပ်သော ထိုးဆေးကို ရွေးယူကာ ထိုးပိုက်ထဲသို့ စုပ်ယူလိုက်သည်။

"ကဲ ... ချာတိတ် ... ဦးဦး ဆေးထိုးပေးမယ် ... အခု ချာတိတ်က ဘယ်နှစ်တန်းရောက်သွားပြီလဲကွ ... "

"ဒုတိယတန်းပါ ဦးဦး ... "

"ဒုတိယတန်း လပတ်စာမေးပွဲတွေမှာကော ချာတိတ်က အဆင့် ဘယ်လောက်ရသလဲ ... "

"ပထမရလိုက် ... ဒုတိယရလိုက်ပါ ဦးဦး ... "

"ဟာ ... ဘယ်ဆိုးလို့လဲ ချာတိတ်က စာတော်တဲ့ ကလေးပဲကွ ... အမြဲတမ်း ပထမရအောင် ဆက်ကြိုးစားနော် ... "

ကလေးကို အာရုံပြောင်းစကားတွေ ပြောရင်း စစ်ခနဲ တင်ပါးကို ဆေးထိုးပေးလိုက်သည်။ ကလေးမှာ အားဟု ငချ်ချက်မင် မအော်ဘဲ ဆေးထိုးပြီးသွားပါ၏။

"မင်းက ကလေးမိခင်လား ... ပွတ်ပေး ... ဆေးထိုးတဲ့ နေရာကို သေချာပွတ်ပေး ..."

အမျိုးသမီးက ဘာမှပြန်မပြော၊ နောင်ဝင်းဆွေအား သူမ၏ မျက်ဝန်းစုံတစ်ချက်ပင့်ကြည့်ပြီး ကလေး၏ဆေးထိုးနေရာ တင်ပါးကို သူမ၏လက်ဝါးဖြင့် ပွတ်ချေနေသည်။

နောင်ဝင်းဆွေက သောက်ဆေးများရွေးပြီး ဆေးအမျိုးအစားကို အချိန်နှင့်တိုက်ရန် မှာကြားရမည်ဖြစ်သောကြောင့် အမျိုးသမီး၏မျက်နှာကို ယခုမှသေချာအနီးကပ်ကြည့်မိလေတော့သည်။

"အဲ ..."

ဟု နောင်ဝင်းဆွေ သူ့ဟာသူ အာမေဋိတ်အသံထွက်သွားသည်။

အမျိုးသမီး၏မျက်နှာလေးမှာ နုပျိုလန်းဆန်းသည်ကို ယခုမှသေချာမြင်တွေ့လိုက်ရသောကြောင့်ဖြစ်ပါ၏။

ရှိလှပါမှ အသက်(၂၁)နှစ်၊ (၂၂)နှစ်သာ ...

ဖြူနီးခနဲ အမြင်မှာမူ အမျိုးသမီးကို ကြည့်ရသည်မှာ ရင့်သည်။

မီးခိုးရောင် တက်ထရွန် ရင်ဖုံးအင်္ကျီလက်ရှည်ဝတ်ထားသည်။ တက်ထရွန် အထူစား ပြောင်အပြာထဘီဝတ်ထားသည်။ ဦးခေါင်းကို မျက်နှာသုတ်ပဝါဖြင့် ပတ်ပေါင်းထားသည်။ ထို့ကြောင့် အမြင်မှာ ရင့်သလိုရှိနေသည်။



"ရော့ ... ဒီဆေးက အနီနဲ့ အဝါစပ်ကြားက တစ်လုံး ... ဟောဒီ အဝါရောင် ဆေးပြားက တစ်ခြမ်း ကလေးကို အခု တိုက် ... ကျန်တာကို လေးနာရီခြားတစ်ကြိမ် တိုက် ... ကျုပ်ခုတတ်ဘူးထဲက ရေနွေးကို အအေးခံပြီး တိုက်လိုက်"

အမျိုးသမီးသည် နောင်ဝင်းဆွေပေးသော ဆေးများကို လှမ်းယူရင်း နောင်ဝင်းဆွေ၏မျက်နှာကို သူမ၏ မျက်တောင်ကော့ မျက်ဝန်းစုံဖြင့် စိုက်ကြည့်ပေသည်။

"အဲဒီဆေးဖိုးတွေ ပေးဖို့ နှင်းဖြူမှာ ပိုက်ဆံမရှိတော့ဘူး ... မီးရထားလက်မှတ်ဝင်တိုးဝယ်ရင်း ... ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်ခံလိုက်ရလို့ ..."

"ဟဲ ... ကျုပ်က ပိုက်ဆံလိုချင်လို့ အတင်းဝင်ကုပေးနေတာ မဟုတ်ဘူး ... လမ်းခရီးမှာပဲ ကလေးအဖျားပြင်းပြီး တက်တာတွေ ဘာတွေဖြစ်မှာစိုးလို့ စေတနာနဲ့ ကုပေးတာ ... ကလေးဆိုတာ အဖျားပြင်းရင် တက်တတ်လို့ ..."

"သိပ်ကို ကျေးဇူးတင်ပါတယ် အစ်ကို ... ဒုက္ခရိုက်ခံရတာကို ဝင်ပေးတာရော ... ကလေးကို ဆေးကုပေးတာရော နှင်းဖြူတစ်သက် အစ်ကို့ကျေးဇူးကို မမေ့ပါဘူး ..."

"ရပါတယ် ... ကဲ ... ကလေးကို ဆေးတိုက်တော့ ပြီးရင် နှစ်ယောက်စလုံး ဒီအဝင်အထွက်ကြမ်းပြင်မှာ မထိုင်နဲ့တော့ အထဲက ထိုင်ခုံအလွတ်တွေမှာ သွားထိုင်တော့ ..."

"အဲဒီထိုင်ခုံကြီးတွေနဲ့ နှင်းဖြူတို့ မတန်ပါဘူး အစ်ကို ..."

"ဟာ ... တန်ရာတန်ကြေးပေးဆောင်ပြီးပြီပဲဟာ ... နောက်ပြီး ဒီအတက်အဆင်းနေရာက တံခါးဖွင့်ထားတော့ လေသိပ်တိုးတယ် ... ကလေးက ဆေးသောက်ပြီး မကြာခင် ချွေးထွက်လာလိမ့်မယ် ... လေစိမ်းတိုက်ခံပြီး ချွေးငုပ်သွားမှာ စိုးရတယ် ... ချွေးငုပ်ရင် အဖျားပိုကြီးမယ် ..."

ပြောရင်းပင် ဒီကောင်မလေး၏အမည်မှာ နှင်းဖြူဟု နောင်ဝင်းဆွေ အမှတ်ထားလိုက်ပေသည်။

နှင်းဖြူက ကလေးကိုဆေးတိုက်ပြီးနောက် ရေခွေးထည့်သည့်ခွက်ကို တရိုတသေ အမူအရာလေးနှင့် နောင်ဝင်းဆွေကို ပြန်ပေးသည်။ ထို့နောက် သူမတွင်ပါလာသော ပလတ်စတစ်ခြင်းအနီကလေးကိုယူကာ ကလေးနှင့်အတူ ထိုင်ခုံအလွတ်တွင် ဝင်ထိုင်သည်။

အထက်တန်းထိုင်ခုံကြီးတွေက နောက်မှီမြင့်လွန်းသောကြောင့် နောင်ဝင်းဆွေနှင့် တစ်ယောက်ကိုတစ်ယောက် မမြင်သာတော့ပေ။

နောင်ဝင်းဆွေသည် တမင်တကာ စဉ်းစားခြင်းမျိုး မဟုတ်ပါဘဲလျက် နှင်းဖြူအကြောင်း ခေါင်းထဲဝင်လာသည်။

ကလေးအမေ ဖြစ်နိုင်မတဲ့လား။

ကလေးက အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်လောက် ကျလေဦး၊ ကိုယ်ဝန်ဆောင်ကာလကိုပါ ထည့်တွက်လျှင် အနည်းဆုံး နှင်းဖြူအသက် နှစ်ဆယ့်ငါးနှစ်ရှိရမည်။



နှင်းဖြူအသက် နှစ်ဆယ့်ငါးနှစ် ဘယ်နည်းနှင့်မျှ မရှိနိုင်သေး။

နှင်းဖြူမွေးသော်သား မဖြစ်နိုင်။

ပြီး နှင်းဖြူ၏ ခန္ဓာကိုယ်အချိုးအဆက်သည် အိမ်ထောင်ကျပြီးသော အမျိုးသမီးမဟုတ်နိုင်မှန်း သိသာထင်ရှားနေသည်။

အင်္ကျီထဘီ ထူထူထဲထဲအသားကို ဝတ်ဆင်ထားသည့်ကြားကပင် သူမ၏ခန္ဓာကိုယ်အလှသည် အတင်းအမို့၊ အစို့အပို့ အကွေ့အဝိုက်လေးတွေနှင့် ရှိနေသည်။

အခြယ်အသ လုံးဝမရှိပါလျက်လည်း သူမ၏မျက်နှာလေးက ပင်ကိုယ်ချောလှနေသည်။

သို့တစေ ...

သူမ၏မျက်ဝန်းစုံသည် အားငယ်ခြင်း၊ ဝမ်းနည်းခြင်း နာကြည်းခြင်းတွေ စုပြုံခံစားနေရပြီး ရီဝေနေသည်ဟု ထင်ရသည်။

ထို့ပြင် ...

နှင်းဖြူသွေးအေးမှုကို နောင်ဝင်းဆွေ မှတ်မှတ်ရရ အံ့သြမိသောအချက် နှစ်ချက်ရှိသေးသည်။

မင်းက ကလေးအမေလားဟု နောင်ဝင်းဆွေက ထွက်ခနဲ မေးစဉ်က နှင်းဖြူသည် မည်သို့မျှ ပြန်မပြောဘဲနေသည်။ ငယ်ရွယ် အမျိုးသမီး၏သဘာဝမှာ ကလေးအမေမဟုတ်ပါက ...

"အို ... မဟုတ်ဘာ ... ကျွန်မက အပျိုပါ ..."

ဟု ပျာပျာသလဲ ပြန်ပြောမည်။

ဒုတိယအချက်မှာ သူမအား လက်မှတ်စစ်က ဖမ်းတော့မည့်အခြေအနေမှ နောင်ဝင်းဆွေက ဝင်ရောက်ငွေဒဏ်ဆောင်ခြင်း၊ ကလေးအပြင်းဖျားနေသည်ကို အခမဲ့စေတနာဖြင့် ကုသပေးခြင်းတို့အတွက် ယေဘုယျဆန်သော အမျိုးသမီးသာဆိုပါက ပျာပျာသလဲ အမူအရာနှင့် ဝမ်းပန်းတသာ ကျေးဇူးတင်ကြောင်း ပြောမည်သာ။

နှင်းဖြူကျတော့ ယေဘုယျမဆန်ပေ။ ကျေးဇူးတင်ကြောင်း ပြောစေကာမူ သူမ၏အမူအရာမှာ အေးတိအေးစက်နိုင်လွန်းသည်။

တစ်ခုပဲ ရှိသည်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ ပျာပျာသလဲမရှိ၊ ယေဘုယျမဆန်သော်လည်း သူမ၏ရှိဝေသော မျက်ဝန်းအစုံကို ပင့်ကာပင့်ကာ နောင်ဝင်းဆွေကိုတော့ ငေးကြည့်ပေသည်။

မျက်ခုံးထူထူ၊ မျက်တောင်ကော့ကော့ကြီးဖြင့် ရီဝေသော မျက်ဝန်းပင့်ကြည့်သော အကြည့်ထဲတွင် နောင်ဝင်းဆွေအား ကျေးဇူးတင်ရှိကြောင်းတွေ အများကြီးပါရှိသည်ဟု နောင်ဝင်းဆွေ မှတ်ယူမိသည်။

အင်းလေ ... လောကကြီးမှာ အမျိုးမျိုးပဲဟာ။



## ၂

"ဟော့ကောင် ... နောင်ကြီး ... ငါ ဒီမှာကွ ... "

"ဟာ ... ငချို ... ငါ့မှာ ရှာလိုက်ရတာကွာ ... သူများမြို့ရွာမှာ မျက်စိသူငယ်နဲ့ ... "

"ဟား ... ဟား ... ဟား ... ငါ တမင်ပုန်းပြီး မင်းတွဲပေါ်က ဆင်းလာတည်းက စောင့်ကြည့်နေတာ ... ဟား ... ဟား ဟား ... တကယ်ကွာ ... မင်းမျက်နှာက အမေပျောက်သွားတဲ့ ကလေးကျနေတာပဲ ... "

"အေး ... ငါ့အဖို့ ကိုယ့်ဘဝနဲ့ကိုယ် နယ်ဆင်းလာတာ ဒါ ပထမဆုံးအကြိမ်မို့ပါ မိုးချို ... မင်း ရန်ကုန်ကို ရောက်စတုန်းကလိုပေါ့ကွာ ... "

သူငယ်ချင်းနှစ်ယောက် ဖက်လှဲတကင်း ပွေ့ဖိုက်ကြသည်။ တစ်ယောက်မိုက်ကို တစ်ယောက် မနာ့အောင် လက်သီးဆုပ်နှင့် ထိုးကြသည်။

"လာ ငနောင် … ဒီနေ့အဖို့တော့ ခေတ္တရာဟိုတယ်မှာပဲ တည်းကြဖို့ ငါစီစဉ်ထားတယ် … နက်ဖြန်မနက်မှ ငါ့မော်တော်ဘုတ်နဲ့ ငါတို့မြို့ကို သွားကြမယ် ငနောင် … "

"မင်းတို့ 'အဝေရာ'က မြို့လား … ငါတော့ မြန်မာပြည်မြေပုံထဲမှာ ရှာကြည့်သေးတယ် … အဝေရာမြို့ဆိုတာ ရှာမတွေ့ဘူး ငချို … "

"မှန်တယ် သူငယ်ချင်း … ငါတို့ အဝေရာကို မြို့လို့သတ်မှတ်ပြီး မြန်မာပြည်မြေပုံထဲမှာ မဖော်ပြသေးဘူး … ဒါပေမဲ့ အဝေရာဟာ မြို့တစ်မြို့ဖြစ်နေပါပြီကွာ … အဝေရာရောက်ရင် မင်းတွေ့ရမှာပါ … "

"အခုချက်ချင်းပဲ အဝေရာကို ဆက်သွားလို့ မဖြစ်ဘူးလားကွာ … "

"ရသားပဲ … ဒါပေမဲ့ မင်းရောက်တုန်းရောက်ခိုက် ပြည်မြို့ကြီးရဲ့ အလှအပတွေကို မင်းကိုပြချင်တာရယ် … ဟိုတယ်ကောင်းမှာ မင်းကို ကျွေးချင်မွေးချင် ပြုစုချင်တာရယ်ကြောင့် … ခေတ္တရာဟိုတယ်မှာ တစ်ညအိပ်ဖို့ စီစဉ်ထားတာ … မီးရထားစီးပြီး အဝေရာကိုသွားမဲ့ စီးသည်တင်မော်တော်ဘုတ်တွေဆိုရင် ရထားဆိုက်ပြီး နာရီဝက်အကြာမှာ ထွက်သွားတာပဲ … ဒီပြည်မြို့ကနေ အဝေရာကို မော်တော်တွေ သုံးနာရီမောင်းတယ် … ငါ့မော်တော်နဲ့ဆိုရင်တော့ အများဆုံး နှစ်နာရီမိနစ်နှစ်ဆယ်နဲ့ အဝေရာကို



ရောက်တာပဲ … "

ချိုမှာခေါ်သော နောင်ဝင်းဆွေ၏ သူငယ်ချင်းအမည်မှာ အောင်ချိုဖြစ်ပါ၏။

သား အောင်ချိုကို သူ့မိဘတွေက သိပ္ပံပညာတတ်ကြီးဖြစ်စေချင်သောကြောင့် အဝေရာတွင် အလယ်တန်း ရှစ်တန်းအောင်ပြီးသည်နှင့် ရန်ကုန်တွင် ကျူရှင်တွေ့သိပ်ကောင်းသည်ဆိုပြီး ပြည်မြို့မှာကျောင်းမထားခဲ့ ရန်ကုန်ဟိုက်စကူးတွင် ထားသည်။

အောင်ချို၏မိဘများနှင့် သိပ်ရင်းနှီးသော ကမ္ဘာအေးဘုရားလမ်းရှိ မိတ်ဆွေ၏အိမ်တွင် အောင်ချိုကိုနေစေသည်။

အောင်ချို ကျောင်းတက်၊ ကျူရှင်တက်ဖို့ ဖင်မလီယာကားတစ်စီး ဝယ်ပေးထားသည်။

ဆယ်တန်းအောင်ကြသည်အထိတော့ အောင်ချိုက အဟုတ်သား။

နောင်ဝင်းဆွေဆေးတက္ကသိုလ်တက်ခွင့်အမှတ်တွေရသလို အောင်ချိုကလည်း ရသည်ပင်။ နှစ်ယောက်သား ဆေးတက္ကသိုလ်သို့ တက်ရောက်ကြသည်။

အဝေရာမှ သိပ်ချမ်းသာသော အောင်ချို၏မိဘတွေက အောင်ချို ဆေးတက္ကသိုလ်တက်နိုင်သည်ကို အရမ်းဝမ်းသာပြီး အရမ်းကြီး မြှောက်စားတော့သည်။

သူတို့သား အောင်ချို ဆရာဝန်ဖြစ်လျှင် သူတို့ဇာတိ အဝေရာတွင် အတွင်းလူနာထားပြီး ကုသနိုင်သော ဆေးခန်းကြီး

ဖွင့်စေမည်။ ဓိဝိတာဒါန ကုသိုလ်ဖြစ် ဆေးခန်းကြီးဖြစ်စေရမည်။ စေတနာအလျှောက် လှူနာတွေပေးသော ငွေကြေးကို ဆေးခန်း၏ ရန်ပုံငွေအဖြစ်ထားပြီး ဆေးများပြန်ဝယ်မည်။ လိုအပ်သောငွေကို မိဘတွေက အကန့်အသတ်မရှိ စိုက်ပေးမည်။ အောင်ချို ဆရာဝန် ကုသမှု ဆရာဝန်ခ မယူစေရဆိုသည့် ဆန္ဒတွေ အောင်ချို၏မိဘတွင် ပြင်းထန်စွာ ရှိထားသည်။

မိဘတွေ မျှော်မှန်းသည့်အတိုင်း အောင်ချိုသည် ဆေးတက္ကသိုလ်သို့ တက်ရောက်နိုင်ခဲ့ပါသည်။ ဒီအတွက် မိဘတွေက အောင်ချိုကို မှုးမှုးမှုတ် မြှောက်စားသည်မှာ လွန်ကဲသွားသည်။

အောင်ချို ဖင်ဒီမလီယာကားမှ ကိုယ်ပိုင်ကားပြောင်းစေသည်။ အောင်ချိုက ကမ္ဘာအေးဘုရားလမ်း မိတ်ဆွေအိမ်တွင် နေရသည်မှာ အားနာလာပြီး အနေအထိုင်လည်း မလွတ်လပ်ဆိုကာ ကမာရွတ် လှည်းတန်းလမ်းတွင် ပျဉ်ထောင်တစ်ထပ်အိမ်လေးဝယ်ပြီး သီးခြားနေသည်။

ရန်ကုန်ဘဏ်တွင် မိဘတွေက အောင်ချိုအတွက် သိန်းချီပြီး အပ်နှံထားသည်။

ဆေးတက္ကသိုလ် ဒုတိယနှစ်တွင် အောင်ချို အောက်ခြေလွတ်စပြုသည်။

ရန်ကုန်တွင် လှုပျိုတစ်ကိုယ်တည်း ကိုယ်ပိုင်တိုက်တာအပျံစား၊ ငွေကို ကြိုက်သလိုသုံးနိုင်ခဲ့သည့် ဆေးတက္ကသိုလ် ကျောင်းသားဆိုသည့် အရည်အသွေးတွေကြောင့် အောင်ချိုတွင်



အပေါင်းအသင်းတွေ စုံလာသည်။

အောင်ချို ကျောင်းမှန်မှန်မတက် စာမကျက် ဖြစ်လာသည်။

ဆေးတက္ကသိုလ် ဒုတိယနှစ်မှာပင် အောင်ချိုစာမေးပွဲကျသည်မှ နှစ်နှစ်ဆက်တိုက်ကျသွားပေတော့သည်။

"သွားပေတော့ အောင်ချို ..."

ဟု ဆေးတက္ကသိုလ်က နှုတ်ဆက်ရတော့သည်။

ထိုအချိန်မှစ၍ အောင်ချိုသည် ကားနှင့်အိမ်ကို ရောင်းပြီး အဝေရာသို့ ပြန်သွားတော့သည်။

အောင်ချို ဆရာဝန်ဖြစ်မလာခြင်းအတွက် ငွေကြေးကိစ္စ၊ အသက်မွေးဝမ်းကျောင်းကိစ္စ ပူစရာမလို။

အောင်ချိုတစ်သက် ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားနိုင်အောင် အောင်ချို့မိဘတွေက အဝေရာတွင် ချမ်းသာသည်။

အောင်ချို အမိက စိတ်မကောင်းဖြစ်ရသည်မှာ ဆရာဝန်မဖြစ်တော့သဖြင့် သူ့မိဘနှစ်ပါး ဆန္ဒပြင်းပြလှသော အဝေရာတွင် ဓိဝိတာဒါန ဆေးခန်းကြီးကိုသားအောင်ချိုက ဆရာဝန်အဖြစ် ကုသပေးခွင့်မရလိုက်ခြင်းပင် ဖြစ်တော့သည်။

အောင်ချိုသည် ရှိုးရိုးတီအက်(စ်)စီကိုပင် ဆက်မတက်တော့ဘဲ အဝေရာသို့ ပြန်သွားကာ သူ့မိဘလုပ်ငန်းတွေတွင် ဦးစီးဆောင်ရွက်တော့သည်။

မိဘလုပ်ငန်းတွင် အောင်ချိုဦးစီးလုပ်ကိုင်လေမှ စီး

ပွားပိုတက်လာသည်။ သူ့လုပ်ငန်းသုံးပစ္စည်းများဝယ်ရန် မကြာခဏ ရန်ကုန်ကို ဆင်းလာသည်။ ဆင်းလာသည့်အခါတိုင်း ငယ်သူငယ်ချင်း နော်ဝင်းဆွေနှင့် တတွဲတွဲဖြစ်လာသည်။

ဤသို့နှင့်ပင် နော်ဝင်းဆွေသည် ဆရာဝန်ဘွဲ့ရပြီး ဆရာဝန်ဖြစ်သွားသည်။

လက်ထောက်ဆရာဝန်အဖြစ် ဆေးရုံကြီးတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ပြီး အတွေ့အကြုံတွေ ရယူသည်။

လက်ထောက်ဆရာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ်မှာပင် အောင်ချို နှစ်ခါတိုက်တိုက် ရန်ကုန်သို့လာသည်။ အဝေးရောက်တွင် အောင်ချို၏မိဘနှစ်ပါး ကွယ်လွန်သွားပြီဖြစ်ပါ၏။

ကွယ်လွန်သွားသော မိဘများ၏ဆန္ဒအတိုင်း အဝေးရာတွင် ကုသိုလ်ဖြစ်ဆေးခန်းကြီး ဖွင့်ချင်သည့် ကွယ်လွန်သွားသော မိဘများအတွက် ကုသိုလ်ပြုလိုသည့်ဆန္ဒက အဓိကဖြစ်သည်။ ဆေးခန်းကြီးအတွက်လည်း အစစအရာရာ အဆင်သင့်ဖြစ်နေသည်။ ထို အဝေးရာဆေးခန်းကြီးတွင် ဒေါက်တာနော်ဝင်းဆွေ လာရောက်ဦးစီးကုသပေးဖို့ သူငယ်ချင်းချင်း အကူအညီတောင်းသည်။

နော်ဝင်းဆွေကိုယ်တိုင်ကလည်း ဆေးတက္ကသိုလ်စတက်ကတည်းက ဆရာဝန်ဖြစ်လာလျှင် အသပြာဆရာဝန်မဖြစ်စေရဘဲ စေတနာဆရာဝန်တစ်ယောက်သာဖြစ်ချင်သည်။

ပြီး ဒေါက်တာနော်ဝင်းဆွေသည် မစုဇာ ချိန်အထိ မိဘနှင့်သာ ရန်ကုန်တွင် အတူနေပြီး သပိတ်ပေးစက်ရပ်လို နေ



သည့်ကို ပြီးဆွေ့လာသည်။ သူ့ငယ်ချင်းအကူအညီတောင်းသည်ကိုလည်း ကူညီချင်သည်။

ဖေဖေကတော့ ယင်းသို့ ကျေးလက်တွင်ဆင်းပြီး ဆေးကုသချင်သည်ကို မကန့်ကွက်။

ခက်သည်က မေမေ ...

ပို၍ ခက်သည်က စောမြနန္ဒာ ...။

မေမေကတော့ သားလေးကို မခွဲချင်သည်က တစ်ကြောင်း၊ တခြားမြို့ရွာတွင် အနေဆင်းရဲ အစားဆင်းရဲဖြစ်မည်ကို စိုးရိမ်သည်က တစ်ကြောင်း၊ ကြည့်ရှုဆုံးမသူမရှိဘဲ သားလေး အကျင့်စာရိတ္တပျက်စီးသွားမည်ကို မှုပန်၍တစ်ကြောင်း အဝေးရာသို့ မသွားစေချင်။

စောမြနန္ဒာကတော့ တစ်မျိုး ...

စောမြနန္ဒာသည် ဖေဖေနှင့် မေမေ စိတ်ကြိုက်ဆန်ကာတင် ရွေးထားသော ချွေးမလောင်းဖြစ်သည်။ သူမကိုယ်တိုင်လည်း ဆေးတက္ကသိုလ်တက်နေသူဖြစ်သည်။ ယခု ဖိုင်နယ်ပတ်သွား ရောက်နေပြီ။

စောမြနန္ဒာနှင့် နော်ဝင်းဆွေသည် နှစ်ဖက်မိဘ ခင်မင်ပြီး သဘောတူညီထားသည့်ရော၊ စောမြနန္ဒာကိုယ်တိုင်ကလည်း လက်ခံသည်ရောကြောင့် နှစ်ဖက်မိဘ လူကြီးချင်း စေ့စပ်ထားပြီးဖြစ်သည်။

စောမြနန္ဒာ၏ဆန္ဒကတော့ သူမ ဆရာဝန်ဘွဲ့ရပြီးပါက

နောင်ဝင်းဆွေနှင့်အတူ ကြီးကျယ်ခမ်းနားသော ဆေးခန်းကြီးဖွင့်ကာ နှစ်ယောက်စလုံး ဆေးခန်းထိုင်ကြမည်။

ယင်းသို့ ခမ်းနားသော ဆေးခန်းကြီးဖွင့်နိုင်ဖို့လည်း နှစ်ဖက်မိဘတွေက ချမ်းသာသူများဖြစ်သဖြင့် ဖွင့်ပေးရန် အသင့်ရှိနေသည်။

စောမြနန္ဒာ၏ ဆန္ဒမှာ ဆေးခန်းဖွင့်ပြီး ရသမျှငွေရှာသည်။ ထို့နောက် နောင်ဝင်းဆွေက ပထမ နိုင်ငံခြားသွားရောက်ပြီး ထပ်ဆင့် အထူးကုသမားတော်ဘွဲ့ ယူစေမည်။ နောင်ဝင်းဆွေ ထပ်ဆင့်ဘွဲ့ယူပြီး ပြန်လာလျှင် ဆေးခန်းကို ဆက်ထိုင်စေပြီး သူမက လည်း နိုင်ငံခြားသွားကာ ထပ်ဆင့်သမားတော်ဘွဲ့ကိုယူမည်ဆို သည့် စိတ်ကူးရှိနေသည်။

နောင်ဝင်းဆွေမှာ အကျပ်ရိုက်နေသည်။ တကယ် တော့ နောင်ဝင်းဆွေသည် စောမြနန္ဒာက သူ့အား ယင်းကဲ့သို့ ချုပ် ကိုင်စီစဉ်သည်ကို လုံးဝမနှစ်သက်။ စောမြနန္ဒာနှင့် သဘောထား မတိုက်ဆိုင်ခြင်းအတွက်လည်း နောင်ဝင်းဆွေ ဂရုမစိုက်။

ဖေဖေနှင့် မေမေစီမံပြီး သင့်တော်နေသဖြင့်သာ စေ့စပ်လိုက်ခြင်းဖြစ်သည်။ စေ့စပ်ပြီးနောက် မိမိအပေါ် ထိုကဲ့သို့ လွှမ်းမိုးလာခြင်းမျိုးကို နောင်ဝင်းဆွေလိုကောင်က ကျေနပ်သည် မဟုတ်။

ဤကြားထဲမှာပင် သူငယ်ချင်းအောင်ချိုက စကား နာတွေထိုးပြီး သူ့ကို မကူညီသဖြင့် ဝမ်းနည်းကြောင်း စာရေးလိုက်



သောအခါ ထိုစာဖတ်ပြီး နောင်ဝင်းဆွေ ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်သည်။

အဝေးရာသို့ သွားမည်ဟူ၍ပင်။

စောမြနန္ဒာက နောင်ဝင်းဆွေ အဝေးရာသို့သွားပြီး ဆေးခန်းထိုင်မည်ဆိုပါက စေ့စပ်ထားခြင်းကို ဖျက်သိမ်းမည်ဟု ကြေညာသည်။

နောင်ဝင်းဆွေ ဂရုမစိုက်၊ မေမေ ကျေနပ်အောင် ဖျောင်းဖျပြီး မေမေ၏သဘောတူညီချက်ရသည်နှင့် မီးရထားဖြင့် ပြည်မြို့သို့ လိုက်လာခြင်းဖြစ်ပေတော့သည်။

"တော့ကောင် ငနောင် ... ငိုင်လှချည်လား ... ဘာလဲ အိမ် လွမ်းနေပြီလား ... မေမေ့ချိုချိုစို့ဖို့ သတိရနေတာလား ... တကယ်ကွာ ... မင်းတို့မိသားစုဖွဲ့စည်းပုံကတော့ မိဘက လည်း ခုချိန်ထိ မင်းကို ကလေးထင်တုန်း ..."

အောင်ချိုက ရယ်၍ပြောသည်။

အောင်ချို၏ လက်တစ်ဖက်ဆီတွင် နောင်ဝင်းဆွေ ၏ပစ္စည်းတွေ တစ်ဖက်တစ်ချက် ဆွဲယူထားသည်။

"အေး ... ဒါဟာ ပထမဆုံးအကြိမ် ရင်ခွင်ထဲက ငါထွက်လာ တာပဲ အောင်ချို ... ရင်ထဲမှာ တစ်မျိုးကြီးပဲကွာ ... လွမ်း တယ်တော့ မဟုတ်ဘူး ... ဒါပေမဲ့ အသိုက်ထဲကနေပြီး လေဟာပြင်ကို ထွက်ပြီး ပထမဆုံးပျံတဲ့ ငှက်ပေါက်စလိုဖြစ် နေတယ် ... စိုးရိမ်သလိုလို ... ဝမ်းနည်းသလိုလို ... ဝမ်း သာသလိုလိုပေါ့ကွာ ..."

ဘူတာအပြင်ဘက်တွင် အသင့်ရှိနေသော အောင်ချို၏ ဆန်နီမစ်ကပ်ကားနီဆီသို့ ရောက်လာသည်။

ကားပေါ်တွင် ထိုင်နေသော သက်တူရွယ်တူ ယောက်ျားမျိုးတစ်ဦးက ကားပေါ်မှ ဆင်းလာပြီး အောင်ချို၏ လက်မှ ပစ္စည်းတွေကို ယူကာ ကားနောက်ပိုင်းမစ်ကျွဲအိမ်ထဲသို့ ကူထည့်ပေးသည်။

"ဒါ ပြည်မြို့က ငါ့သူငယ်ချင်း လွမ်းဝေတဲ့ နောင်ဝင်းဆွေ မင်းဟာ ငါ့ကို ဘယ်လောက်ခင်မင်တယ်ဆိုတာ မင်းအိမ်က ထွက်ပြီး အဝေးရောဆေးခန်းမှာ ထိုင်ပေးမဲ့အကြောင်းတွေ လွမ်းဝေကို ငါပြောပြပြီးပြီ ... အေး ... သူနာပြုမယ်က လွမ်း ဝေဆိုပေမဲ့ ဒီကောင်တစ်သက်လုံး ချစ်နိုင်ထိ မျက်ရည်တစ်ပေါက်မှ မကျဖူးသေးဘူး ... အမြဲတမ်း အုမြူးနေတဲ့ကောင် ဒါ မင်းတို့နှစ်ယောက်ကို ငါမိတ်ဆက်ပေးတာ ... မင်းဟာ ဒေါက်တာနောင်ဝင်းဆွေမှန်း လွမ်းဝေကို ငါပြောပြီးသား"

နောင်ဝင်းဆွေနှင့် လွမ်းဝေတို့ ရယ်မော လက်ဆွဲနှုတ်ဆက်ကြသည်။

"ခင်မင်ရတာ ဝမ်းသာတယ် ... ဒေါက်တာ ကိုနောင်ဝင်း ဆွေ ... ဒီကောင် အောင်ချိုက ကိုနောင်ဝင်းဆွေအကြောင်း ဟိမဝန္တာ ချီးမွမ်းခန်းတွေနဲ့ ပြောပြထားလို့ ကျွန်တော်သိ ထားပြီးပါပြီ ..."

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ကိုလွမ်းဝေ ... ကျွန်တော့်အဖို့ နေရာသစ် ဒေသသစ်မှာ မိတ်ဆွေသစ်ထပ်



တိုးရတာကို တကယ်ဝမ်းသာပါတယ် ..."

ပြီးနောက် ကားရှေ့ခန်းမှာပင် သုံးယောက်ထိုင်ပြီး ကိုလွမ်းဝေက မောင်းသည်။ အောင်ချိုက အလယ်မှာထိုင်ပြီး နောင် ဝင်းဆွေက ဘေးဆုံးမှာ ထိုင်သည်။

ကား စတင်ထွက်ကတည်းက နောင်ဝင်းဆွေသည် ပြည်မြို့၏ ဝတ္ထုဝီအနေအထား၊ လူနေအိမ်ခြေ၊ လမ်းပမ်း အဆောက် အအုံတွေကို လေ့လာကြည့်ရင်း လိုက်ပါလာသည်။

"လွမ်းဝေက ပြည်မြို့ မော်တော်ကားဆောက် အရောင်း အဝယ်မှာတော့ ဂျင်ကွ ... ဘတ်စ်အစိုးရျာနတို့ ... ဘယ် သမပါယမတို့က မော်တော်ကားတွေ လေလံဖစ်မလဲဆို တာ သည့်ဝမှာ ဖျိုင်းစောင့်သလို ငါးကောက်စားဖို့ အမြဲ စောင့်ဖနေတာ ... လေလံပစ်တာနဲ့ ရအောင်ဆွဲပြီး ကားတွေ ကို ပြန်ပြုပြင်ရောင်းတယ် ... ဒီကောင် တွက်ခြေကိုက်တယ် ကွ ... စီးပွားဖြစ်တယ် ... ဒီကောင် အကြံအဖန် သိပ်ကောင်း တယ် ..."

အောင်ချိုက လွမ်းဝေ ဖျဖြစ်ကြောင်းပြောပြနေ သည်။ နောင်ဝင်းဆွေက အောင်ချိုပြောသည်ကို နားထောင်ပြီး လမ်းဘေးကို ကြည့်ရာမှ ...

"ဟဲ ..."

ဟု အာမေဋိတ်အသံထွက်သွားသည်။

အကြောင်းမှု သူထိုင်သည့်ဘက်မှ ဆိုက်ကားတစ်စီး ကို ဖြတ်ကျော်ရာတွင် ထိုဆိုက်ကားပေါ်၌ နှင်းမြူနှင့် ကလေးကို

တွေ့လိုက်ရသောကြောင့်ဖြစ်ပါသည်။

ကလေးမှာရယ်မောနေပြီးအသားရောင်နီကြန်ကြန် မဖြစ်ပါလေတော့။ အသားလေး ပြန်ဝင်းနေသည်။

ချာတိတ်လေး အဖျားသက်သာသွားပြီမှန်း သိသာသည်။

"ဟာကောင် ငနောင် ... မင်းက ဘာလို့'ဖဲ့'လို့ ဖြစ်သွားတာလဲ ..."

"ခြော်ကွာ ... ကိုလွမ်းဝေ ဖွံ့ကျပြီး လုပ်တာတ်ကိုင်တတ်တာကို အံ့ဩလို့ပါ ..."

"ဒါများ 'ဖဲ့'လို့ အံ့ဩစရာလား ... ဒါက သူ့အတွက် ပညာပိုင်းလေကွာ ... ဒီကောင် လွမ်းဝေ သူ့ငွေးပေါက်စဖြစ်နေပြီ ဒါကြောင့် ... ဒီည ကုန်သမျှ လွမ်းဝေ ဒကာခံရမယ်လို့ သဘောတူထားပြီးသား ... မင်း ဘာမှအားမနာနဲ့ နောင်ဝင်းဆွေ ... ကြိုက်ရာဟိုတယ်မှာ ကြိုက်သလို စား ... တည်းခိုကစပြီး လွမ်းဝေပေးမှာ ... နောက်ပြီး ဘာဘာညာညာ အားလုံး လွမ်းဝေက ဒကာပဲ ..."

"ရတယ် အောင်ချို ... အားလုံး ငါတာဝန်ယူတယ် ... ဒါပေမဲ့ မင်းပြောတဲ့ ဘာဘာညာညာအားလုံးဆိုတာ ဘာကို ရည်ညွှန်းတာလဲ အောင်ချို ..."

"ဘာဘာညာညာဆိုတာ ကမ်းနားလမ်းက မေရီသန်းနဲ့ ဒီကောင်ကြီး ငနောင်ကို ဆွဲ့ဝတ်ပြုမယ်လို့ ပြောတာ လွမ်းဝေ ... မေရီသန်းက တစ်ညကို နှစ်ထောင်ကြီးတောင် ပေး



ရတာနော ... ဒါတောင် လူရွေးသေးတယ် ... လူမကြိုက်ရင် လက်မခံဘူး ... ဒါပေမဲ့ ငါနဲ့တော့ ပြေလည်ပြီးသားပါ ..."

"ဟာ ... ဟေ့ကောင် အောင်ချို ... မင်းက နေတော့သာ အဝေးမှာဆိုပြီး ဒီပြည်မြို့မှာ မင်းက ငါ့ထက်တောင် ပိုမှတ်နေပါလားကွ ... ကမ်းနားလမ်းက မေရီသန်းအကြောင်း ငါ ကြားတော့ ကြားတယ် ... ဒါပေမဲ့ တကယ်လိုက်ရင် မရဘူးလို့ ဝပ်ရှော့ကကောင်တွေပြောတာ ငါကြားတယ် အောင်ချို ..."

"ရတယ်ကွ ... မင်း ငွေနှစ်ထောင်သာ အသင့်ထုတ်ထား ငါ့ကောင်ကြီး အသိုက်ထဲကထွက်ပြီး အပျံသင်စမှာ ဗဟုသုတစုံသွားရမယ် ... ရင်ခုန်သွားစေရမယ် ငြိမ့်သွားစေရမယ် ... ဟား ... ဟား ..."

"ဒါဆို ငါက စာတစ်ပိုဒ်ချီးလိုက်မယ် ... ပြည်မြို့မှာ ကမ်းနားလမ်းက မေရီသန်း ... အဖဝရာစခန်းရောက်လေတော့ စနေမ လို့လေ ..."

"မင်းစာချီးတာကတော့ မဆိုးဘူး လွမ်းဝေ ... ဒါပေမဲ့ အဝေရာက စနေမဟာ နာမည်သာထွက်နေတာ ... ငါ တကယ်လိုက်ကြည့်ပြီးပြီ ... အနားတောင် မကပ်နိုင်ဘူး အောင်ချို ..."

"မရသေးဘူးပေါ့ကွာ ဟုတ်လား ..."

"အေး ... အခုချိန်ထိတော့ ဘယ်သူမှ စနေမကို မရသေး

ဘာ အမှန်ပဲ … အဲ တစ်ခုတော့ ရှိတာပေါ့ … စနေမကို လှုပ်ချော ခြောက်တာလည်း ပါတယ် … စနေမက လူ သတ်မှုနဲ့ ပေါင်းဆိုးနှစ်ဖျောကူးထပ်ပါ … သူသတ်မှုမှ ရင် တာတ်တို့ ဆိုးနဲ့ ထိုးသတ်တာတဲ့လေကွာ …”

ခေတ္တရာစမ်ည်းခိုခန်းသို့ ရောက်လာကြသည်။

တင်ကြိုထားသော အခန်းသို့ လွှမ်းဝေကပင် ရှေ့ ဆောင်လိုက်ပို့ပေးသည်။ ပစ္စည်းတွေကို အလုပ်သမားနှင့် သယ်စေ သည်။

“ကဲ အောင်ချို … ခင်ဗျားမှာပဲ စောနေဦး ငါဝပ်ရှေ့ရုံသွား ပြီး စီစဉ်စရာလေးတွေကို စီစဉ်မယ် … ရေမိုးချိုး အဝတ် အစားလဲမယ် … တစ်နာရီအတွင်း ပြန်လာမယ် … ကျေ နပ်ရဲ့လား …”

“ကျေနပ်တယ်ကွာ … သွားတော့ တစ်နာရီထက်သာ ပို မကြာစေနဲ့ …”

လွှမ်းဝေက နောင်ဝင်းဆွေကို အရေးတယူ တလေး တစား နှုတ်ဆက်ပြီး ပြန်ထွက်သွားလေတော့သည်။



# ၃

ကိုလွှမ်းဝေ ရောက်လာသည်။

ညနေငါးနာရီတွင် ပြည်မြို့ လယ်ရှိ အကောင်းဆုံးဟို တယ်တွင် လွှမ်းဝေက အကာခံကျွေးမွေးသည်။

ဘီယာသောက်ကြသည်။

လွှမ်းဝေနှင့် အောင်ချိုကတော့ ဘီယာထဲတွင် အရက်ရောပြီး သောက်ကြသည်။

နိုင်ငံခြားသဘူးဘီယာနှင့် နိုင်ငံခြားအရက်များဖြစ် ပါ၏။

နောင်ဝင်းဆွေတွင် အကျင့်မရှိ။ တကယ်အရှိုင်း ဘီယာသံဘူးတစ်ဘူးမကုန်မီ ရီဝေဝေဖြစ်နေသည်။

သူငယ်ချင်းသုံးယောက် စားသောက်သည်မှာ ငွေ

ရှစ်ရာကျော်ကျသင့်သည်။

စားသောက်ပြီးစီးသောအခါ ကမ်းနားလမ်းက မေရီသန်းဆီသွားကြဖို့ စီစဉ်သည်။

"ငါ့ကောင်ကြီး နောင်ကို ဒီနေ့ အရှင်လတ်လတ် ရဲပြည်ပို့မယ် ..."

"ကြည့်လည်း လုပ်ပါ အောင်ချို ... ဒေါက်တာကိုနောင်ဝင်းဆွေကို ကြည့်ရတာ ဒီဘက်တွေမှာ ယဉ်ပါးပုံမရဘူး ... မေရီသန်းက နတ်မိမယ်လို့ စွဲမက်စရာ ... တော်ကြာ အောင်ပင်လယ်ကန်မှာ ဆင်ဖြူရှင် တရေပြားမင်း နတ်သမီးနဲ့ အခိုက်အတန့်တွေ့ပြီး နတ်သမီးကွယ်ပျောက်သွားတော့ ဘုရင်ကြီးရူးလေသည့် ဖြစ်နေပါဦးမယ် အောင်ချို ..."

"ဒီမှာ အောင်ချို ..."

"ပြော ... သူငယ်ချင်း ..."

လွှမ်းဝေနှင့် အောင်ချိုပြောနေသည်ကို ကြားဝင်ဖြတ်ပြီး နောင်ဝင်းဆွေက အောင်ချိုကို ပြောလိုက်သည်။

"မင်းတို့ပြောနေတဲ့ မေရီသန်းအစီအစဉ်ထဲမှာ ငါမပါဘူး ... ငါတို့ ခေတ္တရာတည်းခိုခန်းမှာ ပြန်ထားခဲ့ပြီး မင်းတို့ဟာမင်းတို့ သွားကြပါ ..."

"ဘယ်ဟုတ်မလဲ နောင် ... ငါတို့က နင့်ကို တမင်ဘာကာသူကောင်းပြုချင်တာပဲဟာ ..."

"ဆောရီးပဲ သူငယ်ချင်း ... မင်းတို့စေတနာကို ငါကျေးဇူး



တင်ပါတယ် ... ဒါပေမဲ့ ငါဟာ ဆရာဝန်တစ်ယောက်နော်"

"ဘာဆိုင်လဲ ... ဆရာဝန်နဲ့ မေရီသန်းနဲ့ ..."

"ဆိုင်တာကို ငါရှင်းပြမယ် ... ဒီအလုပ်လုပ်တဲ့ အမျိုးသမီးမှာ အနည်းနဲ့ အများ ကာလသားရောဂါ ရှိတတ်တာပဲ ... ငါ ဆရာဝန်တစ်ယောက်အနေနဲ့ ကာလသားရောဂါကို အကြောက်ဆုံးပဲ ... ကိုယ့်ကြောင့် သားစဉ်မြေးဆက် ပါသွားနိုင်တဲ့ ရောဂါမျိုး ... ဘိန်းဖြူသုံးတာကမှ ကိုယ်သုံးရင် ကိုယ်ခံရုံပဲ ... ကာလသားရောဂါကျတော့ ကိုယ့်ကြောင့် ဇနီးမယားမှာရော ... သားစဉ်မြေးဆက်မှာရော ဒီရောဂါ ပါသွားနိုင်တယ် ..."

"မင်းဟာက ... စာအုပ်ကြီးအတိုင်းပြောနေတာ ..."

"အေး ... ငါက စာတတ်တဲ့လူပဲ ... ဒါကြောင့် ဒီကာလသားရောဂါမျိုး လုံးဝအဖြစ်မခံဘူး ... နောက်ပြီး ငါ့မှာ နိုင်မာတဲ့ ခံယူချက်ရှိသေးတယ် ... ငါကိုယ်တိုင် နှစ်သက်မြတ်နိုးချစ်ခင်ပြီး လက်ထပ်တဲ့ ဇနီးနဲ့ကျမှ ငါ့ရဲ့ လူပျိုဘဝကို စွန့်လွှတ်မယ်ဆိုတဲ့ ခံယူချက်ပဲ ... ဘယ်အမျိုးသမီး ဆိုးဆိုးကောင်းကောင်းနဲ့ဖြစ်ဖြစ် ... ငါလက်မထပ်ခင် မငြိစွန်းစေရဘူး ... လူပျိုဘဝ မစွန့်လွှတ်ဘူး အောင်ချို ... အဲဒါပဲ သူငယ်ချင်း ... မင်းတို့ရဲ့ မေရီသန်း အစီအစဉ်ထဲမှာ ငါလုံးဝမပါဘူး ..."

အောင်ချို သက်ပြင်းချသည်။ ပြီး လွှမ်းဝေကို ပြော

လိုက်သည်။

"လွှမ်းဝေ ... မင်းငွေနှစ်ထောင် ကံကောင်းသွားတယ်ကွ ကဲ ... ခေတ္တရာတည်းခိုခန်းကိုသာ မောင်းပေတော့ သူငယ်ချင်း ..."

အောင်ချိုက ကားမောင်းရင်း ပြောပြန်သည်။

"ဒီမယ် အောင်ချို ... မေရီသန်း သိပ်လှတယ်ဆိုတာက အခြယ်အသမှာရော အဖီးအလိမ်းမှာရော ... ဝတ်စားဆင်ယင်မှုမှာရော နိုင်ငံခြားအလှပြင်ပစ္စည်းတွေ သုံးပြီး လှနေတာ ... မေရီသန်းဝတ်စားပုံကလည်း ပုရိသတွေကို မြှူဆွယ်တဲ့ ဝတ်စားပုံမျိုးပါ ... တကယ်တမ်းကျတော့ ဒီမယ် အောင်ချို ... ဟဲ ... ဟဲ ..."

"အာလဲကွ ... မင်းဟာက တဟဲဟဲနဲ့ ဓာတ်လှူပျက်စတိုင်ပြောနေတာ ..."

"တကယ်တမ်းကျတော့ မေရီသန်းရဲ့ အလှဟာ မင်းတို့အဝေရာက စနေမရဲ့ အလှကို လုံးဝမမီဘူးကွ ..."

"အောင်မယ် ... အဝေရာက စနေမကို မင်းက သိဖူးမြင်ဖူးလို့လား ... လွှမ်းဝေ ..."

"သိပ်မြင်ဖူးတာပေါ့ ... ဒါပေမဲ့ သိပ်တော့ မသိဖူးဘူး ... မင်းဆီ အဝေရာကို ငါလာလည်တိုင်း မင်းလုပ်ငန်းထဲ ဝင်နေတုန်း အလစ်မှာ ငါက စနေမရဲ့ အုန်းနို့ခေါက်ဆွဲနဲ့ မုန့်တီဆိုင်ကို ရောက်သွားတာ ... စနေမကမှ တကယ်အကြည့်ခံ



တာ ... ကြာကြာကြည့်လေ ... ကြာကြာချောလေ လှလေကွ ..."

"ကြည့်စမ်း ဒီကောင် ... ငါ အဝေရာသားတောင် အဝေရာက စနေမကို သေချာအနီးကပ် မလေ့လာဖူးဘူး ..."

လွှမ်းဝေက မျက်နှာငုံ့ပြီး အောင်ချိုကိုကျော်ကာ နောင်ဝင်းဆွေကို လှမ်းပြောသည်။

"ဒီမှာ ကိုနောင်ဝင်းဆွေ ..."

"ဗျာ ..."

"အဝေရာက မြို့သေးသေးလေးမို့ ... ရန်ကုန်သား ကိုနောင်ဝင်းဆွေအဖို့ ပျင်းစရာကောင်းလိမ့်မယ် ... အဲ ခင်ဗျားရဲ့ ခံယူချက်အတိုင်း ... စနေမကို ကိုယ်ထိလက်ရောက်ထော့မကျူးလွန်မိစေနဲ့ပေါ့ဗျာ ... ဒါပေမဲ့ မနက်မိုးလင်း ကော်ဖီသောက်ချိန်မှာ စနေမဆိုင်ကိုသွား ... အုန်းနို့ခေါက်ဆွဲမှာပြီး စနေမကို ကြည့်ရင်းစားဗျ ... အရမ်းကို အရသာရှိတယ် ... အုန်းနို့ခေါက်ဆွဲကလည်း ကောင်းမှကောင်း ... စနေမကလည်း ချောမှချောပဲဗျို့ ... အဲဒီတစ်မနက် စနေမဆီမှာ အုန်းနို့ခေါက်ဆွဲစား စနေမကို ထိုင်ကြည့်တာဟာ အခု ကျွန်တော်တို့ ဟိုတယ်မှာ ရှစ်ရာဖိုး စားသောက်လာတာထက် အရသာပိုရှိတယ်ဗျ ..."

"ဟကောင် လွှမ်းဝေ ... မင်းဟာက စနေမကို မွှန်းလှချည်လား ... ငါ အဝေရာမှာ အမြဲနေတဲ့ကောင်တောင် မင်း

လော်က် စနေမကျမ်းမကြေဘူး ... ကဲ ... ဒါဆို ငါမေးမယ် မင်း စနေမကိုရရင် လက်ထပ်ယူမလား လွှမ်းဝေ ... "

"အား ... ငါ့စိတ် ငါ့ကိုယ့်တစ်ခုတည်းနဲ့ဆိုရင်တော့ စနေမကို ရရင် သိပ်လက်ထပ်ယူတာပေါ့ကွာ ... ငါ့ဆွေမျိုးအသိုင်းအဝိုင်းနဲ့ကျတော့ စနေမကို ဘယ်သူကမှ လက်ခံမှာမဟုတ်ဘူး ... သဘောတူမှာ မဟုတ်ဘူး အောင်ချို ... စနေမက နာမည်ပျက် ထောင်ထွက်မလေး မဟုတ်လား ... "

သူတို့နှစ်ယောက် အဝေးရောသားနှင့် ပြည်မြို့သား ပြောနေကြခြင်းဖြစ်ပါ၏။

သို့တစေ နောင်ဝင်းဆွေသည် သူတို့နှစ်ယောက်အဝေးရောက စနေမအကြောင်းပြောလှချည်လားဟု အမှတ်မထင် သတိထားမိသည်။

တည်းခိုခန်းရောက်ပြီးနောက် ကိုလွှမ်းဝေ ပြန်သွားသည်။ မနက်ရှစ်နာရီကျမှ မော်တော်ဆိပ်ဆင်းရန် သူ့ကားနှင့် လာခေါ်မည်ဟုပြောကာ နောင်ဝင်းဆွေကို ထုံးစံအတိုင်း နှုတ်ဆက်သွားပြန်သည်။

သူငယ်ချင်းနှစ်ယောက် တစ်ယောက်အိပ်ခုတင် တစ်လုံးစီဖြင့် လဲလျောင်းကြရင်း စကားပြောကြသည်။

"မင်းဆေးခန်းက အားလုံးအဆင်သင့်လား အောင်ချို ..."

"အဆင်သင့်မှ ပတ်ကားအဆင်သင့်ကွ ... ငါ့အဖေနဲ့ အမေက ငါဆရာဝန်ဖြစ်ရင် အသင့်ထိုင်ဖို့ဆိုပြီး ဆောက်ထားဘာ



အလျားပေခြောက်ဆယ် ... အနံပေလေးဆယ် အဆောက်အဦကြီးကွ ... အတွင်းလူနာ နှစ်ဆယ်လောက်အထိ လက်ခံနိုင်အောင် ဟောအကျယ်ကြီး လူနာခုတင်၊ မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်ကစပြီး အားလုံးစုဆောင်းထားပြီးသား၊ အဲဒီမှာပဲ ဆရာဝန်အတွက် သီးသန့်ခန်း၊ သူနာပြုအတွက် သီးသန့်ခန်းတွေ ထားပေးတယ် ... ဒါပေမဲ့ မင်းကတော့ ငါနဲ့အတူ ငါ့တိုက်မှာပဲနေပါ ... ဆေးခန်းက ခြံဝင်းအကျယ်ကြီးထဲမှာ ဆောက်ထားတာ ... တကယ့်ပတ်ကားပါ ... အေး ... ငါက ဆရာဝန်ဖြစ်မလာခဲ့ဘူးလေ"

"ဆေးဝါးကကော ... "

"ဒါကတော့ မင်းရောက်ပြီးမှ မင်းစိတ်ကြိုက်လိုအပ်မဲ့ ထိုးဆေး စားဆေး ... လိမ်းဆေးတွေ ဝယ်ပေါ့ကွာ ... ပြည်မြို့မှာ ဘာဆေးမဆို တန်ရာတန်ကြေးပေးဝယ်ရင် ရပါတယ် အဝေးရာနဲ့ ပြည်ဟာ နေ့ချင်းပြန်သွားနိုင်တာပဲ ... အများဆုံး ယေဘုယျဆေးတွေကတော့ ပြည်က ဒေါက်တာမြင့်ဆွေနဲ့ ငါ တိုင်ပင်ပြီး အဆင်သင့်ဝယ်ထားတာ ရှိပါတယ် ... ဥပမာ ဘာမီတွန်တို့ ... သာလာဆပ်တို့ ... အမိုင်နိုတို့ ... ထရစ်ပါဆာဖာတို့ စုံလို့ပေါ့ကွာ ... ဆေးအတွက် မပူနဲ့ သူငယ်ချင်း မင်းလိုချင်တဲ့ ဆေးမှန်သမျှ ငါဝယ်ပေးမယ် ... "

"ဒါထက် ... မင်း အဝေးရာပတ်ဝန်းကျင်မှာ ဘာရောဂါမျိုးတွေ ဖြစ်တာတ်လဲ ... "

"စုံတယ်ကွ … ဝမ်းရောဂါဆိုလည်း ဖြစ်လိုက်တာပဲ … တခြား အပြင်းဖျားတို့ … တုပ်ကွေးတို့ ဖြစ်ပြီဆိုလည်း အတုံးအရုံး ပဲ … ကလေးတွေဆို သွေးလွန်တုပ်ကွေးတို့ … အသားဝါတို့ မေးခိုင်ပိုးတို့ ဖြစ်ကြတယ် … ပတ်ဝန်းကျင် ကျေးလက်က ရွာသူရွာသားအများစုဟာ လယ်သမား ယာသမား ဥယျာဉ် သမားတွေဆိုတော့ ဗဟုသုတကလည်း နည်းပြန် … မဆင် မခြင် နေတာထိုင်တာ စားတာသောက်တာကလည်း ရှိ ပြန်ဆိုတော့ … ရောဂါတွေ စုငံ့တတ်တာမျိုးပေါ့ကွ … နောက်ပြီး အလယ်ရိုးမနဲ့ သိပ်မဝေးတော့ ရိုးမတက်ပြီး အလုပ်လုပ်တဲ့လူတွေ ငှက်ဖျားဝက်အပက်ခံရတာတို့ ကျား ကိုက်ခံရတာတို့ဆိုတာလည်း ရှိရဲ့ကွ … စုံတယ် သူငယ်ချင်း ရောဂါစုံကုရတယ် … "

"အသေအပျောက်တွေ ရှိသလား … "

"ရှိတာပေါ့ကွ … မင်းစဉ်းစားကြည့်လေ … ရွာကလူတစ် ယောက် မြွေကိုက်ခံရပြီဆိုပါတော့ … ပြည်မြို့ကို အချိန်မီ ဘယ်သွားနိုင်မလဲ … ရေလမ်းကလွဲပြီး တခြားလမ်းမှ မရှိတာ … အချိန်မီရောက်သွားဖို့ စက်လှေလိုတယ် … ပြည်နဲ့ အစုရာကို ဆွဲတဲ့ ပါစင်ဂျာစက်လှေက မနက်ထွက် သွားပြီး ညနေမှ ပြန်လာတာ … မြွေကိုက်ခံရလို့ အင်ဆေး ကျင်စီ ပြည်မြို့ဆေးရုံကို သွားဖို့ စက်လှေစီးလုံးငှားရတော့ ငှားရင် လေးငါးရာပေးမှ ရတာ … ဒီတော့လည်း ကျေး



လက်ကလူတွေ မြွေကိုက်ရင် သေတာပဲ … ဒါကြောင့် ငါ့ အဖေနဲ့ ငါ့အမေက … အဝေရာမှာ ဆေးခန်းကြီး သိပ်ဖြစ် မြောက်စေချင်တာ … ငါတို့ ဘိုးဘွားစဉ်ဆက်ချမ်းသာလာ တာဟာ ဒီကျေးလက်ကလူတွေရဲ့ လုပ်အားတွေနဲ့ ချမ်းသာ လာတာကွ … ဒါကြောင့် ကျေးလက်ရွာသားတွေအတွက် ဇီဝိတဒါန အခမဲ့ဆေးခန်းကြီး အဖေနဲ့အမေက ဖွင့်ချင်တာ"

"မင်းတို့အဝေရာမှာ … တခြားဆရာဝန်တော တစ်ယောက် တလေမှ မရှိလို့လားကွ … "

"ရှိပါ့ … ဒေါက်တာ ဦးမင်းစိုးလေ … တိုက်ကြီးမှ ဟိန်းလို့ ခြံကြီးမှ အကျယ်ကြီး … သားအကြီးကို နိုင်ငံခြားသွားဖို့ စရိတ်ထောက်နိုင်တယ် … သမီးနှစ်ယောက်ကို ရန်ကုန် တက္ကသိုလ်မှာ ထားနိုင်တယ် … အေး ဒါပေမဲ့ ကျေးလက် က လူနာတစ်ယောက် ဒေါက်တာဦးမင်းစိုးဆီမှာ ဆေးကု မယ်ဆိုရင် … ငွေတစ်ရာလေးငါးဆယ်ပါမှကွ … ရောဂါ အခြေအနေပေါ်မှာကြည့်ပြီး တစ်ကြိမ်ကုရင် ငွေရာကျော် တောင်းတယ် … ဒီလိုနဲ့ အဝေရာမှာ ဒေါက်တာဦးမင်းစိုး ချမ်းသာသွားတာ … ဒါကြောင့် ငါ့အဖေနဲ့ အမေက ငါ့ကို ဆရာဝန်ဖြစ် … ဆေးခန်းကြီးထိုင် … အခမဲ့ ဇီဝိတဒါနကု သိုလ်ဖြစ်ကုဆိုအဲ့ စီမံကိန်းကြီး ဆွဲခဲ့တာလေ … ဒါပေမဲ့ ငါက သောက်သုံးမကျခဲ့ဘူးမို့လား … "

"မင်းတို့မှာ ဆေးခန်းအဆောက်အအုံကြီးရှိတယ် … ဆေး

ဝါးလိုသလောက် ဝယ်နိုင်တယ် … ဒါဆို ဆရာဝန်တစ်ယောက်ကို ကြိုက်ဈေးပေးခေါ်ပြီး ဆေးခန်းကြီးဖွင့် ကုသနိုင်သားပဲ ချို … ”

အောင်ချိုက လေးတွဲ့တွဲ့ကြီး ပြန်ပြောသည်။

“ဖွင့်နိုင်လို့ ဖွင့်ခဲ့တာပေါ့ကွာ … ဆရာဝန်ငှားတာ နှစ်ယောက်တောင် ရှိသွားပြီ … တစ်ယောက်မှ ကြာကြာမမြဲဘူး … လေးငါးခြောက်လနဲ့ ထွက်သွားကြတာချည်းပဲ … တောင်းသမျှ လခပေးတာတောင် မနေဘူး … ထွက်သွားတာ …”

“ဘာလို့ ဆရာဝန်တွေကက ထွက်သွားတာလဲ … ”

အောင်ချို မဖြေဘဲ ငြိမ်သွားသည်။

“ဟေ့ကောင် အောင်ချို … မင်းရဲ့ဆေးခန်းကြီးမှာ ဆရာဝန် ဘာလို့မမြဲတာလဲလို့ ငါမေးနေတယ်လေကွာ … ”

“အင်း … ”

ဟု အရှည်ကြီး အင်းချပြီးမှ အောင်ချိုက ဆက်ပြောသည်။

“တိုတိုပြောရရင် သူတို့ အဝေးမှာ မပျော်ဘူးတဲ့ … အဝေးရာနဲ့ သူတို့နဲ့ မအပ်စပ်ဘူးဆိုပြီး တားမရ ဆီးမရထွက်သွားကြတာပဲ သူငယ်ချင်း … ငါ ပိုက်ဆံဘယ်လောက်ပေးပေး မလိုချင်တော့ဘူး … အဝေးမှာ မနေချင်တော့ဘူးတဲ့လေကွာ … ”

“တစ်မျိုးကြီးပါလား အောင်ချို … ”



“အမှန်တော့ ဒီလိုရှိတယ် နောင်ဝင်းရေ … အဝေးရာက ငါတို့ ဇီဝိတဒါနဆေးခန်းကြီးမှာ ဘယ်လူစိမ်းဆရာဝန်ကိုမှ ငှားငှား မမြဲနိုင်ဘူးလို့ ငါ့အဖေနဲ့ အမေက တင်ကြိုမြင်တာကြောင့် ငါ့ကို ဆရာဝန်သိပ်ဖြစ်စေချင်တာ … ငါ့အဖေနဲ့ အမေ တင်ကြိုမြင်တဲ့အတိုင်းပဲ ငါတို့ အဝေးရာဆေးခန်းမှာ သူစိမ်းဆရာဝန်တွေ မမြဲဘဲ ထွက်သွားတာချည်းပဲ … ဒါကြောင့် ငါက မင်းကို ရွတ်ခေါ်ရတာပဲ သူငယ်ချင်း … မင်းက ငါ့ကို တကယ်ခင်မင်ပြီး သံယောဇဉ်ရှိမှန်း ငါသိတယ် … အဲဒီသံယောဇဉ်ကြောင့် မင်းဆိုရင် ငါ့ကိုပစ်မသွားဘူးလို့ ငါယုံတယ် … တကယ်တော့ မင်းဟာ ငါ့ကိုယ်စား ငါ့အဖေနဲ့ အမေရဲ့ သိပ်ပြင်းထန်တဲ့ ဆန္ဒတွေကို လာဖြည့်ဆည်းပေးတာလို့ ငါ ယူဆတယ် … ”

“အေးပါ … ငါကလည်း ကြီးကြီးကျယ်ကျယ် နိုင်ငံရေးအသိစိတ်ဓာတ်ကြီးတွေ ဘာတွေနဲ့ ချီနေရင် ကြီးကျယ်လွန်းတယ် … ငါ့ရဲ့စိတ်ဓာတ်အရင်းခံကိုက ဆေးကျောင်းသားဘဝကတည်းက ငါဆရာဝန်ဖြစ်ရင် ကျေးလက်က အားကိုးမဲ့သူတွေကိုပဲ ကုပေးချင်တာ … ”

“အဲဒီစိတ်ဓာတ်ကို သိလို့လဲ ငါ့ရဲ့ခင်မင်မှုနဲ့ပေါင်းပြီး မင်းကို ရွတ်ခေါ်ရတာပဲ သူငယ်ချင်း … မင်းနဲ့ မင်းမိဘအသိုင်းအဝိုင်းတွေက အဆင့်မြင့်လွန်းတော့ အဝေးရာမှာ မင်းကို ခေါ်ရတာ မခေါ်ရက်စရာဘဲ … အခုဆို မင်းဟာ မင်းဖွား

သားနဲ့ မားသားကြီးကို အတိုက်အခံလုပ်ပြီး အဝေးရောက်လာရတာ မဟုတ်လား ...”

“မေမေက လက်ခံပါတယ် အောင်ချို ... အေး ... ဒါပေမဲ့ ပေါ့ကွာ ...”

“မင်းမားသားကတော့ ... သူ့ရင်ခွင်ထဲက မင်းကို ဘယ်မှ မသွားစေချင်တာ မဟုတ်လား ...”

“မေမေကလည်း နောက်ဆုံးမှာတော့ လိုက်လျောပါတယ် အေး ... ခွတ်မသွားစေချင်တာကတော့ ...”

နောင်ဝင်းဆွေ စကားရပ်ထားသည်။

“ခွတ်မသွားစေချင်တာကတော့ မင်းနဲ့ လက်ထပ်မဲ့ စောမြနန္ဒာမဟုတ်လား ... ဒါဆို အခု ငါ့ကြောင့် မင်းနဲ့ စောမြနန္ဒာ ခွာပြလာမှာပေါ့နော် ... သူငယ်ချင်း ...”

“ရပါတယ် ... လူကြီးတွေအချင်းချင်း နှစ်ဖက်ညှိကြပေါ့ကွာ အစကတည်းက စောမြနန္ဒာနဲ့ ငါ့ကို စီစဉ်တာ လူကြီးတွေ စီစဉ်ကြတာပဲဟာ ...”

အောင်ချိုက နောင်ဝင်းဆွေ၏ အသိုင်းအဝိုင်း အကြောင်း အားလုံးသိထားသူဖြစ်သည်။ စောမြနန္ဒာနှင့် နောင်ဝင်းဆွေကို နှစ်ဖက်မိဘတွေ သဘောတူ စေ့စပ်ထားပြီးမှန်းလည်း သိပြီး သား။

“တကယ်ပဲကွာ ... ငါ့ပယောဂပါနေတော့ စိတ်မကောင်းဘူး မင်းနဲ့ စောမြနန္ဒာကိစ္စကို ငါဆိုလိုတာပါ ...”



“ဒါတွေထားလိုက်စမ်းပါ ... ငါ့ဆန္ဒနဲ့ ငါလာလို့ အခု အဝေးရောက်ရောက်တော့မှာပဲဟာ ... စောမြနန္ဒာနဲ့ ငါ့အခြေအနေက ငါ့အနေနဲ့ ပေးရင် ယူမယ် ... မပေးရင် မယူဘူးလို့ဘဲ ငါသဘောထားတယ် ... သူနဲ့ငါဟာ ငယ်ချင်းချစ်ကြပြီးမှ စေ့စပ်ထားတာမျိုးမှ မဟုတ်တာ ... ကဲ ... ဆက်ပြောကွာ ... အဝေးမှာ မြေကိုက်ခံရတာတွေ ... တော်တော် များသလား ...”

“ခဏခဏပဲကွ ... ငွေသုံးရာမတတ်နိုင်ရင် သေတာပဲ ...”

“ဘယ်လိုကွ ... ငွေသုံးရာဟုတ်လား ...”

“အနီးဆုံး ဆေးရုံကနေ ဒေါက်တာဦးမင်းစိုးပဲ ရှိတယ်လေကွာ ပြည်မြို့ဆေးရုံကို အချိန်မီ ပို့ဖို့ဆိုတာက ခုနက ငါပြောတဲ့ စက်လှေငှားဖို့ ငွေကြေးကိစ္စရှိနေတယ် ... အရမ်းပိုပြီး ပိုက်ဆံကုန်မယ် ... မြွေဆိပ်ဆိုတာကလည်း အချိန်မီအကောအတွင်း ကုသရတာ မဟုတ်လား ... ဒေါက်တာဦးမင်းစိုး ဆီမှာ ငွေသုံးရာပေးကု ... ငွေသုံးရာမပေးနိုင်ရင် အရပ်ဗိန္ဒောဆရာနဲ့ကုပေါ့ ... အရပ်ဗိန္ဒောဆရာနဲ့ ကုလို့ ပျောက်တာတွေလည်း ရှိတယ် ... ဒါပေမဲ့ သေတာကများတယ်”

“ဒါဆို ... မင်းမှာလည်း မြွေဆိပ်ဖြေဆေးတွေ ဘာတွေ အဆင်သင့်ရှိရဲ့လား ... အဲဒီဆေးမျိုးက ရေခဲသိမ်းထားဖို့ဆိုရင် ... စနစ်တကျ ထားတတ်ဖို့လိုတယ်ကွ ...”

“ဒီလောက်တော့ ငါလည်း ဆေးတက္ကသိုလ်မှာ နှစ်နှစ်တက်

ခဲ့တဲ့ကောင်ပဲ ... စနစ်တကျ ထားတတ်ပါတယ် ... ငါ့ဆီမှာ လျှပ်စစ်နဲ့ ရေခဲသေတ္တာရော ... ဒီဇယ်နဲ့ ရေခဲသေတ္တာရော ရှိနေတာပဲဟာ ... မြွေဆေးတောင်မကဘူး ခွေးရူးကိုက်ဆေးတွေတောင် ဆောင်ထားတာ ... အဝေးရောက ခွေးတွေက ရူးပြီဆိုရင် တစ်ကောင် နှစ်ကောင်မဟုတ်ဘူး တော်တော်များများ ရူးတတ်တယ်လေ ..."

"ဟင် ... မင်းတို့ အဝေးရောက အဝေးရော ရန်မရှိ မဟုတ်ဘဲ အဝေးရော ရန်အပြည့်ပါလားကွ ..."

"အင်း ... ပြောစရာဖြစ်တာပေါ့ကွာ ..."

သူငယ်ချင်းနှစ်ယောက် ရယ်မောကြပါ၏။



၄

အဝေးရောသို့ မွန်းလွဲပိုင်းမှ ရောက်ကြသည်။

ဒေါ်သိန်းက ကြက်သားဆီပြန်၊ မှိုဟင်း၊ သခွားသီးတို့စရာ၊ ငံပြာရည်ချက်တို့ ချက်ထားသည်။

ရေမိုးချိုး အဝတ်လဲပြီး သူငယ်ချင်းနှစ်ယောက် မွန်းလွဲ တစ်နာရီကျော်မှ နံနက်စာ စားကြသည်။

ထမင်းစားစဉ် အောင်ချိုက ဒေါ်သိန်း၊ နန်းပို့တို့နှင့် နောင်ဝင်းဆွေကို မိတ်ဆက်ပေးသည်။

"ဒေါ်သိန်းက ဒီအိမ်ကြီးတစ်အိမ်လုံးရဲ့ ဝေယျာဝစ္စတွေကို လုပ်ပေးတယ် ... နန်းပို့ကတော့ ဒေါ်သိန်းရဲ့ လက်ထောက် အစ္စ(စ်)ကင့်ပေါ့ကွာ ..."

"ဒီမှာ ဒေါ်ကြီးသိန်း ... အဲဒါ ကျွန်တော့်ငယ်သူငယ်ချင်း ဆရာဝန်နောင်ဝင်းဆွေတဲ့ ... ကျွန်တော်တို့ ဆေးခန်းမှာ

ဆရာဝန်မဖြစ်တာ ဒေါ်ကြီးသိန်းသိသားပဲ ... ဒီတစ်ခါတော့ ဒါ သွေစိမ်းမဟုတ်ဘူး ... ညီအစ်ကိုလို ချစ်တဲ့သူငယ်ချင်း အဲဒါ ဒီကောင်လိုအပ်တာမှန်သမျှ ဘာမဆို ဒေါ်ကြီးသိန်း ဂရုတစိုက်လုပ်ပေးရမယ်နော် ... အိုဗျာ ကျွန်ပော့်ကို ဒေါ်ကြီးသိန်း ဂရုစိုက်တာထက် ပိုပြီးဂရုစိုက်ရမယ် ... နန်းပို့ရော ... ကြားရဲ့လား ... ”

“ပြောနေရသေးလား အောင်ချိုရယ် ... ”

ဟု ဒေါ်ကြီးသိန်းက ပြောပြီး နန်းပို့က ခေါင်းညိတ်ပြသည်။

ဒေါ်သိန်းသည် အောင်ချို၏မိဘများလက်ထက်ကတည်းက ဤအိမ်ကြီးတွင် တာဝန်ထမ်းဆောင်လာသူဖြစ်သည်။ အောင်ချို့ကိုလည်း တူရင်း၊ သားရင်းလို သံယောဇဉ်တွယ်နေသည့် အဖျိုကြီးဖြစ်ပါသည်။

နန်းပို့က ကရင်မလေးဖြစ်သည်။ အသားဖြူဝင်းပြီး မျက်လုံးပြူး၊ မေးရိုးလေးယောင့်အသွင်ရှိသည်။ ခြေသလုံးတုတ်တုတ်၊ ခန္ဓာကိုယ်တုတ်တုတ်ဖြစ်သည်။ ခြုံ၍ပြောရရင် နန်းပို့ရုပ်ချော သန့်သည်။ ချစ်စဖွယ်အသွင်လေးရှိသည်။

သူငယ်ချင်းနှစ်ယောက် နံနက်စာ ထမင်းမမြိန်ကြပေ။ တစ်ပန်းကန်စီသာ စားပြီး ခိုင်းသိမ်းလိုက်သည်။

“ဟဲ့ ... မောင်ချိုတို့နှစ်ယောက်လုံး အစားနည်းလှချည်လား ဒေါ်ကြီးသိန်းချက်တာအော ခံတွင်းမလိုက်ဘူးထင်တယ်”



“ပြည်မှာ မော်တော်မဆင်းခင် လွမ်းဝေက ကျွေးတာကို စားတာ များသွားတယ် ... ဒါကြောင့် အခုအစားနည်းတာပါ ... ”

“ဒါဆိုလည်း အုန်းနို့ခေါက်ဆွဲဖြစ်ဖြစ် မုန့်တီသုပ်ဖြစ်ဖြစ် ... စားပါလား ... နန်းပို့ကို ဝယ်ခိုင်းလိုက်မယ်လေ ... ဒီနေ့ မနက်ပဲ စနေမ ဆိုင်ပြန်ထွက်တယ် ... ”

“သြော် ... သြော် ... စနေမ ဆိုင်ပြန်ထွက်ပြီတဲ့လား ... အင်း မနက်မှ ဝယ်စားတော့မယ် ... အခုတော့ မိုက်ပြည့်နေပြီ ... ကဲလာ သူငယ်ချင်း ... မင်းထိုင်မဲ့ဆေးခန်းကို လျှောက်ကြည့်ရအောင် ... ”

အောင်ချိုတို့ ခြံကြီးမှာ နှစ်ဧကနီးပါးခန့် ရှိပေမည်။

တိုက်အိမ်ကြီးကို အတွင်းပိုင်းကျကျတွင် ဆောက်ထားသည်။ အောင်ချို့မိဘတွေကိုယ်တိုင် ဆောက်ထားသော တိုက်ကြီးမို့ စိတ်ကြိုက်အကုန်ခံဆောက်ထားသည်။ တိုက်အိမ်ကြီးကို လေတိုက်တစ်ပိန့် အဝါနုရောင်သုတ်ထားသည်။ ပတ်ပတ်လည်တွင် သရက်၊ ပိန္နဲ၊ မရမ်းပင်ကြီးများ ပိုင်းရံထားသည်။ စိမ်းစိုသော သစ်ပင်တွေ အလယ်တွင် အဝါရောင်တိုက်ကြီးမှာ ပနာတင့်လှပါ၏။

ညေ့ခန်းတွင် အစိမ်းရင့်ဆိုဖာကြီးတွေထားပြီး အတွင်းနံရံအားလုံး အစိမ်းနုလေးသုတ်ထားသည်။ ညေ့ခန်းထဲဝင်သည်နှင့် မျက်စိအမြင်အေးမြစေပါသည်။

ရှာနီးပတ်ဝန်းကျင် ကျေးလက်များတွင် လျှပ်စစ်မီး

ဖရသော်လည်း အဝေးရောတွင် လျှပ်စစ်မီးရပေသည်။

တိုက်အိမ်ကြီး မျက်နှာစာမြေကွက်ကျယ်ကြီးတွင် ပန်းအိုးတွေ၊ စင်တွေဖြင့် နှင်းဆီတွေ စိုက်ထားသည်။ သစ်ခွစိုက် မှန်အိမ်ကြီးတွေလည်း ရှိပေသည်။ စံပယ်ပင်တွေကတော့ မြေကြီးမှာပင် အုံလိုက်စိုက်ထားပေသည်။

ဆေးခန်းအဆောက်အဦကြီးဆီသို့ အောင်ချိုက ခေါ်သွားသည်။

"အဲဒါပဲကွ ဆေးခန်း ..."

ဆေးခန်းသာဆိုရသည် မြို့ငယ်တစ်ခုတွင်ရှိသော ဆေးရုံတစ်ခုလောက် ရှိပေသည်။

အလျားပေခြောက်ဆယ်၊ အနံပေလေးဆယ်။

အဝေးကကြည့်လျှင် ဂိုထောင်ရှည်ကြီးသဏ္ဍာန်ရှိသည်။ဆေးခန်းအဆောက်အဦအတွင်းအပြင်အားလုံး ထုံးနှင့်ပလတ်စတာစ်ပိန့်ရောကာ ဖြူဖြူဖွေးဖွေး သုတ်ထားသည်။

ဆေးရုံအတွင်းပိုင်းတွင် ဟောကြီးအဖြစ်ထားကာ လူနာခုတင်တွေ တန်းစီထားသည်။ သို့သော် အခန်းဖွဲ့ပေးထားသည်များကိုလည်း အောင်ချိုက လိုက်ပြသည်။

"ဒီအခန်းက သူနာပြုဆရာမနှစ်ယောက် နားနေဖို့ အခန်းကွ"

သူနာပြုဆရာမ နားနေဖို့အခန်းထဲတွင် လဲလျောင်းရန်၊ အနားယူရန် တစ်ယောက်အိပ်ခုတင် (၂)လုံး၊ ဆက်တီ၊ မှန်တင်ခုံ၊ ပက်လက်ကုလားထိုင်များထားရှိပေးသည်။



"မင်းဟာက တော်တော်ကြီးကို အကုန်အကျခံ ဆောက်ထားတာပဲ ... အောင်ချို"

"အေး ... အဲဒါကိုပဲ ငါအသည်းနာတာ သူငယ်ချင်း ... ငါက စေတနာအပြည့်နဲ့ လုပ်ထားပေမဲ့ ဆရာဝန်မမြဲတော့ ငါ့ကို အားကိုးရှာတဲ့ လူတွေမှာ ဆေးခန်းမှာ လာကုသလိုက် ... ပြတ်သွားလိုက်နဲ့ ရိုင်းရိုင်းပြောရရင် ခွေးနေရာမရဖြစ်ရတယ်လေ ... ဒီကလူနာမှန်းသိရင် လာကုတဲ့လူနာကို ဒေါက်တာဦးမင်းစိုးက 'မကုဘူး ...'လို့ ပြောတာကွ ... ကုပေးရင်လည်း ဆေးဖိုးဝါးခရော ကုသခရော ... နှစ်ဆတောင် ပိုတောင်းသတဲ့ကွာ ..."

လက်တွေ့တွင် မိမိက ဘာမှမဆောင်ရွက်ရသေးသောကြောင့် မောင်ဝင်းဆွေက ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သေးသည်။

ဆေးခန်းကို ကြည့်ပြီး ပြန်ထွက်လာကြသည်။

"ကိုချို ... ကျွန်တော် ဘာလုပ်ပေးရမလဲ ..."

"ဘာမှမလုပ်နဲ့ဦး ... မောင်သန်း ဆေးခန်းကိုပဲ ဆက်စောင့်ထား ... သုံးလေးရက်အတွင်း ဆေးခန်းကြီးပြန်ဖွင့်ပြီလို့ မင်းပါးစပ်မောင်း ကြေညာပေတော့ ..."

"မနက်ဖြန်မနက် ခုနစ်နာရီကစပြီး ဆေးခန်းကြီးဖွင့်ပြီလို့ ကြေညာခိုင်းလိုက် သူငယ်ချင်း ... ငါမနက်ဖြန်မနက်ကစပြီး ထိုင်မယ် ..."

"မင်း နှစ်ရက်သုံးရက်တန်သည် နားဦး သူငယ်ချင်း ... "

"အနားယူလောက်အောင် ငါဘာမှပင်ပန်းခဲ့တာမှ မဟုတ်တာ ... ဖွင့်သာ ဖွင့် ... "

"သိုင်းခယူ ငနောင် ... တကယ်ကွာ ငါကတော့ ဆေးခန်းဖွင့်နိုင်လေ ကြိုက်လေပေါ့ ... ကဲ ... ဒါဆိုလာ သူငယ်ချင်း မင်းနဲ့ငါ အဝေးရာမြို့လေးကို လှည့်ပတ်လမ်းလျှောက်ကြည့်ရင်း ... သူနာပြုနှစ်ယောက်ကို နက်ဖြန်မနက် ခုနစ်နာရီကစပြီး အလုပ်ဝင်လို့ ဝင်ပြောကြစို့ ... "

"မင်းဆီမှာ သူနာပြုဆရာမ ရတာက လွယ်လှချည်လား ... မြို့ကြီးတွေမှာ ဖြန်းခနဲ ငှားရင် မရဘူး ... တင်ကြိုပြောထားရတာ ... "

အောင်ချိုက ပြုံးသည်။

"လာပါကွာ ... ဟိုကျတော့ မင်းသိလာမှာပါ ... ငါ့ဆီမှာ သူနာပြုဆရာမတွေ အများကြီးရှိတယ်ကွ ... "

အိမ်ကြီးခြံတံခါးမှ သူငယ်ချင်းနှစ်ယောက် ထွက်လာခဲ့ကြသည်။

အဝေးရာတွင် မြင်းလှည်း၊ ဆိုက်ကားနှင့် စက်ဘီးတို့ကို အသုံးများသည်ကို တွေ့ရသည်။ မော်တော်ဆိုင်ကယ်စီးသူတွေကိုလည်း တွေ့ရသည်။

မော်တော်ကားကိုမူ အနည်းအကျဉ်းသာ တွေ့ရပြီး တွေ့သမျှမှာ ဂျစ်ကား၊ ဒေါ်ဂျစ်ကား၊ လင့်ရိုဗာကား ... ဲ းတွေသာ



ဖြစ်သည်။

"ဒီမှာ မော်တော်ကားအသုံးနည်းတယ်နော် ... "

"အဝေးရာမှာက ကျေးရွာတွေအထိ မော်တော်ကားသွားနိုင်တာတွေ ရှိတယ် ... ဒါပေမဲ့ ကတ္တရာလမ်းမဟုတ်ဘူး သူငယ်ချင်း ... မြေလမ်း ကျောက်လမ်းပဲဆိုပါတော့ကွာ ... လှည်းလမ်းတွေလိုပဲ ... ဒီတော့ လှည်းလမ်းမှာမောင်းလို့ရတဲ့ အကြမ်းခံ ဂျစ်ကား၊ လင့်ရိုဗာကား၊ ဒေါ်ဂျစ်ကားတွေကိုပဲ သုံးကြတယ် ... ငါ့မှာလည်း လင့်ရိုဗာရှိတယ် ... အခုခြေကျင်လျှောက်ထွက်လာတာက အဝေးရာရဲ့ မြို့အနေအထားနဲ့ လမ်းတွေကို မင်းသိနိုင်သလောက် သိဖို့ ခြေကျင်လျှောက်လာတာ ... "

"ကောင်းတယ် ... ငါလည်း လမ်းလျှောက်ချင်နေတာနဲ့ အတော်ပဲ ... ဒါထက် မင်းက မင်းခြံကြီးထဲမှာ ဆေးခန်းဖွင့်ထားတာဆိုတော့ လူနာတွေလာဖို့ ... မြို့အစွန်ပိုင်းရောက်မနေဘူးလား အောင်ချို ... "

"အဝေးရာ ဆောက်တည်ပုံက အဝိုင်းကြီးကွ ... မြို့တန်းရှည် ရွာတန်းရှည် မဟုတ်ဘူး ... မြစ်ရိုးကမ်းနားတစ်လျှောက်မှာတော့ တံငါလုပ်စားသူတွေ ... လှေသမ္ဗန်သမားတွေ နေကြတာများတယ် ... ကမ်းနားကလွဲရင် ကျန်တဲ့ ဈေးတို့ လူနေအိမ်တို့ဆိုတာတွေ အားလုံးဟာ ... ဒယ်အိုးဝိုင်းကြီးလို ပတ်ချာဝိုင်းနေထိုင်ကြတာကွ ... ဒါကြောင့် ငါ့အိမ်

ငါ့ခြံနဲ့ ငါ့ဆေးခန်းဟာ အစွန်အဖျားနေရာလို့ ပြောလို့မရ
ဘူး ... လူနာတွေလာရင်လည်း ဆိုက်ကား ... မြင်းလှည်း
နွားလှည်းနဲ့ လာကြတော့ ငါ့ဆေးခန်းကို အလာရ မခက်ခဲ
ဘူးပေါ့ကွာ ... ”

“မင်းရဲ့ ဆန်စက်နဲ့ ဆီစက်တွေက ထွက်တဲ့ပစ္စည်းတွေ
ပြည်မြို့ကိုပို့ရောင်းတာကျတော့ရောကွာ ... ”

“လှေကြီးတွေ ... သမ္ဗန်ကြီးတွေ ... တိုကင်းကြီးတွေနဲ့
ရတယ် ... ပြည်မြို့ကို သွားနိုင်ဖို့ ရေလမ်းတစ်ခုတည်း
တာကိုး ... ဒါကြောင့် ငါသွားဖို့လာဖို့ မော်တော်ဘုတ်
ပဲ့ချိတ်ဂယ်ထားတာပေါ့ ... ကျေးလက်တွေက ဆန်လ
ကြိတ် ... ဆီလာကြိတ်ရင်လည်း လှေသမ္ဗန်တွေနဲ့ပဲ လာ
ဘာ ... အဲ ဟိုရှေ့က ပျဉ်ထောင်အိမ်ဟာ ဒေါ်အဲဖော့ကြီး
အိမ်ပေါ့ ... ခဏဝင်ရအောင် ... ”

ပျဉ်ထောင်အိမ်ထဲသို့ သူငယ်ချင်းနှစ်ယောက်
လာကြသည်။

“ဝေး ... အောင်ချို ... လာ ... လာ ... နင် ပြည်ကို သွ
တယ်ဆို ... ”

“ဒီနေ့ပဲ ပြန်ရောက်တယ် ဒေါ်အဲဖော့ ... ဟောဒီမှာ
ရန်ကုန်က ကျွန်တော်နဲ့ သိပ်ချစ်တဲ့သူငယ်ချင်း ... ဒေါ်
တာနောင်ဝင်းဆွေလေ ... သူ့ကို သွားကြိုတာ ...
သူငယ်ချင်း ဟောဒါ ဒေါ်အဲဖော့တဲ့ ... အငြိမ်းစား မ



ကြီးလေ ... တို့မြို့က ဆယ်တန်းအောင်ပြီး ဆက်ပညာ
မသင်နိုင်တဲ့ အမျိုးသမီးတွေထဲက သူနာပြုဝါသနာပါတဲ့
အမျိုးသမီးလေးတွေကို မေထရွှန် ဒေါ်အဲဖော့က ငါတို့လိုပဲ
စေတနာနဲ့ အခမဲ့ သူနာပြုသင်တန်းဖွင့်ပေးထားတယ် ... ”

“သိပ်ကို မွန်မြတ်ပါတယ် ဒေါ်အဲဖော့ ... ”

“သိုင်းကယူ ဒေါက်တာ ... အဝေးရောမှာ လာပြီး အောင်ချို့
ရဲ့ဆေးခန်းကို ပြန်ဖွင့်ပေးမယ်ဆိုတော့ ငါသိပ်ဝမ်းသာတယ်
အောင်ချို့ရဲ့ရည်ရွယ်ချက်ကို ဘုရားသခင်သိပ်နှစ်သက်တယ်
ဒါပေမဲ့ လာသမျှ ဒေါက်တာတွေဟာ အဝေးရောဒဏ်ကို မခံ
နိုင်ကြဘူးလေ ... ဒီမှာ အခု ဒီဒေါက်တာရောက်လာပြီ ...
အကြာကြီးမြဲပါစေလို့ ငါဘုရားသခင်ကို တိုင်တည်မယ်”

နောင်ဝင်းဆွေက ဒေါ်အဲဖော့အိမ်တွင် ရှိနေသော
အမျိုးသမီး ဆယ်ယောက်လောက်ကို စေ့စိုက်ကြည့်မိသည်။ သူနာ
ပြုသင်တန်းလာတက်နေသူများဟု သိသာနိုင်ပါ၏။

“ကဲ ... ကျွန်တော်ပြန်မယ် ... ”

“ဝေး ... ထိုင်ဦးလေ ... ငါ ကော်ဖီတိုက်မယ် ... ”

“နောက်မှ အေးအေးဆေးဆေးလာမယ် ... အခု စံပယ်နဲ့
ဒေလီယာတို့အိမ်သွားရဦးမယ် ... မနက်ဖြန်မနက်ကစပြီး
ကျွန်တော့်ဆေးခန်း ပြန်ဖွင့်မှာမို့လေ ... ”

“ကောင်းတယ် ... ဒေလီယာရော စံပယ်ရော ငါ့ကိုပြော
တယ် ... ဆေးခန်းပိတ်ထားရဲ့သားနဲ့ လခယူရတာ နင့်ကို

သိပ်အားနာတာပဲတဲ့ … အခုတော့ သိပ်ကောင်းသွားပြီ အောင်ချို … ”

ဒေါ်အဲဖော့ကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။

“အဲဒါပဲ သူငယ်ချင်း … အဝေးမှာ သူနာပြုဆရာမ မရှားဘူးဆိုတာ ဒေါ်အဲဖော့ကလည်း ငါ့လိုပဲ စေတနာနဲ့ သူနာပြုသင်တန်းဖွင့်ထားတယ် … အေး အသိအမှတ်ပြု အောင်လက်မှတ်တော့ မရကြဘူးပေါ့ကွာ … ဒါပေမဲ့ သူနာပြုအတတ်ပညာတော့ တတ်မြောက်သွားကြတာပေါ့ … ”

ဒေလီယာရော၊ စံပယ်ရော မဉ္ဇူလမ်းထဲတွင် တစ်လမ်းတည်း အတူနေကြသည်။ အိမ်ချင်း လေးငါးခြောက်အိမ်ကွာကြသည်။

ပထမ စံပယ်တို့အိမ်ဝင်ပြီး နောင်ဝင်းဆွေနှင့် မိတ်ဆက်ပေးသည်။

စံပယ်သည် အသက်နှစ်ဆယ်ခန့်သာ ရှိဦးမည်၊ ကရင်ကုလား ကပြားမလေးဖြစ်သည်။ အသားညိုသည်။ အရုပ်ရှည်သည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်မတက်နိုင်သောကြောင့် ဒေါ်အဲဖော့ထံတွင် သင်တန်းတက်ပြီးမြောက်သွားသော ပထမအသုတ်တွေထဲက ဖြစ်သည်။

ဆရာဝန်ဆိုလျှင် ရှိသေပြီးသားဖြစ်ပါ၏။

ဒေလီယာအိမ်သို့ဝင်ခဲ့ပြန်သည်။ ဒေလီယာကတော့ မိဘနှစ်ပါး ကရင်လူမျိုးစစ်စစ်မှ မွေးဖွားပြီး ကရင်မလေးဖြစ်သည်



စံပယ်နှင့် ရွယ်တူဖြစ်သည်။ ဒေါ်အဲဖော့၏ သင်တန်းဆင်းပင် ဖြစ်သည်။ နှစ်ယောက်စလုံး အောင်ချိုက ဆေးခန်းတွင် တစ်လ (၃၀၀)ဖြင့် ငှားထားခြင်းဖြစ်သည်။ ဆေးခန်းပိတ်ထားသော်လည်း လခဆက်ပေးထားသည်။

ဒေလီယာကလည်း အလုပ်ပြန်ဆင်းရမည်ဆို၍ ဝမ်းသာသွားသည်။

သူနာပြုမလေး နှစ်ယောက်အိမ်မှ ပြန်လာရာတွင်

“နောင်ဝင်းဆွေ မင်းဗိုက်ဆာလား … ”

“ဆာတယ်လည်းမဟုတ်ဘူး … မဆာဘူးလည်း မဟုတ်ဘူး အိမ်က ထွက်လာတုန်းကတော့ ဗိုက်ပြည့်နေတယ် … အခု လမ်းလျှောက်လိုက်တော့ ဗိုက်ချောင်သွားသလိုပဲ … ”

“ဒါဆို … စနေမဆိုင်မှာဝင်ပြီး အုန်းနို့ခေါက်ဆွဲဟဲကြရအောင် … ”

“ရတယ်လေ … ”

ဈေးပိုင်းသို့ ဆက်လျှောက်သွားကြသည်။

“အဲဒါပဲကွ … စနေမဆိုတာ … စနေမက နာမည်ပျက်ရှိပေမဲ့ သူ့ရုပ်နဲ့ သူ့အုန်းနို့ခေါက်ဆွဲရော မုန့်တီကကော ဖလားပဲ မင်းမျက်စိရော … လျှာရော လည်သွားမယ် နောင်ဝင်းဆွေ”

ဆိုင်ရောက်ပြီမို့ နောင်ဝင်းဆွေသည် ဆိုင်ထိုင်နေသော စနေမကို ငုံ့ကြည့်လိုက်သည်။

“ဟိုက် … ”

စနေမဆိုသူမှာ မီးရထားပေါ်တွင် သူနှင့် ဆုံခဲ့ဖူးသော နှင်းဖြူပါပေလား။

လမ်းဘေးဈေးခုံဟု ဆိုရမည်။

အလျားခြောက်ပေ၊ အနံလေးပေခြေကို စားပွဲကြီးတွင် ဖယောင်းပုဆိုးခင်းကာ သန့်ရှင်းဖြူဆွတ်သော ဇလုံကြီးနှစ်ခုတွင် ခေါက်ဆွဲနှင့် နန်းကြီးကို တစ်ဇလုံဆီတွင် ထည့်ထားသည်။ လိုအပ်သော ဆီချက်ခွက်၊ ငံပြာရည်ခွက်စသည်တို့နှင့် ငါးဖယ်ကြော်၊ ဘဲဥပြုတ်၊ ဘူးသီးကြော်၊ ပဲကြော်များ သန့်ရှင်းစွာ စီစီရီရီ ခင်းချထားသည်။

သူမ၏ ဘေးဘက်တွင် အငွေ့ထွက်နေသော ဟင်းရည်အိုးကြီးရှိနေသည်။ ဆိုင်ခုံရှေ့တွင် ခွေးခြေထိုင်ခုံလေးတွေရှိသည်။

စနေမက လက်ရှိထိုင်နေသော သူများအတွက် ပြင်ဆင်ပေးနေသောကြောင့် မော့မကြည့်သေး၊ သို့သော် ဝယ်သူအသစ်ရောက်လာမှန်းတော့ သိသည်။

"ဘာသုံးဆောင်မလဲရှင် ... "

ဟု မေးရင်း အောင်ချိုနှင့် နောင်ဝင်းဆွေတို့ကို မော့ကြည့်သည်။

နောင်ဝင်းဆွေကို တွေ့လိုက်သည်နှင့် စနေမ နှုတ်ခမ်းလေးစိုင်းပြီး သွားဖြူတန်းစွေပေါ်အောင် ပါးစပ်ဟသွားသည်။ မျက်လုံးလေးတွေ ဝိုင်းသွားသည်။ လက်တွင်ကိုင်ထားသော ပန်းကန်ကိုင်လျက်သား ရပ်တန့်သွားသည်။ ရုတ်တရက်ကြီး ကြက်သေသေသွားသည်။



နောင်ဝင်းဆွေကလည်း စနေမကို ငေးကြည့်နေပါ၏။

ချက်ချင်း စနေမက ဣန္ဒြေဆည်လိုက်သည်။

"အံမယ် ... ဒီတစ်ခါတော့ ကိုအောင်ချိုကိုယ်တိုင် ဆိုင်မှာ လာစားပါလား ... ခါတိုင်း ဒေါ်ဒေါ်သိန်းဖြစ်ဖြစ် ... နန်းပို့ဖြစ်ဖြစ် လာဝယ်တာ ... "

ဆိုင်တွင် ထိုင်စားလျက်ရှိပြီးသား အမျိုးသမီးတစ်ယောက်က အောင်ချိုအား လှမ်းပြောနှုတ်ဆက်သည်ကို အောင်ချိုက ပြန်လည်ရယ်မောနှုတ်ဆက်နေစဉ် စနေမက နောင်ဝင်းဆွေကို မသိမသာ ဦးခေါင်းလေး ယမ်းပြလိုက်ပြီး တခြားဘက်သို့ မျက်နှာလွှဲကာ လုပ်စရာရှိသည်ကို ဆက်လုပ်နေသည်။

စနေမ၏အမူအယာနှင့် အပြုအမူသည် သူမနှင့် မိမိ သိပြီးသားဖြစ်နေကြောင်း အောင်ချိုမသိစေချင်မှန်း သိသာသဖြင့် နောင်ဝင်းဆွေလည်း မသိချင်ဟန်ပင် ဆောင်နေလိုက်ပါ၏။

ခွေးခြေလွတ်တွင် ထိုင်ကြသည်။

"ကဲ ... ဘာစားမလဲ သူငယ်ချင်း ... "

"အုန်းနို့ခေါက်ဆွဲ ... "

"ဒါဆို ... ငါလည်း အုန်းနို့ခေါက်ဆွဲပဲပေါ့ကွာ ... "

အောင်ချိုက စနေမအား အုန်းနို့ခေါက်ဆွဲ နှစ်ပွဲ အစုံ

ထည့်မှာလိုက်သည်။

စနေမ ပြင်ပေးစဉ် သူမ၏လက်များ တုန်နေသဖြင့် ဟင်းရည်ထည့်ရာတွင် လက်မငြိမ်ဘဲ အဖိတ်အစင်လေးပင် ဖြစ်နေသည်ကို နောင်ဝင်းဆွေ သတိထား မြင်ပါ၏။

မိမိကိုတွေ့သည်နှင့် စနေမသည် အံ့အားသင့်ကာ အဘယ်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသနည်း။ ထို့ပြင် ဘာကြောင့် သူမနှင့် မိမိ သိကျွမ်းထားပြီးကြောင်း အောင်ချို မသိစေချင်သနည်း။

"ဘယ့်နှယ့်လဲ သူငယ်ချင်း ... ကောင်းရဲ့လား ... "

"ကောင်းပါတယ် ... "

"လွမ်းဝေ ညွန်းသလောက်ကော ဟုတ်ရဲ့လား ... နောင်ဝင်းဆွေ ... "

အဓိပ္ပါယ်နှစ်မျိုးထွက်သော မေးခွန်းဖြစ်ပါ၏။

ပြည်မြို့မှာတုန်းက ကိုလွမ်းဝေက စနေမကို ချီးမွမ်းခဲ့သည့်အတိုင်း ဟုတ်ရဲ့လား၊ စနေမ၏ အချောအလှသည် လွမ်းဝေ စာဖွဲ့သည့်အတိုင်း ဟုတ်ရဲ့လားဟု မေးခြင်းလည်းဖြစ်ပါသည်။ ပြည်မြို့ ဟိုတယ်တွင် ငွေရှစ်ရာဖိုး စားသောက်ခဲ့သော စားသောက်ဖွယ်တွေထက် စနေမ၏လက်ရာ အုန်းနို့ခေါက်ဆွဲက သာလွန်သည်ဆိုသည်ကော ဟုတ်ရဲ့လားဟုလည်း အဓိပ္ပါယ်ပါဝင် သက်ရောက်နေသည်။

"အေး ... ငါတော့ စားရတာ အရသာရှိတယ်ကွ ... နောက်



ထပ်မှာမယ်နော် ... မုန့်တီသုပ်နှစ်ပွဲ ထပ်လုပ်ပေးပါ ... "

ဟု မှာရင်း ...

"အဝသာတုပ် သူငယ်ချင်း ... မုန့်တီသုပ်အရသာထပ်စားကြည့်ဦး ... ငါတို့ ညစာကို မိုးချုပ်မှ စားကြတာပေါ့ကွာ"

စနေမ ခေါ် နှင်းဖြူက ဘယ်သူ့ကိုမှ မကြည့်ဘဲ နောက်ထပ် မုန့်တီသုပ်နှစ်ပွဲပြင်ပေးလိုက်သည်။

စနေမ လက်များမတုန်တော့ပေ။ သွေးပြန်အေးသွားဟန် တူပါ၏။

သူငယ်ချင်းနှစ်ယောက် မုန့်တီသုပ်ဆက်စားကြသည်။

ထက်ဝက်ခန့်စားကြစဉ်မှာပင် ...

"ကိုချို ... ကိုချို ... စက်မှာ ပြဿနာဖြစ်နေတယ်လို့ လာပြောလို့ ... ကျွန်တော် ပြေးလိုက်လာတာ ... "

အောင်ချို၏တပည့် မောင်သန်းသည် စက်ဘီးနှင့် အမောတကော ရောက်လာပြီး အောင်ချိုအား ပြောပေသည်။

"ဘယ်စက်မှာလဲ ... ဆန်စက်မှာလား ... ဆီစက်မှာလား ပြဿနာက ဘာလဲ ... "

"ဆန်စက်မှာတဲ့ ကိုချို ... မန်နေဂျာ ဦးဘကျူးနဲ့ အလုပ်သမားခေါင်း ဦးပေညီးတို့ စကားများပြီး တုတ်ဆွဲ ဓားဆွဲတွေ ဖြစ်နေကြတယ်လို့ စောမောင် စက်ဘီးနဲ့ လာပြောတာ ... "

အောင်ချို ချက်ချင်းထသည်။

"ပေးစမ်း စက်ဘီး ..."

မောင်သန်းစီးလာသော စက်ဘီးကို လှမ်းယူသည်။ သူငယ်ချင်း နောင်ဝင်းဆွေကို နောက်ဆံတင်းစွာ ကြည့်သည်။

"မင်းဟာမင်းသွားမှာသာ သွား အောင်ချို ... ငါ အိမ်ကို ပြန်တတ်တယ် ... စားသောက်ပြီး ဖြည်းဖြည်းလျှောက်ပြန်သွားမယ် ..."

"ဒါဆို မောင်သန်း ... ဒီမှာနေခဲ့ ... နောင်ဝင်းဆွေနဲ့ မင်းအိမ်ကို အတူပြန် ..."

"ဟာ ... ကိုချို ..."

မောင်သန်းက တစ်စုံတစ်ရာကြောင့် ဆင်ခြေစကား ပြောရန်ပြုသော်လည်း အောင်ချိုက ဖွတ်အတင်း စက်ဘီးနင်း ထွက်သွားပေသည်။

"အိမ်မှာ အဝီစိတွင်း မော်တာနဲ့ ရေတင်ထားခဲ့တယ် ဆရာ ကျွန်တော် ကမန်းကတန်းထွက်လာလို့ မပိတ်ခဲ့ရဘူး ... ရေတွေ လျှံကုန်တော့မယ် ..."

"ဒါဆို ပြန်လေ မောင်သန်း ... ငါ့ဟာငါ ပြန်တတ်ပါတယ်ကွ ..."

"ဟုတ်ကဲ့ ဆရာ ... မော်တာပိတ်ပြီး ကျွန်တော်ချက်ချင်း ပြန်လာခဲ့မယ် ..."

မောင်သန်း အပြေးအလွှား ပြန်သွားပါ၏။



နောင်ဝင်းဆွေက စားလက်စကို ဆက်စားနေသည်။

"အစ်ကို ..."

နှင်းဖြူခေါ် စနေမထံမှ တိုးတိုးညင်းညင်းလေး ခေါ်သံထွက်လာသောကြောင့် နောင်ဝင်းဆွေ ခေါင်းမော့ကာ စနေမခေါ် နှင်းဖြူကို ကြည့်လိုက်သည်။

နှင်းဖြူ သိပ်ကိုလှနေပါ၏။

သူမသည် စနေမပါဟုဆိုလည်း စနေမသည် သိပ်လှနေပါ၏။

မီးရထားပေါ်တွင် တွေ့ခဲ့သော ပုံစံမဟုတ်။ ဈေးရောင်းသူများသည် ယေဘုယျအားဖြင့် မိမိကိုယ်ကို အမြင်ကောင်းအောင် ဖြီးလိမ်းဝတ်စားပြီးမှ ဆိုင်ထိုင်ရောင်းလေ့ရှိသည့်အတိုင်း သူမလည်း အသင့်အတင့် ခြယ်သဖြီးလိမ်းထားသည်။

ဝတ်စားထားသည်မှာ တန်ဖိုးကြီး အဝတ်အစား မဟုတ်စေကာမူ ပင်ကိုယ်မျက်နှာအလှ၊ ပင်ကိုယ်ကိုယ်လုံးအလှက အချိုးကျ လှပပြီးသူမို့ ခွေးခြေလေးပေါ်တွင် ထိုင်နေသည်ကပင် ပေါင်ကွေးဗိုက်ရှပ်၊ ထောင့်မှန်ကျကျ ကြည့်ကောင်းနေသည်။

"'အဝေရာ မေတ္တာမွန်'ဆေးခန်းကို အစ်ကိုထိုင်မှာလားဟင် ..."

"အဝေရာ မေတ္တာမွန်ဆေးခန်းတဲ့လား ... တို့ဆေးခန်းနာမည်တောင် မသိသေးဘူး ..."

"ဆိုင်းဘုတ်ချိတ်ထားတာပဲ အစ်ကို ..."

"ဟုတ်လား ... တို့ ဆိုင်းဘုတ်ကိုလည်း မကြည့်မိသေးဘူး အောင်ချို့ရဲ့ဆေးခန်းလို့ပဲ သိထားတယ် ..."

"အစ်ကို အဲဒီဆေးခန်းမှာ ထိုင်မှာလားဟင် ..."

"အေးလေ ... အောင်ချိုက တို့ရဲ့ယယ်သူငယ်ချင်းပဲ ... သူက အကူအညီတောင်းလို့ တို့ အဝေးရောကို လာတာပဲဟာ"

"အန္တရာယ်ကြီးတယ် အစ်ကို ..."

"အန္တရာယ်ကြီးတယ် ဟုတ်လား ..."

နောင်ဝင်းဆွေက ပြန်မေးမှ နှင်းဖြူသည် သူမ၏ပါးစပ်ကို လက်ဝါးလေးပိတ်ထားသည်။ သဏ္ဍာန်မှာ လွှတ်ခနဲပြောမိသည်မှန်း ထင်ရှားပါ၏။

"ဘာမှမဟုတ်ပါဘူး အစ်ကို ... နှင်းဖြူက ကိုယ်နဲ့ မဆိုင်တာ ... ကိုယ်နဲ့ မအပ်စပ်တာကို လွှတ်ခနဲ ပြောမိတာပါ မီးရထားပေါ်မှာတုန်းက အစ်ကို့ကျေးဇူးတွေ ရှိတယ်လေ"

"မီးရထားပေါ်က ကိစ္စ ဘေးချိတ်ထားပါ ... အခု အဝေးရောဆေးခန်းမှာလည်း စေတနာနဲ့ ကုသပေးရမှာချည်းပဲ ..."

"တစ်မျိုးစီပေါ့ အစ်ကို ... မီးရထားပေါ်မှာ ဒဏ်ကြေး... ဆောင်ပေးတာတွေ ... ဖိုးနီလေးကို ဆေးကုပေး... က အစ်ကို့ကိုယ်ပိုင်နှလုံးသား စေတနာတွေပါ ... အဝေးရောမေတ္တာမွန်ဆေးခန်းမှာ ကုသပေးရမှာက အလုပ်သဘောပါ ... စေတနာထားပြီ... သပေးတယ်ဆိုဦးတော့



ကိုအောင်ချိုနဲ့ စေတနာတစ်ဝက်စီဆိုတဲ့ သဘောပါ ..."

ကောင်မလေး စကားတတ်သည်ဟု ပြောရမည် ထင်။ သူမအပေါ်ထားခဲ့သော စေတနာနဲ့ ယခု ဆေးခန်းဖွင့်ကုသပေးမည့် စေတနာကို သရုပ်မှန် ခွဲပြတတ်သည်။

ပြီး ... မီးရထားပေါ်တွင် ကုသပေးလိုက်ရသော ကလေးအမည်မှာ ဖိုးနီဟု ယခုမှ သိရပေသည်။

"ကဲ ... ပြောပါဦး ... အဝေးရောမှာ တို့အတွက် ဘယ်လို အန္တရာယ်တွေ ရှိမှာလဲ ..."

"ဘာမှမဲဟုတ်ပါဘူး အစ်ကို ..."

"နှင်းဖြူ စကားချိုပစ်လိုက်တာပဲ ... ဖွင့်ပြီးမှ အတင်းပြန်ပိတ်နေတယ် ..."

နှင်းဖြူ မျက်တောင်ကော့ကြီး လှန်ကာ မျက်ဝန်းစုံဖြင့် နောင်ဆွေဝင်းကို ငေးကြည့်သည်။ နောင်ဝင်းဆွေကို ငေးကြည့်သည်။ ကမန်းကတန်း မျက်လုံးလွှဲသည်။

ပြီး တစ်ဖန် နောင်ဝင်းဆွေကို ပြန်ကြည့်ရင်း ပြောသည်။

"အဝေးရောမှာ ဘယ်သူကမှ နှင်းဖြူကို နှင်းဖြူလို့ မခေါ်ကြဘူး အစ်ကို ... စနေမလို့ပဲ ခေါ်ကြတယ် ... ပြီး နှင်းဖြူဟာ အဝေးရောမှာ နာမည်ကြီးတစ်ယောက်ပါ ... အစ်ကိုလည်း အဝေးရောရောက်မှတော့ ... စနေမအကြောင်း ကြားသင့်သလောက် ကြားပြီးရောပေါ့ ..."

"ကြားသားပဲ ..."

"စနေမအကြောင်း အစ်ကိုကြားရင်တော့ မကောင်းမှုနဲ့ ကျော်ကြားတဲ့သတင်းပဲ ဖြစ်မယ် ... အင်းလေ ... စနေမက နတိုးရီးယပ်(စ်)ပဲဟာ ..."

အုန်းနို့ခေါက်ဆွဲသည်မလေးကို နောင်ဝင်းဆွေ ဆတ်ခနဲ ကြည့်မိပြန်သည်။

အင်္ဂလိပ်စကားတွင် ကောင်းသောအမှုနှင့် ကျော်ကြားခြင်းကို ဖေးမက်(စ်)ဟုခေါ်သည်။

မကောင်းနှင့် ကျော်ကြားခြင်းကျတော့ နတိုးရီးယပ်(စ်)ဟုခေါ်သည်။ ဗြိုး အင်္ဂလိပ်စကားတွင် တစ်ခွန်းပဲပြောပြော အသံထွက်မှန်ကန်ဖို့ လိုသည်။

ယခု စနေကပြောလိုသည့် အင်္ဂလိပ်စကားမှာ အသံထွက် တိတိကျကျ ဖြစ်နေပါ၏။

"ဪ ... အစ်ကို ဒီနေ့ပဲ နှင်းဖြူ ဆိုင်စထွက်တယ် ... အခုဆို ငွေသုံးရာကျော်ဖိုး ရောင်းလို့ရပြီ ... မီးရထားပေါ်မှာ အစ်ကို နှင်းဖြူအတွက် ဒဏ်ကြေးစိုက်ပေးထားတာ ပြန်ပေးလို့ရပြီ အစ်ကို ..."

"ဒါ ... စော်ကားတာပဲ ..."

"အဲဒီလို နားလည်လို့ အစ်ကို့ကို ငွေပြန်ပေးဖို့ [illegible] မကူးပါဘူး အစ်ကို ... အခု ပြန်ပေးမယ်ဆိုတာက စကား အဖြစ် ပြောတာပါ ... လူချင်းက စိမ်းကြသေးတယ် မဟုတ်



လား ... နှင်းဖြူလိုလားတာက ပုံပြင်လေးတစ်ခုထဲကလို အစ်ကိုက ခြင်္သေ့ကြီးဖြစ်ပြီး နှင်းဖြူက ကြွက်ကလေးဘဝ မျိုးနဲ့ ကျေးဇူးဆပ်ချင်တာပါ ..."

"ဘာရယ် ... ခြင်္သေ့ကြီးနဲ့ ကြွက်ကလေးပုံပြင်ဟုတ်လား တို့နားမလည်ပါလား ..."

ဆိုင်မှာ ညနေစောင်းလာပြီမို့ လူခင်လှုထွက်နည်းလာသည်။ လူမရှိသောကြောင့် နှင်းဖြူနှင့် နောင်ဝင်းဆွေ စကားတွေပြောခွင့်နေရသည်။

"ဒဏ္ဍာရီပါ အစ်ကို ... ဒါပေမဲ့ တချို့ ဒဏ္ဍာရီတွေဟာ အင်မတန် မွန်မြတ်တဲ့ သင်ခန်းစာမျိုးတွေပါတတ်ပါတယ် ..."

"ပြောပါဦး ... အဲဒီ ခြင်္သေ့နဲ့ ကြွက်ကလေး ဒဏ္ဍာရီကိုပဲ"

"ခြင်္သေ့ကြီးက အိပ်မောကျနေတယ် ... ကြွက်ကလေးက အစာရှာရင်း မအူမလည်နဲ့ ခြင်္သေ့ကြီးရဲ့ နှာဖျားမေးသီးပေါ် ဖြတ်ပြေးမိတယ် ... ခြင်္သေ့ကြီးက ဖျတ်ခနဲ လက်ဝါးနဲ့ အုပ်လိုက်တာ ကြွက်လေးကို မိသွားတယ် ... ကြွက်လေးက သူ့ကို အသက်ချမ်းသာပေးဖို့ ခြင်္သေ့ကြီးကိုတောင်းပန်တယ် မလောက်လေးမလောက်စားကြွက်လေးကို သနားစိတ်နဲ့ အသက်ချမ်းသာပေးလိုက်တယ် ..."

"ဒီအခါမှာ ကြွက်ကလေးက အရှင်ခြင်္သေ့မင်းကြီးရဲ့ ကျေးဇူးကို တစ်နေ့နေ့မှာ ကျွန်တော်ပြန်ဆပ်ပါ့မယ်လို့ ပြောသတဲ့ အဲဒါကို ခြင်္သေ့ကြီးက ရယ်လိုက်တယ် ... မင်းလို အင်မတန်

သေးငယ်တဲ့ မလောက်လေး မလောက်စား ကြွက်ငယ်က ငါလိုခြင်္သေ့ကို ဘယ်လိုကျေးဇူးဆပ်နိုင်မှာလဲလို့ ပြန်ပြောသကွဲ ... "

"တစ်နေ့သောညတစ်ညမှာပေါ့ အစ်ကို ... မုဆိုးထောင်ထားတဲ့ ထောင်ချောက်ထဲမှာ ခြင်္သေ့ကြီးအစာရှာထွက်ရင်း မိသွားတယ် ... မုဆိုးထောင်ချောက်က ပိုက်ကွန်ထောင်ချောက်လေ ... ခြင်္သေ့ကြီးဟာ သူ့ပါးစပ်က သွားတွေအစွယ်တွေနဲ့ ပိုက်ကွန်ကြိုးကျစ်ကျစ်သေးသေးကို ကိုက်ဖြတ်ပေမဲ့ မရဘူး ... မိုးလင်းတာနဲ့ မုဆိုးရောက်လာပြီး မိထားတဲ့ ခြင်္သေ့ကြီးကို သတ်ပစ်မှာပဲ ခြင်္သေ့ကြီး သေရမှာပဲ ... "

"အဲဒီအချိန်မှာ ကြွက်ကလေးရောက်လာတယ် ... ကြွက်လေးရဲ့ သွားလေးတွေနဲ့ကျတော့ ပိုက်ကွန်ကြိုးတွေကို ကိုက်ဖြတ်လို့ရတယ် ... ကြွက်လေးက ကိုက်ဖြတ်လိုက်တာ မိုးမလင်းခင်မှာပဲ ခြင်္သေ့ကြီး ထွက်နိုင်တဲ့ အပေါက်ကြီးရသွားတယ် ... ခြင်္သေ့ကြီး မုဆိုးထောင်ချောက်က လွတ်မြောက်သွားတယ်တဲ့ ... "

"ခြင်္သေ့ကြီးက ကြွက်လေးကိုသိပ်ကျေးဇူးတင်တဲ့အကြောင်း ပြောတော့ ... ကြွက်လေးက ကျေးဇူးတင်ဖို့ မလိုပါဘူး တစ်ခါက သူ့အသက်ကို ချမ်းသာပေးခဲ့လို့ အခု ခြင်္သေ့ကြီး အသက်ကို ပြန်ကယ်ပြီး ကျေးဇူးဆပ်တာပါလို့ ပြောလိုက်တယ်တဲ့ ... ပြီးတော့ ကြွက်လေးက ပြန်ချေပသတဲ့ ...



လောကကြီးမှာ အကောင်ကြီးတယ် သေးတယ်ဆိုတာဟာ ပမာဏမဟုတ်ပါဘူး ... သူ့နေရာနဲ့သူတော့ အသုံးဝင်တာ တွင်ကျယ်တာမျိုးရှိတတ်စမြဲပါလို့တဲ့လေ အစ်ကို ... "

"အလို ... အာဂကြွက်လေးပါလား ... "

"အဲဒီဒဏ္ဍာရီပုံပြင်လေးကို ရေးတဲ့ စာရေးဆရာက ကာရန်လေးနဲ့ စာပုဒ်တောင် ထည့်ပေးလိုက်သေးတယ် ... "

**"သူ့နေရာဝယ် သူတွင်ကျယ်၊ ကြီးငယ်မဆိုသာ၊**
**သူ၏ကျေးဇူးရှိခဲ့ဘူး၊ အထူးသိအပ်စွာ"**တဲ့ ... "

"ခြင်္သေ့ကြီးက ပေါ့ပေါ့တန်တန်နဲ့ပဲ အမှတ်မထင် လွှတ်ပေးလိုက်တဲ့ ကြွက်ငယ်လေးဟာ ခြင်္သေ့ကြီးရဲ့အသက်ဘေးကို ပြန်ကယ်ပေးနိုင်တယ်ဆိုတဲ့ သင်ခန်းစာမျိုးပေါ့ အစ်ကို"

နောင်ဝင်းဆွေ သဘောကျကျေနပ်စွာဖြင့် သိမ့်သိမ့်ခါအောင် ရယ်မောလိုက်သည်။

နှင်းဖြူခေါ် စနေမဆိုသည့် ကောင်မလေးကို ဘယ်ဆိုးလို့လဲဟု စိတ်ထဲမှ မှတ်ချက်ချမိသည်။ သဘောကျမိသည်။

"ဟော့ ... စနေမ တို့ကို မုန့်တီသုပ် သုံးပွဲပေးဟော့ ... ဆီချက်ဖတ်များများ ... ကြက်သားဖတ်မနည်းစေနဲ့ ... "

စားသုံးသူများ ပြုံကျလာသည်။

နောင်ဝင်းဆွေသည် ဆက်ပြီး ထိုင်ရန်မသင့်တော့သဖြင့် ပြန်ရန် ...

"ကဲ ... ဘယ်လောက်ကြသလဲ နှင်းဖြူ ... "

ဝင်ရောက်လာသော စားသူများက နောင်ဝင်းဆွေကို လှမ်းကြည့်ကြပါသည်။

"နှင်းဖြူဆိုပါလား ... စနေမကို ..."

ဟုလည်း အချင်းချင်း တီးတိုးပြောကြသည်။

"ကိုအောင်ချိုစားတာကိုပါ ထည့်ထွက်လိုက်ရမလားရှင်"

"အင်းပေါ့ ..."

"ငါးဖယ်ပါတယ် ... ဘဲဥပါတယ် ... ဘူးသီးကြော်ပါတယ်ဆိုတော့ လေးပွဲကို နှစ်ဆယ့်ရှစ်ကျပ်ကျပါတယ်ရှင် ..."

နောင်ဝင်းဆွေက ဆယ်တန်သုံးရွက် ထုတ်ပေးသည်။ စနေမက နှစ်ကျပ်ပြန်အမ်းသည်ကိုယူကာ ထွက်လာခဲ့သည်။

ငွေယူငွေအမ်းစဉ် နှင်းဖြူမျက်နှာမကောင်းဖြစ်သွားသည်ကို နောင်ဝင်းဆွေ သတိထားမိသည်။ အကယ်၍ ဆိုင်မှာလူရှင်းနေလျှင် နောင်ဝင်းဆွေဆီက ကျသင့်ငွေကို ယူလိုဟန်မရှိရှာပေ။

လူတွေရှိနေ၍ နောင်ဝင်းဆွေကလည်း နှုတ်ပင်မဆက်ဘဲ ထွက်လာခဲ့သည်။ ထွက်လာပြီး လေးငါးဆယ်လှမ်းရောက်မှ စိတ်ထဲက ကြည်ချင်စိတ်ကြောင့် နှင်းဖြူခေါ် စနေမဆီသို့ ပြန်လှည့်ကြည့်မိသည်။

နှင်းဖြူခေါ် စနေမကလည်း သူ့အား လှမ်းကြည့်နေသောကြောင့် မျက်လုံးချင်း ပက်ပင်းဆုံကြသည်။

နှစ်ယောက်စလုံးပင် ဖျတ်ခနဲ မျက်နှာ လွှဲလိုက်ကြ



ပါ၏။

နောင်ဝင်းဆွေ ရင်ထဲတွင် ခံစားမှုတစ်မျိုး ခံစားလိုက်ရသည်။ ဒီကောင်မလေးနှင်းဖြူက ခြသေ့်ကြီးနှင့် ကြွက်ကလေးဒဏ္ဍာရီပြောပြနေစဉ်ကလည်း နောင်ဝင်းဆွေသည် သူမမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲတွင် တစ်မျိုးခံစားခဲ့ရသည်။ ရှိန်းသလိုလို၊ ဖိန်းသလိုလို ကြည်နူးအေးမြသလိုလို ခံစားမှုမျိုးဖြစ်ပါသည်။

အိမ်ပြန်လမ်းကို နောင်ဝင်းဆွေ မှတ်မိပေသည်။ အဝေးမှ လမ်းတွေသည် ကျဉ်းသည်ကလွဲပြီး အကွေ့အချိုးများ သိပ်မရှိသောကြောင့် မှတ်မိလွယ်ပါ၏။

ထိုစဉ်မှာပင် ...

နောင်ဝင်းဆွေ ရှေ့တည့်တည့်မှ မော်တော်ဆိုင်ကယ်တစ်စီး မောင်းလာသည်။

လမ်းက မော်တော်ကားနှစ်စီး မရှောင်သာသော လမ်းကျဉ်းဖြစ်သည်။

ထိုအထဲမှာပင် ရှေ့မှမောင်းလာသော မော်တော်ဆိုင်ကယ်သည် ဟိုယမ်းသည်ယမ်းဖြင့် မြွေလိမ်မြွေကောက် လမ်းလုံးပြည့် မောင်းလာသည်။ မောင်းလာသည့် စက်ရှိန်နှုန်းကလည်း မြန်နေသည်။

နောင်ဝင်းဆွေရှိရာသို့ တည့်တည့်ကြီးဝင်လာသည်။

ဘယ်နည်းနှင့်မှ ဘေးသို့ရှောင်၍မလွတ်နိုင်ပေ။

လမ်းဘေးတွင်ရှိသော အိမ်များ၏ အခိုင်အမာခြံစည်းရိုးတွေ ရှိနေသည်။ နောက်လှည့်ပြီး ပြန်ပြေးမှ လွတ်နိုင်မည်။

နောင်ဝင်းဆွေ နောက်ပြန်လှည့်မပြေးပေ။ မော်တော်ဆိုင်ကယ်လာရာသို့ပင် မိမိက ပြေးသွားပြီး တန်းမြင့်ခုန်သလိုပင် လွှားခနဲ ခုန်လိုက်သည်။

နောင်ဝင်းဆွေ ခုန်အတက်တွင် မော်တော်ဆိုင်ကယ်က မိမိအောက်သို့ ရောက်နေသောကြောင့် စီးလာသူ၏ ဦးခေါင်းကို ခြေခတ်ကန်လျှင် ကန်ပစ်နိုင်သည်။

သို့သော် မကန်ဘဲ ဆိုင်ကယ်က ရှေ့သို့ လျှောခနဲ ထွက်သွားပြီး နောင်ဝင်းဆွေက မြေပြင်သို့ ခြေစုံနှင့် ဖက်ကျပေသည်။

တိုက်ခိုက်မိမည့် အန္တရာယ်မှ လွတ်သွားပါလေ၏။

"ဟော့ကောင် ဉာဏ်ထွန်း ... ဘရိတ်နင်း ... ဘရိတ်နင်းကွ သေတော့မှာပဲ ... ဘရိတ်နင်းပါဆိုမှ လီဗာကြီး စွတ်ဆွဲနေတယ် ... မစီးတတ်သေးဘဲ အရမ်းမောင်းချင်တယ် ..."

ဟုအော်ရင်း နောက်မှပြေးလိုက်သူတစ်ဦးကို တွေ့ရသည်။

စီးသူ၏အမြင့်ရော မော်တော်ဆိုင်ကယ်အမြင့်ရော ရှိလှပါမှ ငါးပေသာသာမြင့်သည်။

နောင်ဝင်းဆွေ တန်းခုန်အမြင့်သည်ခြောက်ပေအထိ တော့ရှိသည်။



နောင်ဝင်းဆွေ အလွယ်တကူပင် လွတ်အောင်ခုန်ချလိုက်ပါ၏။

"ဆရာ ... ဆရာ ... ခိုက်မိသွားသေးလား ..."

မောင်သန်းရောက်လာပြီး အမောတကော နောင်ဝင်းဆွေကို မေးသည်။

"မခိုက်မိပါဘူးကွ ... ဒီလူတွေ မော်တော်ဆိုင်ကယ်စီးသင်တာ ဘောလုံးကွင်းထဲမှာ ပထမဆုံးသွားသင်သင့်တာပေါ့"

"ဘာဟုတ်မလဲ ဆရာ ... ဒီကောင်တွေ ... ဟင်း ... တောက် ..."

မောင်သန်းမကျေမချမ်း အံကြိတ်ပြောရင်း တောက်ခေါက်လိုက်သည်။

"ကျွန်တော် ရေမော်တာပိတ်ပြီးပြီးချင်း ပြန်ပြေးလာတာပဲ ဆရာ ... ဒါတောင် နောက်ကျသွားတယ် ..."

"ဘာ နောက်ကျသွားတာလဲ မောင်သန်းရဲ့ ..."

"ဘာမှမဟုတ်ပါဘူး ဆရာ ..."

နှစ်ယောက်စလုံး အိမ်ဘက်သို့ ပြန်လာခဲ့ကြသည်။

မောင်သန်းက မကျေမနပ်နှင့်ပင် နောက်သို့ လှည့်ကြည့်လှည့်ကြည့် ပြန်ကြည့်သည်။

နောင်ဝင်းဆွေကလည်း ဘာရယ်မဟုတ် မောင်သန်းကြည့်သလို လှည့်ကြည့်မိသည်။

စောစောက မော်တော်ဆိုင်ကယ်နှင့်လူသည် မော်

တော်ဆိုင်ကယ်ကို ခြေခွထောက်ပြီး ရပ်ထားရင်း နောက်မှပြေးလိုက်လာသော သူ့အဖော်ကို စောင့်နေသည်။ သူ့အဖော်ရောက်သွားပြီး နောက်မှခွကာ မော်တော်ဆိုင်ကယ်ပေါ် ထိုင်မိသည်နှင့် မောင်းထွက်သွားသည်။

ထင်ရှားပါ၏။ မော်တော်ဆိုင်ကယ်နှင့်လူသည် နောင်ဝင်းဆွေကို ဆိုင်ကယ်နှင့် တိုက်ပြီး အနာတရဖြစ်စေရန်နှင့် အရှက်တကွဲဖြစ်စေရန် ကြံစည်ခြင်းကို နောက်မှလူက ဘေးလူအမြင်တွင် အပြစ်ကင်းအောင် မော်တော်ဆိုင်ကယ် အစီးသင်နေပုံကို သရုပ်ဆောင်လိုက်ကြခြင်းပင်။

"အန္တရာယ်များတယ် အစ်ကို ..."

ဟု ပူပူနွေးနွေး နှင်းဖြူပြောလိုက်သော စကားကို နောင်ဝင်းဆွေနားတွင် ကြားယောင်နေမိသည်။

"ဆရာသိပ်တော်တာပဲ ... အရမ်းကို ကြည့်ကောင်းတယ်"

"ဘာကိုပြောနေတာလဲ မောင်သန်း ..."

"ခုန မော်တော်ဆိုင်ကယ်နဲ့လူကို လွတ်အောင် ခုန်လိုက်တာရော ... ပြန်ကျလာတာရော ကျွန်တော်အားလုံး လှမ်းမြင်လိုက်တယ် ဆရာ ... အဲဒါ အရမ်းကြည့်ကောင်းတယ်လို့ပြောတာပါ ... ရုပ်ရှင်တွေထဲကလို ဆရာအပေါ်မြောက်သွားပြီး ဒီကောင့်ခေါင်းကို ခြေထောက်နဲ့ ကန်ပစ်လိုက်ရောပေါ့ဆရာရယ် ..."

အိမ်သို့ ပြန်ရောက်လာသည်အထိ အောင်ချို အိမ်



ပြန်မရောက်သေးပေ။

နောင်ဝင်းဆွေက အိမ်ပေါ်မတက်သေးဘဲ မောင်သန်းနှင့် ဆက်၍ ခြံထဲရှိထိုင်ခုံတွင် စကားပြောနေသည်။

"မင်းက ဆေးခန်းအစောင့်လား ..."

"အဲဒီလို တစ်သမတ်တည်း အစောင့်မဟုတ်ပါဘူး ဆရာ ကိုချိုက မင်းဆေးခန်းစောင့်ဆို စောင့်လိုက်တာပဲ ... မင်းပန်းပင်ရေလောင်းဆိုလည်း ကျွန်တော် မာလီလုပ်လိုက်တာပဲ ... ကျွန်တော်တို့ အလုပ်သမားတွေအားလုံးဟာ ကိုချိုဘာခိုင်းခိုင်း ခိုင်းတာလုပ်ပေးတယ် ... ကိုချို့ကို ကျွန်တော်တို့ ချစ်တယ် ဆရာ ... ကိုချိုက ဘယ်အလုပ်သမားဖြစ်ဖြစ်အခက်အခဲရှိရင် လက်မနေးဘူး ... ရော့ ... အင့် ယူဆိုပြီးထောက်ပံ့တယ် ..."

"ဒါနဲ့တောင် ... စက်ထဲမှာ မန်နေဂျာနဲ့ အလုပ်သမားခေါင်းရန်ဖြစ်ရသေးသလားကွ ..."

"မန်နေဂျာ ဦးဘကူးက ဆိုးချင်တယ် ဆရာ ... အရက်မူးလာရင် ပိုဆိုးသေးတယ် ... စောမောင်ပြောသွားတာကတော့ မန်နေဂျာဦးဘကူးက အရက်မူးပြီး ဦးပေသီးရဲ့သမီးဝွမ်းပုံကို ရိသဲ့သဲ့လုပ်တယ်တဲ့ ဆရာ ... ဒါကြောင့် ဦးပေသီးက ဦးဘကူးကို ဓားနဲ့ခုတ်မယ်လုပ်လို့ မနည်းပဲ ဘေးကလူတွေက ဆွဲထားရသတဲ့ ... ဒါကတော့ ဒီလိုပဲ ပြဿနာဖြစ်မှာပေါ့ ဆရာ ... ဦးပေသီးက သမီးရှင်ပဲဟာ ..."

"ဦးဘကျူးက အသက်ဘယ်လောက်ရှိပြီလဲ ... လူလွတ်ပဲလား ..."

"အသက်လေးဆယ့်ငါးလောက်ရှိပြီ ဆရာ ... မုဆိုးဖိုကြီးပါ ဟိုတစ်လောကလည်း စနေမကို ရီသွဲ့သွဲ့လုပ်သေးတယ်လို့ ကြားတာပဲ ဆရာ ..."

လာပြန်လေပြီ ... စနေမနှင့် ပတ်သက်သော အကြောင်း၊ နှင်းဖြူနှင့် ပတ်သက်သော အကြောင်း၊ နှင်းဖြူခေါ် စနေမအကြောင်းပါရှိလာလျှင် နောင်ဝင်းဆွေသည် စိတ်ပါဝင်စားပါ၏။

"ဦးဘကျူးသွားရိတာ ဆိုင်မှာလား ..."

"မဟုတ်ဘူးဆရာ ... စနေမရဲ့အိမ်မှာ ..."

"အိမ်က ဘယ်မှာလဲ ..."

"အနောက်ဖျားမှာ ဆရာ ... ခြံလေးဝင်းလေးနဲ့ တစ်ထပ်ပျဉ်ထောင်အိမ်လေးပါ ..."

"စနေမက အဝေးရာဇာတိမဟုတ်ဘူးလား ..."

"မဟုတ်ဘူး ဆရာ ... လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှ အဝေးရာကို ရောက်လာတာတဲ့ ... အခု သူတို့နေတဲ့ ခြံနဲ့ အိမ်လေးကို တစ်သောင်းခွဲပေးဝယ်တာတဲ့ ... ပြီး စနေမက ဈေးပိုင်းမှာ အုန်းနို့ခေါက်ဆွဲနဲ့ မုန့်တီဆိုင်ဖွင့်ရောင်းတာတဲ့"

"သူ့မှာ ဖိုးနီဆိုတဲ့ ချာတိတ်တစ်ယောက်ရှိတယ် မဟုတ်လား ..."



"ဖိုးနီတင်မကဘူး ဆရာ ... ဒေါ်အေးမြဆိုတဲ့ အသက်ငါးဆယ်လောက် အမျိုးသမီးကြီးလည်း အတူနေပဲ ..."

"ဒေါ်အေးမြနဲ့ စနေက ဘယ်တော်သလဲ ... ဖိုးနီကကော ဘာတော်သလဲ ..."

"မသိဘူး ဆရာ ... စနေမကတော့ ဒေါ်အေးမြတို့ ကြီးကြီးမြတို့ ခေါ်တာပဲ ... ဒေါ်အေးမြက စနေမကို သမီးလို့ ခေါ်တယ် ..."

"ဖိုးနီကကော စနေမကို ဘယ်လိုခေါ်သလဲ ..."

"ဒေါ်လေးလို့ ခေါ်သလား ... အမေလို့ခေါ်သလားပဲ ... အဲဒါတော့ သေချာမသိဘူး ဆရာ ... ကျွန်တော် သူ့ဆိုင်သွားစားတိုင်း ဖိုးနီက ကျောင်းသွားနေတယ် ... ဆိုင်မှာ ဒေါ်အေးမြရှိတဲ့အခါလည်း ရှိတယ် ... မရှိတဲ့အခါလည်း စနေမတစ်ယောက်တည်းပဲ ..."

"ငါတစ်ခုမေးမယ် မောင်သန်း ... မင်းသေချာစဉ်းစားပြီးမှ ဖြေ ... စနေမ အဝေးရာကိုရောက်လာကတည်းက သူ့နာမည် စနေမလို့ ခေါ်သလား ... တခြား သူ့မှာဒီပြင်နာမည် ရှိသေးလား ..."

မောင်သန်း မေးခွန်းကို လက်ညှိုးထောက်စဉ်းစား ပြီးမှ ပြောသည်။

"အဝေးရာကို ရောက်လာကတည်းက စနေမဆိုတဲ့နာမည်ပဲ ထင်တယ် ဆရာ ... သူက သူ့အုန်းနို့ခေါက်ဆွဲဆိုင်ကို 'စနေမ'

အုန်းနို့ခေါက်ဆွဲ မုန့်တီဆိုင်လို့ ဆိုင်းဘုတ်ချိတ်တာပဲ ... တစ်မြို့လုံးကလည်း စနေမလို့ ခေါ်ကြရော ... သူမှာ တခြားနာမည်ရှိတယ်လို့ တစ်ခါမှ မကြားမိဘူး ဆရာ ...”

“စနေမဟာ ထောင်ထွက်ဆို ...”

“ထောင်ကျတာ မဟုတ်ပါဘူးတဲ့ ဆရာ ... အချုပ်မှာ ရက်ကြာကြာ အချုပ်ခံရတာ ... ခြောက်လလောက် အချုပ်ခံရတယ် ဆိုလားပဲ ...”

“ဆိုစမ်းပါဦး ... စနေမက ဘယ်လိုလူသတ်မှုကျူးလွန်တာတဲ့လဲ ...”

“ဟိုတုန်းက အဝေးရောမှာ အောင်ကြီးဆိုတဲ့ လူမိုက်ရှိခဲ့တယ် ဆရာ ... ဓားခုတ်မှု ... ရိုက်မှု ... ခိုးမှု ... ဓားပြမှုနဲ့ ထောင်ခဏခဏကျတယ် ... ထောင်က ထွက်လာလေ ထောင်ထွက်ဆိုပြီး ပိုဆိုးပိုမိုက်လေပဲ ... အဝေးရာမှာ အောင်ကြီးက သိပ်ဗိုလ်ကျတာ ... ဘယ်ဆိုင်မှာဖြစ်ဖြစ် သူဝင်စားသောက်ရင် ပိုက်ဆံမပေးဘူး ... ဆိုင်ရှင်တွေက ပြဿနာမတက်ချင်တော့ ဒီအတိုင်းပဲ ခံနေလိုက်တယ် ... အောင်ကြီးက အရက်ကလည်း အမြဲမူးနေတာ ... အဲဒီတုန်းက စနေမ ဆိုင်ဖွင့်တာ နှစ်လသုံးလလောက်ပဲ ရှိဦးမယ် ... စနေမဆိုင်မှာလည်း အောင်ကြီးက ဖရီးဝင်ကစ်ရုံမကဘူး စနေမကို ထိကပါး ရိကပါးလုပ်တယ်တဲ့ ... တစ်နေ့မှာတော့ ညရှစ်နာရီလောက်မှာ အောင်ကြီးဟာ စနေမရဲ့ ဇီတ်ထားတဲ့ ခြိတံခါးကို ဖျက်



ဆီးပြီး အတင်း စနေမအိမ်ထဲဝင်တယ် ... စနေမကို အဓမ္မကြံစည်ဖို့ ကြိုးစားတယ် ... စနေမက နံနံပင်ညှပ်တဲ့ ကဓာ်ကြေးနဲ့သုံးချက်ဆင့်ထိုးတာ အောင်ကြီးပွဲချင်းပြီးသွားတာပဲ ဆရာ ... လူမိုက်ဇာတ်သိမ်းသွားတာပေါ့ ... ဥပဒေအရ စနေမကို ရဲတွေက ဖမ်းချုပ်တယ် ... ဒါပေမဲ့ အမှုက ကိုယ့်အရှက်ကိုယ်ကာကွယ်မှန်း အများက သက်သေထွက်ဆိုတယ် ... နောက်ဆုံး စနေမ ကွင်းလုံးကျွတ်လွတ်လာတာပဲ ဆရာ ...”

“ဒါဆို စနေမဟာ ဘာနာမည်ပျက်စရာရှိလဲကွာ ... သူ့အရှက်ကို သူကာကွယ်နိုင်တဲ့ မိန်းကလေးလို့တောင် ချီးကျူးစရာပဲဟာ ...”

“တစ်ခုတော့ ရှိတာပေါ့ ဆရာ ... စနေမဟာ အောင်ကြီးလိုလူကို လက်မခံပေမဲ့ ကိုဗညားလိုလူကျတော့ လက်ခံတယ်လို့ လူတွေက ပြောကြတယ် ...”

“ကိုဗညား ဟုတ်လား ...”

“ကိုဗညားဆိုတာ ဒေါက်တာဆရာဝန်ကြီး ဦးမင်းစိုးရဲ့သားပါ ဆရာ ...”

“ဪ ... ဪ ... နိုင်ငံခြားသွားနေတယ်ဆိုတဲ့ ဗညားဆိုတာလား ...”

“နိုင်ငံခြားသင်္ဘောလိုက်သွားတာပါဆရာ ... ဒါလည်း စနေမနဲ့ သူ့သားငြိစွန်းလက်ထပ်မှာစိုးလို့ ဆရာဝန်ကြီးနဲ့ သူ့မိန်းမ

က ကိုဗညားကို ငွေတစ်သိန်းအကုန်ခံပြီး သဘော်ထည့်ပေးလိုက်တာလို့ ပြောကြတာပဲ ဆရာ ... ”

နောင်ဝင်းဆွေ ဦးခေါင်းဖြည်းလေးစွာ ညိတ်လိုက်ပါ၏။

ထိုအချိန်မှာပင် အောင်ချိုသည် သူ့လင့်ရိုဗာကားနှင့် ပြန်လာသောကြောင့် မောင်သန်းနှင့် ပြောလက်စစကားပြတ်သွားသည်။

အောင်ချို၏ဘေးတွင် သူ့တပည့် စောမောင်ပါလာသည်။

အိမ်ရောက်သည်နှင့် ...

“ကဲ ... စောမောင် မင်းစက်ဘီးယူပြီး စက်ကိုပြန်တော့ ဦးဘကူးကို ငါက ထပ်မှာလိုက်တယ်ပြောလိုက် ... နောက်တစ်ခါ ဒါမျိုးထပ်ဖြစ်ရင် အိပ်ရာလိပ်ယူပြီး စက်ထဲက အပြီးထွက်သွားတော့လို့ ... ”

“ကောင်းပါ့မလား ဆရာ ... အဲဒီလိုဆရာက ပြောလိုက်ရင် အလုပ်သမားဘက်က ဆရာရပ်တည်ပေးတယ်ဆိုပြီး ဆရာဦးဘကူးကို တခြားအလုပ်သမားတွေကပါ မလေးမစားဖြစ်လာနိုင်တယ် ဆရာ ... ”

“မင်းက ငါ့ထက်ပိုတတ်နေသလား စောမောင် ... ငါက မှန်တဲ့ဘက်က ရပ်တည်မှာပဲ ... မန်နေဂျာဦးဘကူးရော အလုပ်သမားတွေအားလုံးရော ငါ့သဘောကို နားလည်



တယ် ... မင်း လျှာမရှည်နဲ့ ... သွားတော့ ... ”

စောမောင် ထပ်မပြောရဲတော့ဘဲ သူ့စက်ဘီးယူကာ ကုတ်ချောင်းကုတ်ချောင်းနှင့် ထွက်သွားပေသည်။

နောင်ဝင်းဆွေက အောင်ချို၏ပုခုံးကို ညင်သာစွာ ပုတ်လိုက်သည်။

“မင်းမှာလည်း ပြဿနာတွေ ရှင်းရတာ မလွယ်ပါလား ... အောင်ချို ... မင်း သိပ်ဒေါပွနေလား ... ”

“အလကားပါ သူငယ်ချင်းရာ ... မန်နေဂျာဦးဘကူး လုပ်ပုံက ဟုတ်မှမဟုတ်တာ ... ဦးပေသီးရဲ့သမီး ငွမ်းပုံက အခုမှ အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ် ... ကိုယ့်သမီးအရွယ်လေးကို သွားယိတယ် ... ဖအေဦးပေသီးသိသွားတော့ ဘယ်ခံနိုင်မလဲ ... ဓားဆွဲ တုတ်ဆွဲဖြစ်တော့တာပေါ့ ... ”

“မန်နေဂျာဦးဘကူးက ငွမ်းပုံကို တကယ်နှစ်သက်သလား မှမသိတာကွာ ... နွားအိုမြက်နုကြိုက် ဆိုတာမျိုးလာမှ မသိတာ ... ”

“အေး ... ဒါကြောင့် ငါက ဦးဘကူးကို ခွဲဒိုးကြီးပဲမေးခဲ့တယ် ... ခင်ဗျား ငွမ်းပုံကို တကယ်တရားဝင်လက်ထပ်ယူမလား ... ကောင်မလေးကျေနပ်ရင် ဦးပေသီးလင်မယား ငွမ်းပုံ မိဘကို ကျုပ် သဘောတူအောင် ပြောပေးမယ်လို့ ... အဲဒီလိုကျတော့လည်း လက်ထပ်မယူနိုင်ဘူးတဲ့လေ ... ပုံစံ

က ငါ စက်ထဲမှာ မနီနေဂျာဆိုပြီး အလုပ်သမားရဲ့သမီးကို အနိုင်ကျင့်တာမျိုးတော့ ငါက ဘယ်လက်ခံမလဲ ... ဒါကြောင့် ဦးဘကူးကို ပက်ပက်စက်စက် ပြောခဲ့ပြီး ... ဒါနောက်ဆုံးအကြိမ် သတိပေးတာလို့ ပြောခဲ့တယ် ... ကဲပါကွာ ... မင်း ... ငါ့ကိုကြည့်ပြီး စိတ်ပျက်သွားပြီလား ... စိတ်မပျက်ပါနဲ့ သူငယ်ချင်း ... ငါက ဆီစက် ဆန်စက် နှစ်ခုရဲ့ အလုပ်သမားတွေနဲ့ရော ဆက်ဆံနေရတာဆိုတော့ တစ်ခါတလေမှာ ပြဿနာပေါ်လာရင် ပတ်ကြမ်းတိုက်ပစ်လိုက်ရတာယ်ကွာ ... "

"ရပါတယ် ... အဲဒါတွေက မင်းအလုပ်ကိစ္စတွေပဲ ... ငါ့အလုပ်က လူနာကို ဆေးကုပေးရမှာပဲဟာ ... ဆေးခန်းဖွင့်တာနဲ့ ငါ့အလုပ် ငါလုပ်မယ် သူငယ်ချင်း ... အဝေရာကိုလည်း စိတ်မပျက်တဲ့အပြင် မင်းကို ငါက သနားတောင်သနားသေးတယ် ... "

နောင်ဝင်းဆွေသည် သူ့အိပ်ခန်းထဲ ပြန်ဝင်လာကာ ရေမချိုးမီ ဖရီးဟင်းလေ့ကျင့်ခန်းတွေ လုပ်သည်။ ပြီးမှ ရေချိုး အဝတ်လဲကာ အောက်ထပ်သို့ ဆင်းလာသည်။

မှောင်သန်းက အောင်ချိုအား သူ့အကြောင်း ပြောနေသံကြားသဖြင့် ရပ်ပြီး နားစွင့်မိသည်။

"ညဏ်ထွန်းနဲ့ စိမ်းမောင်ပဲ ကိုချို ... ညဏ်ထွန်းက မော်တော်ဆိုင်ကယ် အစီးသင်ပုံစံနဲ့ တိုက်မလို့ ... တကယ်တိုက်



မိရင် ဘေးအမြင် ရှင်းပြနိုင်အောင် စိမ်းမောင်က နောက်က သင်ပေးတဲ့လူအနေနဲ့ လိုက်လာခဲ့တာ ... ယုတ္တိရှိအောင်ပေါ့ ကိုချို ... "

"ဘာယုတ္တိရှိအောင်လဲ ... ညဏ်ထွန်းမော်တော်ဆိုင်ကယ် စီးတတ်မှန်း လူတွေ မြင်သိနေတာပဲဟာ ... "

"ဒါပေမဲ့ ... တကယ်တိုက်ပြီးလို့ ရဲမှာ ရင်ဆိုင်ရရင် ရုံးမှာ ရင်ဆိုင်ရရင် ... မော်တော်ဆိုင်ကယ်စီးသင်ရင်း မတော်တဆတိုက်မိတာလို့ ဥပဒေကို လှည့်နိုင်တာပေါ့ ကိုချို"

"ငါ့သူငယ်ချင်းကို တိုက်မိလို့ကတော့ မိုးမီးလောင်ပစ်လိုက်မယ် ... "

"ဆရာဒေါက်တာကို တိုက်မိဖို့ ဘယ်လွယ်မလဲ ကိုချို ... ဆရာဒေါက်တာက ခုန်လိုက်တာ မြောက်တက်သွားပြီး ... ညဏ်ထွန်းခေါင်းကို ကန်ပစ်လို့တောင်ရတယ် ကိုချို ... ဆရာဒေါက်တာ အရမ်းတော်တယ် ... ကျွန်တော့်မျက်စိထဲ ကြည့်ကောင်းလိုက်တာ ... ရုပ်ရှင်ကွက်ပဲ ကိုချို ... "

"အေး ... ဒီကောင်က ကျောင်းသားဘဝမှာထဲက ဒီလိုဘက်မှာ သိပ်တော်တာ ... အခုန်အပြေးတင်မကဘူး ... ရေကူးချန်ပီယံ၊ မြင်းစီးချန်ပီယံ၊ တောင်တက်၊ လက်ဝှေ့တို့၊ သိုင်း စတဲ့ဟာတွေ အရမ်းလေ့ကျင့်လိုက်စားတာ ... ငါကျအပျော်အပါးဘက် အာရုံများတယ် ... ဒါကြောင့် ငါစာမေးပွဲကျပြီး ဆရာဝန်မဖြစ်တော့တာ ... "

ဒါဆို စောစောက မော်တော်ဆိုင်ကယ်သမား နှစ်ယောက် မိမိကို တိုက်ရန် ကြိုးစားသည်မှာ သေချာသွားသည်။

အဝေရာတွင် မိမိ လုံးဝမသိသော ဉာဏ်ထွန်းနှင့် စိမ်းမောင်သည် အဘယ်ကြောင့် မိမိကို အန္တရာယ်ပြုချင်ပေသနည်း။

"နောက်ပြီး ... စနေမဆိုင်မှာ ဆရာဒေါက်တာ အကြာကြီး ထိုင်တယ် ကိုချို ... နောက်ထပ်စားမဲ့လူတွေ ရောက်လာမှ ဆရာဒေါက်တာ ထ,ပြန်တာ ... "

"ဒါတော့ကွာ ... ဘယ်ယောက်ျားသားမဆို စနေမဆိုင်မှာ အကြာကြီးထိုင်ကြမှာချည်းပဲပေါ့ကွာ ... စနေမကလည်း ထိုင်ပြီး ကြည့်နေချင်စရာ ကောင်းတယ် မဟုတ်လား ..."

"နောက်ပြီး ကိုချိုပြန်မလာခင် ဆရာဒေါက်တာက ကျွန်တော့်ကို စနေမအကြောင်း အသေးစိတ် အကြာကြီး မေးမြန်းတယ် ကိုချို ... "

"ဟာ ... ဒီကောင် မကြုံဘူး မတွေ့ဘူးတဲ့ကောင် ... စနေမကိုများ သဘောကျသွားလား မသိဘူး ... အဲဒါဆိုရင်တော့ မနိပ်ဘူး ... စနေမလိုဟာနဲ့ ငါ့သူငယ်ချင်းကို အဖြစ်မခံနိုင်ဘူး ... ငါ့မှာ တာဝန်ရှိတယ် ... "

နောင်ဝင်းဆွေက ချောင်းဟန့်ပြီး ဝင်ရောက်လာမှ ဆရာတပည့်နှစ်ယောက် စကားပြတ်သွားကြတော့သည်။



## ၉

'အဝေရာမေတ္တာမွန်' ဆေးခန်းပြန်ဖွင့်သည်မှာ သုံးရက်ရှိသွားပြီ။

သုံးရက်အတွင်းမှာပင် အဝေရာမေတ္တာမွန်ဆေးခန်း၏ သတင်းစကားတွေ ဟိန်းထွက်လာသည်မှာ အဝေရာ၌သာမက အနီးဝန်းကျင် ကျေးလက်ရွာများသို့ပင် သတင်းတွေပြန့်သွားပါ၏။

သဖန်းကုန်း၊ အင်ကြင်းမြိုင်၊ ညောင်ခြောက်ပင်၊ မန်ကျည်းပင်စု၊ ဒေဝေါစသည့်ရွာများတွင် ချက်ချင်း သတင်းမွှေးပျံ့သွားသည်။

ကောင်းသတင်းဖြစ်စေ၊ ဆိုးသတင်းဖြစ်စေ အမြန်ဆုံး ပြန့်သွားစေသည်မှာ အမျိုးသမီးများ၏ ပါးစပ်ပေါက်များမှပင် ဖြစ်တော့သည်။

"အခုရောက်တဲ့ ဆရာဝန်လေးက ရုပ်သိပ်ချောရုံတင်မကဘူး ဆေးလည်း သိပ်လိုက်တာတဲ့တော့ ... ဆေးတစ်လုံးထိုး

ဆေးတစ်ခွက်သောက်ရုံနဲ့ ရှင်းရှင်းကြီးကို ပျောက်သွားတာတဲ့ ... ဝိုက်ဆံလည်း မပေးရဘူး ... စေတနာရှိရင် အလှူခံပုံးထဲ ကိုယ်တတ်နိုင်သလောက် ထည့်ရုံပဲတဲ့ ... ဒါတောင် တချို့ဒုဏ်ရာပြင်းတဲ့ လူနာဆိုရင် ... နောက်နေ့တွေ ဆက်လာခဲ့ ... ဆေးကုတယ်ဆိုတာ ဆေးပတ်လည်အောင် ကုရတယ်တဲ့ ... အဲဒီလိုတောင် ထပ်မှာလိုက်သေးသတဲ့ ... "

"ဟဲ့ ... ငါကိုယ်တိုင် အဲဒီအဝေရာ မေတ္တာမွန်ဆေးခန်းကို မနေ့က သွားကုခဲ့တာဟဲ့ ... ဆရာဝန်လေးက ရုပ်ချောမှချော ... အသက်ကလည်း ရှိလှပါမှ အစိတ်ကျော်ပေါ့ဟယ် အရင်ဆရာဝန်တွေနဲ့လည်း တခြားစီပဲ ... ငါ့ရင်ဘတ်ကို သူ့နားကြပ်နဲ့ ထောက်စမ်းလိုက်တော့ ငါ့မှာ ရင်ခုန်လိုက်တာဟယ် ... ဒိန်းဒိန်းမြည်ပဲ ... နောက်ပြီး ငါ့စိတ်ထဲအလိုလိုပျော်သွားတယ်ဟဲ့ ... နောက်တစ်ခါ ဖျားရင်တော့ ငါ အဲဒီဆရာဝန်လေးဆီကို ဒုန်းပြေးအသွားပဲ ... "

အမျိုးသမီးငယ်တို့သည် နောင်ဝင်းဆွေ ရုပ်ချောသည်ကိုပင် ဦးစားပေး အမွှမ်းတင်ပြောနေကြပေသည်။

"ဟဲ့ ... ညည်းတို့ ဖျားနာလို့ကုတာ အသာထားချိတ် ငါ့အိမ်ကလူ သာအေးလေ ... ပိုးထိတာ နင်တို့ကြားမှာပေါ့ ... ငါတော့ မှဆိုးမဖြစ်ပြီလို့ပဲ မှတ်လိုက်တာ ... ငါ့မှာ ငွေသုံးရာမှ မရှိတာ ... အဲဒါတော် အဲဒီဆရာဝန်လေးဆီရောက်သွားတာ သိကြားမင်းကုပေးလိုက်သလား အောက်မေ့ရတယ် ... သာအေး ချက်ချင်းထထိုင် ပုံ မ်းလျှောက်နိုင်



တယ် ... ဆေးဖိုးဝါးခလည်း တစ်ပြားမှ မပေးရဘူး ... ဒါပေမဲ့ ငါ့မှာပါသွားတဲ့ ငွေငါးဆယ်ကို ပုံးထဲမှာ ငါကျေကျေနပ်နပ်ကြီးထည့်ခဲ့တယ် ... သာအေး နက်ဖြန်ဆိုရင် ဥယျာဉ်မှာ အလုပ်ပြန်ဆင်းနိုင်ပြီဟဲ့ ... "

"လူပျိုတဲ့ဟဲ့ ... ရန်ကုန်မှာ သူ့မိဘတွေက ကျိကျိတက်ချမ်းသာသတဲ့ ... ကိုချိုကို သိပ်ချစ်တဲ့သူငယ်ချင်းမို့ တမင်လာပြီး ကူညီတာတဲ့ဟဲ့ ... "

အဝေရာမေတ္တာမွန် ဆေးခန်း၏သတင်းမှာ တောမီးလောင်သလိုဟု မနှိုင်းယှဉ်သာဘဲ ပန်းသတင်း လေညင်းဆောင်ဆိုသလို မြို့ပေါ်ရော တောရွာအနှံ့ရော မွှေးကြိုင်ပျံ့နှံ့သွားတော့သည်။

လူသတင်း လူချင်းဆောင်ပြီကိုး။

အတွင်းလူနာအဖြစ်လည်း သုံးရက်အတွင်း ခြောက်ယောက်လက်ခံလိုက်ရသည်။

သူနာပြုဆရာမလေးနှစ်ယောက် စံပယ်နှင့် ဒေလီလာတို့နှစ်ယောက်လည်း အားလပ်ရသည်မရှိအောင် လူနာတွေများပေသည်။

သုံးရက်မြောက်နေ့တွင် နောင်ဝင်းဆွေအကျွက်ဆေးခန်းသို့ ဒေါ်ကြီးသိန်းက ထမင်းပို့ပေးရသည်။

"ဟော့ကောင် နောင်ဝင်းဆွေ မင်းသိပ်ပင်ပန်းနေပြီ ... နောက်ဆို သတင်းကြားလေ ... လူနာတွေလာလေ ဖြစ်မှာကွ ... "

"ရတယ် သူငယ်ချင်း ... ငါ့အဖို့ လူနာများလေ ဗဟုသုတ ရလေပဲ ... အခုဖွင့်စမို့ ပတ်လည်မလိုက်သေးတာပါ ... နောက်ဆို သူ့ဟာနဲ့သူ အပတ်လည်သွားရင် ငါသိပ်မပင်ပန်းတော့ပါဘူး ... ကုသရင်း နားရင်း ဖြစ်သွားမှာပါ အောင်ချို"

အောင်ချိုသည် လူနာတွေရှေ့မှာရော၊ သူနာပြုတွေရှေ့မှာရော မတ်တတ်ရပ်လျက်သား ဖိနပ်ချွတ်ပြီး လက်အုပ်ချီသည်။

"အဖေနဲ့အမေရေ ... ရောက်ရာဘဝက လှမ်းကြည့်ပေတော့ အဖေနဲ့ အမေ သိပ်ဆန္ဒရှိခဲ့တဲ့ အဝေးရောမေတ္တာမွန်ဆေးခန်း ကုသိုလ်ဖြစ် ဓိဝိတဒါနဆေးခန်းကြီး ဖြစ်မြောက်သွားပြီဗျာ အဖေနဲ့ အမေအတွက် အမျှတွေ အများကြီးပေးတယ်ဗျာ သာဓုသာ ခေါ်ကြပါတော့ ... "

အောင်ချို လက်အုပ်ချီကန်တော့ရင်း မျက်ရည်တွေ ဝဲလာသည်။

ဘေးက မြင်သူများအဖို့ ရုတ်တရက် ကြည့်မြင်ပါက အောင်ချိုလုပ်နေပုံမှာ ပေါကြောင်ကြောင်ထင်မှတ်ရသော်လည်း နောင်ဝင်းဆွေ၊ စံပယ်၊ ဒေလီယာနှင့် အကြောင်းသိသော လူနာတွေသည် အောင်ချို၏အပြုအမူကြောင့် ကြေကွဲရင်ဆို့ရပေတော့သည်။



၆

ယနေ့ အောင်ချို ပြည်မြို့သို့ သွားသည်။

သူ့လုပ်ငန်းကိစ္စတွေလည်း ပါသည်။ နောင်ဝင်းဆွေ ရေးပေးထားသော ဆေးမျိုးစုံလည်း ဝယ်ရန်ဖြစ်သည်။

ရေခဲသေတ္တာတွင် ထည့်ထားသင့်သော ဆေးမျိုးတွေကို ရေခဲသေတ္တာမှာပင် ထားရှိသည်။ လျှပ်စစ်မီးပျက်လျှင် အဖ်ဂျင်အားကောင်းသော ဒီဇယ်သုံး မီးစက်ကြီးဖြင့် ရေခဲသေတ္တာကို အေးမြအေးစေသည်။ ဆေးခန်းတွင် မီးလင်းမြဲ လင်းစေသည်။

အဝေးရောမေတ္တာမွန် ဆေးခန်းကြီးမှာ တော်တော် အရှိန်ရသွားလေပြီ။ ပတ်လည်မိသွားပြီမို့ ကုသရသည်မှာ သိပ်မပင်ပန်းတော့၊ နားချိန် အားချိန်လေး ရပေပြီ။

နံနက်ခိုနစ်နာရီ ဆေးခန်းဖွင့်ချိန်တွင် အပြင်လူနာတွေ တိုကင်နံပါတ်စဉ်အတိုင်း ကုသပေးသည်။ မွန်းတည့် (၁၂)နာရီဆိုလျှင် အပြင်လူနာနည်းသွားပြီ။

နောင်ဝင်းဆွေက ကုသရေးတွင် နှစ်ပိုင်းခွဲခြားထားသည်။ နံနက်ခုနစ်နာရီမှ ဆယ့်နှစ်နာရီအထိ အဝေးရောမြို့ခံ လူနာတွေမလာစေရဘဲ ကျေးလက်ရွာတွေမှ ဆိုက်ကား၊ မြင်းလှည်း၊ နွားလှည်းနှင့်လာသည့် လူနာတွေကို ကုပေးသည်။ သို့မှသာ ကျေးလက်လူနာများအတွက် လာချိန်၊ ပြန်ချိန်ရပေမည်။

မွန်းလွဲနှစ်နာရီမှ ညနေငါးနာရီအထိ အဝေးရောမြို့ခံ လူနာတွေကို ကုပေးသည်။ ဤသဘောကို နားလည်သွားပြီမို့ လူနာကုသရေးအပတ်လည်သွားသည်။

အတွင်းလူနာများတွင် ပျောက်သွားသူ ဆင်းသွားပြီး တောရော မြို့ပါ လူနာသစ်ဝင်သည်မှာလည်း အပတ်လည် သွားသည်သာ။

"ဆရာ အနားယူပါ ဆရာ ... အပြင်လူနာတွေက လာရိုးလာစဉ် လာနေကျလူနာတွေမို့ စပယ်နဲ့ ဒေလီယာတို့ သူတို့ရဲ့လူနာမှတ်တမ်းစာအုပ်ကိုကြည့်ပြီး ဆရာညွှန်ကြားတဲ့အတိုင်း ထပ်ပြီး ဆေးပေးရုံပဲ ဆရာ ... အဲ ဆေးထိုးဖို့ဆိုရင်တော့ ဆရာ့ကို ပြောပါ့မယ် ..."

ထို့ကြောင့် ဆေးခန်းကို ထမင်းဂိုစရာမလိုတော့ဘဲ နံနက်စာ ထမင်းကို အိမ်တွင်ပြန်စားနိုင်သည်။ နားနားနေနေ ရေချိုး အဝတ်အစားလဲနိုင်သည်။

ထမင်းဝိုင်းတွင် အေးအေးဆေးဆေးစားနိုင်သည်။

"ထမင်းမြိန်ရဲ့လား မောင်ဆွေ ..."

ဒေါ်ကြီးသိန်းက အောင်ချိုကို မောင်ချိုဟုခေါ်



သလို နောင်ဝင်းဆွေကိုလည်း မောင်ဆွေဟု ခေါ်ပေသည်။

"မြိန်ပါတယ် ဒေါ်ကြီးသိန်းရဲ့ ... ကျွန်တော် ရောက်လာကတည်းက ဒေါ်ကြီးသိန်း ချက်ကျွေးတာ မမြိန်တဲ့နေ့မှ မရှိတာ ..."

"ဒါတော့ မောင်ဆွေက ဒေါ်ကြီးသိန်း ကျေနပ်အောင် အလိုက်အထိုက်ပြောတာ ... မောင်ဆွေ ပထမဆုံးရောက်တဲ့နေ့ကလေ အိမ်မှာ ထမင်းမမြိန်လို့ စနေမဆိုင်မှာ မောင်ချိုနဲ့အတူ သွားစားတယ်ဆို ..."

"အဲဗျာ ..."

"မအဲဗျာနဲ့ မောင်ဆွေ ... ဒီနေ့မနက်ပဲ ဒေါ်ကြီးသိန်း ဈေးသွားဝယ်ရင်း စနေမဆိုင်က မုန့်ဆီသုပ်ဝင်စားလို့ စနေမက ပြောလိုက်တယ် ... မောင်ဆွေ သူ့ဆိုင်မှာ လာမစားတာ တော်တော်တောင် ကြာသွားပြီလို့တောင် ပြောလိုက်သေးတယ် ..."

"ဩော် ... ဩော် ..."

"ပြီးတော့ စနေမက အဝေးရောမေတ္တာမွန်ဆေးခန်းက ဆရာဝန်လေးအကြောင်းကတော့ တစ်မြို့လုံးမကဘူး ... တောပိုင်းကျေးရွာတွေမှာတောင် သတင်းမွှေးနေတယ်တဲ့ ... အဲဒီလူတွေ စနေမဆိုင် ဝင်စားရင်း ဆရာဝန်အသစ်လေး အကြောင်း ပြောတာ ... ပြောမဆုံးပေါင် တောသုံးတောင်ပဲတဲ့ ..."

"ဒါတော့ ဒေါ်ကြီးသိန်းရာ ... ပိုက်ဆံမကုန်ဘဲ ဆေးကုရတော့ ဒီလိုပဲ ချီးမွမ်းစကားတွေ ပြောကြမှာပေါ့ ... "

"ဟဲ့ ... ဒီလိုဘာဟုတ်ပါ့မလဲ မောင်ဆွေရဲ့ ... အခမဲ့ကုသရလို့ပြောတာဆိုရင် ... ဆေးခန်းပိုင်ရှင် မောင်ချိုကိုသာ ချီးမွမ်းကြမှာပေါ့ ... အခမဲ့ကုပေးပြီး ရောဂါမပျောက်ရင် ဘာလုပ်မလဲ ... အရင်ဆရာဝန်တွေတုန်းက အဲဒီလိုဖြစ်ခဲ့တာပဲဟာ ... "

"ဘယ်လိုဖြစ်ခဲ့တာလဲ ဒေါ်ကြီးသိန်း"

"ကုပြီး မပျောက်ကြတာလေ ... "

"ကုရင် ပျောက်ရမှာပဲပေါ့ ... ဘယ်ဆရာဝန်မဆို ဆေးတက္ကသိုလ်က ဆရာဝန်ဘွဲ့ရခဲ့တာချည်းပဲဟာ ... "

"ကုပြီး မပျောက်ကြတာလေ ... "

"ဒေါ်ကြီးသိန်းစကားကို ကျွန်တော်မျက်စိလည်သွားပြီ"

"အင်း ... "

ဒေါ်ကြီးသိန်းက 'အင်း'ဟု ညည်းလိုက်သေးသည်။

"အဓိက,ကတော့ စေတနာပေါ့ မောင်ဆွေ ... လူနာအပေါ်မှာ တကယ်စေတနာမှန်နဲ့ ကုသတဲ့ မောင်ဆွေကျတော့ ဆေးကောင်းထိုးဆေး ... သောက်ဆေး တစ်နေ့ဘယ်နှစ်ကြိမ် ... ဘယ်နှစ်လုံး ဘယ်နှစ်ခွက်သောက် ညွှန်ကြားပြီးပေးတယ် ... ထိုးတယ် ... ဒီတော့ ရောဂါပျောက်ကြတာပေါ့ ... "



"ဒါဆို ... အရင်ဆရာဝန်တွေက ဘာလို့ လူနာတွေကို ပေးသင့်တဲ့ဆေးနဲ့ ဆေးထိုးသင့်တာ မထိုး မပေးတာလဲ ... "

"ခေတ်စကားနဲ့ ပြောရရင်တော့ ဖြတ်ခုတ်ကြတယ်လေ"

"ဘယ်လိုဖြတ်ခုတ်ကြတာလဲ ... "

"မောင်ချိုဝယ်ပေးတဲ့ တကယ့်အဖိုးတန် ဆေးစစ်ဆေးမှန်တွေ အကောင်းစားတွေကို တိတ်တိတ်ရောင်းစားပစ်တယ် နောက်ပြီး အလွားတူ ဈေးပေါတဲ့ ဆေးတွေနဲ့ လူနာတွေကို ကုတယ် ... ဒီတော့ ကုသပေမဲ့ မပျောက်ကြဘူးပေါ့ တချို့များ ဒီကပေးတဲ့ ဆေးတွေ အိမ်မှာသောက်ပြီး သေတဲ့သူတောင် သေသွားကြဆိုပဲ ... ဒီတော့ ပိုက်ဆံတတ်နိုင်တဲ့ လူနာတွေရော ... ဆင်းရဲပေမဲ့ ရောဂါပျောက်ဖို့အတွက် ချေးငှားပေါင်နှံ ရောင်းချလို့ရတဲ့ ငွေနဲ့ ဆင်းရဲလူနာတွေရော ဒေါက်တာဦးမင်းစိုးဆီ ရောက်သွားကြတာပေါ့ ... "

"ဒါဆို ... ဒီဆေးခန်းနာမည်ပျက်တာပေါ့ ... ကုသတဲ့ ဆရာဝန်တွေ နာမည်ပျက်တာပေါ့ ... "

"အင်းလေ ... တကယ် ထိခိုက်တာက မောင်ချိုဖွင့်ထားတဲ့ ဆေးခန်းနာမည်ပျက်တာဟာ အဓိကထိခိုက်တာပဲ ... ဆရာဝန်နာမည်ပျက်တာကိုး ... အဲဒီဆရာဝန်တွေက ဂရုမစိုက်ဘူး ... အဝေးမြို့က ခေါင်တဲ့မြို့ပဲ ... ဒီမြို့မှာ နာမည်ပျက်ပေမဲ့ တခြားမြို့ရောက်သွားရင် အဲဒီဆရာဝန်အကြောင်းမှ လူတွေက မသိတာ ... အဲဒီဆရာဝန်တွေ

အဝေရာမှာ လာလုပ်တာကိုက ငွေကြေးမက်လို့ လာလုပ်တာပဲ ... သူတို့သားမယားနဲ့ အိမ်ထောင်စုကိုတောင် အဝေရာကို ခေါ်တယ်ဆိုပြီး ခေါ်မလာဘူး ... ပိုက်ဆံအထုပ်စုမိတာနဲ့ အဝေရာက လစ်သွားကြတာမဲ့ မောင်ဆွေ ... မောင်ချိုရဲ့ဆေးခန်းနာမည်ပျက်ရတာ ... အဲဒီဆရာဝန်တွေကြောင့်ပဲ ... ဒါကြောင့်လည်း စနေမက ပြောတာပေါ့"

"စနေမက ဘာပြောတာလဲ ... "

"အခုရောက်လာတဲ့ ဆရာဝန်မောင်ဆွေကတော့ စေတနာသက်သက်ပဲတဲ့ ... လူပျိုလူလွတ်လည်းဖြစ်ပြန် ... မိဘကလည်း ချမ်းသာပြန်ဆိုတော့ ငွေမမက်တော့ဘူးပေါ့တဲ့"

"ဟုတ်လား ... စနေမက ကျွန်တော်လူပျိုလူလွတ်ဖြစ်တာရယ် ... မိဘချမ်းသာတာရယ် သူက ဘယ်လိုသိတာတဲ့လဲ"

"စားသောက်ဆိုင်ပဲကွယ် ... လူပေါင်းစုံဝင်နေတော့ သတင်းစုံလည်း ကြားရမှာပေါ့ ... နောက်ပြီး မောင်ချိုကသူ့သူငယ်ချင်း မောင်ဆွေနဲ့ ပတ်သက်ပြီး နေရာမရွေးမှာပြောနေတာ စနေမ ဆိုင်ဝင်စားသောက်သူတွေက တစ်ဆင့်စကားတွေနဲ့ စနေမ ကြားမှာပေါ့ ... "

နောင်ဝင်းဆွေ ကျိတ်၍ပြုံးပါ၏။

ဘာကြောင့်ရယ်တော့ မဟုတ်။ မိမိလူပျိုလူလွတ်ဖြစ်ကြောင်း စနေမ သိသွားသည်ကိုတော့ ရင်ထဲတွင် ကျေနပ်မှုတစ်မျိုး ခံစားရသည်။



ထမင်းစားပြီးသွားပြီး ညနေခန်းတွင် နောင်ဝင်းဆွေခေတ္တထိုင်နေစဉ်မှာပင် သူနာပြုဆရာမလေးစံပယ် ရောက်လာသည်။

"ဆေးခန်းမှာ ဆရာ့ကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့ ဆရာ ... "

"လူနာလား ... "

"လူနာမဟုတ်ဘူး ဆရာ ... ဆရာနဲ့ အရေးကြီးတဲ့ကိစ္စတစ်ခုဆွေးနွေးချင်လို့လို့ ပြောနေပါတယ် ဆရာ ... "

နောင်ဝင်းဆွေ ဆေးခန်းသို့ ပြန်လာသည်။

ဆရာမလေး ဒေလီယာက ဆီးပြောပြန်ပါ၏။

"ဆရာ့ရဲ့ ဆရာဝန်ခန်းထဲကို ဖွတ်အတင်းဝင်သွားတယ် ဆရာ ... အပြင်ကပဲ စောင့်ပါလို့ ဒေလီယာ တားတာကို ဒေလီယာကို ဖွတ်ဖယ်ပြီး အတင်းဝင်သွားတယ် ... ပြီးတော့ ... မင်းတို့ဆရာက ငါ့ကိုတွေ့ချင်မှာပါလို့လဲ ပြောတယ် ... "

"အေး ... ကိုယ်တွေ့လိုက်မယ် ဒေလီယာ ... "

နောင်ဝင်းဆွေ သူ့အခန်းထဲ ဝင်လိုက်သည်။ အမျိုးသားတစ်ယောက် မိမိအလုပ်စားပွဲရှေ့ရှိ ဧည့်သည်ကုလားထိုင်တွင် လျော့ရိလျော့ရဲထိုင်နေသည်ကို တွေ့ရသည်။

အသက်သုံးဆယ်ကျော်ခန့်ရှိမည်။ အသားဖြူဖြူနှင့် ဝိုက်ကောင်းကောင်းပင်၊ သားရေကျွာကင်၊ ဂျင်းဘောင်းဘီပြာဝတ်ထားသည်။ ပိုင့်တက် ဦးချွန်ရှူးဖိနပ်စီးထားသည်။

"ဟဲလို ... ဒေါက်တာ ဟောင်းဒူးယူဒူး ... "

ကုလားထိုင်မှထပြီး နောင်ဝင်းဆွေကို တလေးတစား ခါးညွတ်ပြီး နှုတ်ဆက်သည်။

နောင်ဝင်းဆွေက ဘာကိစ္စမှန်းမသိသေး၍လည်းကောင်း၊ မိမိအား လေးလေးစားစားဆက်ဆံနေ၍လည်းကောင်း၊ ဥပဓိရုပ်မဆိုး၍လည်းကောင်း အလိုက်သင့်ပင် ဦးခေါင်းညိတ်ပြီး ပြန်အသိအမှတ်ပြုလိုက်သည်။

"ကဲ ... ပြောပါ ကျွန်တော့်ကို ဘယ်သူက ဘာကိစ္စနဲ့ လာတွေ့တယ်ဆိုတာ ... "

"ဖြည်းဖြည်းပေါ့ ဒေါက်တာ ... "

ထိုလူက ငါးသုံးလုံးစီးကရက်ဘူးကို ထုတ်ယူသည်။

"ဒေါက်တာ စီးကရက် ... "

"ကျွန်တော့်တာဝန်ချိန်မှာ ဆေးလိပ်မသောက်ပါဘူး ... အားလပ်လို့ သောက်ရင်လည်း မြည်တွင်းဖြစ် ဒူးယားစီးကရက်ပဲ သောက်ပါတယ် ... "

"ဘာ့လုပ်မလဲ ဒေါက်တာ ... လူ့ဘဝဆိုတာ ရတောင့်ရခဲပါ ရပြန်တော့လည်း သက်တမ်းကတိုတိုလေး မဟုတ်လား ဒီတော့ ... သက်တမ်းတိုလေးမှာ ပိုက်ဆံကိုရတဲ့နည်းနဲ့ ရှာ ကောင်းမှု ... ညွန့်မှု ... အရသာရှိမှုဆိုတာလေးတွေကို သုံးဆောင်မှ လူဖြစ်ရကျိုးနပ်မှာပါ ... ပူအိုက်တဲ့အခါ လေအေးစက်လေးနဲ့ ချမ်းအေးတဲ့အခါ လေပူစက်လေးနဲ့ ဘီယာလေးမြို့ ... ဒိန်ခဲလေး စားနေသွားမှ သေသွားတောင် သေ



ရကျိုးနပ်တာပေါ့ ဒေါက်တာ ... မဟုတ်ဘူးလား ... "

"ကိုယ့်အယူအဆနဲ့ ကိုယ်ပေါ့ ဒေါက်တာ ... "

လူစိမ်းဧည့်သည်က ရွှေရောင်ဝင်းလက်နေသော ဂတ်(စ်)မီးခြစ်ကို ထုတ်ကာ စီးကရက်ကို မီးညှိလိုက်သည်။ ရှိုက်ဖွာလိုက်သည်။ ထွက်သက်နှင့်အတူ စီးကရက်မီးခိုးများ မှုတ်ထုတ်လိုက်သည်။

ဒီလူ လူကြွားပဲဟု နောင်ဝင်းဆွေ ရင်ထဲမှာ မှတ်ချက်ချလိုက်သည်။

"လောကကြီးမှာ သမာအာဇီဝတို့ ... စေတနာတို့ ... အများအကျိုးတို့ဆိုတဲ့ လုပ်ရပ်တွေဟာ လူကြားလို့တော့အင်မတန်ကောင်းပါရဲ့ ... ပိုက်ဆံကျတော့ အရနည်းလွန်းတယ် ဒေါက်တာ ... မချမ်းသာနိုင်ဘူးပေါ့ ... အဲ ... မချမ်းသာဘူးဆိုတာနဲ့ ခုနက ကျွန်တော်ပြောခဲ့တဲ့ သက်တမ်းတိုလေးမှာ လူဖြစ်ကျိုးမနပ်ဘူးပေါ့ ... "

"ဒီမယ်ဗျာ ... အားတော့ နာပါတယ် ... အချိန်တွေ နှမြောစရာကောင်းနေသလားလို့ ... "

ထိုလူစိမ်းသည် မျက်နှာထားတင်းသွားသည်။ သို့သော် ချက်ချင်းပဲ ဟဲခနဲ ရယ်သွမ်းသွေးလိုက်သည်။ စီးကရက်ပြာကို ပြာခံခွက်ထဲသို့ လက်ညှိုးလေးနှင့် ပုတ်ကာပုတ်ကာလုပ်ရင်း ဆက်ပြောသည်။

"ဒါထက် ... အခု ဒေါက်တာ ဒီအဝေးရောမေတ္တာမွန်ဆေးခန်း

မှာ လုပ်နေတာ လခနဲ့လား ... လခနဲ့ဆိုရင် ဘယ်လောက်ရသလဲ ... "

"အမြတ်တော်ကြေးကြောက်လို့တော့ မဟုတ်ဘူးပေါ့ဗျာ တကယ့်အမှန်အတိုင်း ပြောတာပါ ... ဒီမှာ ကုသရေးလုပ်နေတာ တစ်ပြားမှ မရဘူး ... ထမင်းနှစ်နပ်မှန်မှန်ကောင်းကောင်းစားရတယ် ... ဘာတစ်ခုမှ ပိုက်ဆံနဲ့ မဝယ်ရဘဲ ကောင်းကောင်းနေရ စားရသောက်ရတယ် ... ဒါပဲ ... "

"ကျွတ် ... ကျွတ် ... ဖြစ်ရလေဗျာ ... "

"ဘာလို့ ကျွတ်ကျွတ်လဲ ... ဘာလို့ ဖြစ်ရလေလဲ ပြောပါဦး ... "

"ဒေါက်တာရဲ့ပညာတွေကို နှမြောမိလို့ပါ ... အခု ဒေါက်တာ အဝေးရောက်ကို ရောက်လာပြီး ဆေးခန်းထိုင်ကုသပေးလိုက်တာ ... မြို့ပေါ်မှာတင်မကဘူး ... တောပိုင်းကျေးရွာတွေမှာတောင် ဆရာဝန်လေးက လူချောလူလှလေး ... ဆေးကုတာလည်း သိပ်တော်တာပဲလို့ သတင်းတွေ အံရှမ်းမွှေးလေ ... ဒေါက်တာရဲ့ပညာတွေကို နှမြောမိလေပဲ ဒေါက်တာ ... "

"အဲဒီတော့ ဆိုပါဦး ... "

"ဒေါက်တာ့ရဲ့ပညာက ဖန်တီးတတ်ရင် ငွေတွေ အစုလိုက်အပြုံလိုက်ပဲ ဒေါက်တာ ... "

"ဒီဆေးခန်းရည်ရွယ်ချက်ကိုက ဓိဝိတဒါန ကုသိုလ်ဖြစ် အခမဲ့



လေဗျာ ... "

"ဘာလုပ်မလဲ ... အဲဒါက ကျွန်တော်တို့ အလေးအနက်နားမလည်တဲ့ ကုသိုလ်မျိုးတွေတော့ ရချင်ရမယ်ပေါ့ ဒေါက်တာ ... ဒီမယ် ဒေါက်တာ ... ဒေါက်တာ့ကို တစ်လ ငွေငါးထောင်နဲ့ တခြားဆေးခန်းတစ်ခုက ကမ်းလှမ်းနေပါတယ် ဒေါက်တာ ... "

"ဒေါက်တာ ဦးမင်းစိုးမဟုတ်လား ... "

"ဘယ်သူဘယ်ဝါဆိုတာကတော့ ဒေါက်တာက အလုပ်လက်ခံမှ ကျွန်တော်က အသေးစိတ်ရှင်းပြညှိနှိုင်းရမှာပါလေ ... အဲ တစ်လ ငါးထောင်နှုန်းမကြိုက်ရင်လည်း ထက်ဝက်စားလုပ်ဆောင်လို့ရတယ် ... ဒေါက်တာ နှစ်သက်တာ ရွေးနိုင်ပါတယ် ... "

"ဆောရီးပဲဗျာ ... "

"မဆောရီးနဲ့ ဒေါက်တာ ... ဒီအခွင့်အရေးမျိုးကို ဒေါက်တာ လက်လွှတ်မခံပါနဲ့ ... "

"အဲဒီအခွင့်ကောင်းကိုပဲ ကျွန်တော့်ကိုယ်စောင့်နတ်က လက်မခံနဲ့ဟေ့လို့ ကျွန်တော့်ကို အော်ပြောနေတယ်ဆိုရင်ကောဗျာ ... "

"ရတယ် ... ရပါတယ် ... ဒီနည်းမကြိုက်ရင် ဟောဒါက နောက်တစ်နည်းပေါ့ဗျာ ... "

ထိုလူက သူနှင့်အတူပါလာသောဆွဲအိတ်ကို စားပွဲ

ပေါ်တင်ကာ ဖစ်ပိတ်ကို ဗျိခနဲ ဆွဲဖွင့်လိုက်သည်။

အိတ်ထဲတွင် ငွေစက္ကူအထပ်လိုက်။

"ငွေတစ်သိန်းပါ ဒေါက်တာ … ဒီငွေဟာ ဒေါက်တာ့ကို အပျောက်သဘောပေးတာပါ … ပြန်ပေးဖို့ မလိုဘူး … ခု ခေတ်မှာ ထီထိုးလို့ သိန်းဆုပေါက်ဖို့တောင် အင်မတန် ခဲယဉ်းပါတယ် ဒေါက်တာ … အခုတော့ ငွေတစ်သိန်းဟာ ဒေါက်တာ့ဆီကို တန်းတန်းမတ်မတ်ကြီး ဝင်လာတာပဲ"

"ဒီငွေဟာ ကျွန်တော်က ဘာလုပ်ရမှာလဲတဲ့ဗျာ … "

"ကိုအောင်ချိုက လူနာတွေအတွက် ဆေးဝယ်သုံးရာမှာ တကယ့်တန်ဖိုးရှိရှိ အာနိသင်အပြည့်ရှိတဲ့ ဆေးတွေကို ဝယ်သုံးတယ် … အဲဒီတန်ဖိုးကြီးပြီး အာနိသင်ထက်တဲ့ ဆေးတွေကို ဒေါက်တာက ကျွန်တော့်ကို ပြန်ပေး … ကျွန်တော်က တခြားအလားတူ ဈေးပေါတဲ့ ဆေးတွေပြန်ပေးမယ် ဒေါက်တာက ကျွန်တော်ပေးတဲ့ဆေးတွေနဲ့ လူနာတွေကို ကုပေါ့ … အခမဲ့ပေးတာပဲဗျာ … လူနာတွေအတွက် ဆေးပေးတယ်ဆိုရင် ပြီးတာပဲဟာ … "

"အင်မတန် ယုတ်မာစုတ်ပဲ့တဲ့ အကြံပါလား … ဒီအကြံမျိုးကို လူသားဆိုရင်တော့ မလုပ်လားတာ အမှန်ပဲ … အဲဒီရှောက်လိုကောင်ကတော့ ကက်ခံမလားဘဲ … "

"ဒါဆို ဒေါက်တာက ကျွန်တော်ပြောတဲ့နည်းလမ်းတွေ အားလုံးကို ငြင်းတယ်ပေါ့ဟုတ်လား … "



"ဟုတ်သားပဲ … အဲဒီအတိုင်းပဲဟာ … "

"ဟဲ … ဟဲ … "

လူစိမ်းက တမင်ရယ်သံပြုသည်။ ကျေနပ်၍ ရယ်သံ မဟုတ်ဘဲ မကျေနပ်သည်ကို ဖော်ပြသော ရယ်သံမျိုးဖြစ်ပါ၏။

"ကျူပ်နာမည် ထွန်းညွန့်တဲ့ … နာမည်ကြီးအဆိုတော် … စန္ဒရားတီးကောင်း … ထွန်းညွန့်တော့ မဟုတ်ဘူး … အဲ သဘောချင်းတော့ နည်းနည်းတူသလိုလိုပဲ … စန္ဒရားကို ထွန်းညွန့်က အင်မတန် သာယာနာပျော်ဖွယ်ကောင်းတဲ့ တေးတံသာကို စန္ဒရားခလုတ်လေးတွေ နှိပ်ပြီး ဖော်ဖြေနိုင်စွမ်းရှိတယ် … "

ထိုလူက ပြောရင်းကျောကို မတ်လိုက်သည်။

"ခလုတ်နှိပ်တာခြင်းတော့တူပါရဲ့ … ဒါပေမဲ့ ကျူပ်နှိပ်တဲ့ ခလုတ်ကတော့ သာယာနာပျော်ဖွယ်ဖြစ်လာလေ့မရှိဘူး … ဒီမှာကြည့် ဒေါက်တာ … "

သူ့ဂျာကင်အိတ်ထဲ လက်နှိုက်ပြီး ပြန်ထုတ်လိုက်ရာ မောင်းပြန်ဓားတစ်ချောင်းပါလာသည်။

"ဖျောက် … "

မောင်းပြန်ဓား၏ခလုတ်ကို နှိပ်လိုက်ရာ ဖျောက်ခနဲ အသံနှင့်အတူ လေးလက်မခန့်ရှည်လျားပြီး ချွန်မြထက်မြက်သော ဓားသွားထွက်လာသည်။

"ဒေါက် … "

ယင်းမောင်းပြန်ဓားကို ကိုထွန်းညွန့်ဆိုသူက ကျင်လည်စွာ ပစ်ပေါက်လိုက်သည်။

"ဒေါက် ..."

နောင်ဝင်းဆွေ ထိုင်နေသောနောက်တွင် အရေးပေါ်မှတ်တမ်းရေးရန် ချိတ်ဆွဲထားသော သင်ပုန်းချပ်ကြီးတွင် မောင်းပြန်ဓားဦးချွန်က ဒေါက်ခနဲ စိုက်ဝင်နေတော့သည်။

ထွန်းညွန့်က သောက်လက်စ စီးကရက်ကို ပြာခွက်ထဲတွင် ထိုးချေလိုက်ပြီး သွေးအေးအေး၊ လေအေးအေးအသံဖြင့် ဆက်ပြောသည်။

"မောင်းပြန်ဓားကတော့ ခလုတ်နှိပ်လို့ ဓားသွားထွက်လာမှ အသုံးချလို့ရတယ် ... ဟောဒါကျတော့ တစ်မျိုးဗျ ... သူက ခလုတ်ကို မနှိပ်ရဘဲ နောက်ကို ဆွဲမှ အသုံးချလို့ရတာ ..."

သူဝတ်ထားသော ဂျာကင်အောက်ဘေးသို့ လတ်နှိုက်ပြီး ပြန်ထုတ်လိုက်ရာ ဒသမသုံးနှစ် ပစ္စတိုမည်းမည်းလေးကိုင်လျက်သားပါရှိလာသည်။

ထိုသေနတ်ကို သူ့ရှေ့စားပွဲပေါ်မှာပင် ညင်သာစွာတင်ထားလိုက်ပါသည်။

"ဒီကောင်က ခလုတ်ဆွဲလိုက်ရင် တယ်ပြီး အသံကျယ်တာပဲ ... အသံမကျယ်အောင် သူ့ထိပ်မှာ အသံတိတ်ကိရိယာတပ်လိုက်ရင်တော့ ရပါတယ် ... အဲဒီ အသံတိတ်ကိရိယာလည်း ကျုပ်မှာရှိပါတယ် ... လိုအပ်တဲ့အခါကျရင် တပ်လိုက်ရုံပဲ ..."



"ခင်ဗျား ကျုပ်ကို ဓားတွေ သေနတ်တွေပြပြီး ခြိမ်းခြောက်နေတာလား ကိုထွန်းညွန့်ဆိုတဲ့လူ ..."

"မခြိမ်းခြောက်ပါဘူး ... တကယ်လုပ်မှာပါ ... အခုတော့ မဟုတ်သေးဘူးပေါ့လေ ... ဒီတော့ ဒေါက်တာ စိတ်ကူးမလွဲပါနဲ့ ... ခုနက ကျုပ်ပြောတဲ့နည်းလမ်းတွေထဲက ဒေါက်တာနှစ်သက်ရာတစ်မျိုးတော့ ရွေးပါ ... လက်ခံပါ ... ကျုပ်အကြံပေးချင်တာကတော့ ထက်ဝက်စားကို လက်ခံလိုက်ဗျ ... အဲဒါက ဗယားကိုက်တယ် ... တစ်နေ့တစ်ထောင်ရရင် ကိုယ့်အတွက် ငါးရာပဲ ..."

နောင်ဝင်းဆွေ ထိုင်နေရာစားပွဲအောက်တွင် ချထားသော ခြေနှစ်ဖက်ဖြင့် ကုလားထိုင်ကျောမှီကို အားယူကာ ရှေ့တွင် လျော့တိလျော့ရဲထိုင်နေသည့် ထွန်းညွန့်အား ဆောင့်ကန်ပစ်လိုက်သည်။

လူရော၊ ကုလားထိုင်ရော၊ ထွန်းညွန့်မှာ နောက်သို့ ဝုန်းခနဲ လဲပြိုကျသွားတော့သည်။

နောင်ဝင်းဆွေက ထွန်းညွန့်တင်ထားသော စားပွဲပေါ်မှ ပစ္စတိုကို ကောက်ယူလိုက်သည်။ စားပွဲကို ပတ်ကာ ထွန်းညွန့်လဲကျရာသို့ လျှောက်သွား၏။

ထွန်းညွန့် လဲကျရာမှ ကုန်းအထတွင် နောင်ဝင်းဆွေက ပစ္စတိုကို လက်ဝါးတွင်ကပ်ကာ ထွန်းညွန့်ဦးခေါင်းကို ရိုက်

ပစ်လိုက်သည်။

ထွန်းညွန့် ဝမ်းလျားမှောက် လဲကျသွားသည်။

ပစ္စတိုထဲမှကျည်ကပ်ကို နောင်ဝင်းဆွေက ကျင်လည်စွာထုတ်ယူလိုက်သည်။

ဝုန်းခနဲ အသံကြောင့် ... သူနာပြုဆရာမလေးနှစ်ယောက် အခန်းထဲသို့ ပြေးဝင်လာကြသည်။

နောင်ဝင်းဆွေက မှောက်လျက် လဲကျနေသော ထွန်းညွန့်၏ဂျာကင်လည်ကုပ်ကိုဆွဲထူ မတ်တတ်ရပ်စေသည်။

"စံပယ်နဲ့ ဒေလီယာ ဒီလူလာတုန်းကတော့ လူကောင်းပါပဲ အခု ဒီရောက်ပြီးမှ လူနာဖြစ်သွားရာတယ် ... ဒီလူလာတုန်းက ဘာနဲ့လာသလဲ ဒေလီယာ ..."

"မော်တော်ဆိုင်ကယ်နဲ့ ဆရာ ..."

"အေး ... အေး ... ဒါဆိုလည်း သူ့မော်တော်ဆိုင်ကယ်ဆီရောက်အောင် မင်းတို့နှစ်ယောက်က တွဲခေါ်သွားပါကွာ"

ထွန်းညွန့်၏ ဂျာကင်အိတ်ထဲ ကျည်ကပ်မပါသော ပစ္စတိုကို ပြန်ထည့်ပေးလိုက်သည်။ ငွေတွေပါသော ဆွဲအိတ်ကိုလည်း ထွန်းညွန့်ကို ပြန်ပေးလိုက်သည်။

"မောင်းပြန်ဓားလေးတော့ ပြန်မယူပါနဲ့တော့ဗျာ ... ကျွန်တော် လက်သည်းခြေသည်းလှီးဖို့ ယူထားလိုက်မယ်နော် ကိုထွန်းညွန့် ... ကဲ သွားပေတော့ ... ခေါင်းမူးနေသေးရင် အိမ်ကျတော့ အိပ်ရေးဝဝအိပ်လိုက်ဗျာ ... ကဲ ... တွဲခေါ်



သွားပေးပါကွာ ..."

စံပယ်နှင့် ဒေလီယာ တစ်ဖက်တစ်ချက်ဆွဲသည်ကို ထွန်းညွန့်က တံတောင်နှင့် တွက်ခါလိုက်သည်။ ပြီး ဒယီးဒယိုင်ဖြင့် ဆွဲအိတ်ဆွဲရင်း သူ့မော်တော်ဆိုင်ကယ်ဆီသို့ သွားပေတော့သည်။

စံပယ်နှင့် ဒေလီယာက အပြင်မှ အစအဆုံးချောင်းကြည့်၊ ချောင်းနားထောင်နေကြသည်မို့ ဖြစ်ရပ်အားလုံးကို မျက်စိနှင့်လည်း မြင်သည်။ နားဖြင့်လည်း ကြားကြသည်။

စတန့်ရုပ်ရှင်ကို ကြည့်ရာတွင် ဇာတ်လိုက်မင်းသားက လူကြမ်းကို နိုင်အောင်ချမှ သဘောကျလေ့ရှိသော ကရင်မလေးနှင့် ကပြားမလေး သူနာပြုနှစ်ယောက်သည် ပြုံးပြုံးလေးဖြစ်နေကြလေတော့သည်။

အထူးသဖြင့် သူတို့ဆရာ ဒေါက်တာသည် ငွေနှင့်မျှားယောင်းလို့လည်း မရ၊ သေနတ်နှင့် ခြိမ်းခြောက်လို့လည်း မကြောက်တဲ့ အာဂဒေါက်တာပါလားဟု သဘောကျမိကြသည်။

နောင်ဝင်းဆွေက ဘလက်ဘုတ်တွင် စိုက်ဝင်နေသော ဓားမြှောင်ကို ဆွဲယူလိုက်သည်။

ဩော် ... စနေမက အစ်ကို့မှာ အန္တရာယ်တွေရှိလိမ့်မည်ဟု ပြောခဲ့သည်မှာ မှန်နေပြီ မဟုတ်ပါလား။

▲

## ၇

ဗုဒ္ဓဘာသာတွေမို့ လပြည့်လကွယ်နှင့် လဆန်း ရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့များတွင် ဆေးခန်းပိတ်ပေးသည်။

သို့သော် အရေးပေါ်ထိခိုက်ဒဏ်ရာရသူများ၊ မြွေဆိုး ကိုက်ခံရသူများရှိလာလျှင် ဆေးခန်းအပိတ်မရှိ၊ အရေးပေါ်ကုသပေး သည်။

ဒေလီယာကတော့ ခရစ်ယာကိုးကွယ်သူမို့ တနင်္ဂ နွေနေ့ အထူးအားလပ်ခွင့်ပေးသည်။

ဆေးခန်းတက်ရောက်နေသော အတွင်းလူနာများ ကိုတော့ ပိတ်ရက်မှာဖြစ်စေ၊ နောင်ဝင်းဆွေက ထုံးစံအတိုင်း ကြည့် ရှုပေးသည်။

ယခုတစ်လော အောင်ချိုနှင့် သိပ်စကားမပြော



ဖြစ်။

အောင်ချို့လောက် အလုပ်များသူ ဒီလောကတွင် ရှိမှ ရှိပါလေစဟု မှတ်ထင်လောက်သည်။

အချိန်ကလည်းစပါးပေါ် မြေပဲပေါ်ချိန်ဖြစ်နေသည်။ အောင်ချို၏ ဆန်စက်နှင့် ဆီစက်မှာ နေ့ညမပြတ် လည်ပတ်နေရ သည်။ အောင်ချိုကိုယ်တိုင် စပါးဝယ်၊ မြေပဲဝယ် ကြိတ်သည်လည်း ရှိသည်။ နဝလီက ကြိတ်သမားများကိုလည်း ကြိတ်ပေးရသည်။

စက်ကြိတ်ရရှိသည့် ဆန်နှင့် ဆီကိုလည်း ပြည်မြို့သို့ ပေးပို့ရောင်းချရသည်။ ပြည်မြို့သို့ အောင်ချိုသည် ကိုယ်ပိုင်မော် တော်ဖြင့် တစ်ပတ် နှစ်ကြိမ်အနည်းဆုံးသွားနေရပေသည်။

ဆေးခန်းသို့ ထွန်းညွန့်လာရောက်သွားသောကိစ္စ ကို နောင်ဝင်းဆွေက အောင်ချိုအား ပြောမပြသေးပေ။ အောင်ချို ဤမျှလောက် အလုပ်များနေစဉ် အနှောင့်အယှက်ဖြစ်မည်စိုး၍ မပြောသေးခြင်းဖြစ်ပါ၏။

တို့ထက်မှာမှ ထွန်းညွန့်လာပြီး ခြိမ်းခြောက်၊ ဟိန်း ဟောက်သွားခြင်းကို သကြီးနိအမြောက်ဟု သဘောထားသည်။ အသံမြည်ပြီး အဆန်မပါ၊ ဗလာချည်းဟုသာ သဘောထားသည်။

နောင်ဝင်းဆွေက မှ ... ။

ဘယ်လောက် အလုပ်များများ အောင်ချိုက နောင် ဝင်းဆွေအပေါ် ဝတ္တရားမပျက်ပေ။

"သူငယ်ချင်းရာ ငါအလုပ်များလွန်းလို့ကွ ... "

ဖေဖော်ဝါရီ နောက်ဆုံးပတ်နဲ့ မတ်လဆိုရင် ငါ့အလုပ်တွေ ပုံမှန်ပြန်ဖြစ်သွားပါပြီ ... အခုရက်ပိုင်းတွေမှာတော့ အလုပ်အရမ်းများတယ် သူငယ်ချင်း ... ငါ့ကို ခွင့်လွှတ်ကွာ ... ”

မျက်နှာချင်းဆိုမိတိုင်း အောင်ချို့က တောင်းပန်စကားဆိုသည်။

နောင်ဝင်းဆွေက ခွင့်လွှတ်ရုံမက အားပေးစကားပင် ပြောပါ၏။

အောင်ချို့သည် ပြည်မြို့သွားပြီး ပြန်လာတိုင်း စီဒီယိုခွေများ၊ ကက်ဆက်ခွေသစ်များ ယူလာပေးသည်။

“သူငယ်ချင်း အဲဒါတွေနဲ့ အပျင်းဖြေကွာနော် ... ”

ဟုလည်း ပြောသည်။

မနေ့ကပင် နောင်ဝင်းဆွေ အပျင်းပြေရိုက်ရင် ကင်မရာအကောင်းစားတစ်လုံးဝယ်လာပေးသည်။

ဒီကြားထဲမှာပင် ဆေးခန်းအတွက် ဝမ်းသာစရာတစ်ခုဖြစ်လာသေးသည်။

အငြိမ်းစား မေထရွန်ကြီး ဒေါ်အဲဖော့က ညနေပိုင်းလေးနာရီမှ ခုနစ်နာရီအထိ ဆေးခန်းကို နေ့စဉ်လာကူညီပေးခြင်းဖြစ်တော့သည်။

“အေး ... နင်တို့ ဆေးခန်းကိုလာပြီး ကူညီရတာ သိပ်အားရတယ် ... ငါ့ကို ဘုရားသခင်က ဒီဆေးခန်းကို သွားကူညီလိုက်လို့ အိပ်မက်ထဲမှာ မြွက်ကြားတာ နှစ်ခါတောင်မှပဲ



နောက်တစ်ခုက မားဟာ မလိုးဘဲ ပစ်ထားရင် တုံးရော ငါတတ်ထားတဲ့ ပညာတွေ မတုံးချင်ဘူး ... အခု ဒီဆေးခန်းကို ငါလာကူညီတာဟာ ငါ့ပညာဓားပြန်သွေးတာနဲ့ အတူတူပဲ ... ”

ထိုမျှသာမကသေး၊ ဒေါ်အဲဖော့ထံတွင် သူနာပြုသင်တန်းတက်နေသူလေးများကလည်း ဒေါ်အဲဖော့နှင့်အတူ ဝင်ရောက်ကူညီကြသောကြောင့် အဝေရာမေတ္တာမွန်ဆေးခန်းမှာ စည်ကားသိုက်မြိုက်လှတော့သည်။

ဤအဝေရာမေတ္တာမွန်ဆေးခန်းကြီးစည်ကားလေ ဦးမင်းစိုး၏ ဆေးခန်းမှာ လူနာကျဆင်းလေဖြစ်တော့သည်။

ဒေါ်အဲဖော့နှင့်အဖွဲ့ ကူညီခြင်းကြောင့် နောင်ဝင်းဆွေတွင် အနားယူချိန်၊ အားလပ်ချိန် တော်တော်များများ ရှိပေသည်။

ဒေါက်တာဦးမင်းစိုးအထိနာလေပြီ။

သူ၏ဆေးခန်း သီးသန့်ခန်းထဲတွင် မျက်ထောင့်နီကြီးဖြင့် လှောင်အိမ်ထဲမှ ဒေါသနေသော ကျားကြီးတစ်ကောင်လို ဟိုဘက်လျှောက် သည်ဘက်လျှောက်ရင်း ကြိမ်းမောင်းနေသည်။

“ဉာဏ်ထွန်းလည်း အလကားကောင် မျက်နှာချင်းဆိုင်တည့်တည့်လာတဲ့လူကိုတောင် မော်တော်ဆိုင်ကယ်နဲ့ ပစ်လဲကျ နာကျင်သွားအောင် မတိုက်နိုင်ဘူး ... ”

“ဟာ ... ဦးလေးစိုး ဒါတော့ ဒီကောင်က မျောက်လိုခုန်

တက်သွားတာ … ကျွန်တော် ဘာတတ်နိုင်မှာလဲ … ”

“တတ်နိုင်ရမယ်ကွ … တတ်နိုင်ရမယ် … မတတ်နိုင်လို့ မဖြစ်ဘူး … အခုကြည့်စမ်း … တစ်လအတွင်း ငါ့ဆေးခန်းဝင်ငွေ ဘယ်လောက်သိသိသာသာ ကျဆင်းသွားသလဲ”

ညဏ်ထွန်းသည် ဦးမင်းစိုး၏ တူအရင်းဖြစ်ပေသည်။

ဦးမင်းစိုး စိတ်မရှည်ရှာတော့ဘဲ ညဏ်ထွန်းကို ပါးတစ်ချက်ရိုက်လိုက်မှ ညဏ်ထွန်းငြိမ်သွားသည်။

ထွန်းညွန့်ဘက်သို့ လှည့်ပြန်သည်။

“မင်းလည်း အလကားကောင်ပဲ ထွန်းညွန့် … မင်းကိုယ်မင်း မားထွန်းညွန့် … သာတီတူး ထွန်းညွန့်လို့ နာမည်ယူထားပြီး ဟိုကောင်နဲ့ကျတော့ ကြက်အီးဖြစ်လာတယ် … ခံလာရတယ် … ”

“ဒီကောင် … ကျုပ်ကို ခံမလုပ်ရဲဘူးလို့ လျှော့တွက်လိုက်လို့ အငိုက်မိခံလိုက်ရတာပါ ဆရာကြီး … ကျွန်တော့်ကို နာမည်ပျက်အောင် သိက္ခာကျအောင် မပြောပါနဲ့ … ”

ထွန်းညွန့်က မားကိုင်မားပေါက်မားထိုးကို သေချာလေ့ကျင့်ထားပြီး မားထွန်းညွန့်အမည်ကိုယူထားသည့်အပြင် …

သာတီတူးထွန်းညွန့်ဟု အမည်ခံနိုင်အောင် သူ၏ သာတီတူးပစ္စတို သေနတ်နှင့်သာဆိုလျှင် အပစ်အခတ် သိမ်တော် သိပ်ဖြောင့်သောကြောင့်လည်း သာတီတူးထွန်းညွန့်အမည်ခံထားခြင်းဖြစ်သည်။



အခြား ဒသမသုံးရှစ်၊ ဒသမလေးငါးပစ္စတိုတို့ကို ခြောက်လုံးပြူးတို့နှင့် ဆိုလျှင်တော့ ထွန်းညွန့်မကျွမ်းကျင်လှပေ။

“ဆရာကြီး ပြန်စဉ်းစားကြည့်ပါ … ဟိုးအရင် ဆရာဝန်တွေတုန်းက ကျွန်တော် မားတစ်ချက်မပေါက်ရဘူး … သေနတ်တစ်ချက်မပစ်ရဘူး … ဟန်ရေးပြလိုက်တာနဲ့ ဆရာကြီးအလိုကျ လိုက်လျောလာကြရတာ မဟုတ်လား … ”

“အေး … ဟိုက ဟို … ဒီက ဒီပဲထွန်းညွန့် … အခု ဒီကောင်နဲ့ကျတော့ မင်းခံလာရတယ် မဟုတ်လား … ”

“ဒါတွေထည့်ပြောစရာမလိုဘူးလေ ဆရာကြီး … ကျွန်တော်က လုပ်လိုက်ရတာ … ကျွန်တော် ခံလိုက်ရတာတွေဟာ ကျွန်တော့်ကိစ္စပဲ … ဆရာကြီးအနေနဲ့ ကျုပ်ကို အခကြေးငွေပေးပြီး ခိုင်းတယ် … ကျုပ်လုပ်တယ် မအောင်မြင်ဘူး ဒီတော့ ဆရာကြီးက တစ်ပြားမှ မပေးနဲ့ … အဲ … ဒါပေမဲ့ ဆရာကြီး ဘာဆက်လုပ်ချင်လဲ … ကျုပ်ဆက်လုပ်ပေးမယ် ဒါပေမဲ့ ဆက်လုပ်ပေးရမယ်ဆိုရင်တော့ သူ့ဈေးနဲ့သူ တန်အောင်တော့ ဆရာကြီး ကျုပ်ကို ပေးရမယ် … ရေမြေတုန်းက ရေမြေဈေး … အခု မြေပြောက်ကျတော့ မြေငွေ ၁က် ဈေးပဲ ဆရာကြီး … ဒီကောင်က အဆိပ်ပြင်းတယ် … ”

“မင်းက ဒီကောင့်ကို အထင်ကြီးလှချည်လား ထွန်းညွန့်”

“ဒီကောင့်ကို လျှော့တွက်လို့မရတာတွေက လက်တွေ့တွေ့ပဲလေ … ဆရာကြီးနဲ့ ဆေးပြိုင်ကုသတဲ့နေရာမှာ ဆရာ

ကြီးရှုံးတယ် ... ကျုပ်နဲ့ လက်ရုံးရည်သွားယှဉ်တော့လည်း ကျုပ်ရှုံးလာတယ် ... အရင်က ဆရာဝန်တွေနဲ့ မတူတဲ့ အချက်တွေ သူ့မှာရှိနေတယ် ... အသက်ငယ်တယ် သတ္တိရှိတယ် ... ကိုယ်ခံပညာမခေဘူး ... အရင်ဆရာဝန်တွေက လူလတ်ပိုင်းတွေ ... သူတို့မှာ မယားနဲ့ သားတွေ သမီးတွေနဲ့ ဒီတော့ ငွေကိုလည်း မက်မောတယ် ... သူတို့အသက်အန္တရာယ်ကိုလည်း တန်ဖိုးထားတယ် ... မစွန့်စားရဲဘူး ရသမျှ ငွေထုပ်ပိုက်ပြီး မိန်းမကို ပေးချင်တဲ့ ဆရာဝန်တွေနောက်ပြီး အဲဒီဆရာဝန်တွေက ရန်သူကို ခုခံဖို့ဆို လက်သီးတောင် မဆုပ်တတ်တဲ့လူတွေ ... ”

ဒေါက်တာဦးမင်းစိုးသည် ထွန်းညွန့်ပြောသမျှ သေချာနားထောင်ပြီး အခြေအနေချင်း ကွာခြားချက်ရှိနေသည်ကို သဘောပေါက်လာသည်။

“ဒီမယ် ဆရာကြီး ... ဆရာဝန်ချင်းတူပေမဲ့ အဝေရာကို လိုက်လာတဲ့ရည်ရွယ်ချက်ချင်းကိုက သိပ်ကွာနေတယ် ... ဒီကောင်က အောင်ချို့အပေါ်မှာ ခင်မင်မှု သံယောဇဉ်နဲ့ လိုက်လာတဲ့ကောင် ... လူပျိုလူလွတ်နဲ့ သူ့မှာ မိဘသံယောဇဉ်ကလွဲပြီး တခြား သံယောဇဉ်မရှိဘူး ... ရတဲ့ပိုက်ဆံတွေ ရှော့ အင့်ဆိုပြီး ပေးလိုက်ရမဲ့ ဇနီးမရှိဘူး ... လောကကြီးမှာ လုပ်ရဲတယ် ... ခံရဲတယ်ဆိုတဲ့ လူမျိုးက ဘာကိုမှ နောက်ဆံမတင်းတဲ့လူမျိုးတွေမှ လုပ်ရဲ ခံရဲတာ ... မာန်



ကြီးတာ ဆရာကြီး ... ဒါ့အပြင် ဒီအကောင်က သတ္တိရှိတယ် နောက်ပြီး သတ်ရေးပုတ်ရေး ... တိုက်ခိုက်ရေးမှာ လေ့ကျင့်ပြီးသား ရင့်ကျက်တယ် ... ”

“မင်းက တယ်သိနေပါလား ... ဒီကောင့်အရည်အချင်းတွေကို ... ”

“ဆေးလိပ်သောက်တတ်တဲ့လူကမှ ... တခြားဆေးလိပ်သောက်တဲ့သူဟာ ... ဆေးလိပ် တကယ်ကြိုက်လို့ သောက်တာလား ... မသောက်တတ်ဘဲ ဟန်ဆောင်သောက်တာလားဆိုတာကို အဲဒီလူ ဆေးလိပ်ကိုင်တွယ်ပုံ ... ဖွာပုံ ... မီးခိုးထုတ်ပုံကိုကြည့်ပြီး ခွဲခြားတတ်တယ် ... ဒီကောင် ဓားကိုင်ပုံ ... သေနတ်ကိုင်ပုံတွေဟာ သူ့မှာ အရည်အချင်းတကယ်ရှိကြောင်း သိသာနေတယ် ဆရာကြီး ... ”

“ဒါနဲ့ မင်းက ဒီကောင့်ကို ကြောက်သွားရောလား ထွန်းညွန့် ... ”

“ဒါ ... ကျုပ်သိက္ခာကို စော်ကားတဲ့ စကားပဲ ... ဆရာကြီးဆင်ခြင်ပြောစေချင်ပါတယ် ... ထွန်းညွန့်က တစ်ကိုယ်တည်း သမားပါ ... ဆင်လောက်ကြီးတဲ့ ကောင်ကိုလည်း မကြောက်ဘူး ... အခု ကျုပ်ပြောနေတာတွေက အခြေအနေအမှန်တွေကို ပြောနေတာ ... ဘာလို့ တင်ပြရသလဲဆိုတော့ ဒီကောင့်ကို အရင်ဆရာဝန်တွေလို အပျော့ဆွဲနဲ့ မရလို့ဘဲ ဆရာကြီးပေးတဲ့ ငွေတစ်သိန်းကို သူက လက်ဖျားနဲ့တောင်

မတို့ဘဲ လုံးဝလက်မခံဘူး ငြင်းလိုက်တယ် ... ဒီကောင့်ကို ဆက်လုပ်ရမယ်ဆိုရင် အပျောက်ရှင်းတဲ့နည်း ... ကိုယ်အင်္ဂါ ချို့ယွင်းသွားတဲ့နည်းပဲ လုပ်ရမယ် ... လုပ်တဲ့နေရာမှာလည်း သူ့အသက် ကိုယ့်အသက် ပြိုင်လုပြီး လုပ်ရမှာ ... အဲ ... ဆရာကြီး ဆန္ဒရှိသေးလို့ ကျုပ်ကို ဆက်လုပ်ပေးပါဆိုရင် ထိုက်ထိုက်တန်တန်ကြေးပေးမှ ကျုပ်လုပ်နိုင်မယ်ဆိုတာကို အဓိကထား ပြောနေတာ ... "

"မင်းက ဘယ်လောက်အထိ မှန်းထားလို့လဲ ထွန်းညွန့်"

"ဘယ်လောက်အထိ လုပ်ပေးရတယ်ဆိုတာပေါ်မူတည်ပြီး မှ ကျုပ်က လိုချင်တဲ့ ထိုက်တန်တဲ့ကြေးကို တောင်းမှာ ကိန်းဂဏန်းကတော့နည်းမှာ မဟုတ်ဘူး ... "

ဒေါက်တာဦးမင်းစိုး သေချာအလေးအနက်စဉ်းစားသည်။ ထွန်းညွန့် တင်ပြသော ဆိုသမျှတွေကို အလေးအနက်စဉ်းစားခြင်းဖြစ်ပါ၏။

"အေး ... ငါသေချာစဉ်းစားဦးမယ် ... အခုလောလောဆယ်တော့ မင်း ပြည်ကို ပြန်လိုက်ဦး ... ချက်ချင်း ဒီကောင်ကို ဆက်လုပ်ဖို့ဆိုရင် ဒီကောင်က သတိအနေအထားမှာရှိသွားပြီ ... ဒီကောင် တစ်ခုခုဖြစ်သွားတာနဲ့ ရဲအဖွဲ့က မင်းကတစ်ဆင့် ငါ့ကို မီးခိုးကြွက်လျှောက် လိုက်နိုင်တယ် ... ဒီတော့ မြွေတော့ သေရမယ် ... တုတ်တော့ မကျိုးစေနဲ့ နည်းကို ငါစဉ်းစားမယ် ... အခု မင်းလုပ်ပေးခဲ့တဲ့ကိစ္စ



အတွက် ငွေငါးထောင်ယူပေါ့ ... ကိစ္စမအောင်မြင်ပေမဲ့ မင်းရဲ့ လုပ်အားခပေါ့ကွာ ... "

"အခုကိစ္စအတွက် ကျုပ်လုပ်တာ မအောင်မြင်လို့ တစ်ပြားမှ မယူဘူး ဆရာကြီး ... "

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ထွန်းညွန့် ... "

"ဒါဆို ... အခု ကျုပ်ကိုပေးတဲ့ ငွေငါးထောင်ဟာ ဒီကောင့်ကိစ္စကို ဆက်လုပ်ဖို့ စရန်ငွေသဘောနဲ့ ကျုပ်လက်ခံမယ် စရန်ငွေ လက်ခံထားမှ တခြားအလုပ်တွေ ကျုပ်လက်မခံမိအောင်ပါ ... ဒါပေမဲ့ ကျုပ်တစ်လအတွင်း မလုပ်ရရင် ... ဆရာကြီးရဲ့စရန်ငွေ အဆုံးပဲ ... "

## ၈

ညနေငါးနာရီသာသာတွင် နောင်ဝင်းဆွေ ရေချိုးထမင်းစားပြီး သူငယ်ချင်းအောင်ချိုဝယ်ပေးထားသော ကင်မရာကို ကိုင်ကာ မြို့ထဲသို့ဆင်းလာသည်။

မြို့ထဲမှ ငွားငွားစွင့်စွင့်ပွင့်နေသော နှင်းဆီပန်းတွေကိုပဲ ရိုက်ရမလား ပန်းဝတ်ရည်ကို စုပ်ပြီး အတောင်လေးဖြန့်နေသော လိပ်ပြာလေးတွေကိုပဲ ရိုက်ရမလား လျှောက်ကြည့်နေသည်။

ကျောင်းသားဘဝက နောင်ဝင်းဆွေ တစ်ချိန်တစ်ကာလ ဓာတ်ပုံဘက်ဝါသနာပါသွားဖူးသည်။ ဝါသနာပါလျှင် စူးစိုက်တတ်သော အကျင့်အတိုင်း ဓာတ်ပုံရို ပြီး အမှောင်ခန်းတွင် ကိုယ့်ဟာကိုယ် ဖလင်ဆေး၊ ပုံကူးသည်အထိ လုပ်ခဲ့ဖူးသည်။ ဒါကြောင့်လည်း အောင်ချိုက မိမိအပျင်းပြေဆော့ရန် ကင်မရာဝယ်လာပေးခြင်းဖြစ်ပါ၏။



"ဩ ... မောင်ဆွေ ဓာတ်ပုံရိုက်မလို့လား ..."

"ဟုတ်တယ် ... ဒေါ်ကြီးသိန်း ... ကျောင်းသားတုန်းက ဝါသနာ အခုပြန်ထတာ ..."

"ဒါဆိုလည်းကွယ် ... အညောင်းပြေလမ်းလျှောက်ရင်း အဝေရာ စေတီတော်မှာ သွားရိုက်ပါလား ... သိပ်သာယာတယ် ... အဝေရာ စေတီတော်ကလည်း သိပ်သပ္ပါယ်စရာကောင်းတယ် ... ကုန်းအမြင့်လေးကို စောင်းတန်းက တက်သွားရင်လည်း ရှုခင်းတွေ သိပ်လှတယ် ..."

"ဟုတ်လား ... ဒါဆို ကျွန်တော်သွားလိုက်ဦးမယ် ... ဒေါ်အဲဖေ့ကို ဒေါ်ကြီးသိန်းပဲ ပြောပေးပါ ... အရေးကြီးလူနာရောက်လာရင် ... အဝေရာစေတီတော်မှာ ကျွန်တော့်ကို အခေါ်လွှတ်ပါလို့ ..."

နောင်ဝင်းဆွေ အိမ်ပြင်ထွက်ခဲ့သည်။

မြို့ဝိုင်းကြီးမို့ တစ်နေရာနှင့်တစ်နေရာ သိပ်မဝေးသော်လည်း အဝေရာစေတီတော်မှာ သီးသန့် မြို့ပြင်တွင် တည်ထားသောကြောင့် နှစ်ဖာလုံလောက် လျှောက်လာရသည်။

စောင်းတန်းပေါ် တက်လာကတည်းက ကောင်းနိုးရာလေးတွေကို ဓာတ်ပုံရိုက်ရင်း စေတီ၏ ရင်ပြင်တော်သို့ ရောက်လာလေသည်။

"ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရား ... မယ်နဲ့မောင်

ဆုပန်တောင်းခါယ် ... ပေါင်းရစေသား ... ”

ဆိုသည့် စာသားလေးကို ရွှေရောင်ဝင်းနေသော အဝေရာစေတီတော်ကို မော့ဖူးရင်း ရွတ်ဆိုမိသည်။

ရွတ်ဆိုလို့သာ ရွတ်ဆိုရသည်။ နောင်ဝင်းဆွေအဖို့ မယ်နှင့်မောင် ပေါင်းရစေသားဟု ဆုတောင်းစရာ မယ်မရှိသေး။

စေတီတော်ကို အောက်မှပင့်ပြီး ခေတ်ပုံရိုက်ရမည်လား၊ အဝေးခပ်လှမ်းလှမ်းသို့သွားပြီး အဝေးဗျူး ရိုက်ရမည်လားဟု စဉ်းစားပြီး ဝေခွဲမရဖြစ်နေသည်။

“ဟောတော့ အစ်ကိုပါလား ... ”

“ဟင် ... နှင်းဖြူ ... ”

နှင်းဖြူနှင့်အတူ ဖိုးနီလည်းပါသည်။ အဒေါ်ကြီး တစ်ယောက်လည်းပါသည်။

“ဒီမြို့မှာ နှင်းဖြူဟာ စနေမပါ အစ်ကို ... ”

“တို့ မီးရထားပေါ်မှာ သိခဲ့တာကတော့ ... နှင်းဖြူမဟုတ် လား ... ”

နှင်းဖြူက ရယ်သည်။

သွားဖြူတန်းစီစီရီရီလေးများ၏ လက်ျာစွန်းတွင် သွားအထပ်လေးရှိနေသည်ကို ယခုမှ နောင်ဝင်းဆွေ သေချာကြည့် မိသည်။

နှင်းဖြူရယ်လျှင် ဒီသွားထပ်လေးကြောင့်လားမသိ ပို၍ကြည့်ကောင်းသည်၊ ပို၍လှသွားသည်။



တိမ်တောက်ချိန်တွင် အမျိုးသမီးလေးတို့၏အလှ သည် ပို၍ပေါ်လွင်လေသလားမသိ။

ထို့ကြောင့် ရှေ့ခေတ်ဘုရင်များက ဆည်းဆာတိမ် တောက်ချိန်တွင် လှပသော အမျိုးသမီးလေးတွေကို ကောက်ယူ တတ်သောကြောင့် ဖျိုကြောက်တဲ့ ဒီအချိန်ဟု စာဖွဲ့လေသလား။

နှင်းဖြူသည် အဝါရောင်ဝတ်စုံဝတ်ဆင်ထားသည်။ ဖြူဝင်းသော အသားရောင်သည် တိမ်တောက်ချိန်မို့ အဝါတွေရော ပြီး နှင်းဖြူဝင်းဝင်းဝါဝါလေးလှနေသည်။

ဆံကေသာတို့ နောက်တွင်တစ်ပတ်လျှိုထုံးပြီး မြင်း မြီးလို ကျောဘက်ချထားသည်မှာ တင်ပါးဖုံးနေသည်။ တစ်ပတ်လျှို ထုံးကို ဖြေချလျှင် သူမ၏ဆံပင်သည် သူမ၏ဒူးကောက်ကွေးအထိ ရှည်လေမလား။

ခုခေတ်အမျိုးသမီးအများစု၏ ဆံပင်တို၊ ဆံပင် ကောက်များကြားဝယ် နှင်းဖြူ၏ ဆံပင်ရှည်တစ်ပတ်လျှိုက တစ်မျိုး ဆန်းသစ်နေသည်ဟု နောင်ဝင်းဆွေထင်မိသည်။

နောင်ဝင်းဆွေ၏ မျက်စိတွင် အမျိုးသမီးလေးတွေ ရင်ဖုံးလက်ရှည်လုံလဲစွာဝတ်ထားပြီး ဆံပင်အရှည်ထားသည်ကို နှစ် သက်သည်။ ပို၍ကြူနွဲ့ရှိသည်ဟု ထင်မိမြင်မိသည်။

လည်ဟိုက်အင်္ကျီဝတ်ပြီး ရင်ညွန့်စပ်ပေါ်သည်ထက် ရင်ဖုံးအင်္ကျီဝတ်ပြီး ပုံရိပ်ပေါ်လွင်သည်က လည်ဟိုက်ရင်ညွန့်ပေါ် သည်ထက် ပိုမိုစွဲမက်ဖွယ်ကောင်းသည်ဟုလည်း ထင်မိသည်။

"အေးလေ ... အစ်ကိုနဲ့ နှင်းဖြူ ဘေးလူတွေမရှိတဲ့နေရာမှာ တွေ့ရင် ... နှင်းဖြူဟာ နှင်းဖြူပဲပေါ့ အစ်ကို ... အများရှေ့မှာတော့ စနေမပဲ ဆိုပါတော့ ..."

"အင်း ... တစ်မျိုးကြီးပါလား ..."

"အစ်ကို ဘုရားဖူးလာတာလားဟင် ..."

"ဓာတ်ပုံရိုက်ထွက်လာတာပါ ... ဒေါ်ကြီးသိန်းက စေတီတော်ဘက်မှာ ရှုခင်းတွေ သိပ်သာယာတယ် လှပတယ်ဆိုတာနဲ့ ထွက်လာတာ ... နှင်းဖြူကော ဘုရားဖူးလာတာပဲလား ..."

"ညနေတိုင်း လာတာမို့ ... ဘုရားဖူးလာတာလို့တောင် ပြောရမှာ ခက်တယ် အစ်ကို ... အဝေရာစေတီတော်က နှင်းဖြူတို့ရဲ့ ဆွေဘုရား မျိုးဘုရားလေ ..."

"ဩ ..."

"အံ့ဩသွားလား ... ဒီလိုပါ အစ်ကို နှင်းဖြူတို့ အိမ်က မြို့အထွက်အလွန်လေးမှာ ဒီတော့လည်း ညနေပိုင်း ဆိုင်သိမ်းအားလပ်တာနဲ့ ဘုရားဘက်ကို လျှောက်တာပဲ ... သြော် ကြီးကြီးမြရေ ... ဖိုးနီကို ခေါ်ပြီး အိမ်ပြန်နှင့်လေ ..."

မောင်သန်းပြောထားသဖြင့် ထိုအမျိုးသမီးကြီးမှာ နှင်းဖြူနှင့်အတူနေ ဒေါ်အေးမြဖြစ်ကြောင်း နောင်ဝင်းဆွေသိလိုက်ပါ၏။

ဒေါ်အေးမြက ဖိုးနီကို လက်ဆွဲပြီး ထွက်သွားသည်။



နှင်းဖြူက စောင်းတန်းမှ ဆင်းသွားသော ဖိုးနီနှင့် ဒေါ်အေးမြကို ငေးကြည့်နေစဉ် ဖျတ်ခနဲ အလင်းရောင်မျက်နှာလာဟပ်သဖြင့် လှည့်လိုက်ရာ နောင်ဝင်းဆွေက သူမအား ဓာတ်ပုံရိုက်လိုက်ကြောင်း သိလိုက်ရသည်။

"ဟင် ... အစ်ကို ..."

"ဘာလဲ ... မကျေနပ်လို့လား နှင်းဖြူ ..."

"အစ်ကို့ဖလင်ကို နှမြောလို့ပါ ... နှင်းဖြူကတော့ ကျေနပ်ပါတယ် ..."

"ဖလင်ကို ဘာလို့နှမြောတာလဲ ..."

"အစ်ကိုရိုက်တာ ကာလာဖလင်လားဟင် ..."

"ဒါပေါ့ ..."

"ဒါဆို ပိုပြီးတောင် နှမြောဖို့ ကောင်းသေး ..."

"တို့က ပြန်မေးနေတယ် ... ဖလင်ကို ဘာလို့ နှင်းဖြူက နှမြောတာလဲလို့ ... ဖလင်ဆိုတာ ဓာတ်ပုံရိုက်ဖို့ပဲဟာ"

"ဓာတ်ပုံရိုက်တယ်ဆိုတာကလည်း ရိုက်သူမှာ အကျိုးရှိမှ ဓာတ်ပုံဖြစ်ရမှာပေါ့ အစ်ကို ... ဒါမှမဟုတ် ကိုယ့်အတွက် အမှတ်တရဖြစ်စေမှပေါ့ ... နှင်းဖြူရဲ့ဓာတ်ပုံဟာ အစ်ကို့အတွက် နှစ်မျိုးစလုံး အကျိုးဝင်စေမှာမှ မဟုတ်တာ"

"အာ ... ဘယ်ဟုတ်မလဲ နှင်းဖြူ ... ခုန နှင်းဖြူဘေးတိုက်လေးရပ်ပြီး စောင်းတန်းကို ငုံ့ကြည့်နေတဲ့ပုံဟာ ရာခိုင်နှုန်းပြည့် ရိုက်ကွက်ဝင်နေတယ် ... လေတဖြူးဖြူးမှာ နှင်းဖြူ

၍ နောက်တွဲဆံပင်က လေထဲမှာလွင့်ပါးနေတယ် ... လေတိုးလို့ နှင်းဖြူရဲ့အကျီထဘီတို့ဟာ အသားကပ်နေတယ် ထဘီအနားဟာ လေနဲ့အတူ လွင့်နေတယ် ... နောက်ခံတိမ်တောက်နေတာက လိမ္မော်ရင့်နဲ့ ခရမ်းနုရောင်ရှိနေတယ် ... နှင်းဖြူဝတ်ထားတာက အဝါရောင်ဆိုတော့ လိုက်ဖက်ပေါ်လွင်နေတယ် ... ဓာတ်ပုံပြိုင်ပွဲဝင်ရင်တောင် အဆင့်မီနိုင်တယ် ... ဓာတ်ပုံပြိုင်ပွဲဝင်လို့ ဆုရရင် တို့ဓာတ်ပုံပညာနဲ့ ပတ်သက်ပြီး အကျိုးရှိတာပေါ့ ... ဒီတော့ ဖလင်ကို ဘာလို့ နှမြောရမှာလဲ ... "

"ဒါဆိုရင် ကျော်သေးတာပေါ့လေ ... "

"နောက်ပြီး ... နှင်းဖြူရဲ့ ဘေးတစောင်းအနေအထား မျက်နှာဟာ ... နောက်ခံတိမ်ရောင်နဲ့ အရမ်းကြည့်ကောင်းတယ် ... မျက်တောင်ကော့နေတာ ပေါ်လွင်တယ် ... နှာတံလေး မချွန်မလုံးနဲ့ သိပ်လှတယ် ... "

"အနောက်တိုင်းယဉ်ကျေးမှုအရဆိုရင် ... ဒီလောက်တောင် ချီးမွမ်းနေတဲ့ အစ်ကို့ကို နှင်းဖြူက ... သိုင်းကယူလို့ ပြောရမှာပဲ ... ဒါပေမဲ့ ... အစ်ကို ချီးမွမ်းတာကို နှင်းဖြူရှက်တယ် ... "

"မြင်တာကို မြင်တဲ့တိုင်းအပြောပါနှင်းဖြူ ... နောက်ပြီး ဓာတ်ပုံရိုက်ရာမှာ ... တမင်တကာ ရိုက်တော့မယ်နော်လို့ လုပ်ပြောပြီးမှ ရိုက်ရင် ... အရိုက်ခံရသူမှာ နဂိုသဘာဝ



ပျောက်သွားရော ... နဂိုအလှတွေ ပျောက်သွားရော ... ဒါကြောင့် ရိုက်ခွင့်မတောင်းဘဲ ... တို့ရိုက်လိုက်မိတာကိုတော့ ... တို့က နှင်းဖြူကို တောင်းပန်ရမှာပဲ ... "

နှင်းဖြူသည် ကျေနပ်စွာပြုံးပါ၏။

နှင်းဖြူအဖို့ အခြားမြင်သူတိုင်းက နှင်းဖြူသိပ်လှတာပဲ သိပ်ချောတာပဲဟု ပြောသည်များမှာ နှင်းဖြူအတွက် ရိုးနေပြီ။

ယခု အစ်ကိုပြောပုံကျတော့ ဒါရိုက်ကြီး နှင်းဖြူသိပ်လှတယ်ဟု ပြောခြင်းမျိုး မဟုတ်။ နောက်ခံတိမ်တွေက ဘယ်လို နှင်းဖြူနှာတံလေးက ဘယ်လို မျက်တောင်လေးက ဘယ်လို စသည်ဖြင့် သွယ်သွယ်ဝိုက်ဝိုက်နှင့် လှသည့်အကြောင်း ပြောသည်တွင် နှင်းဖြူ၏ ရင်မှာ နှလုံးမှာ တဒိတ်ဒိတ်ခုန်လာစေပါ၏။ ကြည်နူးမှုနှင့် ကျေနပ်မှုလည်း သိမ့်သိမ့်ခံစားရပါ၏။

"နှင်းဖြူမှာ အချိန်ရသလား ... နက်ဖြန် ဆိုင်ထွက်ဖို့ အိမ်မှာ ပြင်ဆင်ဖို့ အလုပ်တွေ ရှိနေလား ... "

"ရှိတော့ရှိပါတယ် ... ဗာဟီရအားလုံး ကြီးကြီးမြက လုပ်ပေးတယ် ... နှင်းဖြူက အုန်းနို့ခေါက်ဆွဲ ဟင်းရည် အစစ်အဟပ်ကျမှဝင်လုပ်တယ် ... အဲဒါကလည်း သန်းခေါင်ကျော်မှ ထ,လုပ်ရတာပါ ... "

"ဒါဆို ... အခု အချိန်ရတယ်ပေါ့ ... "

"ဘာလို့လဲဟင် အစ်ကို ... "

"အစ်ကို စကားပြောချင်လို့ ... "

"ရပါတယ် ... ဒါပေမဲ့ အစ်ကို ... "

"ဒါပေမဲ့ ဘာဖြစ်လဲ ... "

"အစ်ကို့ကို ... အခုအချိန်မှာ ... အဝေရာရဲ့ အရှင်သခင် တစ်ပါးလိုလောက် ကြည်ညိုလေးစားနေပါတယ်အစ်ကို ... မြို့ပေါ်မှာရော ... တောပိုင်းကျေးလက်တွေမှာရော အစ်ကို့ကို တန်ခိုးရှင်တစ်ဦးလို လေးစားကြည်ညိုနေကြတာပါ... "

"အဲဒါ ဘာဖြစ်လဲ ... "

"နှင်းဖြူက အဝေရာမှာ ... စနေမဆိုတဲ့ နာမည်တစ်လုံးနဲ့ မိစ္ဆာတစ်ကောင်ပါ ... အဝေရာ စေတီတော်ပေါ်ကို ဒီလို ညနေဆည်းဆာချိန်မျိုးမှာ ... ဘုရားဖူးတွေ လာတတ်ကြပါတယ် အစ်ကို ... အစ်ကို့နဲ့ နှင်းဖြူကို နှစ်ယောက်တည်း အတူတွေ့သွားရင် ... အစ်ကို့ဂုဏ်သိက္ခာ အများကြီး ထိခိုက်နိုင်ပါတယ် ... လေးစားကြည်ညိုတာတွေ ကျဆင်းသွားနိုင်ပါတယ်အစ်ကို ... ဒီတော့ ... စနေမကြောင့်တော့ ... အစ်ကို့မှာ မနစ်နာပါစေနဲ့ ... အရှုံးမပေါ်ပါစေနဲ့အစ်ကို ... "

နောင်ဝင်းဆွေ ပြုံးလိုက်သည်။

"အဝေရာကို ... ကိုယ်လာကတည်းက ကိုယ့်အတွက် အရှုံးအမြတ်တွေ ဘာမှ လုံးဝမတွက်လို့ ... လာခဲ့တာပါ နှင်းဖြူ ကိုယ်ကျိုးနဲ့ပတ်သက်ပြီး ... သူ့ဟာသူ ရှုံးချင်ရှုံး ... မြတ်ချင်မြတ် ... ဘာမှ ကိုယ့်စိတ်ထဲ အမှတ်သညာမထားဘူး။



အဝေရာမှာ လူတွေက ကိုယ့်ကိုကြည်ညိုကြတယ်ဆိုတာ ရောဂါပျောက်အောင် ကုပေးနိုင်လို့ပါ ... မွေစရိယကြည်ညိုသလို ကြည်ညိုကြပုံမျိုးမှ မဟုတ်တာ ... ကိုယ်ဆက်ပြီး ဆေးကုသကောင်းနေဖို့သာ အဓိကပါ ... ကဲပါ ... လာ ဟိုဥောင်ပင်ကြီးကို ဝိုင်းထားတဲ့ အုတ်ခုံမှာ သွားထိုင်ကြစို့ နှင်းဖြူရဲ့အကြောင်း ကိုယ်သိချင်တယ် ... စနေမအကြောင်း ကိုယ်သိချင်တယ် ဒါပဲ ... "

"အစ်ကိုက သရက် ... နှင်းဖြူက ခွေးတောက်ပါ အစ်ကို နှင်းဖြူကြောင့် အစ်ကို့မှာ ခါးသွားမှာ စိုးလို့ပါ ... "

"ကဲ ... လက်ဆွဲပြီး အတင်းခေါ်ရမှာလား ... "

"မလုပ်ပါနဲ့ အစ်ကို ... နှင်းဖြူလိုက်ပါ့မယ် ... "

ဥောင်ပင်ခြေရင်းအုတ်ခုံဝိုင်းတွင် နှစ်ယောက်သား မနီးမဝေးခွာပြီး ထိုင်ကြသည်။

"အစ်ကိုသိချင်တာမေးပါ အစ်ကို ... "

"ပထမဆုံးသိချင်တာက နှင်းဖြူဟာ ဘယ်ဇာတိလဲ ... မိဘက ဘယ်သူတွေလဲ ... အဝေရာကို မရောက်ခင်က ဘယ်မှာနေပြီး ဘာတွေလုပ်ခဲ့သလဲ ... နှင်းဖြူ ပညာအရည်အချင်း ဘယ်အဆင့်ဘယ်အတန်းထိ သင်ခဲ့ဘူးလဲ ... အဝေရာ ရောက်လာမှ ကိုယ့်ဟာကိုယ် စနေမလို့ ဘာလို့ နာမည်ပေးတာလဲ ... "

နှင်းဖြူသည် မျက်တောင်ကော့ကြီးဖြင့် နောင်ဝင်း

ဆွေကို မော့ကြည့်သည်။

ဆံပင်ကောင်းသူများသည် ဒီလိုမင် မျက်ခုံးလေးထူပြီး မျက်တောင်ကော့တတ်လေသလားဟု နောင်ဝင်းဆွေ သုတေသနပြုရင်း နှင်းဖြူကို ပြန်ငေးကြည့်နေမိသည်။

"နှင်းဖြူရဲ့အတိတ်အကြောင်းဖြစ်စဉ်နဲ့ ဘဝမှန်တွေ အစ်ကို့ကို နှင်းဖြူပြောပါ့မယ် ... အဝေရာမှာ နှင်းဖြူ ကိုယ့်အကြောင်းပြောတာ ... အစ်ကိုဟာ ပထမဆုံးလူပါပဲ ..."

"ကိုယ်ကလည်း ဘာလိုမှန်းတော့မသိဘူး ... နှင်းဖြူအကြောင်းကို သိပ်သိချင်နေတယ် ... သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကို အတင်းစွတ်မေးတာဟာ မယဉ်ကျေးမှန်းကိုယ်နားလည်ပါတယ် ... နားလည်လျက်နဲ့ စွတ်မေးတာပါ ..."

"နှင်းဖြူဟာ သာယာဝတီဇာတိပါ ... နှင်းဖြူကို မွေးတာစနေနေ့ နေ့လယ်မွန်းတည့်ချိန်မှာ မွေးခဲ့တယ် ... နှင်းဖြူက သမီးဦးပါ ... သားဦးစနေ မီးလိုမွှေဆိုတဲ့စကား နှင်းဖြူနဲ့ပတ်သက်လျှင်တော့ သိပ်မှန်နေပါတယ် အစ်ကို ..."

"ရှုပါစတေးရှက်(စ်)ပါ ... ဥပါဒါန်ကြောင့် အစွဲအလမ်းတွေပါ ..."

"နှင်းဖြူ အယူမသည်းတတ်ပါဘူး အစ်ကို ... ဒါပေမဲ့ နှင်းဖြူနဲ့ အဲဒီအဆိုရှိထားတဲ့ စာနဲ့ကတော့ တိုက်ဆိုင်နေတယ် ... နှင်းဖြူ တစ်နှစ်သမီးအရွယ်မှာပဲ နှင်းဖြူရဲ့ဖေဖေဟာ အရက်



ဝိုင်းမှာ အချင်းချင်းစကားများရန်ဖြစ်ပြီး ဓားထိုးခံရလို့ သေသွားတာပဲ ..."

"ဖြစ်ရလေ နှင်းဖြူရယ် ..."

"စနေမ စပြီး မွေးတာလေ ..."

နောင်ဝင်းဆွေက ခေါင်းမညိတ်၊ ခေါင်းမခါပေ။

"ဒါကြောင့် စနေမလို့ ခေါ်တာလား ... နှင်းဖြူဆိုတဲ့ နာမည်ကကော ... ဘယ်သူက ပေးလိုက်တာလဲ ..."

"ဖေဖေပေးခဲ့တဲ့ နာမည်ပါ ... မွေးကတည်းက နှင်းပွင့်လေးလို ဖြူဖြူဖွေးဖွေးမို့ ဖေဖေက နေ့သင့်နံသင့်ဆိုပြီး စနေသမီးလေးကို 'နှင်းဖြူ'လို့ နာမည်ပေးခဲ့တာတဲ့ ..."

"ဒါဆို ... တို့က အခု နှင်းဖြူကို နာမည်တစ်လုံးတိုးပြီး ပေးချင်တယ် ..."

"ဘယ်လိုပေးချင်တာလဲ အစ်ကို ..."

"နှင်းဖြူဝင်းလို့လေ ... နှင်းဖြူရဲ့အသားက အဖြူမှာ အဝါလေးနှောပြီး ဝင်းနေလို့ ..."

နှင်းဖြူက ရယ်လေသည်။

"လူဆိုတာ အမြောက်ကြိုက်တတ်စမြဲပါ အစ်ကို ... အဲဒီအထဲမှာ နှင်းဖြူဟာ အမြောက်အကြိုက်ဆုံး ငပေါမမျိုးဖြစ်နေမလား မသိဘူး ... အစ်ကိုက ဒီလိုမြှောက်လေ နှင်းဖြူရင်ထဲမှာ ဝမ်းသာလေ ... ကြည်နူးလေ ဖြစ်ရလွန်းလို့ ..."

"တို့ပြောပြီးသားပါနော် ... တို့ဟာ အမြင်ကို အမြင်အတိုင်း

ပြောတတ်တယ်လို့ အသားမည်းနေတဲ့ ကုလားကြီးကို အသားဖြူတယ်လို့ ပြောတာမျိုးသာ မြှောက်ပြောတာလို့ ခေါ်ရမှာ … ကဲပါ နှင်းဖြူအကြောင်း ဆက်ပြောပြပါ …"

"ဖေဖေဆုံးသွားတော့ မေမေက အိမ်ထောင်ဦးစီးရှာဖွေ ကျွေးပါတယ် … မေမေဟာ ဖေဖေဆုံးတဲ့အချိန်မှာ အရွယ် ကျန်သေးပြီး လှတုန်း ချောတုန်းမို့ နောက်လူတွေက မေမေ့ကို ချဉ်းကပ်ပေမဲ့ မေမေက သမီးလေးနှင်းဖြူကို ပထွေးနဲ့ မနေစေရဘူးဆိုပြီး နောက်အိမ်ထောင်မပြုဘူး … ကြီးကြီးမြကို အိမ်မှာ အဖော်ခေါ်ပေးတယ် … "

"အဲဒီကြီးကြီးမြက နှင်းဖြူနဲ့ ဘာတော်သလဲ … "

"ကြီးကြီးမြက မေမေ့ရဲ့အစ်မဝမ်းကွဲလေ … နှင်းဖြူရဲ့ အဒေါ်ကြီးပေါ့ … အပျိုကြီးပါ … မေမေက အိမ်ဆိုင်လေး ဖွင့်ပြီး ကြီးကြီးမြကို ဆိုင်ထိုင်ခိုင်းတယ် … မေမေကတော့ အထက်ကုန် အောက်ကုန် ကူးသန်းရောင်းဝယ်တယ် … ရှမ်းပြည်နယ်ဘက်သွားပြီးလည်း ကုန်ရောင်းကုန်ဝယ်လုပ်တာပဲ … တစ်ခါတလေ အထက်မိုးကုတ်၊ မြစ်ကြီးနားအထိ တောင် သွားတယ် … အမြတ်အစွန်းများများရှိမယ်ထင်ရင် မေမေက လုပ်တာပဲ … နှင်းဖြူတို့မိသားစု ချောင်လည်ပါ တယ် … နှင်းဖြူဆယ်တန်းအောင်ပါတယ် … ရန်ကုန် ကန်ဘဲ့ ဆရာအတတ်သင်မှာ ဆက်တက်တယ် … ဆရာဖြစ်သင် အောင်ပြီး သာယာဝတီမူလတန်းကျောင်းမှာပဲ မူလတန်း



ဆရာမဘဝနဲ့နေတုန်း … အောင်သွယ်ကောင်းတာနဲ့ ကိုခင်ညိုဆိုတဲ့လူကို လက်ထပ်ဖို့ သဘောတူလိုက်တယ်"

"ဟိုက် … "

"မဟိုက်နဲ့ အစ်ကို … ဆက်နားထောင် … ကိုခင်ညိုက မန္တလေးသားတဲ့ … သာယာဝတီဆောက်လုပ်ရေးမှာ လက် ထောက်အင်ဂျင်နီယာ … အေအီးနဲ့ ရောက်လာတာ … မန္တလေးက သူ့မိဘတွေက ကိုခင်ညိုနဲ့ သဘောတူ ပေးစား ချင်တဲ့အမျိုးသမီးတစ်ယောက် ရွေးထားပြီးသားတဲ့ … သူ့ ဆ မိဘရွေးတာကို လုံးဝမချစ်ဘဲ နှင်းဖြူကို တမ်းတမ်းစွဲချစ် လို့ပါတဲ့ … ဒါကြောင့် သာယာဝတီ တရားရုံးမှာ လက်ထပ် မယ် … လက်ထပ်ပြီးမှ သူ့မိဘက အမွေပြတ်ကြေညာချင် လည်း ကြေညာပါစေတဲ့ … "

"အဲဒါကို နှင်းဖြူလက်ခံလိုက်သလား … "

"လက်ခံလိုက်ပါတယ် အစ်ကို … နှင်းဖြူဘဝမှာက နှင်းဖြူ နဲ့ မေမေမနှစ်ယောက်တည်းပါ … မေမကလည်း အိမ်မကပ် အရောင်းအဝယ်ထွက်နေတော့ ကိုခင်ညိုရဲ့မိဘတွေကို ထည့်မတွက်ဘဲ ကိုခင်ညိုရဲ့အေအီးအလုပ်လခ … နှင်းဖြူရဲ့ ကျောင်းဆရာမ လခနှစ်ခုပေါင်းရင် … တည်ငြိမ်တဲ့ အိမ် ထောင်လေး ဆောက်တည်နိုင်တယ်ဆိုတဲ့ တွက်ကိန်းနဲ့ပါ ဒါပေမဲ့ … စနေမကို စနေဂြိုဟ်ဝင်မွှေလိုက်တော့တာပဲ"

"ဘာလို့ ဝင်မွှေတာလဲ … "

"သာယာဝတီတရားရုံး တရားသူကြီးရှေ့မှောက်မှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးတော့မဲ့အချိန်မှာပင် မန္တလေးက ကိုခင်ညိုရဲ့ ဇနီးမယား ဖြုန်းခနဲရောက်လာတယ် … လူပုံအလယ်မှာပဲ နှင်းဖြူကို လင်ခိုးမလို့ အော်ဟစ်ပြောတယ် လင် ဒီလောက်ရှားလို့ သူများလင်ကိုမှ ခိုးရသလား … လင်ငတ်မလို့ အော်ပြောရန်တွေ့တယ် … စုံလို့ပါပဲ အစ်ကို … နှင်းဖြူ အရမ်းအပြောခံရတော့ … နှင်းဖြူ အရမ်းရှက်သွားတယ် … မျက်နှာ ဘယ်မှာထားရမှန်း မသိအောင်ကို ရှက်သွားတယ် … နောက်ပြီး ကိုခင်ညိုရဲ့မယားကြီးကို နှင်းဖြူစိတ်မဆိုးပါဘူး … နှင်းဖြူဒေါသမထိန်းနိုင်အောင် စိတ်ဆိုးတာက မယားကြီးရှိသားနဲ့ နှင်းဖြူကို လှည့်ဖြားအရယူချင်တဲ့ ကိုခင်ညိုကို အရမ်းစိတ်ဆိုးတာပါ … "

"စနေသမီးဟာ ဒေါသကြီးရင် မထိန်းနိုင်တော့ဘူးလို့ဘဲ ပြောပါတော့ အစ်ကို … နှင်းဖြူ တရားသူကြီးစားပွဲပေါ်မှာရှိနေတဲ့ စက္ကူဖြတ်တဲ့ ဓားချွန်နဲ့ ကိုခင်ညိုကို အချက်ပေါင်းအများကြီး ထိုးရုံမကဘူး … စားပွဲပေါ်က သစ်သားမျဉ်းလုံးနဲ့လည်း အဆက်မပြတ် ရိုက်ပစ်လိုက်တယ် … "

"သေရောပေါ့ နှင်းဖြူရယ် … "

"သေတာပေါ့ … ဆေးရုံရောက်မှ သေတာပါ … သူက ရုံးကို သေတမ်းစစ်ချက်ပေးသွားတယ် … နှင်းဖြူမှာ အပြစ်မရှိပါဘူး … နှင်းဖြူကို သူက လိမ်လည်လှည့်ဖြား လက်



ထပ်တာပါလို့ … "

"ဒီလို ဒီလိုကျတော့ မဆိုးဘူးပေါ့နော် နှင်းဖြူ … "

"အဲဒါတွေလည်း ပါတယ် … တခြားလူမှုရေးပိုင်းတွေလည်း ပါတယ် … ရှေ့နေရဲ့ တင်ပြချမ်းဆောင်ချက်တွေလည်း ပါတယ် … တရားရုံးက နှင်းဖြူကို ထောင်သုံးနှစ်ချလိုက်တယ် … "

"ဟင် … ဒါဆို … နှင်းဖြူ လူသတ်မှုနဲ့ ထောင်ကျခဲ့ဖူးတယ်ဆိုတာ မှန်နေတာပေါ့နော် … "

"အစ်ကို ဘယ်ကကြားတာလဲ … "

"ဒီကိုအလာ ပြည်မှာ တစ်ညဝင်အိပ်ရင်း … ကိုလွမ်းဝေနဲ့ အောင်ချိုပြောတဲ့စကားထဲမှာ စနေမဟာ လူသတ်မှုနဲ့ ထောင်ကျဖူးတယ်လို့ ပြောသံကြားဖူးတာ … "

"ဟုတ်မှာပေါ့ အစ်ကို … အဲဒီတုန်းက သတင်းစာတွေထဲမှာ ဟိုးလေးတကြော်ကြော်ပါခဲ့တာပဲ … အစ်ကို သတင်းစာမဖတ်မိလို့ နေမှာပါ … "

ဟုတ်ပေသည်။ နောင်ဝန်းဆွေသည် မိမိကျောင်း[illegible]ခဲ့ပြီး တခြားစာအုပ်တွေကို ဖတ်လေ့မရှိခဲ့၊ သတင်းစာဆိုလည်း အိမ်တွင် တီစီရော၊ ရေဒီယိုရော ရှိသောကြောင့် သတင်းနားထောင်သည်ကလွဲပြီး သတင်းစာမဖတ်ပေ။

"တို့ အဝေးရောက်တော့လည်း မောင်သန်းပြောတာက လူမိုက်ထောင်ထွက် အောင်ကြီးဟာ နှင်းဖြူအိမ်ခြံစည်းရိုး

ဖျက်ပြီး အခမ္မကြီးစည်လို့ နှင်းဖြူက နံနံပင်ညှပ်တဲ့ ကတ်ကြေးနဲ့ ထိုးလို့ သေသွားတယ် … ဒါပေမဲ့ အဲဒီအမှုအတွက် နှင်းဖြူ ထောင်မကျဘူး အမှုအတွင်း ရဲအချုပ်ပဲ ခံရတယ် တရားရုံးက နှင်းဖြူကို တရားသေလွှတ်ပေးတယ် … အဲဒီလို ရဲအချုပ်ခံရတာကိုပဲ လူတွေက နှင်းဖြူကို ထောင်ထွက်လို့ ခေါ်ကြတာလို့ တို့ထင်ထားတာ … ”

“ဘယ်ဟုတ်မလဲ အစ်ကို … အခု နှင်းဖြူအသက်နှစ်ဆယ့်တစ်နှစ်အတွင်းမှာ ယောကျ်ားသားကြီးနှစ်ယောက်ကို သတ်ခဲ့ဖူးပြီး စနေမနဲ့ ပတ်သက်မှုမှန်သမျှ စနေဂြိုဟ်ဝင်သွားတာချည်းပဲ … နှင်းဖြူ ထောင်သုံးနှစ်ကျနေတုန်းမှာပဲ မေမေလည်း ဆုံးသွားတယ် … တောင်ကြီး–မန္တလေး အဝေးပြေးကားမှောက်တဲ့အထဲမှာ မေမေပါသွားပြီး သေဆုံးတာလေ … စနေမကို မွေးမိတဲ့ မေမေ့ကိုလည်း စနေဂြိုဟ်ဝင်လိုက်တာ … မေမေ့အလောင်းကို နှင်းဖြူ ထောင်ထဲမှာ သဂြိုဟ်ခွင့်မရလိုက်ဘူး … ”

“အဲဒီနောက်မှာကော နှင်းဖြူ … ”

“လျော့ရက် ပေါ့ရက်မှုတွေကြောင့် ထောင်ထဲမှာ နှင်းဖြူ နှစ်နှစ်နဲ့ လေးလပဲ နေရပြီး လွတ်ခဲ့ပါတယ် … အဲ … ထောင်ထဲမှာ ထောင်ကျအမျိုးသမီးအချင်းချင်း နီမာနဲ့ သူငယ်ချင်းဖြစ်ခဲ့တယ် … နီမာကတော့ ထောင်ရှစ်နှစ်တောင်ကျတာ အပြင်မှာ သူ့သားလေးဖိုးနီ မျက်စိသူငယ်နဲ့ ကျန်ခဲ့ရှာတယ် ဘယ်ဆွေမျိုးကိုမှလည်း အားကိုးလို့ မရဘူး … နှင်းဖြူ ထောင်ကလွတ်ရင် ဖိုးနီကိုရှာပြီး မွေးပေးပါ … ကျောင်းထားပေးပါ … သူထောင်ကလွတ်ရင် ဖိုးနီအတွက် နှင်းဖြူ ကုန်ကျထားသမျှ သူပြန်ပေးပါ့မယ် … ကျေးဇူးဆပ်ပါ့မယ် နီမာ့မှာ အပြင်မှာဝှက်ထားတဲ့ ပစ္စည်းတွေ အများကြီးရှိပါတယ်တဲ့ … အဲဒီပစ္စည်းတွေအမှုကြောင့်ပဲ ထောင်ရှစ်နှစ်ကျတာလေ … နှင်းဖြူက ပြန်ပေးတာတွေ ပြန်ဆပ်တာတွေ ထည့်မတွက်ပါဘူး … ဖိုးနီလေး မျက်စိသူငယ်နဲ့ ဖြစ်နေရှာမယ်ဆိုတဲ့ ကြင်နာစိတ်တစ်ခုတည်းနဲ့ နီမာပေးတဲ့လိပ်စာအတိုင်း နောင်ချိုကိုသွားပြီး ဖိုးနီကို ခေါ်လာခဲ့တာပါ … အဲဒီတုန်းက ဖိုးနီဟာ ငါးနှစ်သားအရွယ်ပဲရှိသေးတယ် … သူ့အမေ နီမာကလည်း လျော့ရက်တွေ ဘာတွေနဲ့ မကြာခင် လွတ်တော့မယ်ထင်ပါတယ် … နီမာ့ဆီကို ဖိုးနီကို နှင်းဖြူ … ခေါ်ယူမွေးစားထားကြောင်းနဲ့ ကျောင်းထားပေးကြောင်းတွေရော … နှင်းဖြူရဲ့လိပ်စာပါ သွားပေးထားပါတယ် အစ်ကို … အခုတော့ ဖိုးနီကို နှင်းဖြူကိုယ်တိုင် သံယောဇဉ်ဖြစ်နေပြီ … သူ့အမေ နီမာ လာလို့ပြန်ပေးရမှာတောင် ခပ်ခက်ခက်ပဲ … ”



“နှင်းဖြူမှာ ဒီလောက် ပင်ကိုယ်စိတ်မှာ အကြင်နာလေးတွေ ရှိသားနဲ့ လူသတ်မိရသလားကွယ် … ”

“ရုပ်လှတဲ့ ဒဏ်တွေပေါ့အစ်ကို … ရုပ်လှတဲ့ မိန်းကလေး

များ ဆင်းရဲပြီဆိုရင် အနိုင်ကျင့်ချင်တဲ့ ယောက်ျားတွေ ...
ဖြားယောင်းပြီး ခြေတော်တင်ချင်တဲ့ ယောက်ျားတွေအနား
ကပ်လာစမြဲပေါ့ ... ကိုယ်ကာယကျွန်ကို ထိပါးလာရင်
တော့ ... စနေမက မရဘူးဘဲ အစ်ကို ... အသက်အသေခံ
မယ် ... ဒါမျိုးကျတော့ ဘဝပေးကြောင့်ပဲလား ... စနေနေ
မွန်းတည့်ချိန်မှာမွေးတဲ့အတွက်ကြောင့်လား မသိဘူး ... နှင်း
ဖြူလက်သိပ်မြန်တယ် ... စော်ကားချင်သူ အံ့သြနေချိန်မှာ
ပဲ စနေမက ... သူ့ကို အသေသတ်ပြီးသားဖြစ်သွားတာပဲ
အစ်ကို ... ဒီလိုနဲ့ပဲ နှင်းဖြူဟာ စနေမဆိုတဲ့ မိန်းမကြမ်း
မိန်းမဆိုးဘဝရောက်သွားတာ ... "

"တို့အမြင်တော့ မိန်းမကြမ်း မိန်းမဆိုးလို့ မမြင်ဘူး ... ကိုယ့်
အရှက်ကို အသက်ချင်းလဲတဲ့ မိန်းမချောလေးလို့ပဲ ... မြင်
တယ် ... "

"နှင်းဖြူကို အကောင်းမြင်တဲ့ အစ်ကို့ကို ကျေးဇူးတင်
တယ် အစ်ကို ... "

"ဆက်ပြောလေ ... အဝေရာကို ဘယ်လို နှင်းဖြူရောက်
လာရတာလဲဆိုတာ ... "

"ကန်ဘဲ့ ဆရာအတတ်သင်ကျောင်းမှာတက်တုန်းက ညီ
ဆိုတဲ့ ကျောင်းသူနဲ့ ခင်မင်ခဲ့ဖူးတယ် ... ကျောင်းရက်
ပိတ်တဲ့ တစ်နှစ်မှာ ... ညိုမီအတင်းခေါ်လို့ အဝေရာ
အလည်လိုက်လာခဲ့ဖူးတယ် ... မြည်မြို့ကို ရေလမ်း



တည်းနဲ့သာ လာနိုင်တဲ့ အဝေရာမြို့ကလေးဟာ ခေါင်ပေမဲ့
သာယာတယ် ... လူစိမ်းတွေ သိပ်မလာဘူး ... စီးပွားရေး
လုပ်ငန်းရှိသင့်သလောက် ရှိတာကို နှင်းဖြူမှတ်သားသတိ
ထားမိခဲ့တယ် ... ထောင်ကလွတ်လာတော့ သာယာဝတီ
မှာ နှင်းဖြူဆက်မနေချင်တော့လို့ လင်မိုးမ ... လူသတ်သမ
လို့ လက်ညှိုးထိုးတာတွေ မခံချင်တာနဲ့ လူသစ် ဘဝသစ်နဲ့
နေချင်လို့ အဝေရာကို ပြောင်းလာခဲ့တာပဲ ... "

"ဟုတ်သားပဲ ... ညိုမီရှိနေတာကိုး ... "

"ညိုမီ အဝေရာမှာ မရှိတော့ဘူး အစ်ကို ... ကျောင်းဆရာမ
ဘဝနဲ့ နယ်ပြောင်းရတယ် ... သူ့မိဘတွေက ညိုမီနောက်
လိုက်သွားကြတယ် ... နှင်းဖြူက အဝေရာမှာ ညိုမီရှိတယ်
ထင်ပြီး သာယာဝတီက အိမ်နဲ့ခြံကို ရောင်းတယ် ... သုံး
သောင်းငါးထောင်နဲ့ ရောင်းတာ ... သုံးသောင်းပေးပြီး ငါး
ထောင်ကျန်ခဲ့တယ် ... အဲဒီငွေသုံးသောင်းနဲ့ပဲ အဝေရာမှာ
အခုနေတဲ့ အိမ်လေးကို တစ်သောင်းခွဲနဲ့ဝယ်ပြီး ကြီးကြီးမြ
တို့ ဖိုးနီတို့နဲ့အတူနေတယ် ... ငယ်စဉ်က မေမေသင်ပေး
ထားတဲ့ အုန်းနို့ခေါက်ဆွဲချက်နည်း ... မုန့်တီ၊ နန်းကြီးသုပ်
လုပ်နည်းလေး တတ်ထားတော့ အဝေရာမှာ အဲဒီဆိုင်
ဖွင့်ရောင်းတာပဲ ... အစ်ကိုနဲ့ မီးရထားပေါ်မှာ တွေ့တာ
သာယာဝတီက ကြွေးကျန်ငါးထောင်သွားတောင်းတာ မရ
ခဲ့ပါဘူး ... သူ့ဆီက ငါးထောင်ရမှာပဲဆိုပြီး စရိတ်လောက်

ယူသွားတာ မလောက်ဘဲ ကုန်သွားလို့ မီးရထားပေါ်မှာ ဒုက္ခရောက်ခဲ့တာပါ အစ်ကို ... "

နှင်းဖြူ၏အတိတ်ဖြစ်စဉ်များကို သိရပြီးပေပြီ။ နှင်းဖြူခမျာ မပြေးသော် ကန်ရှိရာဘ၀ကို ရုန်းကန်ရင်း မမျှော်လင့်ဘဲ လူသတ်သမ ထောင်ထွက်ဖြစ်သွားရခြင်းကို နောင်ဝင်းဆွေ ကောင်းကောင်းကြီး သဘောပေါက်နားလည်သွားသည်။ ဖြစ်ရပ်တွေ အစစ်အမှန်ကို ဆန်းစစ်ကြည့်လျှင် နှင်းဖြူကို အဘယ်မှာလျှင် အဆိုးမြင်စရာရှိပေသနည်း။

"တို့ အဝေရာက ဆေးခန်းမှာထိုင်မှာ ... နှင်းဖြူက တို့ အုန်းနို့ခေါက်ဆွဲလာစားတဲ့နေ့က အန္တရာယ်ရှိတယ်လို့ လွှတ်ခနဲ ပြောခဲ့တယ် ... အဲဒီအန္တရာယ်နဲ့ပတ်သက်ပြီး နှင်းဖြူကြိုတင်သိထားသလားဟင် ... "

"အဝေရာမှာ အဝေရာမေတ္တာမွန်ဆေးခန်းကို ထိုင်တဲ့ ဆရာဝန်တိုင်း အန္တရာယ်တစ်ခုခုကြုံရမယ်လို့ ရိပ်မိထားလို့ပါ အစ်ကို ... "

"တို့အရင်ထိုင်သွားတဲ့ ဆရာဝန်တွေရော အန္တရာယ်ဖြစ်သွားကြသလား ... "

"အရင်ဆရာဝန်တွေက ကိုယ်ကျိုးရှာဆရာဝန်တွေပဲ ... နောက်ပြီး လူပျော့တွေပဲ ... ခြိမ်းခြောက်တဲ့ဒဏ် ... ဖြားယောင်းတဲ့ဒဏ်တွေကို ကြံ့ကြံ့မခံနိုင်တာ ... ဆေးကုသမှုငွေထုပ်ပိုက်ပြီး ပြန်ပြေးကြတာပဲ အစ်ကို ... "



"ကဲ ... ပြောပါဦး ... အရင်ဆရာဝန်တွေကို အဝေရာက ဘယ်သူက ခြိမ်းခြောက်တာလဲ ... ဘယ်သူက ဖြားယောင်းတာလဲ နှင်းဖြူ ... "

"အဲဒါ နှင်းဖြူ မဖြေချင်ဘူး အစ်ကို ... ဖြေလိုက်ရင် စကားနောက် တရားပါသွားလိမ့်မယ် ... "

"ဘာလဲ ကိုဗညားကို ငဲ့ညှာလို့လား ... ဒါမှမဟုတ် ကိုဗညားကို ကြောက်လို့လား နှင်းဖြူ ... "

"အယ် ... ကြည့်စမ်း ... "

နှင်းဖြူ မျက်တောင်လေး ကော့လန်တက်သွားသည်အထိ အံ့အားသင့်စွာဖြင့် နောင်ဝင်းဆွေကို မော့ကြည့်သည်။

"ဩ ... ဩ ... အစ်ကိုက ကိုဗညားတွေ ဘာတွေတောင် သိနေသကိုး ... နှင်းဖြူအကြောင်း အဲဒီလောက်အထိတောင် စုံစမ်းထားသလား အစ်ကို ... "

"မောင်သန်း ပြောလို့သိရတာပါ ... "

"သိတော့ကော ဘာအရေးလဲ အစ်ကို ... ကိုဗညားကို နှင်းဖြူက ငဲ့ဖို့နေနေသာသာ ... ကိုဗညားအကြောင်းပြောရင် ရယ်စရာတောင် ကောင်းသေး ... "

ပြောပြီး နှင်းဖြူက တကယ်ပင် ရယ်သည်။

"ဘာလို့ ရယ်တာလဲ ... "

"ရယ်စရာပေါ့ အစ်ကို ... ဒေါက်တာဦးမင်းစိုးကြီးဟာ သူ့အလှည့်ကျတော့ လုံဖျားပုဇဉ်းနား ကျိုးကန်းက အီအီးပါဖြစ်

သွားတယ် ... ဦးမင်းစိုးရဲ့သား ကိုဗညားက နှင်းဖြူကို မေတ္တာရှိတဲ့အကြောင်း ပြောတယ် ... နှင်းဖြူ လက်မခံပါဘူး ... ကိုခင်ညိုတို့နှန်းက မဆင်မခြင် လက်ခံမိလို့ ထောင်သုံးနှစ်ကျခဲ့တယ် ... ကိုဗညားက နှင်းဖြူယုံယုံကြည်ကြည် လက်ခံဖို့အတွက် သူ့မိဘကို ဖွင့်ပြောပြီး သူ့မိဘကို နှင်းဖြူကို တောင်းခိုင်းတယ် ... "

"အဲဒီမှာ ဦးမင်းစိုးရော ကိုဗညားအမေ ဒေါ်မြင့်မြတ်ကြီးရော ပျာပျာသလဲဖြစ်သွားတယ် ... သူတို့ရဲ့တူတော်တဲ့ ကိုညဏ်ထွန်းကိုလွှတ်ပြီး နှင်းဖြူကို ငွေသုံးသောင်းပေးမယ် ... အဝေးရောက ထွက်သွားပါတဲ့ ... "

"ဒီတော့ နှင်းဖြူက ဘာပြောလိုက်လဲ ... "

"ငွေသုံးသောင်းလည်းမယူဘူး ... အဝေးရောကလည်း မသွားဘူး ... ကိုဗညားကိုလည်း ဘယ်တော့မှ လက်မခံဘူးလို့ ပြောလိုက်တယ် ... "

"ဒီတော့ သူတို့ ဘာတဲ့ပြန်လဲ ... "

"အဝေးမှာ စနေမက နာမည်ကြီးပဲ အစ်ကို ... ဦးမင်းစိုး မွေးထားတဲ့ လူမိုက်တွေထက် အဆတစ်ရာပိုမိုက်တဲ့ အောင်ကြီးကိုတောင် ကတ်ကြေးနဲ့ အသေထိုးသတ်ထားသူပဲ ... နှင်းဖြူကို သူတို့ ဘာမှဆက်မလုပ်ရဲတော့ဘူး ... နောက်ပြီး စနေမနဲ့ ပြိုင်ကြမ်းရင် သူတို့ပဲ နာမယ်လေ ... သူတို့က ဂုဏ်နဲ့ ဒြပ်နဲ့နေတဲ့သူတွေ မဟုတ်လား ... ဒီတော့ သူတို့



ရဲ့သားကို ဗညားကို ချော့မော့နားချပြီး ငွေတစ်သိန်းအကုန်အကျခံ နိုင်ငံခြားသင်္ဘောသားအဖြစ် တင်ပေးလိုက်တယ် ဒါပေမဲ့မနေ့ကပဲ ကိုဗညား အဝေးရောကို ပြန်ရောက်လာတယ်လို့ ကြားတာပဲ ... "

"ဟင် ... မြန်လှချည်လား ... တို့အနေနဲ့ ကိုဗညားသင်္ဘောလိုက်သွားတယ်လို့ကြားတာ မကြာသေးဘူး ... "

"အစ်ကိုက အဝေးရောရောက်တာ တစ်လလောက်ရှိသေးတာပဲ ... ကိုဗညားသင်္ဘောလိုက်သွားတာ ... တစ်နှစ်ကျော်ပြီ ... "

"အင်း ... ဟုတ်သားပဲ ... ကိုဗညားပြန်ရောက်လာတော့ နှင်းဖြူဆီ လာသေးလား ... "

"လာတာပေါ့ ... အဝေးရောရောက်လို့ သူ့အိမ်မှာ ဖင်ပူအောင်တောင် မနေဘဲ နှင်းဖြူဆီလာတယ် ... နှင်းဖြူရဲ့မုန့်တီ သုပ်စားချင်လို့ လာတာတဲ့ ... "

"ဒါဆို ဇာတ်လမ်းဟောင်းကြီး ပြန်ဆက်ပြီပေါ့ ... "

နောင်ဝင်းဆွေ မေးပုံမှာ အသံပြတ်နှင့်ဖြစ်သွားသည်။

နှင်းဖြူက တည်ငြိမ်စွာပင် ပြန်ဖြေပါ၏။

"နှင်းဖြူနဲ့ ကိုဗညားဟာ ဇာတ်လမ်းဟောင်းမဖြစ်ခဲ့ပါဘူး အစ်ကို ... ဘယ်တော့မှလည်း ကိုဗညားနဲ့ နှင်းဖြူဇာတ်လမ်းတစ်ပုဒ်ဖြစ်မလာနိုင်ပါဘူး ... "

"သာယာဝတီမှာတုန်းက အားကိုးအားထားပြုချင်တာ ... အမှီသဟဲပြုချင်တာမို့ ကိုခင်ညိုကို လက်ခံမိခဲ့ဘူးပြီလေ ... ဒါပေမဲ့ နှင်းဖြူဟာ ဘယ်ယောက်ျားကိုမှ အားကိုးချင်စိတ် မှီခိုချင်တဲ့စိတ်မရှိတော့ဘူး ... ကိုယ့်ဟာကိုယ် တစ်ဝမ်းတစ်ခါး ရှာဖွေစားနိုင်သားပဲဟာ ... "

"ဒါကျတော့ ပြတ်လွန်းတယ် ... "

"လူတွေများ အတွေ့အကြုံအသစ်တစ်ခုရလိုက်တိုင်း ... အတွေးအမြင်ကလည်း အသစ်တစ်မျိုးဖြစ်တတ်တာပါ အစ်ကို ... "

"အားပါး ... သိပ်မြင့်တဲ့ ဖီလော်ဆော်ဖီစကားပါလား ... ဆိုပါဦး ဘယ်လိုအတွေ့အကြုံအသစ်နဲ့ အတွေးအမြင်အသစ်လဲ ... "

"နှင်းဖြူဟာ ... ဘဝတစ်လျှောက်လုံးမှာ မေတ္တာငတ်လာရသူပါ ... အဖေဆိုတာ ဖြူသလား ... မည်းသလား ... မမှတ်မိလိုက်ရဘူး ... နှင်းဖြူတစ်နှစ်သမီးအရွယ်မှာ ဆုံးသွားတယ် ... အမေဆိုတာလည်း ... အိမ်ထောင်ရဲ့ စားဝတ်နေရေးအတွက် ... အဓိကထားပြီး အိမ်မှာသိပ်မကပ်ခဲ့ဘူး ... ကြီးကြီးမြနဲ့ပဲနေခဲ့ရတယ် ... တခြား ချစ်ခင်ဖို့ မောင်နှမအရင်းမရှိခဲ့ဘူး ... ဒီတော့ ... မေတ္တာငတ်နေတဲ့ နှင်းဖြူဘဝမှာ နှင်းဖြူကပြန်ပြီချစ်ကာ ... မချစ်တာအပထား ... သူတစ်ပါးက နှင်းဖြူကို မေတ္တာထားတာ ...



ကြင်နာတာ ... ယုယတာတွေ နှင်းဖြူ ခံယူချင်တယ် ... အချစ်ခံဘဝကို မက်မက်မောမော ခံယူချင်တယ် ... ဒါကြောင့်လည်း နှင်းဖြူကိုသိပ်မေတ္တာရှိ ... သိပ်ချစ်ပါတယ်ဆိုတဲ့ ... ကိုခင်ညိုကို နှင်းဖြူလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ နှင်းဖြူကို ချစ်ပါတယ်ဆိုတဲ့သူတွေဟာ ... နှင်းဖြူရဲ့ အလှအပနဲ့ သွေးသားစုပ်ယူဖို့ ချစ်ကြတာ ... တကယ့်ရင်ထဲနှလုံးသားထဲက မေတ္တာနဲ့မဟုတ်ကြဘူးလို့ ... မြင်လာတယ် ... ဒါကြောင့် ကိုခင်ညိုကို သတ်တယ် ... ကိုအောင်ကြီးကို သတ်တယ် ... တစ်ပါးသူရဲ့ အချစ်မေတ္တာကို နှင်းဖြူလုံးဝ မယုံကြည်တော့ဘူး ... ဒါကြောင့် ကိုဗညားလိုလူကို နှင်းဖြူ ဘယ်တော့မှ လက်မခံဘူး ... သူ့ မိဘကမြင့်လေ နှင်းဖြူခံရလေဖြစ်မှာပဲ ... အဲ ... ဒါပေမဲ့ ... အခုတလော နှင်းဖြူစိတ်တွေ ပြောင်းသွားတယ် ... "

"ဘယ်လို ပြောင်းသွားတာလဲ နှင်းဖြူ ... "

"နှင်းဖြူလောကကြီးမှာ ဘယ်သူ့အချစ်ကိုမှ မလိုလားတော့ဘူး ... နှင်းဖြူကို တကယ်ပဲ ရင်ထဲကချစ်ချစ် ... ဟန်ဆောင်ပြီးပဲ ချစ်ချစ် ... ဘယ်သူ့အချစ်ကိုမှ နှင်းဖြူလက်မခံဘူး ... မယုံကြည်ဘူး ... ဒါပေမဲ့ နှင်းဖြူရဲ့ ရင်ထဲအသည်းထဲ ... နှလုံးထဲက ချစ်သူကိုသာ နှင်းဖြူက ချစ်မယ်၊ နှင်းဖြူရဲ့ အိပ်မက်ထဲမှာပဲ ... နှင်းဖြူ သိပ်ချစ်တဲ့သူနဲ့ နှင်းဖြူချစ်နေမယ် ... အိပ်မက်ထဲမှာပဲ ချစ်သူနဲ့တွေ့ပြီး ... နှင်းဖြူ

ပျော်မယ် ... အားလပ်ချိန်လေးမှာ ကိုယ့်ချစ်သူကို မျက်စိထဲ မြင်ယောင်ပြီး ... ကြည်နူးမယ် ... ဟင်း ... ဟင်း ... အဲဒါ ... နှင်းဖြူရဲ့နောက်ဆုံး အမြင်သစ် အတွေးသစ်ပဲ အစ်ကို ... ”

ပြောရင်း နှင်းဖြူက တဟင်းဟင်း ရယ်သွမ်းသွေးသည်။

“နှင်းဖြူကို သူတစ်ပါးပေးမယ် ... မေတ္တာကို မငတ်တော့ဘူးလေ ... ကိုယ်ကပဲ အချစ်တွေ မေတ္တာတွေပြန်ပေးနေရတာ ... ကျေနပ် ... ကြည်နူးနေပြီ ... ”

နောင်ဝင်းဆွေ ခေါင်းကုတ်မိပါ၏။ နှင်းဖြူ စကားတွေသည် စိတ္တဇဆန်နေပြီမှန်း နှင်းဖြူကိုယ်တိုင်မှ သိပါလေလား။

“နှင်းဖြူရဲ့စကားတွေက ... ဇေ့တေ့တေ့ ဝဲလည်လည်ကြီးပါလား ... ဘာကိုဘယ်လိုမိအောင်ဖမ်းရမယ်မှန်းတောင် တို့ မသိတော့ဘူး ... ”

“ဟုတ်တယ်လေ အစ်ကို ... မေတ္တာနဲ့ပတ်သက်လာသမျှကလည်း ... နှင်းဖြူမှာ ... ဇေ့တေ့တေ့ဝဲလည်လည်ကြီးတွေချည်း မဟုတ်လား ... ”

“ဒါဆို ... နှင်းဖြူရဲ့ရင်ထဲမှာ ချစ်တဲ့သူရှိနေပြီလို့ဆိုလိုတာလားဟင် ... ”

နှင်းဖြူထံမှာ ပြန်လည်ဖြေကြားသံထွက်မလာပေ။ သူမ၏ လက်ထဲတွင် ကိုင်ထားသော လက်ကိုင်ပဝါလေးကိုသာ



ဆုပ်ချေလိုက် ပြန်ဖြေလိုက်လုပ်နေပေသည်။

“နှင်းဖြူ ... ”

“ရှင် ... အစ်ကို”

“နှင်းဖြူရဲ့ ရင်ထဲက ချစ်သူဟာ ... ဘယ်သူမှန်းတော့ တို့ မသိဘူး ... ဒါပေမဲ့ တို့ရင်ထဲမှာလည်း ချစ်သူရှိနေပြီ ... အဲဒီ တို့ရင်ထဲက ချစ်သူဟာ နှင်းဖြူပဲ ... ”

နှင်းဖြူ သိမ့်သိမ့်ခါခံစားလိုက်ရပါ၏။

မဟာပထဝီမြေကြီး အိုးထိန်းစက်နှယ် လည်သွားပါ၏။

မြင်းမိုရ်တောင်ကြီး နှင်းဖြူအပေါ် ပိကျလာပါ၏။

အကြောင်းဆိုသော် ...

နှင်းဖြူ မျှော်လင့်တောင့်တပြီး အလိုချင်ဆုံးမှာ အစ်ကိုခေါက်တာနောင်ဝင်းဆွေ၏ ရင်ထဲက မေတ္တာပင် ဖြစ်နေသောကြောင့်ပါတည်း။

“ဘယ်လိုလဲ နှင်းဖြူ ... တို့ရင်ထဲက ချစ်သူဟာ ... နှင်းဖြူပါလို့ ... တို့ဖွင့်ပြောပြီလေ ... နှင်းဖြူရင်ထဲက တိတ်တိတ်လေး ချစ်နေတဲ့ချစ်သူကကော ဘယ်သူလဲ ... ပြော”

“အစ်ကိုပါပဲ အစ်ကို ... အစ်ကိုမှ အစ်ကိုပါ ... နှင်းဖြူရင်ထဲက အစ်ကိုပါ ... ”

“တကယ် ... ”

“နှင်းဖြူတစ်သက်နဲ့တစ်ကိုယ်မှာ ... ရင်ထဲနှလုံးထဲက လှိုက်

လှိုက်လှဲလှဲ သိမ့်သိမ့်ခါချစ်ရတဲ့သူဟာ ... အစ်ကိုမှ အစ်ကို တစ်ယောက်တည်းပါ အစ်ကို ... ဟို ကိုခင်ညိုနဲ့ လက်ထပ် ဖို့ကိစ္စတွေကို နှင်းဖြူလက်ခံတဲ့ကိစ္စတွေနဲ့တော့ ... ရော ထွေးမပစ်လိုက်ပါနဲ့ အစ်ကို ... "

"သိပ်နားလည်တယ် ... သိပ်သဘောပေါက်တယ် နှင်းဖြူ နှင်းဖြူကို တို့အားလုံး နားလည်သဘောပေါက်တယ် ..."

ယောကျ်ားသားတစ်ဦး၏ ဇီဇာက ချစ်ကြပြီဆိုတော့လည်း ဘယ်လိုပင် ထိန်းသိမ်းပါသည်ဆိုဆို ရုတ်တရက်ပွင့်ထွက်လာမှုမှာတော့ ...

နောင်ဝင်းဆွေ၏ လက်သည် နှင်းဖြူ၏ ပခုံးစွန်းနောက်ကျောမှ ရစ်သိုင်းဖက်လိုက်မိသည်။ ကျန်လက်တစ်ဖက်ဖြင့် နှင်းဖြူက လက်ဖဝါးလေးတွင် သူ့လက်ကိုင်းယပ်ကာ ပွတ်သပ်နေမိသည်။

"သိပ် သဘောပေါက်တယ်နှင်းဖြူ ... ကိုခင်ညိုကို နှင်းဖြူ လက်ထပ်ဖို့ လက်ခံခဲ့တာဟာ ရေနစ်လို့ ကောက်ရိုးမျှင်ကို လှမ်းဆွဲကဲ့သဘောပဲဟာ ... မေတ္တာနဲ့ရင်းတဲ့ လက်ထပ်မှုမှ မဟုတ်တာ ... "

"ဒီလို နားလည်ပေးတာ ... နှင်းဖြူ အရမ်းဝမ်းသာပါတယ် အစ်ကို ... ဒါပေမဲ့ ... "

"ဒါပေမဲ့ ဘာဖြစ်လဲ ... "

"အခုပဲ ... အစ်ကိုက ချစ်တယ်လို့ပြောကာ ရှိသေး ...



နှင်းဖြူက ချက်ချင်းကြီး မိနစ်စက္ကန့်မဆိုင်း ပြန်ချစ်ပါတယ်ဆိုတာ ... လွယ်လွန်းမနေဘူးလား အစ်ကို ... နဂိုကလည်း နာမည်ပျက်တွေရှိထားတယ်ဆိုတော့ ... "

"နှင်းဖြူမှားနေပြီ ... နှင်းဖြူရင်ထဲ နှလုံးထဲကကို တို့က ဖွင့်မပြောခင်ကတည်းက ... နှင်းဖြူက တို့ကို ကိုတ်ချစ်နေပြီးသား မဟုတ်လား ... "

"သိပ်ဟုတ်ပါတယ် အစ်ကို ... အစ်ကို့အပေါ်မှာ နှင်းဖြူဟန်မဆောင်ချင်ဘူး ... ဓီးရထားပေါ်မှာတတည်းက အစ်ကို့ကို နှင်းဖြူချစ်သွားတာ ... နောက်ပြီး ... အစ်ကိုမှာ နှင်းဖြူကို တကယ့်မေတ္တာနဲ့ ပြန်ချစ်စေချင်တဲ့ဆန္ဒလည်း နှင်းဖြူတောင့်တောင့်တတရှိနေပြီးတာမို့ပါ ... ဒါပေမဲ့ အခုကတည်းက ... အစ်ကို့ကို နှင်းဖြူကြိုတင် ပြောထားမယ်နော် ... "

"ပြော ... နှင်းဖြူ ဘာပြောမလဲ ... "

"နှင်းဖြူ ... အစ်ကို့ကို ဘယ်တော့မှ လက်မထပ်ဘူး ... "

"ဘာ ... ဘာပြောတယ် ... အဲဒါက ဘာစကားလဲနှင်းဖြူ"

နောင်ဝင်းဆွေ ဒေါသသံပါသွားသည်။

"ငွေးကောက်နဲ့သရက်အမြစ်ခြင်းရောယှက်ရင် ... သရက်မှာ အချိုကင်းပြီး ခါးသွားမယ် အစ်ကို ... "

"လုပ်မနေနဲ့ ... စာအုပ်ထဲကဟာတွေ လာရွတ်ပြမနေနဲ့ နှင်းဖြူ ... "

"စာအုပ်ထဲကဟာတွေ မရွတ်ရရင် ... လက်တွေ့အစစ်အမှန်ပဲပြောမယ် အစ်ကို ... ရန်ကုန်မြို့တော်ကြီးရဲ့ လူကုံထံပိုင်းရပ်ကွက် ... ဝင်ဒါမီယာထဲမှာ ဦးမင်းနောင်+ဒေါ်ဝင်းဝင်းဆွေဆိုတာ ရှိတယ် ... ဦးမင်းနောင်က အစိုးရဌာနတစ်ခုမှာ ဦးဆောင်ညွှန်ကြားရေးမှူးတဲ့ ... ဦးမင်းနောင်ရော ဒေါ်ဝင်းဝင်းဆွေရောဟာ ... ဘိုးဘွားလက်ထက်ကစပြီး ချမ်းသာလာသူတွေတဲ့ ... သူတို့မှာ သားလေးတစ်ယောက်ပဲ ထွန်းကားတာတဲ့ ... သားလေးကလည်း လိမ္မာပြီး ... မိဘကို သိပ်ချစ်ရုံမက ... သူကိုယ်တိုင် ဆေးတက္ကသိုလ်က ဆရာဝန်ဘွဲ့ရထားတဲ့ ... "

"တော်စမ်းပါ နှင်းဖြူ ... "

"အဲဒီဆရာဝန်လေးမှာ ... သွေးတူရည်တူ နှစ်ဖက်မိဘက သဘောတူထားပြီး လက်ထပ်ပေးဖို့ သတ်မှတ်ထားတာက စောမြနန္ဒာဆိုတဲ့ မိန်းမချောလေးတဲ့ ... ဆေးတက္ကသိုလ်နောက်ဆုံးဖိုင်နယ်ပက်တူးတန်းမှာတဲ့ ... "

နောင်ဝင်းဆွေ အံ့ညြမိပါ၏။ အောင်ချိုကများ မိမိဇာတိဇစ်မြစ်တွေ ပြောထားလေသလား။ အောင်ချိုသည် မိမိကို စနေမလို အံမျိုးသမီးနှင့် အဖြစ်မခံနိုင်သော စိတ်ရှိသည်။

"ဘာလဲ ... ဒါတွေကို အောင်ချိုက ... နှင်းဖြူကို ပြောပြထားတာလား ... "

"ဘယ်ဟုတ်ရမှာလဲ ... နှင်းဖြူကိုယ်တိုင် ရန်ကုန်သွားပြီး



စုံစမ်းတာ အစ်ကို ... "

"တကယ် ... "

"အစ်ကိုနဲ့ ကိုအောင်ချိုဆိုင်မှာ လာစားတဲ့နေ့က ... ညနေလေးနာရီ မော်တော်နဲ့ နှင်းဖြူပြည်မြို့ကို လိုက်သွားတယ်၊ ပြည်က အမြန်ရထားနဲ့ ရန်ကုန်လိုက်သွားတယ် ... ဆိုင်ကို ကြီးကြီးမြ ဖွင့်ထားခိုင်းခဲ့တယ် ... ရန်ကုန်ရောက်တော့ ... နှင်းဖြူက ဒေါက်တာနောင်ဝင်းဆွေဆိုတာ တစ်ခုတည်းသိတာ နဲ့ ... ဆေးတစ်နဲ့ ဆေးနှစ်မှာ သွားစုံစမ်းတယ် ... အဲဒီက ရုံးခန်းတွေမှာ စုံစမ်းတာ ... ယောကျ်ားသားတွေဟာ ... မိန်းမ ချောချောလှလှလေးက အကူအညီတောင်းရင် ပေးတတ်ကြပါတယ် ... ဆေးနှစ်က မှတ်တမ်းရုံးမှာ ဆေးကျောင်းသား ကိုနောင်ဝင်းဆွေလို့ ပြောလိုက်တာနဲ့ ... မှတ်တမ်းကိုင်စာရေးက ရှာပေးတာ ... အလွယ်တကူ သိရတယ် ... အစ်ကို့ကိုယ်ရေးရာဇဝင်က ... ဆေးနှစ်မှာ မှတ်တမ်းရှိနေတယ်လေ ... ပြီး ... မှတ်တမ်းစာရေးကိုယ်တိုင်က ဆေးနှစ်မှာ အစ်ကိုဟာ ... ထူးခြားထင်ပေါ်ခဲ့သူမို့ ... အစ်ကို့အကြောင်းတွေအားလုံး ပြောပြနိုင်တယ် အစ်ကို ... "

"နှင်းဖြူ ... တယ်တော်ပါလား ... "

"နှင်းဖြူက ... မီးရထားပေါ်မှာတွေ့ပြီး ... အဝေးမှာ ပြန်တွေ့တကည်းက အစ်ကို့ကို အရမ်းစိတ်ဝင်စားခဲ့တာ

ကိုး ... အစ်ကိုက ဖေးမက်(စ်)ပဲ ... ဆေးတက္ကသိုလ်မှာ ကျော်ကြားပြီး မှတ်တမ်းကျန်ခဲ့သူပဲ ... စုံစမ်းရတာ လွယ်လွယ်လေး ... "

နောင်ဝင်းဆွေသည် နှင်းဖြူကို ပါးချင်းကပ်ထားသည်။ ယုယစွာ ပွေ့ပိုက်ထားသည်။ ရင်က သိမ့်သိမ့်ခံစား နေရသည်။

"ရေကူးလေ့လျော်သင်း ... တောင်တက်သင်း ... ဘောလုံးသင်း ... လက်ဝှေ့သင်း ... ဂျူဒိုကရာတေးသင်းတွေမှာ အစ်ကိုနာမည် ထိပ်ဆုံးကချည်းပဲတဲ့ ... တက္ကသိုလ်ပေါင်းရဲ့ စပို့(တ်)မှာဆိုလည်း အပြေး အခုန် အပစ်တွေမှာ အစ်ကိုရဲ့ ဆုတွေတသီကြီး ချိတ်သွားတာပဲတဲ့ ... "

"အဲဒါတွေကြောင့်ပေါ့ နှင်းဖြူ ... ကိုယ့်တစ်သက်မှာ ချစ်သူဆိုတာ မရှိခဲ့တာပေါ့ ... ကျောင်းစာရယ် ... အားကစားရယ် ... ကာယပညာရယ်တွေဘက်မှာ စိတ်ဝင်စားထက်သန်ခဲ့တယ် ... ဆရာဝန်ဖြစ်လာတော့လည်း ဆေးကုသတာရော ... သုတေသနလုပ်တာရောတွေနဲ့ အချိန်ကုန်သွားတယ် ... "

"ဟုတ်ပါ့မလား အစ်ကို ... ဘယ်လောက်ပဲ အစ်ကိုအလုပ်များများ ... အစ်ကို့ပတ်ဝန်းကျင်မှာ အမျိုးသမီးအချောလေးတွေ ရှိနေမှာပါ ... "

"အင်းပေါ့လေ ... ရှိတာတော့ ရှိပါတယ် ... ဒါပေမဲ့



နှလုံးသားထဲက အချစ်ဆိုတာမျိုးက ဓာတ်တာကလား နှင်းဖြူ ... "

"ဘယ်လို ဓာတ်တာလဲ ... "

"ခံတွင်းမလိုက်ရင် ဘာဝင်မှ မိုက်ဘူးလေ ... "

"အဲဒီစကားကို ရှင်းပြပေ ... "

"လူမမာကို လူနာရှင်က အားရှိအောင် ... ကြက်မုန့်တွေကျွေး ... ပန်းသီးတွေကျွေး ... နွားနို့တွေတိုက်ပေမဲ့ ... လူမမာက အဲဒါတွေ ခံတွင်းမတွေ့ဘူး ... မြိန်မကျဘူး ... အဲ ... ငါးပိရည်ဖျော်နဲ့ယမင်းကျွေးတော့ အတင်းထစားတယ် ... ကဲ ... ခံတွင်းလိုက်သွားတာကိုး ... အဲဒီသဘောပဲ နှင်းဖြူ ... "

နှင်းဖြူက သွားဖြူတန်းလေးပေါ်အောင် တခစ်ခစ် ရယ်သည်။

"ဒါဆို နှင်းဖြူက ... ငါးပိရည်ဖျော်ပေါ့နော် ... "

"ကြက်မုန့် ပန်းသီး နွားနို့နဲ့ ငါးပိရည်ဖျော်ရဲ့တန်ကြေးကို ယှဉ်မပြောနဲ့ ... ကိုယ့်အခု အဓိကထားပြောတာက ... ကိုယ်ကိုယ်တိုင် ခံတွင်းလိုက်မှ ... အရသာတွေ့တာ မြိန်ရှက်လို့ရတာကို ပြောတာ ... "

"အစ်ကို ... တကယ်"

"ဦးနှောက်က ထွက်လာတာမဟုတ်ဘူး ... အခု ကိုယ့်ပြောတာ ရင်ထဲ ... နှလုံးထဲက ထွက်လာတဲ့အတိုင်းပြောတာ"

နှင်းဖြူသည် နွဲ့နွဲ့လေး နောင်ဝင်းဆွေ၏ ရင်ခွင်ကို မှီလိုက်ပါ၏။

"ဒီအစ်ကို ဒီလိုပြောတာ ... နှင်းဖြူ အရမ်းကို ဝမ်းသာတယ် အစ်ကို ... နှင်းဖြူရင်ထဲမှ တဒိတ်ဒိတ် ခုန်အောင်ဝမ်းသာတာ ..."

"ဒါပေါ့ ... ဒါပေါ့ ... ရင်ထဲနှလုံးထဲက တကယ်ချစ်ပြီဆိုရင် ဒီရင်ဘတ်ကြီးကလည်း အလိုလိုခုန်တာပဲ ... ဒီနှလုံးကြီးကလည်း ... အလိုလို ခုန်တာပဲပေါ့ ... နေဦး ... နှင်းဖြူစကားကို ဆက်ဦး ... နှင်းဖြူက တို့ကို ဘယ်လောက်ချစ်ချစ်... လက်မထပ်ဘူးဆိုတဲ့ စကားလေ ..."

"အဲဒါတော့ အမှန်ပဲအစ်ကို ... နှင်းဖြူ အစ်ကို့ကို ဘယ်တော့မှ လက်မထပ်ဘူး ... ဒါပေမဲ့ ... အစ်ကို့ကို သေတပန်သက်တဆုံး ချစ်သွားမယ် ... တခြား ဘယ်သူ့ကိုမှလည်း နှင်းဖြူ လက်မထပ်ဘူး ... အစ်ကို ပိုင်ဆိုင်သွားပြီဖြစ်တဲ့ နှင်းဖြူရဲ့ နှလုံးသားအချစ်ကို တခြားဘယ်သူမှ ရပိုင်ခွင့်မရှိတော့ဘူး ..."

"ဒါဆို ... တို့ နှင်းဖြူကို ချစ်ရတာ ... ဘာအဓိပ္ပာယ်ရှိတော့မှာလဲ ..."

"ချစ်တာဟာ ... ချစ်တာပဲပေါ့ အစ်ကို ... လက်ထပ်တာဟာ လက်ထပ်တာပဲပေါ့ ... အစ်ကိုဟာ ... ချစ်တာတော့ နှင်းဖြူကို တစ်အားကြီးချစ်ပါ ... လက်ထပ်တာကျတော့



စောမြနန္ဒာလို အမျိုးသမီးကို လက်ထပ်ပါ အစ်ကို ..."

"အဲဒါက ... ဘာစကားကြီးလဲ ..."

"အဲဒါက ... နှင်းဖြူရင်ထဲရှိတဲ့အတိုင်း ပြောတဲ့ ... စကားကြီးပါ အစ်ကို ..."

"နှင်းဖြူရယ် ... ခက်ပါလား ... နှင်းဖြူက ကိုယ့်ဟာကိုယ် နိမ့်ချလွန်းနေတယ် ... သိမ်ငယ်စိတ်ကြီးလွန်းနေတယ်"

ထိုစဉ်မှာပင် ...

'ချပ်' ခနဲ အသံနှင့်အတူ ဖျတ်ခနဲအလင်းရောင်တစ်ခု ထွက်လာသဖြင့် ချက်ချင်း နောင်ဝင်းဆွေနားလည်လိုက်သည်။

မိမိနှင့် နှင်းဖြူ ပွေ့ပိုက်ပါးချင်းကပ်ထားသည်ကို တစ်စုံတစ်ယောက်က ဓာတ်ပုံရိုက်ယူလိုက်မှန်း။

နောင်ဝင်းဆွေ ချက်ချင်းထပြီးလိုက်လံရှာဖွေသည်။

ဓာတ်ပုံသမား၏ ကျောပိုင်းသာ မြင်လိုက်ရပြီး စောင်းတန်းအတိုင်း အပြေးဆင်းသွားသည်ကိုသာ တွေ့ရသည်။

လိုက်၍ မမီမှန်း နောင်ဝင်းဆွေ သတိထားလိုက်မိသည်မို့ ထပ်ပြေးမလိုက်တော့ဘဲ ရပ်ကြည့်နေလိုက်သည်။

ဘာသဘောနှင့် နှင်းဖြူနှင့်မိမိပွေ့ပိုက်နေသည့်ပုံကို ရိုက်ယူသွားပေသနည်း။

"အစ်ကို ..."

နှင်းဖြူနောက်မှ လိုက်လာပြီး အစ်ကိုဟု ညင်သာ

နွာ ခေါ်ပြီး နောင်ဝင်းဆွေ၏ ပခုံးပေါ်သို့ သူမ၏လက်ဖဝါးလေး အုပ်ကိုင်လိုက်သည်။

နောင်ဝင်းဆွေက နှင်းဖြူနှင့်မျက်နှာချင်းဆိုင်ပြန်လှည့်ကာ ဘာမှမဖြစ်သလို ပြုံးပြလိုက်သည်။

"လာပြီလေ အစ်ကို ... စနေမနဲ့ပတ်သက်လာတဲ့ အစ်ကို့ကို အန္တရာယ်စလာပြီလေ ... "

"အို ... စတတ်ပုံရိုက်သွားတာ ... ဘာအန္တရာယ်လဲ ... သေနတ်နဲ့ချောင်းပစ်တာမှ မဟုတ်တာ ... အဲဒီရိုက်တဲ့လူနဲ့ တွေ့ရင် ပုံကြီးချဲ့ပေးပါ ... ကျသင့်တာထက်ပိုပေးပါမယ်လို့ တောင်ပြောလိုက်ချင်သေး ... "

"အဲဒါ ... အစ်ကို့ကို အဝေရာမှာဆက်မနေနိုင်အောင် လုပ်ဖို့အတွက်ပေါ့အစ်ကို ... စနေမကို အပျက်မလို့ နာမည်ကြီးတဲ့မိန်းမနဲ့ ... အစ်ကို ပွေ့ဖက်နေပုံကို လူအများမြင်အောင် သူတို့က လုပ်လာရင် ... အစ်ကို အရှက်ရမယ် ... နာမည်ပျက်မယ်လေ ... "

"ရှက်စရာလည်းမလိုဘူး ... နာမည်ပျက်စရာလည်း မလိုဘူး ... အဝေရာက ကိုယ်ထွက်သွားစရာလည်း မလိုဘူး။ ဒီကိစ္စရှင်းတာ လွယ်လွယ်လေး ... နှင်းဖြူကို တို့တရားဝင်လက်ထပ်ယူလိုက်ရင်ပြီးတာပဲ ... ကဲ ... တို့နဲ့လက်ထပ်ဖို့ နှင်းဖြူ အဆင်သင့်သာပြင်ထားပေတော့ ... "

"ဆင်ကန်းတောတိုးမလုပ်ပါနဲ့ အစ်ကို ... နှင်းဖြူကို အစ်ကို



လက်ထပ်လိုက်တာနဲ့ ... အစ်ကို့မိဘတွေနဲ့ စောမြနန္ဒာရဲ့မိဘတွေ ... အချင်းချင်း မျက်နှာပျက်စရာတွေ ဖြစ်ကုန်မယ် ... အစ်ကို့ မိဘတွေက အစ်ကို့ကို အမွေပြတ်ကြေငြာမယ် ... နှင်းဖြူကို ယူတဲ့အတွက် ... သားကို သိပ်ချစ်တဲ့ အစ်ကို့မိဘတွေ အရမ်းစိတ်ဆင်းရဲမယ် ... မီးသွေးခဲကို မြေဖြူခဲ မလုပ်ချင်ပါနဲ့အစ်ကို ... ရမှာမှ မဟုတ်တာ ... ဘယ်လောက်ပဲ အပေါ်က အဖြူရောင်ချယ်ချယ် ... ခြစ်လိုက်တာနဲ့ မီးသွေးအမည်းကြောင်းကြီးပဲ ထွက်မှာပါအစ်ကို အခု အန္တရာယ်ဟာ ဘယ်သူ့လက်ချက်မှန်း ... နှင်းဖြူသိတယ် ... "

"တို့လည်း သိသားပဲ ... ဒေါက်တာ ဦးမင်းစိုးလက်ချက်ပေါ့။ သူတို့ကို အန္တရာယ် ပြုတာ ... နှင်းဖြူနဲ့တို့ ပတ်သက်မှ အန္တရာယ်ပြုတာ မဟုတ်ဘူး ... ဒီအရင် နှစ်ကြိမ်တိတိ ... ဒေါက်တာ ဦးမင်းစိုးက တို့ကို အန္တရာယ်ပြုပြီးပြီ ... "

ညဘက်ထွန်းနှင့်စိမ်းမောင်က မိမိကိုမော်တော်ဆိုင်ကယ်နှင့် တိုက်ဖို့ ကြိုးစားပုံ၊ ထွန်းညွန့်ဆိုသည့် သေနတ်ကိုင်လူဆိုး မိမိထံလာရောက် ဖြားယောင်းပုံ၊ မရသောအခါ ဓားသေနတ်ဖြင့် ခြိမ်းခြောက်ပုံတွေကို နှင်းဖြူအား ပြောပြလိုက်သည်။

"ဒီမယ်နှင်းဖြူ ... အချစ်ဆိုတာ ... ချစ်ပါချစ်ပါလို့ အတင်းချစ်ခိုင်းတိုင်း မရသလို ... မုန်းပါမုန်းပါဆိုတိုင်းလည်း မုန်းလို့မရဘူး ... မချစ်ရဘူး ... မချစ်နဲ့ဆိုပြီး ... ရင်ဝမှာ

အမြောက်ကြီးတွေပြီး ... တားလို့လည်းမရဘူး ... တို့ မကြောက်ဘူးပဲ ... နှင်းဖြူကို ချစ်မြဲချစ်မှာပဲ ... ဆူးပဲနင်းရ နင်းရ ... ခားသွားပေါ်မှာပဲ ဖိနပ်မပါ လျှောက်ရ ... လျှောက်ရ တို့ခရီးတို့ဆက်မယ် ... သူ အခုရှိက်သွားတဲ့ ခါတ်ပုံအထင်ကရ ထုတ်ပြတဲ့နေ့ဟာ ... နှင်းဖြူကို တို့လက်ထပ်တဲ့နေ့ဖြစ်ရမယ် ... ကဲ ... သွားကြစို့ ... မိုးချုပ်ပြီ ..."

အစ်ကိုက ဒီလောက်ကြီး သူမအား ချစ်သည်ဆိုသည်ကို နှင်းဖြူ တကယ်ကျေနပ်ပါ၏။

သို့သော် ...

တစ်သက်လုံး အစ်ကို့ ဖြူစင်ကွက်တွင် မိမိကြောင့် ရာသက်ပန် အမည်းကွက်ကြီး စွန်းထင်းမသွားစေချင်သည်ကတော့ အမှန် ... ။



## ၉

စနေမ ဆိုင်မထွက်ဟု နောင်ဝင်းဆွေ ကြားရသည်။

သူမ အုန်းနို့ခေါက်ဆွဲဆိုင်ကို ကြီးကြီးမြက ထွက်ပေးသည်တဲ့။ ဖိုးနီက ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ကြီးကြီးမြကို ကူပေးသည်။

လူနာတွေကို ဆေးကုပေးရင်းကပင် နောင်ဝင်းဆွေ စိတ်မပြောင်း ...

နှင်းဖြူ နေထိုင်မကောင်းလို့လား။

မနေ့ညနေစောင်းက အဝေရာစေတီတော်တွင် မိမိနှင့် နှင်းဖြူ တွေ့ဆုံကြပြီး နှစ်ဦးစလုံး မေတ္တာတွေ ပွင့်ထွက်သွားကြသည်။

ယနေ့နံနက် နှင်းဖြူဆိုင်မထွက်တော့ဆိုခြင်းမှာ

ဘာကြောင့်နည်း။

သွေးရိုး သားရိုးပေလား။

သို့မဟုတ် မနေ့က ဓာတ်ပုံရိုက်ခံလိုက်ရခြင်းနှင့် ဖတ်သက်နေသလား။

ဒါမှမဟုတ် မိမိနှင့်နှင်းဖြူ မေတ္တာရှိသွားမှန်း အတိအလင်း သိသွားသော ကိုဗညားသည် နှင်းဖြူအပေါ်တွင် ဘာများ လုပ်ဆောင်ထားသောကြောင့် နှင်းဖြူဆိုင်မထွက်ခြင်းပေနည်း။

စနေမ ဆိုင်မထွက်ကြောင်း လူနာတွေအချင်းချင်း ပြောသည်ကို မိမိကကြားရခြင်းဖြစ်သည်။ မိမိအနေနှင့် လူနာတွေကို စနေမအကြောင်းပြန်မေး၍ မကောင်းတတ်။

နှင်းဖြူပုံမှန်ဆိုင်ထွက်ချိန်မှာ နံနက်စောစော (၆) နာရီမှ နံနက် (၁၁)နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ (၂) နာရီမှ ညနေ (၅)နာရီအထိ တစ်ကြိမ် ပုံမှန်ထွက်သည်ကို နောင်ဝင်းဆွေ အမှတ်ထားမိသည်။

နောင်ဝင်းဆွေသည် မနေ့ကပင် တွေ့ခဲ့သော နှင်းဖြူ၏အိမ်ဆီသို့ အဝေးရောလမ်းအတိုင်း လျှောက်လာခဲ့သည်။

တံခါးပွင့်နေသည်မို့ ဝင်ခဲ့သည်။

"ဟော ... ဆရာပါလား ... ကြွပါ"

ဒေါ်အေးမြက နောင်ဝင်းဆွေကို ထွက်ကြိုဆိုသည်။

"ကျွန်တော် ... နှင်းဖြူနဲ့ တွေ့ချင်လို့ ... "

"နှင်းဖြူမရှိတော့ဘူး ဆရာ ... ဆရာမယုံရင် တစ်အိမ်လုံး ဝင်ကြည့်ပါ ... ဒီနေ့မနက် အစောကြီးကပဲ ... နှင်းဖြူအိမ်က ထွက်သွားပါတယ်ဆရာ ... "

ဒေါ်အေးမြ ပြောရင်း မျက်ရည်တွေကျလာသည်။

"ဘယ်ကို သွားမယ်ပြောသွားတာလဲ ... "

"ဘယ်ကို သွားမယ်လို့ ပြောမသွားဘူးဆရာ ... မနက်အစောကြီးထွက်တဲ့ ... မော်တော်နဲ့ ပြည်ကိုလိုက်သွားတာပဲ ... ကြီးကြီးမြနဲ့ ဖိုးနီတို့ ... သူ့ဆိုင်မှာဆက်ရောင်းတဲ့ ... အဲဒီငွေနဲ့ ဆိုင်ကို ဆက်ရောင်းစားတဲ့ ... ညကလည်း သူ တစ်ညလုံး မအိပ်ဘူးဆရာ ... လမ်းလျှောက်လိုက် ... လှဲချလိုက်နဲ့ ... ပထမဆုံးမော်တော်ချိန်နီးမှ အဝတ်အစားတချို့ ဖြစ်သလို ကောက်ထည့်ပြီး ... ကြီးကြီးမြကို ပေးစရာတွေ မှာစရာတွေပေးမှာပြီး ထွက်သွားတာ ... "

"ကျွန်တော်နဲ့ပတ်သက်လို့ နှင်းဖြူက ... ကြီးကြီးမြကို တစ်ခုခု ပြောတာမျိုး ... မှာကြားတာမျိုး ရှိသလား ကြီးကြီးမြ ... "

နောင်ဝင်းဆွေ မရှက်နိုင်ဘဲ ဖွင့်မေးမြန်းသည်။

"စာပေးခဲ့တယ် ဆရာ ... သူမှာထားခဲ့တာကတော့ ... ဆရာ့ဆေးခန်းပိတ်ချိန် ... ညကျမှ စာကိုသွားပေးရမယ်တဲ့ ... "

"အခု ... ကျွန်တော်ကိုယ်တိုင် လာပြီပဲဟာ ... "

"ဟုတ်ပါပြီ ... ကြီးကြီးမြ သူပေးခဲ့တဲ့စာကို အခုပဲပေးပါ့မယ် ... "

ဒေါ်အေးမြ အိပ်ခန်းထဲဝင်သွားပြီး နှင်းဖြူပေးခဲ့

သောစာကို ယူလာကာ နောင်ဝင်းဆွေကို ပေးသည်။

နောင်ဝင်းဆွေချက်ချင်း ဖောက်ဖတ်သည်။

**နှင်းဖြူသိပ်ချစ်တဲ့ အစ်ကို ...**

**အစ်ကိုလက်ထဲမှာ အဖိုးသိပ်တန်တဲ့ သစင်ကိုကိုင်ထား လျက်သားနဲ့ အဆင်းသာရှိပြီး အချင်းမရှိတဲ့ ရေမျောကမ်းတင် ဗေဒါပန်းကို လက်လှမ်းပြီး သစင်ကို လွှင့်မပစ်ပါနဲ့ အစ်ကို ...**

**နှင်းဖြူက ရေမျောကမ်းတင်ဘဝစံတဲ့ ဗေဒါပန်းပါ ...**

**နှင်းဖြူတစ်ညလုံး စဉ်းစားတယ်၊ နှင်းဖြူရှောင်ထွက်သွားတာ အကောင်းဆုံးပဲ၊ ဆုံးဖြတ်လိုက်ပါတယ် ...**

**ဝေဝေးနီးနီး နှလုံးသားအချစ်ဟာ အချစ်ပါပဲ အစ်ကို၊ အစ်ကို့ကို အဝေးကပဲ နှင်းဖြူချစ်နေမယ် ... အစ်ကိုချစ်တယ်ဆိုလို့ သိပ်ဝမ်းသာရတဲ့ ...**

**နှင်းဖြူ**

ဒေါ်အေးမြကိုပင် နှုတ်မဆက်ဘဲ နောင်ဝင်းဆွေ ပြန်ထွက်လာခဲ့သည်။

ရင်ထဲတွင် ဟာတာတာကြီး ခံစားရသည်။

နောင်ဝင်းဆွေ ငယ်စဉ် (၈)နှစ်သားအရွယ်က အလား တူခံစားမှုမျိုး ခံစားခဲ့ရဖူးပါသည်။

ဖေဖေနှင့်အတူ လမ်းလျှောက်ရင်း ကြက်တူရွေး များကို တုတ်တန်းပေါ်တွင် ခြေတစ်ဖက်ကြိုးချည်ထားပြီး ရောင်း နေသည်ကို တွေ့ရသည့် နောင်ဝင်းဆွေ ပူဆာသဖြင့် ဖေဖေက ကြက်တူရွေးတစ်ကောင် ဝယ်ပေးသည်။



စိတ်ကြိုက်ကြက်တူရွေးတစ်ကောင်ရွေးပြီးယူကာ နောင်ဝင်းဆွေ တစ်လမ်းလုံး ကြက်တူရွေးလေးနှင့် ပျော်လာခဲ့ သည်။

လမ်းမှာပင် ကြက်တူရွေးခြေတစ်ဖက်တွင် ချည် ထားသော ကြိုးဟ ပြေထွက်သွားကာ ကြက်တူရွေးလေး ကောင်း ကင်အဝေးသို့ ပျံထက်ပြေးသွားသည်။

နောင်ဝင်းဆွေ ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ နှမြောခြင်း တသခြင်းတွေ ခံစားရသည်။

ကလေးဘဝ နောင်ဝင်းဆွေ ဝမ်းနည်းပြီး လူးလှိမ့် ငိုသည်။ ဖေဖေက သားကို ကောက်ချီကာ ကြက်တူးရွေးရောင်း သည့်နေရာသို့ ပြန်လာသည်။ ကံအားလျော်စွာ ကြက်တူရွေးရောင်း သူရှိနေပါသေး၏။

“ကဲ ... ကြိုက်တဲ့ ကြက်တူရွေးကို ရွေးယူပေတော့သား”

နောင်ဝင်းဆွေအား ဈေးအကြီးဆုံးနှင့် အလှဆုံး အကောင်တစ်ကောင် ထပ်ဝယ်ပေးသည်။

နောင်ဝင်းဆွေသည် ဘာကြောင့်မှန်းမသိ နောက် ထပ်ဝယ်ပေးသော ဈေးကြီးကြီး အကောင်လှလှကို မက်မက်မော မော မရှိ။ လွတ်သွား ပျံသွားသော ကြက်တူရွေးကိုသာ ရက်ပေါင်း အတန်ကြာသည်အထိ တမ်းတနေမိသည်။ နှမြောနေမိသည်။

ယခု နှင်းဖြူ ထွက်သွားခြင်းအတွက် ငယ်ငယ်က ခံစားရသလို ခံစားရပြန်သည်ကော။

အိမ်သို့ပင် ပြန်လာခဲ့သည်။

ဆေးခန်းကို ပြန်မသွားတော့ဘဲ အိပ်ခန်း[illegible] လျောင်းလိုက်သည်။

တွေသည်။ ဝေသည်။ ပေါ်သည်။

"ဟာ ... သူငယ်ချင်း ဘာလို့လဲ ... နေမကောင်းဘူးလော ... လာကွ ... ထမင်းစားကြစို့ ..."

ယနေ့ အောင်ချို အိမ်သို့ နံနက်စာထမင်းစားရန် ပြန်လာသည်။ ဆေးခန်းတွင် နောင်ဝင်းဆွေကို မတွေ့သဖြင့် အိမ်ထဲဝင်လာခဲ့သည်။

"ဒေါ်ကြီးသိန်း ... ဟိုကောင် နောင်ဝင်းဆွေကော ..."

"သူ့ အိပ်ခန်းထဲမှာပဲ မောင်ချို ... စောစောက မောင်ဆွေ ဆေးခန်းက ထွက်လာပြီး ... အပြင်ကိုထွက်သွားတယ်၊ ပြန်လာတော့ မျက်နှာမကောင်းဘူး ... သူ့အိပ်ခန်းထဲတန်း ဝင်သွားတယ် ..."

"ဒါဆို ... ထမင်းပွဲအသင့်ပြင်ထား ဒေါ်ကြီးသိန်း ..."

ဟု မှာခဲ့ရင်း အောင်ချို နောင်ဝင်းဆွေ အိပ်ခန်းထဲသို့ ဝင်လာခြင်း ဖြစ်ပါ၏။

"ဟကောင် ... နေ့ခင်းဘက် မအိပ်စဖူး အိပ်မလို့လား နောင်ဝင်းဆွေ ..."

"မအိပ်ပါဘူးကွာ ... လှဲနေတာပါ ... ဘယ်လိုလဲ ... ဒီနေ့တော့ မင်းက အိမ်မှာ ... မနက်စာထမင်းတွေ ဘာတွေပြန်စားလာပါလား အောင်ချို ..."

"အေးကွ ... အလုပ်တွေကို ငါက နိုင်သွားပြီ ... ဝန်ထုပ်



ဝန်ပိုး ပိမနေတော့ဘူးကွ ... ဒါတောင် ဇန်နဝါရီလလယ်လောက်အထိတော့ အလုပ်များဦးမှာပဲ သူငယ်ချင်း ... ဒါထက် ... ဒေါ်ကြီးသိန်းက ပြောတယ် ... မင်း အပြင်သွားတယ်တဲ့ ... ပြန်လာတော့ မျက်နှာမကောင်းဘူးတဲ့ ... မနေ့ညကအထိ ... မင်းရွှင်လို့ ... မြူးလို့ ... ပျော်လို့ ငါတွေ့သားပဲ နောင် ..."

နောင်ဝင်းဆွေ ဘာမှပြန်မပြောသေးဘဲ အိပ်ရာထဲ ပက်လက် အနေအထားမှ မျက်နှာကြက်ဖြူဖွေးဖွေးကို ငေးကြည့်နေသေးသည်။

"ဟေ့ကောင် ... နောင် ... မင်း နေကောင်းပါတယ်နော်"

"ငါ ဆရာဝန်ပဲကွာ ... နေမကောင်းရင် ဆေးသောက် ပျောက်ပေါ့ ..."

"ဒါဆို ... မင်း ဘာဖြစ်နေတာလဲ ... မင်း မျက်နှာဟာ သိသိသာသာ ပြောင်းလဲနေတယ် ..."

စနေမနှင့်မိမိအကြောင်းများ ကိုအောင်ချိုအား ဖွင့်ပြောရကောင်းမလား။ ဖွင့်မပြောဘဲ နေသည်ကပဲ ကောင်းမလားဟု နောင်ဝင်းဆွေ စဉ်းစားနေပါ၏။

"ဘာလဲ သူငယ်ချင်း ... အဝေရာမှာ မင်းမပျော်တော့ဘူးလား ... ဒီမှာက အင်းလျားလိတ်ဟိုတယ်မျိုး မရှိဘူး ... သမ္မတရုပ်ရှင်ရုံမျိုးမရှိဘူး ... မင်းမှာ ငါကလွဲပြီး ရင်းနှီးကဲ့ သူငယ်ချင်းမရှိဘူး ... မင်း ... နေရထိုင်ရတာ ငြီးငွေ့သွားပြီလား နောင်ဝင်းဆွေ ... စိတ်ကော ပျက်သွားပြီလား ..."

"ပျင်းချိန် … ငြီးငွေ့ချိန် မရပါဘူးကွာ … ကိုယ့်လူနာတွေနဲ့ ကိုယ် … ဘယ်လို ကုသရမလဲ … မသက်သာတဲ့ လူနာကို ဘယ်လိုဆေးပြောင်းသင့်သလဲဆိုတာတွေ စဉ်းစားရင်းနဲ့ပဲ ပျင်းချိန် … ငြီးငွေ့ချိန် မရပါဘူး … ငါ … အဝေရာမှာ မပျင်းပါဘူး … မငြီးငွေ့ပါဘူး သူငယ်ချင်း … "

"ဒါဆို … အခု မင်းဘာလို့ ငေါင်နေတာလဲ … မနေ့က တော့ ရွှင်လို့ … မြူးလို့ … "

"လာကွာ အောင်ချို … ထမင်းစားစို့ … ထမင်းစားရင်း ငါ့ရင်ထဲရှိတာတွေ ပြောပြမယ် … "

ထမင်းဗိုင်းတွင် စားရင်း သောက်ရင်း နောင်ဝင်းဆွေက မီးရထားပေါ်မှာ နှင်းဖြူနှင့်တွေ့ခဲ့ပုံမှအစ နောက်ဆုံးမနေ့က အဝေရာစေတီတော်ပေါ်တွင် တွေ့ဆုံချစ်ခင်သွားကြပြီး ယခုအဖြစ်ကို ပြောရင်း နှင်းဖြူပေးခဲ့သော စာကိုပါ အောင်ချိုအား ထုတ်ပြလိုက်သည်။

"ဖြစ်ရလေ သူငယ်ချင်းရာ … ငါ့ရင်ထဲ ရှိတဲ့အတိုင်းပြောရရင် … မင်းမိဘနဲ့ မင်းအသိုင်းအဝိုင်းက မပြောနဲ့ … ငါ ကိုယ်တိုင် မင်းကိုစနေမနဲ့ အဖြစ်မခံနိုင်ဘူး … "

"မင်းက ဘာလို့ … ငါ့ကို စနေမနဲ့ အဖြစ်မခံနိုင်တာလဲ အောင်ချို … "

"မင်းက ခြသေ့်ဆိုကွ … သိင်္ဂီရွှေခွက်နဲ့မှ … "

"မင်းတို့ … အဲဒါ ခက်တာပဲ … "

"မိုးနဲ့မြေ သူငယ်ချင်း … မြင်းမိုရ်နဲ့ဘောင်နဲ့ ဆီးစေ့ … "



"ဒီမယ် အောင်ချို … ဘယ် လူသားမဆို ဘုရင့်သားတော် ဖြစ်ပါစေ … မွေးလာတုန်းက ကိုယ်တုံးလုံးနဲ့ချည်းပါကွာ"

"အေး … ကိုယ်တုံးလုံးမွေးလာဂါတည်းက ရွှေလင်ပန်းနဲ့ အချင်းဆေးပေးတဲ့မိဘရယ် … နီးစနဲ့ အချင်းဖြတ်ပြီး အုန်းမှုတ်ခွက်နဲ့ အချင်းဆေးတဲ့ ကွာခြားချက်တွေရှိတယ်ကွ"

"အပိုတွေပါ … လူသားတစ်ယောက်မှာ ဘကယ်လိုအပ်တဲ့ အရည်အချင်းဆိုတာက … ပင်ကို မွေးဗီဇ … စိတ်ထားကောင်းဖို့ရယ်နဲ့ … အတွေးအခေါ် အယူအဆမှာ … အထောက်အကူ ပြုပေးနိုင်တဲ့ … အခြေခံပညာရှိသင့်သလောက်ရှိရင် တော်ပြီးကွ … အရေးအကြီးဆုံးက ပင်ကိုယ်စိတ်ဓာတ်ပဲ အောင်ချို … "

"အေး … စနေမဟာ ရုပ်ချောတယ် … ကိုယ်လုံးကိုယ်ထည် အချိုးကျကျော့ရှင်းတယ် … ချစ်စရာရုပ်ရှိတယ် … ဇွဲမက်စရာ ကောင်းတယ်ဆိုတာကလွဲပြီး … တခြား ဘာရှိလို့လဲ … ပင်ကိုယ်စိတ်ဓာတ်ကြမ်းတမ်းရက်စက်တာမို့ … ယောက်ျားရင့်မာကြီး နှစ်ယောက်ကိုတောင် အသေသတ်ခဲ့တဲ့ စိတ်ဓာတ်မျိုးပဲ … နောက်ပြီး ကိုယ်ကျင့်တရားပိုင်းကျတော့လည်း … ဟိုလူနဲ့ဘာလိုလို ဒီလူနဲ့ဘာလိုလို နာမည်ပျက်လိုက်တာ … "

"ဒီကောလာဟလ သတင်းတွေက … မြေနိမ့်ရာလှံစိုက်တဲ့ သတင်းတွေပါ အောင်ချို … သူ ယောက်ျားနှစ်ယောက်ကို သာ သတ်တာပါ … ဘယ် အမျိုးသမီးတစ်ယောက်မှ

မသတ်ခဲ့ဘူး … မိဘမရှိတဲ့ ဖိုးနီကို လူလိုသူလို သူတတ်သလောက်မွေးတယ် … ယောကျ်ားရင့်မာကြီးနှစ်ယောက်ကို သတ်ခဲ့တာက … သူ့ သိက္ခာ သူကာကွယ်တာ … သူ့အရှက်ကိုသူ ကာကွယ်တာ … အနိုင်ကျင့်တာကို ခုခံတာ၊ ဒါကြောင့်လည်း … ပထမလူသတ်မှုမှာ ထောင်သုံးနှစ်ပဲကျပြီး … ဒုတိယ လူသတ်မှုမှာ … ကွင်းလုံးကျွတ်လွတ်တာပေါ့ … မင်းပြောသလို ရက်စက်ကြမ်းကျုတ်တဲ့ စိတ်ဓာတ်နဲ့ သတ်ခဲ့တာဆိုရင် … အမှုလိုက်ရဲတွေနဲ့ တရားခွင်က တရားသူကြီးတွေက … အရူးတွေမှ မဟုတ်တာ … လူသတ်မှုမှန်ကန်ရင် … ကြိုးဒဏ် … ကျွန်းဒဏ် ချစမြဲပဲဟာ … နောက်ပြီး နှင်းဖြူလို ဆင်းရဲတဲ့မိန်းကလေးဟာ … ငွေနဲ့ပေါက်ပြီး အမှုကရုန်းထွက်နိုင်သူမှ မဟုတ်တာ … ရဲအဖွဲ့နဲ့ တရားသူကြီးက အမှန်ကိုအမှန်အတိုင်း စီရင်တာကို ပဲကြည့်ပေါ့ကွာ … နောက်ပြီး … စနေမဟာ မင်းပြောသလို ပညာခံမှာ နလပိန်းမဟုတ်ဘူး အောင်ချို … ကန်ပွဲဆရာအတတ်သင်ကျောင်းက အောင်လာပြီး … ကျောင်းဆရာမလုပ်လာတဲ့သူကွ …”

“ဘာကွ … ကျောင်းဆရာမ ဟုတ်လား”

နောင်ဝင်းဆွေက နှင်းဖြူခေါ် စနေမ၏ ဘဝဇာတိဇစ်မြစ်အားလုံးကို အောင်ချိုအား ပြောပြလိုက်သည်။

ထမင်းဝိုင်းမှာ ပြောရင်း စားရင် နှင့်ပင် ပြီးသွားသည်။



“ဒါဆို … စနေမဟာ … ငါတို့ထင်တာမျိုး မဟုတ်ဘူးပေါ့ နောင်ဝင်းဆွေ …”

“လုံးဝကြီးကို မဟုတ်ဘူး အောင်ချို … မင်းတို့ ပြောနေတဲ့ ပြည်မြို့ကမ်းနားလမ်းက မေရီသန်းလို အမျိုးသမီးမဟုတ်ဘူး … စနေမက တည်တည်တန့်တန့်နဲ့ သူ့ဘဝ သူ ရုန်းကန်နေသူပဲလေကွာ …”

“ဒါပေမဲ့ … အများအမြင်မှာတော့ … စနေမဟာ မိန်းမဆိုးမိန်းမပျက်ဖြစ်နေတာပဲ …”

“ဒီမှာ အောင်ချို … ကြက်ဥပုတ်တွေထဲမှာ ရောနေတဲ့ ကြက်ဥကောင်းကို ကြက်ဥပျက်ပဲဆိုပြီး … ရောလွှင့်ပစ်လိုက်ရင် … ကြက်ဥကောင်း ဆုံးရှုံးသွားမှာပေါ့ …”

“အင်း …”

“ဒီတော့ … ကြက်ဥကောင်းကို ရွေးထုတ်ယူပြီး၊ အကောင်းတွေထဲ ရောထားလိုက်ရင် … ဘယ်သူက … ဒါ ကြက်ဥပုတ်လို့ ပြောလို့ရတော့မလဲ … အဲဒီ သဘောပဲအောင်ချိုငါ … စနေမကို လက်ထပ်ယူလိုက်ရင် … တစ်ပါးသူ စွပ်စွဲတာတွေဟာ အလိုလိုပျောက်ပျက်သွားမှာပဲ … အပုတ်တွေနဲ့ရောထားရင် … ရှေ့ရှည်တော့ … ကိုယ်တိုင်ပုတ်သွားမှာစိုးရတယ် …”

“အင်း …”

အောင်ချိုက ‘အင်း’ ဟုဆိုရင်း …

“မင်း ပြောတာလည်း ဟုတ်တာပဲ … မင်းအဖို့ နှင်းဖြူကို

ကယ်တင်လက်ထပ်ယူလိုက်တယ်ထားဦး ... "

"ငါ ကယ်တင်လက်ထပ်တာ မဟုတ်ဘူး ... ငါတကယ် အစစ်အမှန်ကို သိပြီး ... တကယ့်ရင်ထဲက ချစ်လို့ လက်ထပ်ချင်တာ ... "

"အေးပါ ... မင်းအဖို့ကတော့ ... စနေမကို လက်ထပ်လို့ မင်းမိဘက မင်းကို အမွေဖြတ်ထားလိုက်ရင်တောင် ... မင်း ဆရာဝန်အတတ်ပညာနဲ့ရော စနေမရဲ့ စီးပွားရေးအတွေး အခေါ်အရရော အိမ်တစ်ဆောင် မီးတစ်ပြောင်တော့ ဖြစ်မှာပါ ... ကဲ ... ဒါဆို ... မင်းရဲ့ နှင်းဖြူက အခုဘယ်မှာလဲ"

"နှင်းဖြူ ဘယ်မှာလဲဆိုတာ ... အသိချင်ဆုံးက ငါပဲ သူငယ်ချင်း ... ငါ့ကို သူ့ရင်ထဲကပဲ ချစ်နေတော့မယ်ဆိုပြီး ... အပြီး စွန့်လွှတ်ရှောင်တိမ်းသွားတဲ့ သဘောရှိနေတယ် ... သူ့ခမျာ ... သူ့ကို ငါလက်ထပ်ရင် ငါ့ဘဝနာသွားမှာ သိပ်စိုးရိမ်ရှာလို့ ... ငါနဲ့ဝေးရာ ထွက်ပြေးရှာတာပါ ... "

"ပျောက်တော့ ရှာရင်တွေ့ပေါ့ကွာ ... အချစ်ဆိုတာ ... သံလိုက်ကြီးနဲ့ တူတာပါ ... သံမှုန့်လေးဟာ ဘယ်လောက် အဝေးရောက်ရောက် ... သံလိုက်ကြီးရဲ့ ဆွဲအားကြောင့် ပြန်ဇေ့ပြန်ကပ်လာမှာပါ ... "

"ငါတော့ မထင်ဘူး ... နှင်းဖြူရဲ့ စိတ်ဓာတ်ကို ငါကောင်းကောင်း သဘောပေါက်တယ် ... ငါ့ဘဝကို ငဲ့ပြီး ရာသက်ပန် ဝေးရာကို ထွက်ပြေးသွားတာဖြစ်နေတယ် ... ငါ့ဆီ ပြန်ဇေ့လာဖို့ မလွယ်ဘူး ... "



"ကဲ ... အခု မင်းနှင်းဖြူကို လိုက်ရှာမလား နောင်ဝင်းဆွေ၊ လာ ... ငါ့မော်တော်နဲ့ ပြည်ကိုလိုက်မယ် ... အဝေးရောက လူတွေဟာ ... ဘယ်ကိုပဲ သွားချင် သွားချင် ... ပြည်ကို ပထမရောက်အောင် သွားရတာချည်းပဲဟာ ... နှင်းဖြူကို ပြည်မြို့မှာတင် ရှာတွေ့မှာပါ ... "

"ငါ မရှာချင်ဘူးသူငယ်ချင်း ... နှင်းဖြူကို ငါမရှာချင်ဘူး၊ ရှောင်ပုန်းသွားတဲ့လူကို ရှာလို့ကော ပြန်တွေ့မတဲ့လား ... ဖျော့အရိပ်အရောင်မြင်တာနဲ့ သူက ပုန်းကွယ်ပြီးသားဖြစ်နေမှာ ငါနှင်းဖြူကို သိပ်ချစ်ပါတယ် ... ဒါပေမဲ့ ... အစွဲအလမ်း ရင်ထဲမှာ မထားတော့ဘူး သူငယ်ချင်း ... နောက်ပြီး ငါ နှင်းဖြူကို လိုက်ရှာနေရင်း ဒီကလူနာတွေကို ပစ်ထားခဲ့ရမယ် ... ငါ မရှာတော့ဘူး ... နှင်းဖြူနဲ့ငါဟာ ဒီဘဝဒီမျှသာ လို့ပဲ သဘောထားလိုက်တော့မယ် ... ကဲ ... ဒါပါပဲ ... သူငယ်ချင်း ... "

## ၁၀

ဥပုသ်နေ့ ဆေးခန်းပိတ်ပါ၏။

အောင်ချို့တစ်ယောက် မောင်သန်းကို အဖော်ခေါ်ကာ အစောကြီးကတည်းက လင်းရိုဗာကားနှင့် ထွက်သွားသည်။

အတွင်းလူနာများကိုတော့ ဆေးခန်းပိတ်ရက်ဖြစ်စေကာမူ နောင်ဝင်းဆွေ လိုက်ကြည့်သည်။ အတွင်းလူနာတိုင်းသည် သက်သာလာပြီး ထူထူထောင်ထောင် ရှိနေသဖြင့် နောင်ဝင်းဆွေ ကျေနပ်ရသည်။

ရောင်း(ဒ်)လှည့်ကြည့်ရှုပြီး နောင်ဝင်းဆွေ အိမ်ပေါ်သို့ ပြန်လာသည်။ ဧည့်ခန်း ဆိုဖာတစ်လုံးတွင် ထိုင်လိုက်သည်။

ထိုင်သော ဆိုဖာမှ မျက်နှာချင်းဆိုင် နံရံတွင် မော်တော်မောင်းသော့တွဲချိတ်ထားသည်ကို နောင်ဝင်းဆွေ တွေ့ရသည်။



နောင်ဝင်းဆွေ ကျောင်းသားဘဝက ရှက်လှေသင်းဝင်ခဲ့ရုံမက ပွဲချိတ်မော်တော်မျိုး ရိုးရိုးမော်တော်ဘုတ်မျိုးတွေလည်း မောင်းသော အလေ့အကျင့်ရှိခဲ့သည်။

စိတ်ပြေလက်ပျောက် မော်တော်လျှောက်မောင်းရကောင်းမလားဆိုသည့် အတွေးဝင်လာသည်။

ငူငေါင်နေမည့်အစား မော်တော်ဘုတ်လျှောက်မောင်းသည်က ကောင်းဦးမည်ဟု ဆုံးဖြတ်ကာ ထ၍ မော်တော်ဘုတ်၏သော့တွဲကို ယူကာ မော်တော်ဘုတ်ထားရာ ဆိပ်ကမ်းသို့ ရောက်လာခဲ့သည်။

"ဟာ ... ဆရာတစ်ယောက်တည်းလား ..."

မော်တော်စောင့်နေသော အသက် (၁၆)နှစ်ရွယ် နီတွတ်က တရိုတသေ နှုတ်ဆက်သည်။

နီတွတ်သည် အောင်ချို၏ အလုပ်သမားကြီးတစ်ဦးသားဖြစ်သည်။ (၈)တန်းကျောင်းသားလေး ဖြစ်ပါ၏။ နီတွတ်၏ ကျောင်းစရိတ်အားလုံး အောင်ချိုက တာဝန်ယူထားသည်။ ကျောင်းရက်ရှည်ပိတ်လျှင် အောင်ချိုခိုင်းသမျှ နီတွတ် လုပ်ပေးရသည်။

အောင်ချို၏ အလုပ်သမားတိုင်းသည် နောင်ဝင်းဆွေကို ဆရာဟု ခေါ်ကြသည်။ ဆရာဝန်မို့ 'ဆရာ'ဟုခေါ်ကြခြင်းဖြစ်ပါ၏။

အောင်ချိုက အရေးပေးမှန်း သိသောကြောင့် အားလုံးသော အလုပ်သမားများနှင့်တကွ မိသားစုသည် နောင်ဝင်းဆွေကို ရိုရိုသေသေ ဆက်ဆံကြပေသည်။

"ငါ ... မော်တော်မောင်းမလို့ ... မင်းဆရာ အောင်ချို မေးရင် မော်တော်ကို ငါယူသွားတယ်လို့သာ ပြောလိုက်"

"ဟုတ်ကဲ့ဆရာ ... ဆရာနဲ့အတူ ... ကျွန်တော် အဖော်လိုက်ခဲ့မယ်လေ ... ဆရာခိုင်းချင်တာ ကျွန်တော့်ကို ခိုင်းဖို့ပေါ့"

"မလိုဘူး နီတွတ် ... ငါ့ဟာငါ စိတ်ကူးတည့်ရာ တစ်ယောက်တည်း မောင်းချင်လို့ ... ဒါထက် ... အခု မြစ်ရိုးအတိုင်း အထက်ကိုမောင်းသွားရင် အထူးအဆန်းဘာရှိသလဲ နီတွတ် ..."

"ချစ်မျှော်ကျွန်း ရှိတယ်ဆရာ ... အရမ်းသာယာတယ် ..."

"ဘာကွ ... ချစ်မျှော်ကျွန်း ဟုတ်လား ... နာမည်က အဆန်းပါလား ..."

"အဲဒီ ကျွန်းပေါ်မှာ ... ချစ်သူကိုမျှော်ရင်း ... ရင်ကွဲနာကျသေသွားတဲ့ ကောင်မလေးတစ်ယောက်ကို အကြောင်းပြုပြီး ... ချစ်မျှော်ကျွန်းလို့ လူတွေက နာမည်ပေးထားတာပါဆရာ ..."

"ကြားရတာ ... ရင်နာစရာပါလား ... ဒါဖြင့် မြစ်ရိုးအောက်ဘက်ကို သွားရင်ကော ..."

"ဆိတ်ကျွန်း ဆိုတာရှိတယ်ဆရာ ... ဒီကနေ ငါးမိုင်ခြောက်မိုင်လောက် ဝေးမယ် ..."

"ဆိတ်ကျွန်းတဲ့လား ... ဒါကလည်း နာမည်ဆန်းတာပဲ ... ဘာလို့ ဆိတ်ကျွန်းလို့ ခေါ်တာလဲ ..."

"အဲဒီ ဆိတ်ကျွန်းပေါ်မှာ လူတွေမွေးထားတာမဟုတ်ဘဲ၊ သူ့ဟာသူ ပေါက်ဖွားနေတဲ့ ဆိတ်တွေရှိတယ်ဆရာ ... တချို့လူတွေ အဲဒီဆိတ်ကျွန်းကို သွားပြီး ... ဆိတ်ကို သတ်စားတာ ... အဲဒီ ကျွန်းပေါ်က ဆိတ်အသားစားမိသူတိုင်း ... အော့အန်မူးဝေတယ် ... များများစားမိသူဆိုရင် သေတောင်သေသတဲ့ ... တချို့စားမိတဲ့သူကျတော့ ... လေသင်တုန်းဖြစ်ပြီး ... မစွမ်းမသန်တွေဖြစ်သွားသတဲ့ဆရာ ... ဒါကြောင့် ဆိတ်ကျွန်းကို ဘယ်သူမှ မသွားတော့ဘူး ... ဆိတ်တွေကိုလည်း ဘယ်သူမှ မသတ်စားကြတော့ဘူးတဲ့ဆရာ ..."

နောင်ဝင်းဆွေ ခေါင်းညိတ်ပါ၏။

မှိုစား၍ သေသူတွေ့ရှိသည်။ ငါးပူတင်းစားမိ၍ သေသူတွေရှိသည်။ ဆိတ်ကျွန်းမှ ဆိတ်များတွင် အဆိပ်တစ်မျိုးရှိနေသောကြောင့် သူ့အသားစားမိသူများ အန္တရာယ်ဖြစ်သည့်မျိုးဖြစ်မည်။

"အဲဒီ ဆိတ်ကျွန်းကိုရော ... ချစ်မျှော်ကျွန်းကိုရော ဒီဝေးရာကလူတွေ မသွားရဲကြဘူးဆရာ ... သွားရင်တောင် တစ်ယောက်တည်း မသွားဘဲ ... အဖော်တွေနဲ့သွားကြတယ်"

"ဆိတ်ကျွန်းကို မသွားရဲတာက ထားပါတော့ ... ချစ်မျှော်

ကျွန်းကို တစ်ယောက်တည်း ဘာလို့မသွားရဲကြတာလဲ နီတွတ် ... ”

“ဥစ္စာစောင့်မရယ် ... သူ့တပည့် တစ္ဆေသရဲတွေရှိတယ်လို့ ပြောကြတယ် ဆရာ ... ”

“ဒါဆို ... ငါ ... အဲဒီ ချစ်မျှော်ကျွန်းကိုပဲ သွားမယ် ... ဥစ္စာစောင့်မနဲ့တွေ့ရင် ... ရွှေမန်ကျည်းတောင့်တွေ ဘာတွေ တောင်းမယ် ... ”

“ဒါဆို ... ကျွန်တော် ဆရာနဲ့အဖော်လိုက်ပါရစေ ... ဆရာ့မှာ တစ်ခုခု အန္တရာယ်ရှိရင် ကျွန်တော်အသေခံချမယ် ... ဆရာ တစ်ယောက်တည်း သွားလို့တစ်ခုခုဖြစ်ရင် ... မင်း ဘာလို့ လိုက်မသွားတာလဲလို့ ... အစ်ကိုအောင်ချိုက အပြစ်တင်မှာ ... အစ်ကိုအောင်ချို အပြစ်တင်တာတော့ ကျွန်တော် မခံနိုင်လို့ပါ ဆရာ ... ”

“ရပါတယ်ကွာ ... ငါက ဘုရားလူပါ ... ဣတိပိသောရွတ်တတ်တယ် ... ဂုဏ်တော်ကိုးပါး ရွတ်တတ်တယ် ... စိတ်ချ ဘယ်ဥစ္စာစောင့်နဲ့ ဘယ်က တစ္ဆေသရဲမှ ငါ့ကို မလုပ်ရဲဘူး၊ ကဲ ... ကဲ ... ငါ မော်တော်စက်နှိုးပြီးရင် ချည်ထားတဲ့ကြိုးကိုဖြုတ် နီတွက် ... ”

နောင်ဝင်းဆွေမြစ်ရိုးအထက်သို့ မောင်းလာခဲ့သည်။ နီတွတ်ခမျာ တံတားပေါ်မတ်တတ်ရပ်ပြီး ကြည်ကျန်ခဲ့ရှာပေသည်။

အောင်ချို၏ အလုပ်သမားတွေသည် အောင်ချို



အပေါ်တွင် အားလုံးချစ်ခင်လေးစားကြသည်။ အားလည်းကိုးကြပေသည်။ ဒါကြောင့်လည်း အောင်ချိုလုပ်ငန်းစီးပွားတက်ခြင်းဖြစ်သည်။

အောင်ချိုကလည်း သူ့အလုပ်သမားတွေအပေါ်တွင် သံယောဇဉ်ကြီးသည်။ အလုပ်သမား တစ်ဦးကို သူလုပ်ဆောင်ရသော အလုပ်တာဝန်အရ လစာငွေသတ်မှတ်ပြီး ပေးသော်လည်း အလုပ်သမားတစ်ဦးတိုင်း၏ သာရေးနာရေးကိစ္စကြုံလာလျှင် ငွေကြေးကိစ္စ အောင်ချိုထည့်မတွက် ရော့အင့်ယူသွားဟုပေးသည်။ ပြီး အလုပ်သမားတို့၏ သာရေး၊ နာရေးကိစ္စဆို အောင်ချိုကိုယ်တိုင်ရှေ့မှ မားမားရပ် ဆောင်ရွက်ပေးသည်။ စည်းရုံးရေးလုပ်သည် မဟုတ် ဟန်ရေးပြလုပ်သည် မဟုတ်။’

အောင်ချိုက တကယ့်စေတနာ အရင်းခံနှင့်လုပ်ပေးခြင်းတွေ ဖြစ်သည်။ ဒါကို အလုပ်သမားအားလုံး သဘောပေါက်ကြသည်။

တစ်ခါတစ်ရံ အောင်ချိုက အပြစ်ကျူးလွန်သော အလုပ်သမားကို ထိုးကြိတ်သည်အထိ ဆုံးမတတ်သည်။ ထိုးထိုးကြိတ်ကြိတ် ရိုက်ရိုက်နှက်နှက် အလုပ်သမားတွေ ကျေနပ်စွာ ခံယူတတ်သည်။ အောင်ချို့အပေါ် ဘယ်တော့မှ အာဃာတမရှိ။

မော်တော်မောင်းရင်း နောင်ဝင်းဆွေသည် ရှေ့နောက်ဝဲယာ သာယာသော ရှုခင်းတွေကို ငေးကြည့်မိသည်။

ကြည်နူးဆွတ်ပျံ့မှုလေးများ ခံစားရပါ၏။

ခြောက်မိုင်ခန့် မောင်းလာမိသည်နှင့် နိုတွတ်ပြော
သော ချစ်မျှော်ကျွန်းကို လှမ်းမြင်တွေ့ရပေပြီ။

ရေလယ်ခေါင်ထွန်းသော ကျွန်းဖြစ်သော်လည်း တော်တော်မှလေးကြီးမားကျယ်ဝန်းပုံရပေသည်။ ကျွန်း၏ မြေသားတို့မှာ မာကျစ်ပုံရသည်ကိုလည်း ခန့်မှန်းမိသည်။

စိမ်းစိုလန်းဆန်းသော အုန်းပင်တွေနှင့်တကွ အခြားစိမ်းစိုသော သစ်ပင်ကြီးတွေကိုလည်း တွေ့မြင်ရသည်။

ကျွန်းသို့အလျားလိုက် ကပ်မိပြီးသည်နှင့် မော်တော်ကို စက်သတ်လိုက်သည်။

ချက်ချင်း မဆင်းသေးဘဲ ကျွန်းပေါ်မှ ဥစ္စာစောင့်၊ တစ္ဆေသရဲများ နိုတွတ်ပြောသည့်အတိုင်း တွေ့လို့ တွေ့ငြားထိုင်ကြည့်နေသေးသည်။

ဘယ်လို နိုင်ငံခြားမှာ ဖြစ်ဖြစ် ပြည်တွင်းဘယ်အရပ်ဒေသမှာဖြစ်ဖြစ် ဤသို့ ကျွန်းကြီးတွေ အဆောက်အဦဟောင်းကြီးတွေ ဇရပ်အို၊ ဇရပ်ပျက် ကျောင်းအို၊ ကျောင်းပျက်တွေမျိုးရှိပြီး လူသူ အရောက်အပေါက်နည်းလျှင် ယင်းကဲ့သို့ ဥစ္စာစောင့်တို့ တစ္ဆေသရဲတို့ မကောင်းဆိုးဝါးတို့ ရှိတတ်ကြောင်း သူ့ရာဇဝင်အကြောင်း ဇာတ်လမ်းလေးနှင့်သူရှိတတ်ကြသည်သာ။

ယခုလည်း လူသူ အရောက်အပေါက်နည်းသော ကျွန်းဖြစ်ရုံမက ကောင်မလေးက ချစ်သူမျှော်ရင်း ရင်ကွဲနာကျသေဆုံးကာ တစ္ဆေသရဲ တပည့်လက်သားစုံညီစွာဖြင့် ဥစ္စာစောင့်မလေး



ဖြစ်မနေသည်ဟု ဇာတ်လမ်းလေးရှိပြီး 'ချစ်မျှော်ကျွန်း' ဟု လူတွေက သမုတ်ခြင်းဖြစ်ပေမည်။

အောက်မဆင်းသေးမီ အောင်ချို၏ မော်တော်ဘုတ်ပေါ်တွင် ဘာတွေရှိသလဲဟု နှောင်ဝင်းဆွေ လိုက်ကြည့်သည်။

အောင်ချိုသည် သူ့ မော်တော်ဘုတ်ကို တော်တော်လေးသ,ထားသည်။ အမိုးမိုးထားသည်ကပင် ရန်ကုန်ရှိ ပါဗလစ်ကာကား ဆန်နီကား၊ ပစ်ကပ်အမိုးများ အမိုးသဖွယ် လှပသေသပ်နိုင်မာသော သားရေအနက် အမိုးတပ်ဆင်ထားသည်။ အတွင်းဗိုင်းတွင်လည်း အေးမြသော အစိမ်းနုရောင်လေး ဆေးသုတ်ထားရာ၊ မော်တော်ဦးပိုင်းတွင် လူထိုင်ရန် ကားကူရှင်သဖွယ် လေးပြောတိုင်ထားရှိသည်။ ပွဲပိုင်းတွင် တရုပ်ကပ်မှန်များ တပ်ဆင်ထားသော ကေဗင်ခန်းရှိသည်။ ကြမ်းပြင်တွင် ဖဲယောင်းပုဆိုး အထူစားခင်းထားသည်။ ကေဗင်ခန်းတွင် ဘက်ထရီသုံး ရေခဲသေတ္တာ အသေးစားလေးထားရှိကာ မော်တော်စက်မောင်းလျှင် မော်တော်အင်ဂျင်စက်အားဖြင့် အေးစေပြီး စက်ပိတ်ရက်ထားလျှင် ဘက်ထရီနှင့်အေးစေသည်။

ရေခဲသေတ္တာကို ဖွင့်ကြည့်ရာ ကျောက်ဆူးတံဆိပ်ဘီယာသံဘူးတစ်ဒါဇင်ခန့်နှင့် ကျော်နီဝါကား အရက်ပုလင်းလက်ကျန်ကို တွေ့ရသည်။ စပျစ်သီး၊ ဒိန်ခဲ၊ ကြက်ဥ၊ ပေါင်မုန့်ကျွတ်၊ ဝက်အူချောင်းများကိုလည်း တွေ့ရသည်။

အဝေရာနှင့်ပြည်မြို့သို့ သုံးနာရီမောင်းခရီးတွင် အောင်ချိုသည် ဘီယာ ၈ပ် ဒိန်ခဲမြိုသည်ပဲ ဖြစ်မည်။ ပြည်မြို့သို့ ရော

ခဏလည်းသွားရသည်ပေါ့ကိုး။

ရေခဲသေတ္တာကို ပြန်ပိတ်ပြီး ကောဇင်နံရံတွင်ကပ်ထားသော ဗီရိုရှည်ကို ဆွဲဖွင့်ကြည့်ပြန်သည်။ ဗီရိုအပေါ်ပိုင်းတွင် သူ၏ အဝတ်အစားတစ်ချို့ထားရှိပြီး အောက်ပိုင်းအကန့်တွင် နှစ်လုံးပြူးသေနတ်နှင့် ကျည်ဆန်များကို တွေ့ရသည်။

ပြောင်းနှစ်ခု တစ်ပြေးညီ နှစ်လုံးပြူးမျိုးမဟုတ် ခေတ်မီ အပေါ်ပြောင်း အောက်ပြောင်း ပူးထားသည်။ အိုဗာအံဒါ နှစ်လုံးပြူး သေနတ်မျိုးဖြစ်သည်။

ဒါကြောင့်လည်း ဒီကောင် ပြည်မြို့သွားပြီး တစ်ခါတရံ အပြန်တွင် ငှက်ကြားတွေ၊ ငှက်ကြီးဝံဘိုတွေရလာခြင်းဖြစ်မည်။ လမ်းတလျှောက် ငှက်အုပ်ကျသည်နှင့်ကြုံလျှင် ဒီကောင် မော်တော်ရပ်ပြီး နှစ်လုံးပြူးနှင့်ပစ်ခတ်သည်ပဲ ဖြစ်မည်။

နှစ်လုံးပြူး ကျည်ဆန်တွေမှာ ကပ်ဘူးတွေနှင့် အမျိုးအစား အမျိုးမျိုးတွေ့ရသည်။ (၉) လုံးကျည်ဆန်၊ (၆)လုံးကျည်ဆန် စားရိတ်ကျည်နှင့် တစ်လုံးထိုးကျည် အမျိုးမျိုးပါပေ။

နောင်ဝင်းဆွေက (၉)လုံးကျည် (၂)တောင့်၊ (၆) လုံး ကျည်နှစ်တောင့်၊ (၁)လုံးကျည်နှစ်တောင့်ယူကာ ပိတ်ဆို့ထည့်လိုက်သည်။

သေနတ်တွင် (၉)လုံးကျည်တစ်တောင့် အပေါ်ပြောင်းတွင် ထည့်ပြီး၊ အောက်ပြောင်းတွင် (၁)လုံးထိုး ကျည်ကို အသင့်ထည့်ပြီး ချစ်မျှော်ကျွန်းပေါ်သို့ နောင်ဝင်းဆွေ ဆင်းလိုက်



သည်။

အတာတ်နိုင်ဆုံး ခြေသံ တိုးဖွနင်းကာ ရှေ့နောက်ဝဲယာကို မပြတ်သတိထားပြီး တဖြည်းဖြည်း လျှောက်လာခဲ့သည်။

ကျွန်း ကမ်းစပ်တွင် အုန်းပင်တွေများစွာပေါက်နေပေသည်။ တသီတတန်းကြီးပါပေ၊ အုန်းသီးတွေလည်း အုန်းပင်တိုင်းတွင် အပြွတ်လိုက် သီးနေကြပေသည်။

ဤကျွန်းတွင် သက်ဆိုင်ရာမှ ပုဂ္ဂလိက တစ်ဦးဦးအား နှစ်ချုပ်ကန်ထရိုက်ပေးထားသလားမသိ၊ သက်ဆိုင်ရာမှ အစောင့်များချထားသည်ကို မတွေ့ရ။

ဒါမှမဟုတ် သက်ဆိုင်ရာက ဤကျွန်းကို ဘေးမဲ့ထားသော်လည်း ဥစ္စာစောင့်နှင့် တစ္ဆေသရဲများကို ကြောက်ပြီး လူတွေ လာရောက်ပြီး အုန်းသီးခိုး၊ အသီးအပွင့်တွေ ခိုးရဲခြင်း မရှိကြခြင်း ပေလားမပြောတတ်။

နောင်ဝင်းဆွေ တစ်လှမ်းခြင်း လျှောက်လာရင်း ကျွန်း၏ အတွင်းပိုင်းသို့ တော်တော်ရောက်လာသည်။

အမြီးရှည်ပြီး ကိုယ်ထည်ကြီးသော အတောင်ကားကားကြီးတွေဖြင့် ပျံသန်းကာ ဟိုအပင်ဒီအပင်ကူးနေသည့် ငှက်ဝါကြီးတွေကို တွေ့မြင်ရသည်။ ပျံသန်းမှုသွက်လက်ခြင်းမရှိ၊ သားရေ ဌ၊ လောက်စားလုံးနှင့်ပင် အလွယ်တကူ ပစ်လျှင် ရနိုင်လောက်သည်။

စမ်းချောင်းလေးတစ်ခုသို့ နောင်ဝင်းဆွေ ရောက်

လာသည်။

စမ်းရေမှာ ကြည်လင်လှသဖြင့် ရေအောက်ရှိ ကျောက်စရစ်ခဲအရောင်မျိုးစုံကိုပင် မြင်နေရသည်။ စမ်းချောင်းရေအနက်မှာ တစ်တောင်ခန့်သာရှိသည်။

အမြင့်ပိုင်းမှ ကျလာဟန်တူသည်။ စမ်းချောင်းရေစီးလည်းမြန်ပေသည်။

စမ်းချောင်းလေးကို ကြည့်ရင်း နော်ဝင်းဆွေ ခြေစုံရပ်လိုက်သည်။

စမ်းချောင်းရေစီးတွင် ပန်းပွင့်လေးတစ်ပွင့်မျောလာသည်ကို တွေ့သောကြောင့် နော်ဝင်းဆွေရပ်တန့်ပြီး ပန်းပွင့်လေးကို ကောက်ယူကြည့်လိုက်သည်။

နီရဲသော နှင်းဆီပန်းပွင့်လေးဖြစ်နေပါ၏။

ဘယ့်နှယ် ဤကျွန်းလို တောထဲတွင် နှင်းဆီပင်ပေါက်လေသလား။

ယေဘုယျအားဖြင့် နှင်းဆီသည် လူတွေ တယုတယ စိုက်ပျိုးမှ ဖြစ်ထွန်းသော ပန်းမျိုးမဟုတ်ပါလား။

ပြီး နှင်းဆီလေးမှာ နွမ်းပြီး အပင်မှကြွေကျလာသည်မျိုး မဟုတ်၊ အပွင့်မှာ လတ်ဆတ်လန်းဆန်းနေသည်။ ရနံ့ကလည်း မွှေးနေသည်။

ပထမ နှင်းဆီအနီပွင့်လေးကို ဆယ်ယူ ကြည့်ရှုလေလာနေစဉ်မှာပင် နောက်ထပ် နှင်းဆီအဖြူရောင်လေးတစ်ပွင့် မျော



လာသည်ကို ထပ်မံတွေ့ရပြန်သည်။

နော်ဝင်းဆွေ နှစ်လုံးပြူးသေနတ်ကြီး ကိုင်ထားလျက်ကပင် ကြက်သီးဖြန်းခနဲ ထသွားသည်။

ကြောက်၍ လန့်၍တော့ မဟုတ်။

မိမိသည် တစ်ခါမျှ မရောက်ဖူးသော ဤရေလယ်ကျွန်းကြီးလို တောကြီးမျက်မည်းတွင် တစ်ယောက်တည်းပါလားဟု တွေးမိသည့်ကြားမှပင် ဤနေရာနှင့်ဘယ်လိုမှ မအပ်စပ်သော နှင်းဆီပွင့်တွေ ရေမျောလာသည်ကို တွေ့ရသောကြောင့် တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာတစ်ခုခုမှန်း မသိသောကြောင့် ကြက်သီးဖြန်းခနဲထသွားမိခြင်း ဖြစ်ပေသည်။

ဤကျွန်းတွင် ဥစ္စာစောင့်မနှင့်တစ္ဆေသရဲတွေရှိသည်ဟုလည်း နီတွတ် ပြောလိုက်သောစကားကလည်း ရှိနေပေသကိုး။

ထိုစဉ်မှာပင် ...

အေးမြသာယာသော အမျိုးသမီးအသံဖြင့် တိုးတိုးအုပ်အုပ်လေးသီဆိုလိုက်သော အသံကို နော်ဂင်းဆွေ ကြားရပြန်သည်။

*အချစ်အကြောင်းဆိုတာတွေရယ် ...*
*စောစောတုန်းက မေးလည် ...*
*သူ့ကို တွေ့ပါမကွယ် ... ချစ်စိတ်တွေရယ် ...*
*တားဆီးမရတော့တယ် ...*

'ဟိုက်'ဟု နော်ဝင်းဆွေ အာမေဋိတ်သံထွက်သွား

ရပြန်သည်။ သီချင်းသံသည် စမ်းချောင်းလေး လေညာအထက်ပိုင်း၊ ဆီမှ ပေါ်ထွက်လာသော အမျိုးသမီးတစ်ဦး၏ အသံဖြစ်နေပေသည်။

သို့သော် နောင်ဝင်းဆွေ ကြက်သီမထတော့။

သတ္တိရှိသူသည် ကြက်သီး ခဏခဏ ထလေ့မရှိ၊ ပထမက ရုတ်တရက်ကြီးမို့ ကြက်သီးထမိခြင်းသာ ...

သေနတ်ကို အသင့်ပစ်ရန် အနေအထားသို့ ပြောင်းလိုက်သည်။

လေညာစမ်းချောင်းအထက်သို့ စမ်းချောင်းကမ်းဘေးအတိုင်း လျှောက်လာခဲ့သည်။

ဘေးဘက်တွင် အင်ပင်ပေါက်တွေက လူတစ်ရပ်သာသာ စီတန်းပေါက်ပြီး အရွက်ကြီးတွေက ကြီးမားဖားဖားကျနေသဖြင့် စမ်းချောင်း၏ အထက်ပိုင်းကို လှမ်း၍မမြင်သာ။ အကိုင်းအခက်နှင့် အရွက်တွေ ကွယ်နေသည်။

*တကယ်ပဲ ချစ်ရပြန်တော့ ...*

*သူမှာ ... မေ့ကိုအနိုင်ယူတယ် ...*

*အကြင်နာတရားတွေ ထားပါဦးကွယ် ...*

*အခင်မင်တရားတွေ ထားပါဦးကွယ် ...*

*မေကမောင့်ကိုချစ်တာတွေရယ် ...*

*ရှစ်ကမ္ဘာမကပါတယ် ... ယုံပါမောင်ရယ် ...*

*ကျိန်စေချင် ... ကျိန်ပြပါဦးမယ် ...*



နီတွတ်ကပြောသည်။

ဤကျွန်းကို ချစ်မျှော်ကျွန်းဟုခေါ်သည်။ ဤကျွန်းမှာပင် ကောင်မလေးတစ်ယောက် သူ့ချစ်သူကိုမျှော်ရင်း ရင်ကွဲနာကျသေသွားသည်။ ထိုကောင်မလေးသည် ဤကျွန်းတွင် ဥစ္စာစောင့်မလေး ဖြစ်သွားသတဲ့။

ယခု အဲဒီနီတွတ်ပြောသော ဥစ္စာစောင့်မလေးကပင် ချစ်သူကို တမ်းတပြီး ချစ်ကြောင်းခင်ကြောင်း သီချင်းဆိုနေခြင်းပေလား။

မဖြစ်နိုင် ...

ယခု သီဆိုသံကြားရသော သီချင်းက ... 'ကျိန်စေချင် ကျိန်ပါ့မယ်' ဆိုသည့်မကြားသေးမီကမှ ပေါ်ထွက်လာသော ကာလပေါ် သီချင်းဖြစ်နေသည်။

နီတွတ်ပြောသော ဥစ္စာစောင့်မ ပုံပြင်က သက်ကြီးစကား သက်ငယ်ကြား ဘိုးစဉ်ဘောင်ဆက်က ပုံပြင်။

နောင်ဝင်းဆွေ ရှေ့သို့ တိုးသွားသည်။

အင်ပင်ရွက်ကြီးတွေ ဖယ်ရှားပြီး လှမ်းကြည့်ရာ သီချင်းဆိုသော ကောင်မလေးကို လှမ်းမြင်ရသည်။

စမ်းချောင်းကမ်းနဖူးတွင် သစ်ပင်တို့အတိအကျ အဝိုင်းလိုက်ညီအောင် လွှနှင့်ဖြတ်ထားသော သစ်ငုတ်ပေါ်တွင် ခြေတွဲလဲချထိုင်ကာ သူမ၏ လက်ဖဝါးလေးက စမ်းရေကြည်ထဲ ဆောင်ဘင်ခတ် ခါးကိုင်းပြီး ဆော့ကစားနေသည်။

ထဘီအနားက ဒူးကောက်ကွေးထိ တက်နေ၍ ခြေသလုံးလေးနှစ်ဖက်ကို မြင်နေရသည်။

ဖြူဆွတ် ဝင်းမွတ်နေပါ၏။

ကောင်မလေး အသားအရည်က ဖြူဝင်းမွတ်ပြီး နက်မှောင်အုံကောင်းသော ဆံကေသာရှိသည်။ ဆံကေသာကို နောက်လှန်၍ကျောဖုံးချထားသည်။ ဖါးလျားဆိုသော်လည်း၊ ခါးအထိ သာ့အရှည်ထားပြီး တိတိရိရိဖြတ်ထားသော ဆံပင်ပုံဖြစ်သည်။ ယနေ့ခေတ် ဆံပင်ပုံစံဖြစ်ပါ၏။

အကယ်၍သာ တင်ပါးဖုံး၊ ခြေဖနောင့်အတိ ဖါးလျားချထားသည်ဆိုပါက ဥစ္စာစောင့်ဖြစ်နိုင်ဦးမည်။ ယခု ဆံပင်ပုံက ဥစ္စာစောင့်မဖြစ်နိုင်ဟု ဆိုနိုင်သည်။

နောင်ဝင်းဆွေ ခြေသံမကြားအောင် ကောင်မလေး နောက်ကျောဘက်မှ တိုးကပ်သွားသည်။

"ဟေး ... "

"အမလေး ပလုတ်တုတ် ... "

ကောင်မလေး လန့်သွားပြီး ခုန်အထ နောက်သို့ ပြန်လှည့်အကြည့်တွင် သူမကိုယ်ကို သူမဟန်နိုင်ဘဲ စမ်းချောင်းလေးဆီသို့ ဖင်ထိုင်လဲကျသွားသည်။

လက်ကလေးနှစ်ဖက် နောက်ပြန်ထောက်ပြီး မားမားကြီးနှစ်လုံးပြူးသေနတ်ကိုင်ရပ်နေသည့် နောင်ဝင်းဆွေကို သူမ မျက်ဝန်းရွှဲကြီးဖြင့် ပေကလပ် ပေကလပ် မော့ကြည့်နေသည်။



"မင်း ... တော်တော်လန့်သွားသလား ... အေးပါကွာ ... ဒီလောက် လန့်ပြီး ... လဲသွားမယ်မထင်လို့ ... ဟေး လို့ အော်မိတာပါ ... "

ဥစ္စာစောင့် မဟုတ်မှန်း သေချာသွားသည်။

ဥစ္စာစောင့်ဆိုလျှင် လူသားတစ်ယောက်ကို ထိတ်လန့်မည်မဟုတ်။

"မင်း နာသွားသေးလား ... ထိမိခိုက်မိသွားသေးလား ... "

ကောင်မလေး ပြန်မဖြေ။ သူမ၏ မျက်ဝန်းစုံနှင့်သာ နောင်ဝင်းဆွေ တစ်ကိုယ်လုံးကို စိုက်ကြည့်နေသည်။

ရှိလှပါမှ အသက် (၁၈) (၁၉) သာ။

ချောသလား၊ လှသလား၊ နုပျိုသလားမမေးနှင့် ချော၊ သိပ်လှ၊ သိပ်နုပျိုသော ကောင်မလေးဖြစ်ပါ၏။

သနပ်ခါး ဘဲကြား၊ ပါးတွင်ကွက်ချယ်ထားသည့် ပါးကပင် သူမ အလှသည် ထင်ပေါ်အိမွတ်ဝင်းပနေသည်။

အကျီလည်ပင်းပေါက်က တြိဂံလည်ဟိုက်ဖြစ်ရုံမက အက်ရောင်ခံ အကျီမို့ သူမ၏ လည်တိုင်နှင့်ရင်ညွန့်အထက်မှာ ပို၍ ဝင်းမွတ်နေပါသေး၏။

"မင်း ... မတ်တတ် ပြန်မရပ်နိုင်လို့လား ... "

ကောင်မလေး ပြန်မပြော၊ နောင်ဝင်းဆွေကို မော့ ညို့မြဲ ကြည့်နေသည်။

"ငါ ထူပေးရမလား ... ယောကျ်ားချင်းဆိုရင်တော့ ... ငါက

ချက်ချင်း ထူပေးမှာ ... ”

ကောင်မလေး ပြန်မပြော။

“မင်း ... စကား မပြောတတ်ဘူးလား ... ”

ပြန်မပြောသေး။

နောင်ဝင်းဆွေက ရှေ့သို့တိုးလာပြီး ကောင်မလေး ကို ဆွဲထူပေးရန် ပခုံးကိုင်ပြီး လက်နှစ်ဖက် ဆန့်ထုတ်လိုက်သည်။

“ဟင့်အင်း ... ဟို ... ဟို ... ရွှေမိ ထနိုင်ပါတယ် ... ”

ချက်ချင်း ကောင်မလေး ထရပ်သည်။ သူ့ကို ကိုင် တွယ်မည်ကိုတော့ အကြောက်သား။

နောင်ဝင်းဆွေ ပြုံးလိုက်သည်။

“မင်းနာမည် ... ရွှေမိတဲ့လား ... ”

“အင်း ... ဒီကျွန်းပေါ်မှာတော့ ... အားလုံးက ရွှေမိ ခေါ်ကြတာပေါ့လေ ... တကယ်လို့ ဒီကျွန်းက ဘဝပြော ပြီး ... လူတွေထဲ ပြန်ရောက်သွားရင်တော့ ... တခြ နာမည်လှလှလေးတစ်ခု ဖြစ်သွားမှာပေါ့ ... ”

“အလဲ့ ... မင်းဟာက ဘာလိုလိုကြီးပါလား ... ”

“ဒီကျွန်းပေါ်မှာ လူတွေ ... အိုးအိမ်တွေ ရှိတာမှ မဟုတ် တာ ... မင်းကို ဘယ်သူက ရွှေမိလို့ ခေါ်စရာရှိမှာလဲ ...

“ရှိတာပေါ့ ... ဒီကျွန်းမှာ ဂုမ္ဘာန်တို့ ယက္ခတို့ သူဇာတို့ ဥ တို့ ရှိနေတာပဲဟာ ... တခြားလူတွေသာမရှိတာ ... ”

“အဲဒီ နာမည်တွေက ဘာတွေလဲ ... လူမဟုတ်ရင် ... အ



နာမည်တွေလဲ ... ”

“လူတွေ မဟုတ်ပေမဲ့ ... သူတို့လည်း သတ္တဝါတွေပဲဟာ ... ”

ကောင်မလေး ပြောနေပုံမှာ နာနာဘာဝကို အယုံ အကြည်မရှိသော နောင်ဝင်းဆွေပင် ဇဝေဇဝါဖြစ်သွားသည်။

“ရွှေမိက ... ဥစ္စာစောင့်လား ... ”

“အိုး ... ရွှေမိမှာ ဘာစောင့်စရာ ဥစ္စာပစ္စည်းရှိလို့လဲ ... ”

“ဒါဖြင့် ... ဒီကျွန်းမှာ ရွှေမိက ဘာလဲ ... ”

“ကျွန်းစောင့်ပေါ့ ... ”

“ကျွန်းစောင့် ဟုတ်လား ... ”

“ဟုတ်တယ်လေ ... ဖိုးခွားနဲ့အတူ ဒီကျွန်းမှာစောင့်နေတာ ပေါ့ ... တကယ်တာဝန်ရှိရှိနဲ့ စောင့်ရတာကတော့ ... ဖိုးခွား ပါ ... ရွှေမိက ဖိုးခွားရဲ့ ကူဖော်လောင်ဖက်ပါ ... ”

“ဖိုးခွား ... ဟုတ်လား ... အဲဒီ ဖိုးခွားကကော ဘာလဲ”

“ဖိုးခွားက ရွှေမိရဲ့ဘိုးဘိုးပေါ့ ... ”

“လူပဲလား ... ”

“အယ် ... ဖိုးခွားက ... ရွှေမိရဲ့ ဘိုးဘိုးပဲဟာ ရွှေမိလိုပဲ ပေါ့ ... ”

“ရွှေမိလိုပဲပေါ့ဆိုရင် ... ရွှေမိကကော ဘာလဲ ... လူပဲလား”

“အင်းလေ ... ရွှေမိက လူမဟုတ်လို့ ဘာလဲလို့ပဲ ... တို့က မေးနေတာပဲဟာ ... ”

“ရွှေမိက လူပဲပေါ့ ... ဆရာဝန်ရယ် ... ရွှေမိလည်း ဆရာဝန်

လို လုပ်ပဲပေါ့ ...”

နောင်ဝင်းဆွေ အံ့ဩရပြန်သည်။ မိမိဆရာဝန်မှန်း ရွှေမိက သိနေသောကြောင့်ပင်။

“တို ... ဆရာဝန်မှန်းလည်း ရွှေမိကသိသလား ...”

“သိတာပေါ့ ... ရွှေမိလည်း သိတယ် ... ဖိုးခွားလည်း သိတယ် ... ဒါပေမဲ့ ... ဂုမ္ဘာန်တို့ ... ယက္ခတို့ ... ဒသတို့ ဥမ္မာတို့ သူဇာတို့ကတော့ မသိဘူးပေါ့လေ ... သူတို့မှာက ဒါ ဆရာဝန် ... ဒါ အင်ဂျင်နီယာ ... ဒါ သင်္ဘောသားဆိုတာမျိုးကို သိနိုင်စွမ်းမှ မရှိတာ ...”

“ဟော ...”

ဂုမ္ဘာန်တို့ ယက္ခတို့ ဥမ္မာတို့ ဆိုသည်မှာ တရွှေထီး တရွှေမတွေဟု ထင်ရော။

“ဆရာဝန်ကကော ... ဒီကျွန်းမပေါ် ဘာလာလုပ်တာလဲ”

“မရောက်ဘူးလို့ ... လာလည်တာ ...”

“လက်ထဲမှာလည်း သေနတ်ကြီးနဲ့ ... ဆရာဝန်ဆိုတာ သူများအသက်ကို သတ်ရတာမှ မဟုတ်တာ ... သူများအသက်ကို ကယ်ရတာပဲဟာ ...”

“ဘယ်သူကကောပစ်သေးလို့လဲ ... တို့ပစ်မယ်ဆိုရင် ငှက်ဝါကြီးတွေ ... အုပ်နဲ့ဆင်းနဲ့ တစ်ချက်ပစ်တာနဲ့ လေးငါးကောင် အနည်းဆုံးပဲ ...”

“သနားပါတယ် ... သူတို့က ဘယ်သူ့ကိုမှ ရန်မရှာပါဘူး... ဘယ်သူ့အသားမှလည်း မစားဘူး ... သူတို့ဘာသာ သစ်သီးတွေစားတယ် ... သီချင်းဆိုတယ် ... သနားစရာ”



“နေပါဦး ... အမိက တို့ကိုဆရာဝန်မှန်း ဘယ်လိုသိနေတာလဲ အမိရဲ့ ... အဘိုးကကော ဘယ်လိုသိနေတာလဲ ...”

“အဝေရာနဲ့ ... ဒီ ချစ်မျှော်ကျွန်းက ဘာဝေးတာမှတ်လို့ နောက်ပြီး ... အဝေရာ၊ ၂ ပတ်ဝန်းကျင်ရွာတွေမှာရော ဆရာဝန်နောင်ဝင်းဆွေဆိုတာ ... သတင်း သိပ်မွှေးနေတာ၊ ရွှေမိ အဝေရာရောက်တုန်းက ဆရာဝန်နောင်ဝင်းဆွေကို တမင်တောင် ကိုယ်ရောင်ဖျောက်ပြီး ကြည့်ခဲ့သေးတာ ...”

“ကိုယ်ရောင်ဖျောက်ကြည့်တယ် ... ဟုတ်လား ...”

“ဒီလိုလေ ... ဆရာဝန်က ဆေးခန်းမှာ အရမ်းအလုပ်များနေတယ် ... ရွှေမိက ဆေးကုဖို့မှမဟုတ်တာ လူနာတွေနဲ့ ရောပြီး ထိုင်စောင့်နေတယ် ... ဆရာဝန်ကြီးက ဝင်လိုက်ထွက်လိုက် ... လူနာတွေနဲ့ စကားပြောလိုက်လုပ်တော့ ရွှေမိ ... ဆရာဝန်နောင်ဝင်းဆွေကို မြင်ဖူးတာပေါ့ ... နောက်ပြီး ... တိတ်တိတ်လေးပြန်လာခဲ့ရော ... အဲဒါ ကိုယ်ရောင်ဖျောက်လာကြည့်တာလေ ...”

“ဪ ... ဪ ... ဒီလိုလား ...”

“ဟုတ်ကဲ့ရှင့် ... ဒီလိုပါပဲ ...”

နောင်ဝင်းဆွေ လက်တစ်ဖက်မြှောက်လိုက်မိသည်။ ကောင်မလေးပြောပုံက ချစ်စနိုးလေးမို့ မချင့်မရဲဖြစ်စရာကောင်းလှ

သည်။ ကောင်မလေးကို ထိပ်ခေါက်ချင်စိတ်ပေါက်သွားမိပါ၏။

သို့သော် ကိုယ့်ဟာကိုယ် ထိန်းလိုက်ပါ၏။

ကောင်မလေးဆိုပေမဲ့ အပျိုမလေး၊ နောက်ပြီး အခု တွေ့ရသည်မှာ နာရီပိုင်းပင် မပြည့်တတ်သေး။

"ဆရာဝန် နာမည်ကျော်တာ မဆန်းပါဘူးလို့ ... ဆေးခန်းက လစ်ပြေးလာပြီး ... ချက်ချင်း သဘောပေါက်သွားတယ် ..."

"ဆိုပါဦး ... ဘာလို့ မဆန်းတာလဲ ... ဘယ်လို ရွှေမိက သဘောပေါက်သွားတာလဲ ..."

"သိပ်ကြည့်ကောင်းလို့ ... သိပ်ချောလို့ ..."

"ဟေ ..."

"ဟုတ်တယ်လေ ... ဆရာဝန်က ယောက်ျားချင်းတွေထဲမှာတောင် ... ထူးခြားပေါ်လွင်နေတယ် ... ကြည့်ကောင်းနေတယ် ... ဒါကြောင့် လူနာတွေ ရောဂါပျောက်မြန်တာ"

"ဟာ ... ဘာဆိုင်လဲ ..."

"ဆိုင်တာပေါ့ ... ဟို ရာစုပေါင်းအများကြီးက လူနာတွေကို ဆေးကုပေးတာ ... ဇျက်ဆောင်းတီးပြပြီး ... သီချင်းဆိုပြပြီး ... ကုသပေးတယ်တဲ့ ... ဒါ ဣဋ္ဌာရုံပေးတာ ... လူနာက ဇျက်စောင်းတီးသံ သီချင်းဆိုသံကို နားဝင်ချိုပြီး စိတ်ကြည်လင်သွားတာနဲ့ ... ရောဂါတစ်ဝက်ပျောက်နေပြီလေ၊ ကျန်တဲ့ အပိုင်းကတော့ ... ဆေးဝါး မန္တန်အပိုင်း ... အဲ



ဒီလိုပေါ့ ... အခုလည်း ... ဆရာဝန်က ပြုံးပြလိုက်တာနဲ့ လူနာရောဂါ ထက်ဝက်သက်သာသွားပြီ ..."

နောင်ဝင်းဆွေ ရယ်ပါ၏။

အာဂကောင်မလေးပါလားဟုလည်း စိတ်ထဲမှ မှတ်ချက်ချမိသည်။ ကောင်မလေးပြောသွားသော ရှေးထုံးကုနည်းကို နောင်ဝင်းဆွေစာအုပ်တွင် ဖတ်ဖူးသည်၊ ကြားဖူးသည်။ ယနေ့ ခေတ်တိုင်အောင် လူရိုင်းအချို့သည် ရွှေမိပြောသော ကုထုံးနည်းဖြင့် ကုနေကြဆဲဟုပင် ကြားဖူးသည်။

"ဆရာဝန်ရဲ့နာမည်ကလည်း ... ကိုနောင်ဝင်းဆွေဆိုတော့ အပျံစားဖလားနာမည်ပဲ ... ရွှေမိ သိပ်ကြိုက်သွားတယ် ..."

"ရွှေမိ သိပ်ကြိုက်သွားတယ် ဟုတ်လား ..."

"နာမည်ကို ပြောတာပါနော် ... တစ်လွဲချော်မတွေးနဲ့ ... ဒါပေမဲ့ ... စနေမဆိုတဲ့ နာမည်ကျတော့ ... မနိပ်ဘူး ... အဲဒီ စနေမဆိုတဲ့ နာမည်မျိုးကျတော့ မကြိုက်ဘူး ..."

"ဪ ... စနေမကိုလည်း သိတာပဲလား ..."

"သိတာပေါ့ ... ပိုလို့တောင် သိသေး ... မမစနေမက အဝေရာမှာ နေတာကြာပြီပဲ ... မမစနေမလည်း ရုပ်သိပ်ချောတာပဲလို့ ကျော်ကြားလို့ ... ရွှေမိ အဝေရာရောက်တုန်း ရောက်ခိုက် အုန်းနို့ခေါက်ဆွဲဝင်စားရင်းကြည့်တာ ... ချောမှချော လှမှလှ ... သူ ရုပ်ချောတာနဲ့ သူ့နာမည်နဲ့မလိုက်ဖက်ဘူး ... စနေမဆိုတဲ့ နာမည်က ကြမ်းသလိုပဲ ... အင်း

ပေါ့လေ … သူ့ဘဝကလည်း ကြမ်းတာကိုး … သူက ယောက်ျားလှူမိုက်ကြီးတွေကိုတောင် ပြိုင်သတ်ရဲတာတဲ့"

နှောင်ဝင်းဆွေသည် ရွှေမိပြောသည်ကို ငေးငေးငိုင်ငိုင် နားထောင်ရင်း စိုက်ကြည့်နေမိသည်။

သေချာစိုက်ကြည့်မှ ရွှေမိ အပေါ်နှုတ်ခမ်း လက်ယာထောင့်တွင် မှဲ့သီးလေးတစ်လုံးရှိနေသည်ကို မြင်မိသည်။

ဤသို့ နှုတ်ခမ်းထောင့်တွင် မှဲ့သီးလေးရှိနေသည်က ပင် ရွှေမိကို ပို၍လှစေသလား မပြောတတ်။

"ရော … ဆရာဝန် … ဒီနှင်းဆီပန်းတွေ ယူထားလိုက်တော့ ရွှေမိပြန်သင့်ပြီ … သိပ်ကြာရင် ဖိုးခွားက ရိုက်မှာ … "

သူမ လက်ထဲတွင် ကိုင်ထားသော နှင်းဆီအစီးကို နှောင်ဝင်းဆွေအား လှမ်းပေးသည်။ လေးငါးပွင့်လောက်တော့ ကျန်နေသေးသည်။

"အမိက နှင်းဆီပန်းတွေ ယူလာပြီး … စမ်းချောင်းလေးထဲမှာ တစ်ပွင့်ပြီးတစ်ပွင့် မျှောပစ်တာ … ကစားနည်းတစ်မျိုးလား … "

"ဒါပေါ့ … ကြည်လင်နေတဲ့ စမ်းရေပေါ်မှာ နှင်းဆီပွင့်လေး တအိအိမျောသွားတာ … ဘယ်လောက် ချစ်ဖို့ကောင်းလဲ၊ ကဲ … ယူလေ ဆရာဝန် … ရွှေမိလိုပဲ ကျန်တဲ့အပွင့်တွေ မျှောကစားနေပေါ့ … ရွှေမိကတော့ သွားတော့မယ် … "

"အမိက ဘယ်ပြန်မှာလဲ … "



"မဝေးပါဘူး … ဒီနားတင်ပါ … "

"တို့ လိုက်လည်လို့မရဘူးလား … "

"ဖိုးခွား ဆူလိမ့်မယ် … "

ကောင်မလေးက ဦးခေါင်းခါပြသည်။ ထို့နောက် သူမ၏ မေးစေ့လေးကို လက်ညှိုးလေးထောက်ကာ စဉ်းစားသည်။

"မဖြစ်ဘူး … ဖိုးခွားက သူ့ဆီကို လူစိမ်းတွေလာတာ မကြိုက်ဘူး … "

"ကဲ … ဒါဆို မလိုက်ဘူးပေါ့ကွာ … အမိပဲ ပြန်ပေတော့"

ရွှေမိ ပြန်လှည့်သွားတော့သည်။ ကောင်မလေး၏ နောက်ပိုင်းကျောပိုင်းကို နှောင်ဝင်းဆွေ ငေးကြည့်နေမိသည်။

ကောင်မလေး ရုပ်ချောရုံသာမက ကျစ်လစ်သော ကိုယ်ထည်လေးနှင့် တော်တော် အချိုးကြပေသည်။ မြင်ရသည်မှာ စိုစိုပိုပိုနှင့်တင်းတင်းရင်းရင်း ရှိလှပါ၏။

ငုံရာမှ ပွင့်စပြုနေသော လတ်ဆတ်သည့် ပန်းငုံပွင့်လေးနှင့် တူလှသည်ဟု နှိုင်းယှဉ်ပြရလေမလားမသိ။

ကောင်မလေး မြင်ကွင်းမှ ပျောက်သွားသည်။

ကောင်မလေးဘယ်မှာနေသည်ကိုလည်းကောင်း၊ လူသားပေလား၊ ဥစ္စာစောင့်ပေလား သိရန်လည်းကောင်း၊ နောက်မှ နောက်ယောင်ခံလိုက်ကြည့်လျှင် ရပါ၏။

သို့သော် နှောင်ဝင်းဆွေ မလိုက်ပါပေ။ မိန်းမပျိုလေးတစ်ဦး၏နောက်မှ ပိုက်စူးစမ်းခြင်းအတွက် နှောင်ဝင်းဆွေ

စိတ်မသန့်၍ ပြီး နဂိုကတည်းက ဥစ္စာစောင့်ဆိုသည်ကို ယုံကြည်စိတ် မထား။

လက်တွေ့အားဖြင့်လည်း ကောင်မလေးပြောသွားသော ဇကားတွေအရ ကောင်မလေးသည် လူမလေးတစ်ဦးသာဖြစ်ကြောင်း သိသာသည်။

တောခေါင်ခေါင် ကျွန်းခေါင်ခေါင်ဝယ် လူမလေး နောက်သို့ လူထီးလေးလိုက်၍ကြည့်သည်ကို ဘယ်သူတစ်ဦးမှ မြင်နိုင်မည် မဟုတ်သော်လည်း ကိုယ့်ကိုယ်စောင့်နတ်က သိသည်။ မြင်သည်။ ဤသည်မှာ သိက္ခာပိုင်းတစ်ခုဖြစ်ပါ၏။

နောင်ဝင်းဆွေသည် ကောင်မလေး ထိုင်သွားသော သစ်ငုတ်ပေါ်မှာပင် ထိုင်ပြီး ကောင်မလေးပေးခဲ့သော နှင်းဆီပွင့် တစ်ပွင့် စမ်းရေစီးတွင် ချမျှောလိုက်သည်။

ရေစီးတွင် ပန်းလေးလေး မျောသွားသည်ကို လိုက်ကြည့် ကြည်နူးစရာကောင်းကြောင်း ရွှေမိပြောသွားသည့်အတိုင်း မှန်ကန်နေပါ၏။

ရေမျောပွင့်လေး မြင်ကွင်းမှ ပျောက်သွားသောအခါ နောက်တစ်ပွင့် ထပ်မျှောပြန်သည်။

တကယ်တော့ နောင်ဝင်းဆွေ စိတ်လေ့နေသည်။ မနေ့ညနေက အဝေးရာစေတီပေါ်တွင် စနေမ ခေါ် နှင်းဖြူနှင့် အပြန်အလှန် ရင်ဖွင့်မေတ္တာတွေ ထားခဲ့ကြသည်။

နံနက်မိုးသောက်သောအခါ နှင်းဖြူပျောက်သွား



သည်။

နှင်းဖြူ၏ စိတ်ရင်းစေတနာကတော့ သူမနှင့်မိမိ ဘဝနှစ်ခုပေါင်းစပ်လိုက်ပါက မိမိသိပ်နစ်နာသည်ဖြစ်မည်မို့ နှလုံးသား စွန့်စားခြင်းဖြင့် ရှောင်ထွက်သွားခြင်းဖြစ်မှန်း နောင်ဝင်းဆွေ ဒက်ထိသိသည်။

အောင်ပွယ်လယ်ကန်တွင် နတ်သမီးနှင့်ခေတ္တတွေ့ဆုံပြီး အချိန်တန်၍ နတ်သမီးပြန်လေသောအခါ ရှင်ဖြူရှင်မင်းတရားဘုရင်ကြီး အချစ်နာကျ အချစ်ရူး‌ရူး ကျန်ခဲ့သည်ဟု အဆိုရှိခဲ့သည်။

နောင်ဝင်းဆွေ တွေးကာ ပခုံးတွန့်မိပါ၏။

မင်းတရားကြီးလိုတော့ မရူး၊ ပင်ကိုယ်စိတ်ဓာတ် ကြံ့ခိုင်သူဖြစ်သည်။ သို့သော် တဒင်္ဂအချစ် တဒင်္ဂအတွေ့ကြောင့်တော့ နောင်ဝင်းဆွေ တမ်းတစိတ်ဖြင့် လေလေလွင့်လွင့်လေးဖြစ်မိသည်။

တတိယနှင်းဆီပွင့်လေး စမ်းရေထဲသို့ ပစ်ချစဉ်မှာပင် တဗုတ်ဗုတ်နှင့်ပြေးလွှားလာသော ခြေသံမျိုးကြားရသည်။ ချိုးချိုးချွတ်ချွတ် သစ်ကိုင်းခြောက်များ အနင်းခံရသော အသံလည်း ကြားရသည်။

ခြေသံများသည် ရွှေမိထွက်သွားရာဘက်ဆီမှ ကြားရခြင်း ဖြစ်ပါ၏။

နောင်ဝင်းဆွေ တတိယနှင်းဆီပွင့်လေး စမ်းရေမျောကို မကြည့်ဖြစ်ပါသေးတော့။

သေနတ်ကို ချက်ချင်း မောင်းတင်လိုက်သည်။ ကျည်ဆန်နှစ်ခုက ထိုးထားပြီးသား အဆင်သင့်။ ခြေသံများကြားရာသို့ ကြည့်သည်။

မြင်ကွင်းက အသဲထိတ်စရာ။

ရွှေမီကောင်မလေးသည် အသက်လုကာ ရှေ့သို့ တအားပြေးနေသည်။

ကောင်မလေးနောက်မှ တောဝက်တစ်ကောင်သည် ဝါးလုံးတိုး တစ်ရှူးတိုး ပြေးလိုက်နေသည်ကို တွေ့ရသည်။

ရှေ့မှပြေးသော ရွှေမီနှင့် နောက်ကလိုက်သော တောဝက်သည် အလှမ်းသိပ်မကွာပါလေတော့၊ ဝါးတစ်ပြန်သာသာမျှသာ ကွာတော့သည်။

"လုပ်ပါဦး … လုပ်ပါဦး … နောက်မှာ"

နောင်ဝင်းဆွေကို မြင်သည်နှင့် ရွှေမီငယ်သံပါအောင် အော်ဟစ်အကူအညီတောင်းသည်။

နောင်ဝင်းဆွေသည် အသွက်လက်ဆုံးနှင့် သေွးအအေးဆုံး ပြုမူလိုက်သည်။ ဖျတ်ခနဲ ရွှေမီရှေ့တွင် ဝင်ရပ်ကာ ရွှေမီကို နောက်ကျောဘက်ပို့လိုက်ပြီး နောင်ဝင်းဆွေက မားမားကြီးရပ်လိုက်သည်။ ပြီး သေနတ်ဖြင့် တောဝက်ကို ချိန်လိုက်သည်။

"ပစ် … ပစ် … ဆရာဝန်"

ရွှေမီက သူ၏နောက်ကျောကို ဖက်ထားရင်း သတိပေးပြောကြားသည်။



နောင်ဝင်းဆွေ သွေးအေးသည်။ ပစ်ကွင်းသေချာမှုရအောင် သေချာချိန်သည်။ အနီးကပ်ဆုံး ပစ်ချက်ရောက်သည်အထိ စောင့်သည်။

"ဒိုင်း … ဒိုင်း"

ခြောက်လုံးကျည်ရော တစ်လုံးထိုးကျည်ရော အိုဗာအန်ဒါပြောင်းနှစ်ခုမှ ပစ်လွှင့်လိုက်သည်။

ပိဿာချိန်သုံးဆယ့်ငါး လေးဆယ်ခန့်ရှိသော တောဝက်ကြီးမှာ သေနတ်ပစ်ဒဏ်ချက်ကြောင့် အုံ့ဩဖွယ်ကောင်းလောက်အောင် သုံးလေးပေအထိမြောက်တက်သွားကာ ချာလပတ်လည်ပြီး ဘုံးခနဲ ကျလာသည်။

တုတ်တုတ်ကလေးမျှ မလှုပ်ပါလေတော့။

ဟင်းခနဲ လေမှုတ်ထုတ်သံနှင့်အတူ နောင်ဝင်းဆွေ၏ လည်ဂုတ်တွင် အာငွေ့ပူပူလေးတိုးခတ်သည်ကို ခံစားလိုက်ရသည်။ ပြီး ကောင်မလေးသည် ကြောက်အားလန့်အားဖြင့် နောင်ဝင်းဆွေအား နောက်ကျောဘက်မှ ဖက်တွယ်ထားသည်မှာ ပုံးပိုးထားသလိုပင် ဖြစ်နေပြီ။ သူမ၏ ရင်ညွန့်နှင့် နောင်ဝင်းဆွေကျောပြင် ဖိကပ်နေသည်။

"ကဲ … ကဲ … ဆင်းတော့ … လူက ဥစ္စာစောင့်လိုလို ဘာလိုလိုနဲ့ … ဥစ္စာစောင့်က တောဝက်ကို ကြောက်ရသတဲ့လား … ပြေးလာတာ မှန့်နေတာပဲ … "

"ဘယ်သူက ဥစ္စာစောင့်လို့ ပြောလို့လဲ … ကျွန်းစောင့်လို့ပဲ

ပြောတာ ... ဟင်း ... ဟို တောဝက်သေပြီလား ... "

"သွားကြည့်ပါလား ... သုံးဆယ်တစ်ဘုံမှာ ဘယ်ဘုံကို ရောက်သွားမှန်းတောင် တောဝက်ခမျာသိလိုက်မှာ မဟုတ်ဘူး ... တုံးခနဲ သေသွားတာ ... "

"ဒါဆို ... သွားကြည့်စို့ ဆရာဝန် ... "

"ကိုယ့်ဟာကိုယ် သွားကြည့် ... "

နောင်ဝင်းဆွေက သစ်ပင်ကိုမှီရင်း စီးကရက်ဘူး ထုတ်ကာ တစ်လိပ်မီးညှိရှိုက်ဖွာနေသည်။

"ဟင့်အင်း ... ရွှေမိ ကြောက်တယ် ... လာပါ အတူတူသွား ကြည့်ရအောင် ... "

"အသေကောင်က ဘာထလုပ်မှာလဲ ... "

"မသေသေးရင် ဘယ့်နှယ်လုပ်မလဲ ... ဖိုးခွားပြောဖူးတယ်၊ တောကောင်တွေက ရိုင်းလေလေ ... ညာဏ်များလေလေ တဲ့ ... ရန်သူနဲ့ တိုက်လို့မနိုင်ရင် ... သေချင်ဟန်ဆောင်နေ တတ်တယ်တဲ့ ... သေပြီမှတ်လို့ သူ့အနားကပ်မှ အတင်း ထခဲပြီး ... မလွှတ်တမ်း ကိုက်တာတဲ့ ... "

ဒါတော့ ဟုတ်လောက်သည်။ တချို့တောကောင် များ ညာဏ်များတတ် ပရိယာယ်များတတ်ကြောင်း နောင်ဝင်းဆွေ ကြားဖူးပါ၏။

စီးကရက်ခဲရင်းပင် အိုဗာအန်ဒါမှ ပစ်ပြီးသွားသော



ကျည်ဆံနှစ်ခုကို ထုတ်ယူကာ ခြောက်လုံးကျည်နှင့်တစ်လုံးကျည် ထပ်ထည့် မောင်းချိုးလိုက်သည်။

"လာ ... ကြည့်ကြစို့ ... "

နောင်ဝင်းဆွေက တောဝက်ဆီသို့ ခြေလှမ်းသည် နှင့် ရွှေမိက နောင်ဝင်းဆွေ၏ လက်မောင်းကို တွဲကိုင်ကာ တွန့်ဆုတ် တွန့်ဆုတ်ပြီး ဒရွတ်ဆွဲပုံစံ လိုက်ခဲ့သည်။

လဲနေသော တောဝက်ကို သေနတ်ပြောင်းချိန် ထားရင်း ဖိနပ်ဦးနှင့် တောဝက်ကို ကလော်လှန်လိုက်သည်။ တော ဝက်၏ အသက်ရှုအမိန်အဖောင်း ဝမ်းဗိုက်ကိုကြည့်သည်။

ဘာမှ မလှုပ်တော့ ချုပ်ငြိမ်းသွားပြီ။

"သေပြီ ... သေချာတယ် အမိ"

ရွှေမိနောက်ကျောကွယ်မှ ထွက်လာသည်။ တော ဝက်ကို သေချာခါးကိုင်းကြည့်သည်။

"အောင်မလေးလေး ... အောက်က အစွယ်ကြီးတွေက ပါးစပ်အပြင်ဘက်တောင် ငေါထွက်နေတယ် ... ချွန်လိုက် တာလည်း ဓားမြှောင်ထိပ်ကျနေတာပဲ ... အစွယ်ကြီးက လည်းရှည်လိုက်တာ ... ဒါကြီးနဲ့သာ အပတ်ခံရရင် ... "

ရွှေမိ ကြက်သီးထ မခုံးလေးတွန့်သည်။

"အပတ်ခံရရင် ... တစ်ချီတည်းသေမှာ ... ဆရာဝန်ကယ် ပေလို့ ... ရွှေမိ ကံကောင်းသွားတာ ... ဆရာဝန်ဟာ ... ရွှေမိရဲ့အသက်သခင် ကျေးဇူးရှင် ... အရမ်းကျေးဇူးတင်

တယ် ... ”

“ရတယ်လေ ... တို့အဖို့လည်း ... ချစ်မျှော်ကျွန်းကိုလာရ ကျိုးနပ်သွားပြီ ... တို့သူငယ်ချင်းကို ငါတောဝက်ကြီးပစ်လို့ ရယာတယ်လို့ ... ကြားနိုင်လာပြီ ... ”

“တို့သူငယ်ချင်းဆိုတာ ... အဝေးရောက် သူဌေးကိုအောင်ချို ကို ပြောတာလား ဆရာဝန် ... ”

“သိပ်ဟုတ်တာပေါ့ ... အောင်ချိုကိုလည်း အမိက သိတာပဲ လား ... ”

“အဝေးရောမှာရော ... တောပိုင်းမှာရော ကိုအောင်ချိုက လူသိများတဲ့ လူပဲဟာ ... ရွှေမိလည်းသိတာပေါ့ ... ဟောဒီ တောဝက်ကြီးက ဆရာဝန်နဲ့ ထိုက်လို့ပြေသွားတာသိလား ... ဒီကောင်ကို ဖိုးခွား ဒူးလေးနဲ့ ချောင်းတာ သုံးညဆက်တိုက် ပဲ ... လွတ်သွားတာချည်းပဲ ... ”

“အမိရဲ့ ဖိုးခွားက ... ညကြီးအမဲလိုက်သလား ... ”

“အမဲလိုက်တာ မဟုတ်ဘူး ... ဖိုးခွားစိုက်ထားတဲ့ ... ဘူးပင် သခွားပင်နဲ့ မြေပဲခင်းကို ဒီဝက်ကြီးညဘက်ဝင်ဖျက်ဆီးတာ လေ ... ငါးညရှိပြီ ... အဲဒါကြောင့် ဖိုးခွားက ချောင်းတာ”

“ဟုတ်တယ် ... ဒီကောင်ကြည့်ရတာ သင်းကွဲကောင်ကြီး”

“ဘာလဲ ... သင်းကွဲကောင်ကြီးဆိုတာ ... ”

“တိရစ္ဆာန်အုပ်စုထဲမှာ ... ခေါင်းဆောင်လုပ်တဲ့ အကောင်ရှိ တတ်တယ် ... ခေါင်းဆောင်လုပ်ချင်တဲ့ အကောင် နောက်



ထပ်ရှိလာရင် ... သူတို့နှစ်ကောင် အရှုံးအနိုင်တိုက်ခိုက်ရ တယ် ... နိုင်တဲ့ကောင်က အုပ်စုမှာ ခေါင်းဆောင်ဖြစ်သွား ပြီး ... ရှုံးတဲ့ကောင်က အုပ်စုထဲက ခွဲထွက်လာရပြီး ... တစ်ကောင်တည်း နေရတယ် ... အဲဒါကို သင်းကွဲကောင်၊ လို့ခေါ်တာ ... ဒီကောင်မျိုးက တစ်ကောင်တည်းနေရတာ ကို မကျေနပ်ဘဲ ... အမြဲဒေါသကြီးနေတယ် ... တွေ့ခြား မြင်သမျှ သတ္တဝါကို ရန်လုပ်တယ် ... သဲကြီးမဲကြီး တိုက် ခိုက်တယ် ... ”

“အမလေး ... ဆရာဝန်ပြောမှ ပိုတောင်ကြောက်လာသေး၊ စောစောက ထွက်ပြေးတာ ... ဒီကောင်ကြီး မိတော့မှဲ့ဆဲဆဲ ပဲ ... ဆရာဝန်သာ ဝင်မကယ်ရင် ... ရွှေမိကို ဒီကောင်ကြီး က အသေပက်မှာ ... ”

ထိုစဉ်မှာပင် ပါးလုစ်သော နှောင်ဝင်းခွေ၏နားက တောနင်းလာသံတစ်ခုကို ကြားလိုက်သည်။ သစ်ကိုင်းခြောက်ကို နင်း၍ သစ်ကိုင်းခြောက်ကျိုးသံနှင့် သစ်ရွက်ခြောက်တို့ နင်းသံမျိုး ဖြစ်ပါ၏။

နှောင်ဝင်းခွေ ဖျတ်ခနဲ ရွှေမိလက်မောင်းကိုဆွဲကာ သူနောက်ကျောဝိုင်းသို့ ပို့လိုက်သည်။ သေနတ်ပြောင်းကိုလည်း အသံကြားရာသို့ ချိန်ထားလိုက်သည်။

“ဘာလို့လဲဟင် ဆရာဝန် ... ”

“တောနင်းလာသံ ကြားတယ် ... ရှူး ... တိတ်တိတ်နေ”

တစ်ခဏအတွင်းမှာပင် တောထဲမှ လူကြီးတစ်ယောက် ထင်းခနဲ ပေါ်ထွက်လာသည်။ မားရှည်ကြီး လွယ်ထားသည်။ ညှို့တင်ထားသော ဒူးလေးတို ကိုင်ထားသည်ကို တွေ့မြင်ရသည်။

"ဖိုးခွား ..."

ထိုလူကြီးကို မြင်သည်နှင့် ရွှေမိသည် ဝမ်းသာအားရ ခေါ်ရင်း ထိုလူကြီးထံပြေးသွားသည်။

ထိုလူကြီးနောက်မှ အတော်ကြီးသော အင်းခွေးကြီး သုံးကောင် ရှေ့ထွက်လာသည်။ နောင်ဝင်းဆွေကို မော့ကြည့်မာန်ဖီကြသည်။

ထိုလူကြီးနှင့် ရွှေမိ ရပ်နေရာမှ နောင်ဝင်းဆွေ ရပ်နေသည်မှာ ပေအစိတ်သုံးဆယ်ခန့် ကွာသောကြောင့် မြေးအဘိုး ဘာတွေပြောနေမှန်း နောင်ဝင်းဆွေ သဲကွဲစွာ မကြားရ။

အဘိုးနှင့်ပြောနေရာမှပင် ရွှေမိသည် နောင်ဝင်းဆွေအား မာန်ဖီနေသော ခွေးသုံးကောင်ကို လှမ်းငေါက်လိုက်သည်။

ရွှေမိ ငေါက်လိုက်သောကြောင့် ခွေးသုံးကောင် မာန်ဖီခြင်း မပြုတော့ဘဲ ဆောင့်ကြောင့်ကိုယ်စီထိုင်နေကြသည်။

ရွှေမိပြောသမျှ ဖိုးခွားဆိုသည့် လူကြီးက ခေါင်းတစ်ညိတ်ညိတ်ဖြစ်နေသည်ကို နောင်ဝင်းဆွေ လှမ်းမြင်ရသည်။

ဒီနောက်မှာတော့ ရွှေမိက ရှေ့မှ၊ ဖိုးခွားကနောက်မှ ခွေးသုံးကောင်က ပတ်လည်ဝိုင်းပြီး နောင်ဝင်းဆွေထံသို့လာကြသည်။



"ဒီမှာ ... ဆရာဝန် ... ဟောဒါ ရွှေမိအဘိုး ဖိုးခွားလေ ... ခွေးကြီးသုံးကောင်က ... ဂုမ္ဘာန်ရယ် ... ဒဿရယ် ... ယက္ခရယ်ပဲ ... တဲမှာ ဥမ္မာနဲ့သူဇာကျန်ခဲ့တယ် ... ဟော့ ကောင်တွေ ... အဲဒါ ဆရာဝန် ... ငါ့အသက်သခင် ကျေးဇူးရှင်နော် ... နင်တို့ ဟောင်တောင်မဟောင်နဲ့ ... "

ရွှေမိက သူ့ခွေးတွေကို အမိန့်သံနှင့် ပြောသည်။ ခွေးကြီး သုံးကောင်က အမြီးနံ့ရင်း နောင်ဝင်းဆွေကို အနံ့ခံနမ်းကြည့်သည်။ ခွေးတွေက ရွှေမိအမိန့်အတိုင်း နောင်ဝင်းဆွေအား မှတ်မိအောင် အနံ့ခံခြင်း ဖြစ်ဟန်တူပါ၏။

ပထမ စောစောက ရွှေမိသည် ဤခွေးကြီးတွေ နာမည်ပြောစဉ်က အစောင့်အရှောက်နာနာဘာဝကောင်တွေလိုလို ဘာလိုလိုနှင့် ယခု ခွေးကြီးတွေ၏ နာမည်မှန်း သိရသည်။

"ဖိုးခွား ... ဆရာဝန်ကို နှုတ်ဆက်လေ ... "

"အေးလေ့ ... မိမိ ... ငါသိသားပဲ ... အဝေရာအောင်ချို့ရဲ့ မေတ္တာမွန်ဆေးခန်းက နောက်ရောက်လာတဲ့ ဆရာဝန်မှန်း..."

"ဖိုးခွားက ... ကရင်လူမျိုးလေ ... စကားဝဲတယ် ... ရွှေမိကို ချစ်စနိုး မိမိလိုခေါ်တာ ... အသံဝဲလို့ မိမိလို့ ထွက်တာ ... "

"နို ... အမိကျတော့ ကရင်သံမဝဲပါလား ... "

"ဘယ်ဝဲမလဲ ... အဘွားက ဗမာ ... အဖေကျတော့လည်း ဗမာပဲ ... ရွှေမိရဲ့ မေမေကိုယ်တိုင်တောင် စကားမဝဲတော့ဘူး ဟုတ်တယ်နော် ဖိုးခွား ..."

"အေးလဲ ... အေးလွဲ့ ... အဲဒါ အရေးမကြီးဘူး မိမိ ... ဟော်ဒီ ဆရာဝန်သိပ်တော်တာပဲ ... ဒီတောဝက်ကြီးကို ဖိုးခွားချောင်းနေတာကြာပြီ ... တစ်ချက်မှ မမိဘူး ... သူ့အစွယ်ကြီးတွေ သိပ်အဖိုးတန်တယ် ... ဒီဝက်စွယ်ကြီးကို ဆေးမန်းရင်းဒုတ်ပြီး ... ဓားပြီး ... ကာယသိဒ္ဓိရမယ် ..."

"ဖိုးခွား လိုချင်လို့လား ..."

"အေးလဲ ... ပေးရင် ယူမယ် ..."

"အိုး ... ဖိုးခွားကလည်း ... လိုချင်စိတ် ရှိလိုက်တာ ... မယူနဲ့ ..."

"အေးလွဲ့ ... မိမိက မယူနဲ့ဆို ... မယူဘူး ... ဒီအကောင်ဝက်ဝံ့ ဝက်ပေါက်ဟဲ့ ... အသားအဆီအခေါက် သိပ်ကောင်းတယ်၊ ဝက်ဟာ ရင့်သွားတဲ့အကောင်ဆို မကောင်းဘူး ... ဒီအကောင်ကျတော့ ... မီးကျပ်တိုက်ထားရင်တောင် အကြာကြီးခံမယ် ..."

မိမိက မယူနဲ့ဆိုမယူဘူးဟု ပြောသော်လည်း ဖိုးခွား၏ မျက်လုံးအစုံက တောဝက်ဆီသို့သာ ရောက်နေသည်။

"ဒါဆို ... ဒီအကောင်ကြီးကို ဖိုးခွားပဲ ယူသွားလေ ..."

"အို ... မဟုတ်တာ ... ဆရာဝန်ကြီး စောစောကပြော



တော့ ... သူငယ်ချင်းကို အောင်ချိုကိုကြွားဖို့ ယူသွားမယ်ဆို ... ရွှေမိကြားသားပဲဟာ ..."

"ရပါတယ်ရွှေမိရာ ... ဒီအကောင်ကြီးတစ်ကောင်လုံး ယူသွားလည်း ... အိမ်ကျရင် ဘယ်စားလို့ ကုန်မှာလဲ ... သူ့တပည့်တွေကို ဝေပေးမှာပဲဟာ ... တို့ကို အဲဒီဝက်ပေါင်တစ်ခုပဲ ထည့်ပေးလိုက် ... ဝက်ကို တို့ပစ်လို့ရမှန်း သိသွားအောင် ..."

ရွှေမိက ဘာမှမပြောတော့သဖြင့် ဖိုးခွား ဝမ်းသာသွားသည်။

"ဒါဆို ... တဲကိုသွားစို့ ... ဆရာဝန်ကြီးလည်းလိုက်ခဲ့ ... တဲမှာဝက်ဖျက်မယ် ... အူနဲ့ အူမကြီးကြော်ကျွေးမယ် ... ဝက်ပေါင်တစ်ခုလည်း ကျကျနန သန့်သန့်ရှင်းရှင်း လုပ်ပေးလိုက်မယ် ... လာလေကွာ ဆရာဝန်ကြီး ..."

"ကဲ ... ဖိုးခွားကတော့ တို့ကိုဖိတ်ခေါ်နေပြီ ... အမိကကော ... တို့ကို ဖိတ်ခေါ်မှာလား ... အားမနာနဲ့နော် မဖိတ်ခေါ်ရင် တို့က မလိုက်ရဲပဲ ..."

"အို ... သိပ်ဖိတ်ခေါ်တာပေါ့ ... ဖိုးခွား ဖိတ်ခေါ်တာထက် အဆပေါင်း ရာထောင်ချီပြီး ... ရွှေမိက ဖိတ်ခေါ်တယ် ... ဒါပေမဲ့ ... ရွှေမိကစပြီး မဖိတ်ခေါ်ရဲဘူးလေ ..."

"ဘာလို့ ..."

"ရွှေမိကို အထင်သေးမှာရယ် ... ဖိုးခွားရဲ့ ခွင့်ပြုချက်မရသေး

တာရယ်ကြောင့်ပေါ့ ... အဲဒါကြောင့် မဖိတ်ခေါ်ရတာ ... ကဲ ... ဒါဆိုလာ ဆရာဝန် ရွှေမိနဲ့ အတူလိုက်ခဲ့ ... ”

ဖိုးချွားက တောဝက်ကို ထမ်းပြီး ရှေ့မှသွားသည်။ နောင်ဝင်းဆွေနှင့် ရွှေမိက ဘေးချင်းယှဉ်ကာ နောက်မှလိုက်သည်။

“ဖိုးချွားက ရွှေမိတဲကို ပြန်ရောက်ချိန် ... ပြန်မရောက်လို့ ခွေးသုံးကောင်နဲ့ ... ဒူးလေးကိုင်ပြီး ... ရွှေမိကို ရှာဖို့ထွက်လာတာ ... လမ်းမှာတင် သေနတ်သံနှစ်ချက် ကြားတယ်တဲ့ ... အဝေရာက လူတွေရော ပတ်ဝန်းကျင်ရွာတွေက လူတွေရော ... ဒီကျွန်းပေါ်မှာ အမဲလိုက်လေ့မရှိကြဘူးတဲ့၊ ဒီသေနတ်သံဟာ ထူးဆန်းတယ် ... ရွှေမိမှာ အန္တရာယ်ရှိနေပလားလို့ ... စိုးရိမ်ပြီး တောချောင်းချွတ်နင်း ပုန်းလျှိုးပြီး လိုက်လာတာတဲ့ ... ”

“အမိက ဖိုးချွားကို သေနတ်သံအကြောင်းရှင်းပြလား ...”

“ရှင်းပြတာပေါ့ ... ရွှေမိ အသက်ဟာ ... ဆရာဝန်ရဲ့အသက်ပဲ ရှိတော့တာ ... အမေမွေးတဲ့ အသက်မရှိတော့ဘူး ... ဆရာဝန်သာ ဝင်မကယ်ရင် ... ခုလောက်ဆို ဝက်ပက်လို့ ရွှေမိသေပြီ ... ”

“ဝေး ... မိမိ ... ”

“ဘာလဲ ... ဖိုးချွား ... ”

ဖိုးချွား ရှေ့မှာသွားရင်း နောက်လှည့်မကြည့်ဘဲ ပြောနေခြင်း ဖြစ်သည်။ ခွေးကြီးသုံးကောင်ကတော့ သူတို့ဟာသူတို့



ပင်. တဲဆီသို့ပြေးသွားကြလေပြီ။

“နင်က သူ့ကို ... ဆရာဝန် ... ဆရာဝန်နဲ့ခေါ်တာ ... ငါနားထဲ အဝင်မကောင်းဘူး ... ”

“အိုး ... ဒါဆို ရွှေမိက ဘယ်လိုခေါ်ရမလဲ ... ဆရာဝန်မို့ ဆရာဝန်လို့ခေါ်တာ ... ”

“အေးလဲလကွယ် ... သူက နင်နဲ့အသက်သိပ်ကွာတာမှ မဟုတ်တာ ... ကြည့်လိုက်ရင် ရွယ်တူလိုပဲဟာ ... အေးလဲ နင့်ထက်တော့ အသက်ကြီးမှာပေါ့ ... နင့်အစ်ကိုအရွယ်ပဲဟာ ... အစ်ကိုလို့ ခေါ်ဟဲ့ ... ဒါမှ မဟုတ်လည်း ... သူ့နာမည်ရှိသားပဲ ... သူ့နာမည်ကိုပဲ ခေါ်ပေါ့ ... ”

ဖိုးချွားက ရွှေမိကို အစ်ကိုဟုခေါ်ခိုင်းလေမှ နောင်ဝင်းဆွေသည် နှင်းဖြူ ခေါ် စနေမကို အမှတ်တရဖြစ်ရပြန်သည်။

နှင်းဖြူသည် သူ့အား ဘယ်သူကမှ သင်မပေးဘဲ သူမ စိတ်ဆန္ဒအတိုင်း အစ်ကိုဟု ခေါ်ခဲ့သောကြောင့်ဖြစ်ပါ၏။

တစ်ဆက်တည်းပင် ဖိုးချွားက နင့်အစ်ကိုအရွယ်ဟု ပြောသည်မို့ ရွှေမိတွင် အစ်ကိုရှိသလားဟု နောင်ဝင်းဆွေ မေးချင်လာမိသည်။

“ရွှေမိမှာ ... အစ်ကို ရှိလို့လား ... ”

ရွှေမိ ချက်ချင်း မဖြေ။ တအောင့်ကြာမှ ဖြေသည်။

“အစ်ကိုတော့ ရှိတယ် ... ဒါပေမဲ့ ... သူက အဝေးကြီးမှာနေတာပါ ... ရွှေမိတို့တဲမှာ မနေပါဘူး ... ဟော ... ဟိုမှာ

ရွှေမိတို့တဲလေ ... ရောက်တော့မယ် အစ်ကို ... တဲကို ရောက်တော့မယ် ... ”

ချက်ချင်းပင် ရွှေမိက ဆရာဝန်ဟု မခေါ်တော့ဘဲ 'အစ်ကို' ဟု ပြောင်းခေါ်ပေသည်။

စနေမ ခေါ် နှင်းဖြူက ခေါ်ခဲ့သော ဓာတ်ခံရှိသော ကြောင့်လားမသိ၊ ရွှေမိက မိမိကို အစ်ကိုဟုအခေါ်ခံရသည်နှင့် နောင်ဝင်းဆွေ ဇိမ်းခနဲ ရှိန်းခနဲ ခံစားလိုက်ရသည်။

တဲသို့ရောက်လာကြသည်။ တဲဆိုစေကာမူ အသေး စား အခိုင်အခန့်အိမ်လေးတစ်အိမ် ဖြစ်ပါ၏။ သစ်သားတိုင်၊ သစ် သားထုတ်၊ ယောက်၊ ယက်မတို့အပြင် ပျဉ်ကာပျဉ်ခင်း ဖက်မိုးဖြစ် သည်။

တစ်ထပ်အမြင့် ငါးပေခန့် ရှိသည်။ တဲပေါ်သို့ ဝါးလှေကား အရှင်ဖြင့် တက်ရသည်။ တောတွင်းသားကောင်ရိုင်း တို့ ကာကွယ်ရန် ခြေတံရှည်အမြင့်ဆောက်ထားပြီး အပေါ်သို့တက် ပြီးလျှင် ဝါးလှေကားကို အပေါ်မှာပင် ပြန်ယူသိမ်းသည်။ ဆင်းသည့် အခါ ဤဝါးလှေကားနှင့်ပင် ဆင်းသည်ပဲဖြစ်ဟန်တူပါ၏။ လှေကား မှာ လက်ကိုင်ဘောင်တန်းမပါပေ။

“လာ ... အစ်ကို ... ဖိုးခွားက အောက်မှာပဲ ဝက်ဖျက်မှာ”

ရွှေမိက ရှေ့မှာ ဝါးတိုင်အားစိုက် ဝါးလှေကားထစ် မှ တက်သည်ကို နောင်ဝင်းဆွေက နောက်မှ လိုက်တက်သည်။

ဩော် ... ခက်ပြီ မကြည့်ပါဘူးဆိုလျှက်ကပင် မြင်



လျှက်သား ဖြစ်ရပြန်သည်။

ရှေ့မှ အမြင့်သို့လှေကားထစ်အတိုင်း အားယူတက် နေသော ကောင်မလေး၏ ခြေတစ်ဖက်လှမ်းတက်တိုင်း ထဘီ အနားက အပေါ်မြင့်တက်ကာ ပေါင်လည်လောက်အထိ နောက်မှ အောက်မှ တက်လိုက်လာသော နောင်ဝင်းဆွေမှာ ထင်းခနဲ ထင်းခနဲ မြင်နေရသည်။

ဖြူလွှဝင်းမွတ်နေပါ၏။

လျှပ်ပြက်သည်ကို မြင်ရသည်နှယ်မို့ နောင်ဝင်းဆွေ တခြားသို့ မျက်စိလွှဲလိုက်ရပါ၏။

“အို ... အမေ့ ... ”

ဝါးလှေကား အလယ်ထစ်အရောက်တွင် ကောင် မလေး ခြေချော်သည်။

အထိတ်တလန့် အော်ရင်း နောက်ပြန် ပြိုကျလာ သည်။

နောင်ဝင်းဆွေက ခြေမကိုင်မိ ဈက်မကိုင်မိနောက် လန်ပြိုကျလာသော ကောင်မလေးကို ဆီးပွေ့ပိုက်ထားလိုက်ရပေ သည်။

ကောင်မလေး အထိတ်တလန့်ဖြင့် ကိုင်မိကိုင်ရာ ဖက်တွယ်သည်မှာ နောင်ဝင်းဆွေ၏ လည်ပင်းကို ဖက်သိုင်းထား လျှက်သား ဖြစ်သွားသည်။

ရင်ခွင်ပိုက် ယီးလေးခိုဖြစ်သွားသည်။

ထိတွေ့မှုမှာ နီးကပ်လှသည်။

ဘာပဲပြောပြော၊ ဖိုနှင့်မ၏ ဖောဋ္ဌဗ္ဗာရုံခံစားမှု ဆိုသည်မှာ အရွယ်ရောက်သူတိုင်းတွင် ရှိလေစမြဲ။

တစ်ကြိမ်တစ်ခါ မဟုတ်တော့ပြီ။

တောဝက်လိုက်၍ ပြေးလာစဉ်က တစ်ခါ၊ တောဝက်သေပြီဟု ဆိုသည်ကို မယုံကြည်သဖြင့် အတင်းကွယ်ကပ်လိုက်စဉ်က တစ်ခါ၊ ယခု ထပ်မံ၍ တစ်ခါဆိုတော့ ... ။

သုံးခါရှာ သုံးခါရှိသွားပြီ။

"အစ်ကို ..."

"ဟင် ..."

"ကံကောင်းပြန်ပြီနော် ... အစ်ကိုသာ မထိန်းနိုင်ရင် နှစ်ယောက်စလုံး ဂွမ်းပြန်ကျပြီး ... ဇက်ကျိုး မလကီးကုတ်သွားမယ် ..."

ကောင်မလေးမှာ ဘာမှမခံစားရသလို ကလေးဟစ်ယောက်လို ပြောနေသည်။

နောင်ဝင်းဆွေမှာတော့ တစ်ကိုယ်လုံး ရှိန်းဖိန်းနေသည်။ ရှိန်းတမြမြခံစားနေရသည်၊ သာယာသော ခံစားမှုကို ခံစားနေရသည်။

"အင်း ... ဇက်ကျိုးမလားဘဲ ..."

"ရွှေမိကို အောက်ချပေးတော့လေ ... ဇက်မှ မကျိုးတော့တာ ..."



မှင်တက်မိနေသော နောင်ဝင်းဆွေမှာ ရွှေမိပြောမှပင် အောက်သို့ ချပေးမိတော့သည်။

ဒီတစ်ခါတော့ ရွှေမိ သတိထားသည် ပျာကလတ် မတက်တော့။

ချောမောစွာ တဲပေါ်သို့ရောက်ကြသည်။

တဲပေါ်သို့အလျှင်ရောက်သော သူမကပင် ခါးလေးကိုင်းကာ နောက်မှပါလာသော နောင်ဝင်းဆွေကို သူမလက်တစ်ဖက်ဖြင့် ဆွဲတင်သည်။

အားပြုလောက်စရာ မဟုတ်သော်လည်း နောင်ဝင်းဆွေက ရွှေမိ ကမ်းလာသော လက်လေးကို ဆွဲကိုင်ကာ တဲပေါ်သို့ တက်ရောက်လိုက်သည်။

"ထိုင်နော် အစ်ကို ... ဖိုးခွားကတော့ ... ဝက်ဖျက်ပြီး အူနကြော်တွေ လုပ်နေမှာ ... အစ်ကို့ကို အူနကြော်ကောင်းကောင်း ကျွေးမလို့တဲ့ ..."

တဲကြမ်းခင်းပေါ်တွင် နှီးချောဖျာကြီးတွေ ခင်းထားသည်။ အိပ်ခန်းသီးသန့်ဖွဲ့ထားခြင်းမရှိ၊ ဟာလာဟင်းလင်း ဟောသဘောထားရှိသည်။

တဲကြီးက ကျယ်ဝန်းသားနှင့် အပျိုမလေး ရွှေမိအတွက် သီးသန့်အိပ်ခန်းမထားသည်ကို နောင်ဝင်းဆွေ သတိထားကြည့်မိသည်။

အပျိုမလေးအတွက် လုံခြုံသော သီးသန့်အခန်းလေး

ထားသင့်သည်ဟုလည်း နောင်ဝင်းဆွေ ရင်ထဲက မှတ်ချက်ချမိသည်။

"ညဆို ... ဖိုးချွားက တဲပေါ်မှာ မအိပ်ဘူး ... နေ့ခင်းဆိုလည်း သူ့စိုက်ခင်းတွေမှာရော ကျွန်းတာဝန်ရော လုပ်ရတာမို့ တဲပေါ်မှာ အနေနည်းတယ် ... ညဆိုလည်း တောကောင်တွေလာမှာစိုးလို့ မီးဖိုပြီး ဒူးလေးနဲ့ မြှားနဲ့ တဲအောက်က ကွပ်ပျစ်မှာပဲ အနေများတယ် ..."

"နေပါဦး ... ကျွန်းကြီးက အကျယ်ကြီး ... ဖိုးချွားတစ်ယောက်တည်း ကျွန်းကြီးတစ်ကျွန်းလုံးကို စောင့်နိုင်ပါ့မလား ရွှေမိ ..."

"ဘယ်နိုင်မလဲ ... သူ့နေရာနဲ့ သူ ပိုင်းခြားပြီး ... တခြားအစောင့်တွေလည်း ဖိုးချွားလိုပဲ ထားတာပဲ ... ဖိုးချွားက ကိုယ်နဲ့ဆိုင်တဲ့အပိုင်းမှာသာ စောင့်ပေးရတာ ..."

"ဒီကျွန်းကို ဘယ်သူပိုင်လဲ ..."

"နှစ်ချုပ်နဲ့ အခုပိုင်ထားတဲ့သူကတော့ အဝေးရောက ဆရာဝန်ကြီး ဦးမင်းစိုးလို့ ဖိုးချွားက ပြောတာပဲ ..."

"ဩ ... ဒေါက်တာဦးမင်းစိုးရဲ့ ချစ်မျှော်ကျွန်းကြီးကိုး"

"အစ်ကိုပြောပုံက ညည်းညူသလိုပဲ ... ဒီကျွန်းကို ဆရာဝန်ကြီး ဦးမင်းစိုး ပိုင်တယ်ဆိုတာနဲ့ အစ်ကိုက ဘာလို့ညည်းတာလဲ ..."

"ညည်းတာ မဟုတ်ပါဘူး ... အံ့ဩတာပါ ... ဒေါက်တာ



ဦးမင်းစိုးကတော့ ဒီကျွန်းကို လာသလား ..."

"တစ်နှစ်ကြာလို့ တစ်ခါတောင် မလာဘူး ... တစ်ခါတလေမှာတော့ သူ့သား ကိုဗညားလာတယ်တဲ့ ... သူ့ငယ်ချင်းတွေနဲ့ ပျော်ပွဲစားလာသလို လာတာပဲ ... ဒါပေမဲ့ မလာတာ ကြာပြီတဲ့ ... နိုင်ငံခြားသွားတယ်ဆိုပဲ ..."

"အခု ... ကိုဗညား ပြန်ရောက်နေပါပြီ ..."

"ဒါတော့ ရွှေမိ မသိဘူး အစ်ကို ..."

"ကိုဗညားလာတုန်းက ရွှေမိနဲ့ တွေ့သေးလား ..."

"တစ်ခါမှ မတွေ့ဘူး ... ရွှေမိက ဒီကျွန်းမှာ ဒီတစ်ခါပဲ ရက်အကြာကြီးနေတာ ... ရွှေမိနေတာက မှော်ရုံတောရွာမှာပါ အခု ဖိုးချွားက သူ့မှာအဖော်လိုတယ် ... လာနေပေးစမ်းဆိုလို့ ရွှေမိလာနေပေးတာ ဆယ့်လေးငါးရက်ပဲရှိဦးမှာ ..."

နောင်ဝင်းဆွေသည် တဲကြီးပေါ်တွင် ဘာကြောင့်အပျိုခန်းမထားမှန်း သဘောပေါက်ရတော့သည်။

"ဖိုးချွားကို လခ ဘယ်လောက်ပေးလဲ ..."

"ဟင့်အင်း ... လခရယ်လို့ မရှိဘူး ... ဖိုးချွားစောင့်ပေးရတဲ့ သရက်သီးတွေ ... ဒုန်းသီးတွေ ... မရမ်းသီးတွေ ... ဝိနှဲသီးတွေကို ရောင်းပြီး အဲဒီရောင်းရငွေထဲက ဖိုးချွားကို မျှပေးတယ် ... အသီးတွေ အများကြီးရောင်းရရင် ... ဖိုးချွားပိုက်ဆံအများကြီးရတယ်လေ ... ဒီပြင် ကျွန်းစောင့်တွေကိုလည်း ဖိုးချွားရသလို သူ့ပိုင်နက်က သီးသလောက် ရကြတာပေါ့

မြေပဲတို့ ဘာတို့ကျတော့ ဖိုးခွားရသလောက်ယူတယ် … ဆရာဝန်ကြီးဦးမင်းစိုးကို ခွဲပေးဖို့ မလိုဘူး … ”

“ဒါဆို မဆိုးပါဘူး … ”

“ဒီကျွန်းမှာ အမဲလိုက်ဖို့ ဘာကောင်တွေ ရှိလဲ … ”

“ချေရှိတယ် … သမင် တချို့ရှိတယ် … တောဝက်တွေရှိတယ် … ယုန်တွေရှိတယ် အစ်ကို … ”

“တခြားလူတွေ အမဲလိုက်တာကို ဆရာဝန်ဦးမင်းစိုးက ခွင့်ပြုသလား … ”

“အဲဒါ မဆိုင်ဘူးလေ အစ်ကို … ”

“ဘာမဆိုင်တာလဲ … ”

“ဒီကျွန်းက အစိုးရပိုင်ကျွန်းပဲ … ဆရာဝန်ကြီးဦးမင်းစိုးဆိုင်တာက နှစ်စဉ်သီးတဲ့ ဒီကျွန်းပေါ်က အသီးတွေနဲ့သာ ဆိုင်တယ် … ဒါတောင် ကန်ထရိုက်ကာလအတွင်းသာ ဆိုင်တာ ဒီကျွန်းမှာ အမဲပစ်ဖို့ကျတော့ သက်ဆိုင်ရာမှာ ခွင့်ကောင်းပြီး ခွင့်ပြုချက်ရရင် ဘယ်သူမဆို အမဲလိုက်နိုင်တာပဲ … ”

“ဒါဆို … စောစောက တောဝက်ကြီးကို တို့ပစ်သတ်တဲ့အတွက် သက်ဆိုင်ရာက သိရင် … အရေးယူမှာပေါ့နော်”

“အရေးယူရင် … ဖိုးခွားနဲ့ ရွှေမိက သက်သေ အစ်ကို့ဘက်က လိုက်မှာပေါ့ … တောဝက်ကြီးက ရွှေမိကို အတင်းလိုက်ရန်မူလို့ အစ်ကိုက အသက်ကယ်ဖို့ တောဝက်ပစ်ရတာလို့ ဒါဆို ပြီးရော … လွတ်ရောပေါ့ အစ်ကို … ယက်ဆိုင်ရာက



လူကို အန္တရာယ်ပြုရင် သစ်သီးဝလံတွေကို ဖျက်ဆီးရင် ပစ်သတ်ခွင့်ရှိတယ်လို့ ခွင့်ပေးထားသားပဲဟာ … တကယ် အမဲလိုက်တဲ့လူတွေသာ သက်ဆိုင်ရာမှာ ခွင့်ပြုချက်ယူရတာ … ”

ရွှေမိနှင့် စကားကောင်းနေစဉ်မှာပင် ဖိုးခွားသည် နီးလင်ပန်းတွင် မြေကရားအိုးဖြင့် ရေနွေးကြမ်းယူလာရင်း တောဝက်၏အူမကြီးကြော်၊ အူနုကြော်တွေလည်း သံပန်းကန်ကြွေရည်သုတ်ဖြင့် ထည့်ယူလာသည်။

“ဒေး … ကောင်းမှကောင်း … အရမ်းဆူတဲ့ အကောင်ကြီးကွ … အသားတွေလည်းအများကြီးထွက်တယ် … အချိန်လေးဆယ်အောက် မလျော့ဘူး … အစွယ်ကြီးကလည်း တအားချောပဲ … နောက်လေးငါးခြောက်ရက်ဆိုရင် တောဝက်သားကျပ်တိုက်နဲ့ တောဝက်စွယ်ကို ပြည်မြို့မှာ ဖာက်ရောင်းရင် … ဖိုးခွားတော့ပြီကွယ့် … ”

နောင်ဝင်းဆွေ စားသည်၊ ရေနွေးကြမ်းသောက်သည်။ ဝက်အူကြော်တွေက တကယ်စားလို့ကောင်းပါ၏။ ဗိုက်ဆာသည်မို့ တော်တော်များများ စားလိုက်သည်။

စားသောက်ပြီးနောက် နောင်ဝင်းဆွေ နာရီကြည့်သည်။ ပြန်သင့်ပြီဖြစ်ပါ၏။

“တို့ပြန်တော့မယ် ရွှေမိ … နည်းနည်းတောင် ပြန်ချိန်နောက်ကျနေပြီ … ”

“အင်းပေါ့လေ … အစ်ကိုကချေသည့်ဆိုတော့ ပြန်ချိန်တန်

ရှင် ပြန်ချင်ပြီပေါ့ ... ”

ကောင်မလေးပြောပုံမှာ မပြန်စေချင်သည့်သဘော သက်ရောက်နေသလားဟု နောင်ဝင်းဆွေ တွေးလိုက်မိသေးသည်။

“လာ ... မိမိ ဆရာဝန်ကြီးကို နင်နဲ့ငါ သူ့မော်တော်အထိ လိုက်ပို့ပေးရအောင် ... ”

ဖိုးချွားက ဝက်ပေါင်တစ်ခုကို ကျကျနန လုံလုံလဲလဲ ထုပ်ပြီး ထမ်းသည်။

ဒီတစ်ခါတော့ နောင်ဝင်းဆွေနှင့် ရွှေမိက ရှေ့မှသွားပြီး ဖိုးချွားက နောက်မှလိုက်သည်။

ရွှေမိမျက်နှာလေး ညှိုးနေသည်။

ယှဉ်တွဲလျှောက်ရင်း နောင်ဝင်းဆွေ၏လက်မောင်းကို သူမ၏ပခုံးနှင့် တမင်တိုက်သည်။ ကောင်မလေးရင်ထဲတွင် မချင် မရဲဖြစ်နေဟန်တူပါ၏။ ငယ်သူမို့ ကလေးဆန်သည်၊ ဟန်သိပ် မဆောင်တတ်၊ ချစ်လျှင် ချစ်ကြောင်းပွင့်ထွက်သည်။

“အစ်ကို ... နောက်တစ်ခါ ဒီကိုလာမှာလား ... ”

“လာဖြစ်မှာပေါ့ ... အေးအေးဆေးဆေး ငါးလေးဘာလေး မျှားရင်းပေါ့ ... ”

“ဟွန်း ... ငါးမျှားချင်လို့ လာမယ်ပေါ့ ဟုတ်လား ... ”

“ဩော်ကွယ် ... ရွှေမိနဲ့လည်း စကားပြောချင်လို့ပေါ့ ... ဒီကျွန်းလေးကို ချစ်မျှော်ကျွန်းလို့ ခေါ်ကြတဲ့အကြောင်းရင်း တွေ ဘာတွေ ရွှေမိကို မေးချင်လို့ပေါ့ ”



“ဟေး ... ဆရာဝန် နောက်တစ်ခါလာရင်လည်း အဲဒီပြောင်းလင်မယားသေနတ်ကို ယူခဲ့ဟဲ့ ... ”

“ဗျာ ... ဒီသေနတ်က ပြောင်းလင်မယားတဲ့လား ... နှစ်လုံးပြူးပါ ဖိုးချွားရဲ့ ... ”

“အေးလေ ... နှစ်လုံးပြူးတော့ နှစ်လုံးပြူးပေါ့ ... ဒါပေမဲ့ ငါမြင်ဖူးတဲ့ နှစ်လုံးပြူးတွေက ပြောင်းနှစ်ခုတစ်ပြေးတည်း ရှိတာ ... အခုတော့ ဒီသေနတ်က ပြောင်းတစ်ခုက အပေါ်မှာ ... နောက်ပြောင်းတစ်ခုက အောက်မှာ အဆန်းမို့လို့ ငါက ပြောင်းလင်မယားသေနတ်လို့ပြောတာ ... ဟား ... ဟား ... ”

ဖိုးချွား၏စကားကြောင့် နောင်ဝင်းဆွေမှာ ဘာသဘောပေါက်သည်မသိ ရယ်မိသည်။

ရွှေမိက မရယ်ပေ။ ကောင်မလေးအနေနှင့် ယခုလတ်တလောတွင် ဘာကိုမှ ရယ်ချင်စိတ်မရှိသောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။

မော်တော်ရှိရာသို့ ရောက်လာကြသည်။

ကမ်းစပ်တွင် ဖိုးချွားနှင့် ရွှေမိ ရပ်ကြသည်။

နောင်ဝင်းဆွေက မော်တော်ပေါ်တက်ပြီး မောင်းသူနေရာတွင်ထိုင်ပြီး မော်တော်ကို စက်နှိုးလိုက်သည်။

ဖိုးချွားက ကမ်းစပ်တွင်ချည်ထားသော မော်တော်ကြိုးကို ဖြုတ်ပေးသည်။

"အစ်ကို ..."

"ရွှေမိ ..."

"နောက်တစ်ခါ ဆက်ဆက်လာနော် ... ဘာလို့ ဒီကျွန်းကို ချစ်မျှော်ကျွန်းလို့ ခေါ်တယ်ဆိုတဲ့အတိတ်ဖြစ်စဉ်လေးကို ရွှေမိပြောပြမယ် ... တကယ်တော့ ချစ်မျှော်ကျွန်းပေါ်ကို အပျိုမလေးတွေ မလာသင့်ဘူး ထင်ပါရဲ့အစ်ကိုရယ် ..."

"ဘာလို့ အပျိုမလေးတွေ မလာသင့်တာလဲ ရွှေမိ ..."

"ကျိန်စာသင့်တယ်ထင်တာပဲ အစ်ကို ... ဒီကျွန်းပေါ်ရောက်လာတဲ့ အပျိုမလေးတွေဆိုရင် ... အတိတ်ကထားခဲ့တဲ့ ကျိန်စာသင့်တယ်ထင်လို့ပါ ... ချစ်သူကိုမျှော်ရင်း ပူဆွေးရတဲ့ ကျိန်စာလေ ..."

နောင်ဝင်းဆွေသည် ရွှေမိကို ထပ်မံ၍ ငေးငေးငူငူလေး ကြည့်မိပြန်သည်။

"တို့ဆက်ဆက်လာခဲ့မယ် ရွှေမိ ... ကဲ သွားပြီနော် ..."

မော်တော်ကို ဂငယ်ကွေ့ ကွေ့မောင်းလိုက်သည်။ မြစ်ကွေ့ကို မကွေ့မီ နောင်ဝင်းဆွေသည် ရွှေမိရှိရာသို့ လှည့်ပြန်လှမ်းကြည့်သည်။

ကျွန်းကမ်းစပ်တွင် အကျီအမည်းတွင် အနီစင်း၊ အနီပန်းလေးဖြင့် ရပ်လျက်ရှိနေသေးသော ဖျော့ဝင်းစိုပြေသည့် ရွှေမိကို မသဲမကွဲ လှမ်းမြင်ရသေးသည်။ ရွှေမိသည် မိမိမော်တော်ကို မျက်စိတစ်ဆုံး ရပ်ကြည့်နေဆဲဖြစ်ပါ၏။



နောင်ဝင်းဆွေ သက်ပြင်းတစ်လုံးချကာ မြစ်ကွေ့ကို ချိုးကွေ့လိုက်သည်။

ရွှေမိကို မမြင်ရတော့ပြီ။

မြစ်ကွေ့လိုက်ပြီမို့ ကွယ်သွားလေပြီ။

## ၁၁

မော်တော်မောင်းရင်း ရွှေမိကို နောင်ဝင်းဆွေ မျက်စိထဲတွင် မြင်ယောင်နေမိသည်။

ရွှေမိပြောသော စကားလေးတွေ ကြားနေမိသည်။

*"နောင်တစ်ခါ လာနော် ..."*

*"ချစ်မျှော်ကျွန်းပေါ်ကို အပျိုမလေးတွေ မလာသင့်ဘူးထင်ပါရဲ့*

*"ကျိန်စာသင့်တယ်ထင်တယ် အစ်ကို ..."*

*"ချစ်သူကို မျှော်ရင်း ... ပူဆွေးရတဲ့ကျိန်စာ ..."*

ဩော် ... ဘာလိုလိုနှင့် နောင်ဝင်းဆွေရင်ထဲတွင် ရွှေမိကို တမ်းတမ်းတတပါလား။

နှင်းဖြူခေါ် စနေမကိုလည်း တမ်းတမိသည်သာ။ သို့သော် နှင်းဖြူခေါ် စနေမကတော့ ပတ်စာခွာ ဖျာသိမ်းကျော့ခိုင်း



သွားချေပြီ။

နောင်ဝင်းဆွေ ဒီအရွယ်အထိ ချစ်သူမရှိ၊ မရှိနှင့် ယခု ရှိမှရှိတော့ တမ်းတမ်းတတတွေ ကြုံရပါလေလား။

"ဟော့ကောင် ငနောင် ... ငါစိတ်ပူလိုက်ရတာကွာ ..."

လမ်းခုလတ်မှာပင် အခြားမော်တော်တစ်စီးဖြင့် အောင်ချိုလိုက်လာပြီး မော်တော်ချင်းယှဉ်မိသည်နှင့် နောင်ဝင်းဆွေမော်တော်ပေါ်သို့ ခုန်ကူးကာ ယခုမှ ရင်အေးသွားသံကြီးဖြင့် အောင်ချိုက ပြောလိုက်သည်။

"ကဲ ... မင်းတို့ ရှေ့ကပဲ ပြန်မောင်းသွားတော့ ဦးဖိုးထွေး ကို မော်တော်ငှားတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောလိုက် ..."

အောင်ချိုက သူစီးလာသော မော်တော်ပေါ်မှ ပြောင်းရှည်သေနတ်ကိုင် တပည့်နှင့် ဓားရှည်ကိုင်တပည့်ကို လှမ်းပြောသေးသည်။

"လာကွာ အောင်ချို ... မင်းမော်တော် မင်းပဲမောင်းတော့ ကွာ ... ငါ စိတ်လွတ်ကိုယ်လွတ်နေချင်လို့ ..."

"ရတယ်လေ ..."

အောင်ချိုက မောင်းသူနေရာတွင် ပြောင်းယူပြီး နောင်ဝင်းဆွေက ဘေးဖယ်လိုက်သည်။ အောင်ချိုသည် ခါးတွင် ထိုးယူလာသော ပစ္စတိုကိုထုတ်ယူကာ မော်တော်ဒက်ဘုတ်ပေါ် တွင် တင်ထားလိုက်သည်။

"မင်း ဘာလို့ ချစ်မျှော်ကျွန်းကို သွားရတာလဲ မောင်ဝင်းခွေ ..."

"သွားတော့ကော ဘာဖြစ်လဲကွာ ..."

"ဟာ ... ဒီကောင် ခက်နေမှ သွားတော့ အန္တရာယ်ရှိတာပေါ့ကွ ... အဲဒီကျွန်းက ဒေါက်တာဦးမင်းစိုးရဲ့ကျွန်း ..."

"အေးလေ ... အဲဒါ ဘာဖြစ်လဲ ... သူ့အစောင့်ကြီး ဖိုးခွားနဲ့တောင် ငါတွေ့ခဲ့သေးတယ် ..."

"အေးလေ ... မင်း အဝေရာမေတ္တာမွန် ငါ့ဆေးခန်းကိုလိုင်ပေးမှ ဒေါက်တာဦးမင်းစိုး ဆေးခန်းဟာ အ,သွားတော့ မင်းကို သူ ရန်ရှာမှာ ငါစိုးရိမ်တာပဲ သူငယ်ချင်း ... မောင်သန်းက ငါ့ကိုပြောဖူးတယ် ... မင်းရောက်လာစကပဲ ညဏ်ထွန်းက မော်တော်ဆိုင်ကယ်နဲ့ မင်းကို တိုက်ဖို့ ကြိုးစားတယ်ဆို အဲဒီ ညဏ်ထွန်းဆိုတဲ့ကောင်က ဒေါက်တာဦးမင်းစိုးရဲ့တူအရင်းတော်တဲ့ကောင်ကွ ..."

"ဒါလောက်က အသေးအဖွဲ့ပါ ..."

"မင်းအရည်အသွေးကို ငါက သိပြီးသားတော့ သိပြီးသားပါ ဒါပေမဲ့ မင်း အဝေရာမေတ္တာမွန်မှာ တစ်ခုခုဖြစ်သွားရင် ငါ အဖို့ အင်မတန် ရင်နင့်ရမယ် သူငယ်ချင်း ..."

"အောင်မလေးကွာ ... သမီးရည်းစား ချွဲတာကျနေတာပဲ"

"ဟုတ်တယ်လေကွာ ... ငါ့မှာ တာဝန်ရှိတယ် ... ညဏ်ထွန်းက မင်းကို ရန်ရှာတယ်ဆိုတာသိကတည်းက ငါက ဘေးက



မိုတ်ပြီး ဒီကောင်တွေရဲ့ ခြေလှမ်းကို စောင့်ကြည့်နေတာ အခုတောင် မင်းနဲ့ လိုက်မသွားလို့ နီတွတ်ကို ငါနားရင်း နှစ်ချက်တီးခဲ့သေးတယ် ..."

"မင်းကွာ ... အလကား လုပ်တယ် ... နီတွတ်က အတင်း အဖော်လိုက်ခဲ့ပါရစေလို့ ပြောရှာသားပဲဟာ ... ငါက တမင်ထားခဲ့တာ ... ကောင်လေးမှ အပြစ်မှမရှိတာ ... ဒေါက်တာဦးမင်းစိုးလည်း ဆရာဝန်ပညာတတ်တစ်ယောက်ပဲကွာ ... ငါ့ကို အသက်အန္တရာယ်အထိတော့ ကြံမှာမဟုတ်ပါဘူး ... မသကာ မင်းရဲ့အရင် ဆရာဝန်တွေလို လန့်ပြေးအောင် ခြောက်လှန့်တာလောက်သာ လုပ်မှာပါ ... ဒါမှမဟုတ် ငွေနဲ့ ဖြားယောင်းပြီး ငါထွက်သွားအောင် လုပ်မှာ ... အဲဒီနှစ်ခုလုံး ငါက မှုတာမှ မဟုတ်တာ ... သူဟာသူ လက်လျှော့သွားမှာပါ အောင်ချို ..."

"အင်း ဟုတ်တော့ ဟုတ်ပါတယ် ... အရင်ဆရာဝန်တွေနဲ့တော့ မင်းက ပုံစံမတူဘူးပေါ့ ... နောက်ပြီး ဒေါက်တာဦးမင်းစိုးက ဝိသမလောဘတွေ တက်နေလို့သာပါ ... နို့မို့ရင်တော့ သူဟာ ဂျင်းတဲမင်း လူရည်သန့် ... လူကြီးလူကောင်းတစ်ယောက်ပါ ..."

"ဒါပဲပေါ့ အောင်ချို ... မင်းက ငါ့ကို ကလေးလေးလို စောင့်ရှောက်သလို လုပ်နေတော့ ငါအနေနေရခက်တယ်ကွ ..."

"စိုးရိမ်လို့ပေါ့ ... ငါ့မှာ ရေမှုတ်တစ်ဖက် ... မီးစတစ်ဖက်

ဖြစ်နေတာ ... ”

“ဘာ ရေမှုတ်လဲ ... ဘာမီးစလဲ ... ”

“ဟာ ... မင်းတစ်ခုခုဖြစ်သွားရင် တာဝန်အရှိဆုံးလူက ငါပဲကွ ... မင်းက လူ့အဖိုးတန် ... လူပျိုနုနုထွတ်ထွတ် ... ”

“နုနုထွတ်ထွတ်တော့ မဟုတ်ဘူးကွ ... ငါ ဆယ့်ခြောက်နှစ်သားလေးမှ မဟုတ်တာ ... ”

“ခုခေတ် ဆယ့်ခြောက်နှစ်သားလေးတွေကို မင်း နုနုထွတ်ထွတ်ထင်သလား ... ဟင်း ငါမပြောလိုက်ချင်ဘူး ... မင်းသာ တစ်ခါမှ မခါဘူးသေးတဲ့ နုနုထွတ်ထွတ်မို့ ငါပြောနေတာ ... ”

“ကဲ ... အဲဒါ မီးစတစ်ဖက်ထားတော့ ... ရေမှုတ်တစ်ဖက်က ဘာလဲ ... ”

“ရေမှုတ်က မေတ္တာမွန်ဆေးခန်းကြီးပေါ့ကွာ ... အခု မင်းရောက်လာမှ ငါဘယ်လောက်စိတ်ချမ်းသာရလဲ ... ငါ့မိဘတွေဖြစ်စေချင်တာတွေ အားလုံးဖြစ်စေရတယ်လေကွာ”

“ရပါတယ် သူငယ်ချင်း ... မင်းစိတ်ထဲက မီးစတွေ ရေမှုတ်တွေ ဖယ်ပစ်လိုက် ... ငါ့ကို ဗေဒင်ဆရာက ဟောထားတယ် ... အသက်ရှစ်ဆယ်ကျော်နေရမယ်တဲ့ ... မိန်းမရပြီးကလေးတစ်ဒါဇင်ရဦးမယ်တဲ့ ... ”

နောင်ဝင်းဆွေ နောက်ပြောင်နေကျအတိုင်းနောက်ပြောင်ပြောရင်း အောင်ချို၏ စိုးရိမ်မှုကို နှစ်သိမ့်လိုက်သည်။ မိမိထံ



သို့ လူမိုက်ထွန်းညွန့်ရောက်လာပြီး ငွေသေတ္တာနှင့်လည်းကောင်း၊ သေနတ်နှင့်လည်းကောင်း ခြိမ်းခြောက်သည့်ကိစ္စကို အောင်ချိုအား ပြောမပြပေ။ ပြောပြလိုက်လျှင် ဒီကောင် မီးစတစ်ဖက်မဟုတ်ဘဲ မီးတုတ်ကြီးတစ်ဖက်ကိုင်ရသလို ဖြစ်သွားနိုင်သည်။

“ဟေ့ကောင် ... ချို ငါ ချစ်မျှော်ကျွန်းက တောဝက်တစ်ကောင် ပစ်လို့ရခဲ့တယ်ကွ ... ဒါပေမဲ့ ငါ မင်းကိုသက်သေပြဖို့ ပေါင်တစ်ချောင်းကိုပါ ယူခဲ့တယ် ... ကျန်တာအားလုံးဦးဖိုးခွားကို ပေးလိုက်တယ်ကွ ... ”

“မယုံဘူး ... တောဝက်ဆိုတာ လွယ်လွယ်နဲ့မှမရတာ ငါတို့မုဆိုးသုံးယောက်ဝိုင်းတာတောင် လွတ်သွားတာ ကြုံရတယ် ... ”

“ဒါဆို ဒီမှာကြည့် ... ဝက်ပေါင်ကြီး ... ငါ နှစ်ချက်ဆင့်ဆော်လိုက်လို့ ဒီကောင်ကြီးအပေါ်ကို မြောက်သွားတာပဲ ... ပွဲချင်းပြီးပဲ ... ”

“ဟုတ်ရဲ့လား ငနောင်ရာ ... တောဝက်ချောင်းရတာက လွယ်တာမှ မဟုတ်တာ ... သိပ်နပ်တဲ့ အကောင်တွေ”

“ဟ ... ငါက ချောင်းပစ်တာ မဟုတ်ဘူး ... ငါ့ဆီကို ဒက်ထိကြီး တိုးဝင်လာလို့ ပစ်ချလိုက်တာ ... ဒီကောင်က သင်းကွဲကောင်ဖြစ်မယ်လေကွာ ... ”

“ဒါဆိုရင်တော့ ဖြစ်နိုင်တယ် ... ”

ရွှေဂိ ျကြောင်း နောင်ဝင်းဆွေ လုံးဝမပြောပါ။

ပြောလိုက်လျှင်လည်း ဦးဖိုးချား မြေးနှင့် မင်းနဲ့မတန်ဟု နှင်းဖြူ စနေမတုန်းကလို ပြောမှာစိုးသည်။

သို့နှင့် အဝေရာ ဆိပ်ကမ်းသို့ မော်တော်ကပ်မိပြီ။ သူငယ်ချင်းနှစ်ယောက် အိမ်သို့လျှောက်သွားပြန်ခဲ့သည်။ တောဝက် ပေါင်ကို နီတွတ်ကထမ်း၍ လိုက်လာပါသည်။



## ၁၂

*သား ကိုနောင် ...*

*ဒီစာမဖတ်ခင် ပူးတွဲပါဓာတ်ပုံကို တွေ့တာနဲ့ အဝေရာမှာ သား ဘာတွေဖြစ်နေတယ်ဆိုတာ သားဟာသား သိပြီးသား ဖြစ်မှာပါ။*

နောင်ဝင်းဆွေသည် ပူးတွဲပါရှိလာသော ဓာတ်ပုံကို ကြည့်လိုက်သည်။ စာအိတ်ကို ဖောက်ကတည်းကလည်း ဓာတ်ပုံကို မြင်ပြီးသားဖြစ်သည်။

ဓာတ်ပုံမှာ ပို့စကတ်ဆိုဒ် ရောင်စုံဓာတ်ပုံဖြစ်သည်။ အဝေရာစေတီတော် ရင်ပြင်တော်ထောင့်ရှိ ညောင်ပင်ကြီးအောက်တွင် နှင်းဖြူခေါ် စနေမအား မိမိက ပွေ့ပိုက်ထားသည့်ပုံဖြစ်ပေသည်။

နိုးကြောင်နိုးဇက် ရိုက်ယူသော ဓာတ်ပုံဖြစ်စေကာမူ ကံ့ဗွပ်၍လားမသိ၊ တော်တော်ပီပြင်ရုံမက အသွေးအရောင်ကလည်း စိုပြီး တောက်ပသည်။ ကင်မရာရော၊ ဖလင်ရော တော်တော်အမျိုးအစား ကောင်းပုံရသည်။

စာမှာ ဖေဖေကိုယ်တိုင်ရေးလိုက်သောစာဖြစ်ပါ၏။ မိမိအိမ်မှာဆိုလျှင် နောင်ဝင်းဆွေကို တစ်အိမ်သားလုံးက ချစ်စနိုးဖြင့် ကိုနောင်ဟု ခေါ်ကြသည်။ ဖေဖေနှင့် မေမေကတော့ ကိုနောင်ဟု ခေါ်သည့်အခါ ခေါ်သော်လည်း များသောအားဖြင့် 'သား'ဟုခေါ်သည်။ အထူးသဖြင့် မေမေကတော့ 'လူလေး'ဟု အခေါ်များသည်။

နောင်ဝင်းဆွေ စာကို ဆက်ဖတ်သည်။

သားရဲ့စိတ်ဓာတ်ကို ဖေဖေနှင့် မေမေက နားလည်ထားပြီး သားမို့ ဓာတ်ပုံထဲက မိန်းကလေးဟာ သားအဖို့ အပျင်းပြေ အပျော်ကြိုက်မိန်းကလေး မဖြစ်နိုင်ဘူး။ သားက ကိုယ့်ရင်ထဲက မချစ်ဘဲနဲ့ ဘယ်အမျိုးသမီးတစ်ဦးကိုမှ ယခုပုံမျိုး မဆက်ဆံဘူးလို့ ဖေဖေရော မေမေရော နားလည်ခဲ့ယူပြီးသားပါ။

သားရဲ့သက်တမ်းတစ်လျှောက်မှာ ဘယ်မိန်းကလေးကိုမှ အပျင်းပြေ အပျော်ကြိုက်ထားခဲ့ဖူးတာမျိုးမှ မဟုတ်တာ။

ကဲ ... ဒါဆို ဓာတ်ပုံထဲက မိန်းကလေးကို သားက တကယ်ချစ်ခင်ပြီး လက်ထပ်ယူမဲ့ မိန်းကလေးလို့ ဖေဖေသတ်မှတ်ပြီး အပြေးမြင် အပင်သိဆိုတဲ့ စကားအရပဲဆိုပါတော့ သား။ ဓာတ်ပုံထဲက မိန်းကလေးဟာ ရုပ်တော်တော်သန့်ပါပေတယ်။ ဆင်းသက်



လာတဲ့ မျိုး ရိုးမညံ့လှဘူးလို့ ဖေဖေထင်ပါတယ်။ အဲ့ဒီဓာတ်ပုံထဲက မိန်းကလေးရဲ့ မျက်လုံး၊ ပါးစပ်၊ နှာတံတွေကို ဖေဖေ အဏုဇီဝွာ အကြည့်နဲ့ ဖတ်ကြည့်တယ်သား။

မဆိုးပါဘူး စိတ်ဓာတ်လေးမြင့်မားတယ်။ ရင့်ကျက်တဲ့ အနေအထားရှိတယ်။ တည်ငြိမ်စွာ နေထိုင်တတ်တယ်လို့ ဖေဖေဖတ်လို့ရတယ်။ လူတွေရဲ့မျက်လုံးနဲ့ ပါးစပ်ဟာ အတွင်းအစွာတွန့်လုံးသားရဲ့ တံခါးပေါက်ပဲ။

ဒါပေမဲ့ ကိုနောင် ...။

အဲဒီ ဒါပေမဲ့ကြီးကို ဖေဖေမရေးချင်ဆုံးဘဲ၊ ဒါပေမဲ့ဆိုတဲ့ ဝေါဟာရဟာ မကျေနပ်ချက်ကို ညွှန်းတယ်။ မကောင်းတာကို ညွှန်းတယ်။ ဖြစ်တင်ရှက်ချတာကို ညွှန်းတယ်သား။ အဲဒီ 'ဒါပေမဲ့' အကြောင်း ကို ကိုနောင်ဖတ်ပြီး စိတ်မကောင်းဖြစ်သွားမှာကို ဖေဖေရော၊ မေမေရော မလိုလားဘူး။

ဒါပေမဲ့ ပြောရမှာပဲ သား။

အဲဒီဓာတ်ပုံနဲ့အတူ ပူးတွဲစာတစ်စောင်ပါသေးတယ်၊ အဲဒါရေးက အမည်မဖော်လိုသူတစ်ဦးလို့ စာအဆုံးမှာ သူ့ကိုယ်သူ တင်ပွန်းတပ်ထားတယ်။

ဒီမိန်းကလေးနာမည်က 'စနေမ'တဲ့ ယောကျ်ားနှစ်ယောက်ကို အသေသတ်ထားသူတဲ့။ ပထမအသတ်ခံရတဲ့သူက သာယာဝတီကဆိုပြီး အဲဒီအချိန်ကာလက ထုတ်တဲ့သတင်းစာဖြတ်ပိုင်းလေးတောင် ပူးတွဲပေးလိုက်သေးတယ်။

ဒုတိယအသုတ်စံရသူကတော့ အဝေရာကပဲတဲ့။ ထောင်ထွက်လူဆိုးလူမိုက် 'အောင်ကြီး' ဆိုတဲ့ရုပ်ကို သတ်တာတဲ့။ နောက်တစ်ချက်က ဓာတ်ပုံထဲက မိန်းကလေးဟာ (သားစိတ်နိုင်နိုင်ထား နော်) အရုပ်ပျက်မတဲ့။

သူ့စာကတော့ အကျိုးလိုလို့ ညောင်ရေလောင်းတာပါပေါ့ သားရယ်။ အဲဒီ စနေမကိုသာ သားလက်ထပ်လိုက်ရင် မိကောင်းဖခင်ရဲ့သား လူရည်မွန် ဒေါက်တာနောင်ဝင်းဆွေရဲ့ဘဝဟာ နာသွားမယ်။ ဒါကြောင့် သားကို ရန်ကုန်ကို အမြန်ပြန်ခေါ် သင့်ကြောင်း ရေးထားတယ်။

ဒါ အဆန်းမဟုတ်ဟု နောင်ဝင်းဆွေ ယူဆလိုက်သည်။ ဖေဖေ့ထံ ပေးပို့သော ဓာတ်ပုံနှင့် စာတွေ၊ သတင်းစာဖြတ်ပိုင်းတွေသည် ဒေါက်တာဦးမင်းစိုး၏လက်ချက်ဖြစ်ကြောင်း နောင်ဝင်းဆွေအတတ်သိထားသောကြောင့် ဖြစ်ပါ၏။

ဖေဖေနဲ့ မေမေ့မှာ တွေးစရာတွေ ရှိလာတယ်၊ စာနဲ့ ဓာတ်ပုံပို့သူဟာ စိတ်ကောင်းစေတနာနဲ့ ပို့တာ မဟုတ်မှန်းတော့ ဖေဖေနဲ့ မေမေသဘောပေါက်တယ်သား။ သားရဲ့စေတနာရယ်၊ မောင်အောင်ချိုရဲ့ စေတနာရယ်ကြောင့် ပေါင်းစပ်ထားတဲ့ အဝေရာမေတ္တာမွန်ဆောင်နှန်းအကြောင်းကိုလည်း ဖေဖေနဲ့ မေမေသိပြီးသားပဲ၊ အဝေရာက မောင်အောင်ချိုနဲ့ သားကို မရှုစိမ့်မလိုလားသူတစ်ဦးက သားကို အဝေရာက ထွက်သွားအောင် စာနဲ့ ဓာတ်ပုံပို့တာကိုလည်း ဖေဖေနဲ့ မေမေ သဘောပေါက်တယ်။



အဲဒါကို သိလျက်နဲ့ပဲ ဖေဖေ ထပ်ဆင့်စဉ်းစားတယ်။

ကောင်းပြီ ... သားကိုယ်တိုင် ချစ်မြတ်နိုးလို့ စနေမကို လက်ထပ်လိုက်မယ်ဆိုပါတော့။

စောမြနန္ဒာနဲ့ လူကြီးချင်း စေ့စပ်ထားတာ ပျက်နှာပျက်ရမယ်။

ဒါတိုလည်း ဖေဖေနဲ့ မေမေက မျက်နှာအပျက်ခံမယ်၊ ဘယ်နှယ့် ပေါင်းသင်းရမှာက သားပဲ။ သားမှော မချစ်ခင် မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းရပြီး စိတ်ဆင်းရဲရမဲ့ဒုက္ခမျိုး ဖေဖေနဲ့ မေမေတို့က ဘယ်လိုလားပါ့မလဲ၊ နောက်ပြီး စောမြနန္ဒာနဲ့ သားဟာ လူငယ်ချင်း မေတ္တာမျှပြီး လူကြီးတွေကို ဖွင့်ပြောတာမျိုးမှ မဟုတ်တာ။ အဲဒီတုန်းက သားရဲ့ ရင်ထဲနှလုံးထဲမှာ ချစ်ရခင်ရမဲ့သူ မရှိသေးဘူး။ စောမြနန္ဒာနဲ့ဆိုရင် နေနဲ့ လ၊ ရွှေနဲ့ မြဆိုပြီး နှစ်ဖက်မိဘ စီစဉ်တာပဲဟာ၊ ဒီလိုစီစဉ်ပြီးတဲ့နောက် သားရဲ့နှလုံးသားကို ပိတ်ဆို့သလို၊ တခြားဘယ်မိန်းကလေးကိုမှ မချစ်ရဘူးလို့ ဖေဖေတို့ တားမြစ်ရင် ဘယ်တရားပါ့မလဲ၊ အဲ ... စောမြနန္ဒာနဲ့ လက်ထပ်ပြီးကာမှ တခြားမိန်းကလေးအပေါ် သားက တိမ်းညွှတ်တာမျိုးဆိုရင်တော့ ဖေဖေနဲ့ မေမေ သားကို တားမြစ်ဟန့်တားရမှာပေါ့။ ဘာလို့လဲဆိုတော့ မိန်းကလေး စောမြနန္ဒာမျော နာသွားပြီကိုး။

အခု လူကြီးချင်း ကမ်းလှမ်းမှုမှာ မျက်နှာပျက်ချင်ပျက်ပါစေရတယ်။

နောင်တစ်ချက်ရှိသေးတာက သားရဲ့စိတ်ဓာတ်၊ အယူအဆနဲ့

စောမြနန္ဒာရဲ့စိတ်ဓာတ်၊ အယူအဆနစ်ရပ်ဟာ ကွာဟနေတယ်။ အိမ်ထောင်ရေးမှာ မသင့်မြတ်စေနိုင်တဲ့ သဘောပဲ။

စောမြနန္ဒာရဲ့ စိတ်ဓာတ်၊ အယူအဆက သားလက်ထောက်ဆရာဝန်ရာထူးနဲ့ သက်ဆိုင်ရာမှာ အလုပ်လုပ်၊ သင့်တော်လျှောက်ပတ်တဲ့အချိန်ကျရင် နိုင်ငံခြားသွားပြီး ပါရဂူသမားတော်ဘွဲ့ကို ယူခဲ့၊ ပြန်လာရင် ဟီးနေတဲ့ ကိုယ်ပိုင်ဆေးခန်းကြီး လင်မယားနှစ်ယောက် ဖွင့်ကြမယ်၊ ပိုက်ဆံတွေ သုံ့ယူမယ်ဆိုတဲ့ စိတ်အယူအဆ၊

စောမြနန္ဒာကို ဖေဖေအပြစ်မတင်ပါဘူး။ ဒီအတန်းအလွှာ ရောက်နေသူတွေမှာ ဒီလိုပဲ လုပ်ကြလို့ တိုက်ဆောက်၊ အက်စီး ကားစီးတွေ ဖြစ်နေတာ လက်တွေ့မျက်မြင်ပဲလေ။

အဲ ... သားကိုနောင်ရဲ့စိတ်ဓာတ်နဲ့တခြားစီပဲ၊ ဆန့်ကျင်ဘက်ပဲ။

ဒါကြောင့် မြနန္ဒာနဲ့ စီစဉ်ထားတာကို ဖျက်သိမ်းလိုက်ခြင်းဖြင့် ဖေဖေနဲ့ မေမေ မျက်နှာအပျက်ခံရပါတယ်။

နောက်ပြီး သား အဝေရာမှာ နောက်ထပ်အကြာကြီးဆက်နေမယ်ဆိုရင် စောမြနန္ဒာကိုယ်တိုင်က စိတ်ပျက်ပြီး လူကြီးတွေ စီစဉ်ထားတာကို ဖျက်သိမ်းလိမ့်မယ်လို့။

သားနဲ့ စောမြနန္ဒာဝါဒ်ဟာက အချစ်မပါတဲ့ ဇာစပ်မှုတွေကို လက်ခံထားတာပဲ။

ဒုတိယအချက်. ဖေဖေပြောဦးမယ်။

သားအနေနဲ့မိဘပစ္စည်းအမွေကိုအားမကိုးဘဲ ကိုယ့်အားကိုယ်



ကိုးနိုင်တဲ့အပြင် သားပညာနဲ့ သားရဲ့အိမ်ထောင်ရေးကို တည်ထောင်နိုင်တဲ့ ဆရာဝန်ပဲ။

စနေမကို ယူတော့ ဘာဖြစ်လဲ။

ဘာဖြစ်လဲဆိုတော့ ဖြစ်လာနိုင်စရာတွေ အများကြီးရှိလာမယ်သား။

ပထမဆုံး သားဟာ ဆိုဆိုင်တီဆိုတဲ့ သားရဲ့ပတ်ဝန်းကျင်ကို ရင်ဆိုင်ရမယ်၊ မိဘဆွေမျိုးနဲ့ အပေါင်းအသင်းတွေကို ရင်ဆိုင်ရမယ်လေ။ စနေမကို လက်ထပ်ယူတဲ့အတွက် သားရဲ့ ဆိုဆိုင်တီက လက်ခံကြမယ် မထင်ဘူး။

လူ့သတ်သမ၊ တောင်တွက်၊ အရပ်ပျက်မကို ယူထားတယ်ဆိုတဲ့ အစွဲက သားရဲ့ ဆိုဆိုင်တီထဲမှာ ဝဲလည်နေမှာပဲ။

စာဖတ်ရင်းပင် နောင်ဝင်းဆွေ ခေါင်းမော့ပြီး မျက်နှာကြက်ကိုကြည့်ရင်း စဉ်းစားသည်။ ဆိုဆိုင်တီတစ်ခုလုံးမပြောနှင့်၊ သူနှင့် သိမ်ချစ်ရသည့် သူငယ်ချင်း အောင်ချိုကပင် စနေမနှင့်ဆိုလျှင် လုံးဝသဘောမတူ၊ လက်မခံကြောင်း ပြောဖူးသည်ကို ပြန်စဉ်းစားမိသည်။

လူဆိုတာ ပတ်ဝန်းကျင်ဆိုဆိုင်တီနဲ့ ဘယ်လိုမှ ကင်းကွာလို့မရဘူး သား။ ဆိုဆိုင်တီနဲ့ ကင်းကွာသွားတာနဲ့ ကိုယ့်ဘဝဟာ သင်းကွဲ ဆင်၊ သင်းကွဲ ကျားလို ထီးထီးကြီးတစ်ကောင်တည်းဖြစ်ရာကဟိုမကျေနပ် သည်မကျေနပ်နဲ့ ဒေါသအမြဲဖြစ်နေရပြီး ဝရမ်းပတာတွေ နောက်ဆုံးလျှောက်လုပ်လို့ ပျက်စီးပြီး ဆုံးရှုံးသွားနိုင်တဲ့

သဘောရှိနေတယ်။

စနေမကို သားလက်ထပ်ပြီးတဲ့နောက် သားအနေနဲ့ စနေမကို လက်တွဲပြီး ဖိတ်ကြားတဲ့ ဘုရားကိုးဆူပွဲသွားလို့ရမလား။

မွေးနေ့ပွဲကို အတူသွားလို့ ရမလား။

မင်္ဂလာပွဲကို တက်လို့ရမလား။

အိုကွာ သားရယ်၊ နောက်ဆုံး ဥပုသ်စောင့်၊ ကျောင်းကန်ဘုရား ကိုတောင် တွဲသွားလို့ ရမလား။

အဲဒါတွေဟာ ဆိုဆိုင်တီပွဲတွေလေ။

သွားရင် ဘာဖြစ်လဲ။ သွားမယ်ဆိုပြီး ဖွတ်သွားရင်တော့ ရတာ ပေါ့လေ။ ဒါပေမဲ့ ဟိုနားအုပ်စု၊ သည်နားအုပ်စုတွေက သားရဲ့စနီး စနေမကို အပုတ်ချကြမယ်။ တကယ်လို့ သူတို့ဟာ သူတို့ [illegible]ခြား အကြောင်းပြောပြီး ရယ်မောကြရင်တောင် သားစိတ်ထဲမှာ ဒီလူ တွေ ငါ့ကို ဟားနေတာဆိုတဲ့ မကျေနပ်စိတ်၊ ခံပြင်းစိတ်ဖြစ်မယ်။

ရေရှည်ရာသက်ပန် ကိစ္စမို့ နောက်ဆုံးအထိ သားခံနိုင်ရည် ရှိပါ့မလား သား … ။

အဲ … နေ[illegible]ထပ် အရေးကြီးတာက အိမ်ထေ[illegible]ပြုရင် သား သမီးထွန်းကားမှာပဲ၊ သားသမီးတွေရဲ့ ကစားဖော် ကစားဖက်တွေ က စနေမရဲ့သား။ စနေမရဲ့သမီး သူ့အမေက လူသတ်သမ၊ ထောင် ထွက်၊ အရပ်ပျက်တဲ့ကွလို့ ဆိုလာရင် အဲဒီသားလေး သမီးလေး တွေ ဘယ်လိုခံစားရမလဲ။

သမီးမိန်းကလေးဆိုရင် အရွယ်ရောက်လာတဲ့အခါ စနေမသမီး



ဆိုပြီး အထင်သေးစိတ်နဲ့ ထိကပါး ရိကပါးတွေ ဖြစ်လာမယ်။

သား …

အဲဒါတွေကို သား ရာသက်ပန်ခံနိုင်ရည်ရှိပါ့မလား။ နှလုံးသား ကို ဦးစားပေးပြီး တူနှစ်ကိုယ် တဲအိုပျက်မှာ နေရဆိုတာ ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ ဆင်းရဲအတူ ချမ်းသာအတူ နေနိုင်ပါတယ် … ”

ဒါပေမဲ့ …

လာပြန်ပြီ သားရေ။ အဲဒီ ဒါပေမဲ့ကြီးကို မပြောမပြီး ပြောရမှာ ပဲ။

လူမှုရေးချို့ယွင်းချက်ရှိနေတဲ့ အိမ်ထောင်ဘက်ဟာ ရေရှည် မှာ ချစ်တာတွေ ခင်တာတွေ အနည်ထိုင်သွားတဲ့အခါ အဲဒီအတ်ကြီး က သားစဉ်မြေးဆက်အထိ ဆက်ပြီး ဒုက္ခပေးသွားလေမလားဆို တာ သိပ်ကို အဓိကကျကျ စဉ်းစားသင့်တယ် သား။

သားကို ဖေဖေနဲ့ မေမေက ရန်ကုန်ကို ပြန်လာပါတော့လို့ တစ် ခွန်းမှ မခေါ်ဘူး။ စနေမကို လက်မထပ်ပါနဲ့လို့လဲ တစ်ခွန်းမှ မတားမြစ်ဘူး။

အေး … ဒါပေမဲ့ ဖေဖေကိုယ်တိုင် သားနေရာမျိုးမှာ ရောက် နေရင်ပေါ့ကွာ၊ စနေမကို ဖေဖေ ရင်ထဲကပဲ ရာသက်ပန်ချစ်မယ်၊ ဘယ်တော့မှ လက်တော့မထပ်ယူဘူးဘဲ သား။ လူပျိုကြီးလုပ်ပစ် လိုက်မယ်။

အဲဒါ ဖေဖေ့ရဲ့ အိုပီနီယံ သဘောကို ပြောတာပါ။ သားကျတော့ စနေမကို လက်ထပ်လိုက ထပ်၊ ဆိုဆိုင်တီကြီးက လက်မခံဘူး

ဆိုပေမဲ့ ဖေဖေနဲ့ မေမေကတော့ သားကို အမြဲလက်ခံတယ်။
သားကျန်းမာ ချမ်းသာစွာနဲ့ အရာရာဆင်ခြင်နိုင်ပါစေ။

ဖေဖေ၊ မေမေ

ဖေဖေ၏ ရှည်လျားလှသောစာကြီးကို စာရွက်တွေ စီစီရီရီပင် ပြန်ထပ်ကာ စာအိတ်ထဲသို့ တရိုတသေ ပြန်ထည့်ပြီး စာအိတ်ကို ရင်ဘတ်ပေါ် တင်ကာ နောင်ဝင်းဆွေ လဲလျောင်းပြီး စဉ်းစားသည်။

စဉ်းစားရင်း၊ စဉ်းစားရင်း နောင်ပင်းဆွေ ပြုံးသည်။

ပြုံးရာမှ အသံထွက်ရယ်မောလိုက်သည်။ ရှိုးရှိုးရယ်မောရာမှ ထပ်ဆင့်ကာ ဟားတိုက်ရယ်ပစ်လိုက်သည်။ ဘေးမှကြည့်လျှင် နောင်ဝင်းဆွေ ရူးသွားပြီလားဟု ထင်မှတ်လောက်ပါ၏။

ဖေဖေ၏စာကို နောင်ဝင်းဆွေ ကောင်းကောင်းကြီး သဘောပေါက်သည်။ နက်နက်နဲနဲကြီး သဘောပေါက်သည်။

ဖေဖေပညာရှိသည့် တစ်ဖက်မစောင်း၊ ဟိုဘက်ဒီဘက်မျှသည့် သဘောတွေရှိပါသည်။

နောင်ဝင်းဆွေ လက်သီးလက်မောင်းတန်းလိုက်ပါ၏။

"စိတ်ချ ဖေဖေနဲ့ မေမေ ... စနေမကို ကျွန်တော် ဘယ်တော့မှ လက်မထပ်ဘူး ... ဒါပေသိ ကျွန်တော်က လက်မထပ်ချင်တာမို့ လက်မထပ်ဖြစ်တာ မဟုတ်ဘူး ... ဟဲဟဲ ... စနေမက ကျွန်တော့်ကို ဘယ်တော့မှ လက်မထပ်ဘူးဆိုပြီး ရှောင်ပြေးသွားလို့ လက်မထပ်ဖြစ်တာပါ ... "

နောင်ဝင်းဆွေ ထိုနေ့ ထိုအချိန်က ဆေးခန်းကို မဆင်းဖြစ်တော့ပေ။ ဒေါ်အဲဖော့နှင့်ပင် လွဲထားလိုက်တော့သည်။

## ၁၃

"ဟော ... ကိုအောင်ချို နေကောင်းတယ်နော် ... "

"ဩ ... ကိုဗညားပါလား ... မလာစဖူး ကျွန်တော့်ဆီ အလာထူးတယ်ပါလား ... အဲ ... နီနီစိုးတောင် လိုက်တာ တာကိုး ... "

နံနက် ခုနစ်နာရီသာ ရှိသေးသည်။ အောင်ချိုနှင့် နောင်ဝင်းဆွေ ကော်ဖီဝိုင်းထိုင်နေစဉ် ကိုဗညားနှင့် သူ၏ညီမရင်း နီနီစိုးတို့ သူတို့ဆလွန်းကားလေးနှင့် ရောက်ရှိလာသည်။

ကိုဗညားကမောင်းပြီး နီနီစိုးက နောက်မှလိုက်လာခြင်းဖြစ်ပါ၏။

ဘယ်သောအခါကမှ အောင်ချို၏အိမ်သို့လာလေ့မရှိဘူးကြသော ဒေါက်တာဦးမင်းဆိုးနှင့် ဒေါ်မြင့်မြတ်တို့၏ သားနှင့် သမီးဖြစ်ကြပေသည်။



"ဟိုတုန်းက မလာစဖူးပေမဲ့ အခုလာတယ်လေဗျာ ... ဘာလဲ ... ကိုအောင်ချိုက ကျုပ်တို့ မောင်နှမကို နှင်ထုတ်မလို့လား ... "

"မဟုတ်တာ ကိုဗညားရယ် ... လာပါ ... လာပါ ... အိမ်ထဲဝင်ကြပါ ... "

အောင်ချိုက ဖိတ်ခေါ်ပြီး ကိုဗညားကရှေ့မှ နီနီစိုးက နောက်မှလိုက်ပါလာသည်။

ဧည့်ခန်းတွင် ထိုင်မိကြသည်။

နောင်ဝင်းဆွေက ကော်ဖီဝိုင်းမှ မထ၊

ကိုအောင်ချိုနှင့် ပတ်သက်သူများဖြစ်သောကြောင့် ကိုယ်နှင့်မဆိုင်၊ ထိုင်မြဲထိုင်နေသည်။

"ကဲ ... ဆို ... ကိုဗညား ... "

"ဆိုစရာ အထူးဘာမှမရှိပါဘူး ... ဒီည ကျုပ်တို့အိမ်မှာ ဘုရားကိုးဆူပူဇော်ပွဲကျင်းပမယ်လေ ... ညခြောက်နာရီလောက်က ဆယ်နာရီလောက်အထိ လာလို့ရပါတယ် ... အဲ ကိုအောင်ချိုနဲ့ ဒေါက်တာနောင်ဝင်းဆွေကို ကြွခဲ့ကြပါလို့ လာဖိတ်တာပါ ... "

"အင်း ... ဒီနေ့ စက်ထဲမှာတော့ အလုပ်တွေ အများကြီးပဲ ကိုဗညားရေ ... ကိုဗညားနဲ့ နီနီစိုးက လာဖိတ်တာကို ကျေးဇူးတင်ပါတယ် ... အဲ ... လာမှ လာနိုင်ပါ့မလားလို့ ... "

"ဒီလို မရှောင်ချင်ပါနဲ့ ကိုအောင်ချို ... "

နီနီစိုးက အပြုံးအရယ်လေးနှင့် ဝင်ပြောပေသည်။

"ဘုရားကိုးဆူပွဲဆိုတာ ညပိုင်းကျင်းပတဲ့ပွဲပါ၊ ခုန အစ်ကိုဗညားပြောပြီးပြီပဲ ... ညနေခြောက်နာရီက ဆယ်နာရီအထိပါလို့ ... ကိုအောင်ချို ဘယ်လောက်အလုပ်များများ ညဆယ်နာရီအထိတော့ လုပ်မယ်မထင်ပါဘူး ... အိမ်က ဘာမှမစားလာနဲ့နော် ... ဘုရားကိုးဆူပွဲက ဒံပေါက်ကျွေးမှာပါ"

အောင်ချိုက နီနီစိုးကို သေချာကြည့်ကာ ပြုံးပြလိုက်ပေသည်။

နီနီစိုးသည် တော်တော်လှနေပါ၏။

အဝေးရွာတွင် အတူနေကြသူများမို့ နီနီစိုးကို ဟိုငယ်စဉ်ဘဝကတည်းက အောင်ချို မြင်ဖူးပြီးသားဖြစ်သည်။ လူကြီးချင်း သဟဇာတမတည့်လှသောကြောင့် နီနီစိုးနှင့် ခင်မင်ခဲ့ခြင်းတော့ မရှိလှပေ။

နီနီစိုး ဆယ်တန်းအောင်ပြီး တက္ကသိုလ်သွားတက်သည်ကစပြီး အောင်ချို နီနီစိုးကို အတွေ့အမြင်နည်းသွားသည်။

သီတင်းကျွတ်၊ ဒီဇင်ဘာကျောင်းပိတ်ရက်မျိုးတွင် နီနီစိုး အိမ်ပြန်မလာပေ။ နွေရာသီရက်ရှည်ပိတ်လျှင်တော့ ပြန်လာတတ်သည်ကို အောင်ချိုတွေ့ပါ၏။

သို့သော် လူချင်း ပန်မစားလှသောကြောင့် သူ့ကိုယ်ရှောင်၊ သူက ကိုယ့်ရှောင်ဖြင့် မတွေ့ဆုံခြင်းက များသည်။

ယခု သူတို့မောင်နှမ အိမ်တိုင်ရာရောက် တမင်လာ



မှပင် နီနီစိုးကို အနီးကပ် ပထမဆုံးမြင်တွေ့ရခြင်းဟု ဆိုနိုင်သည်။

နီနီစိုး တက္ကသိုလ်ရောက်ပြီးမှ အရမ်းပိုလှလာသည်။ အရမ်းပိုချောလာသည်ဟု အောင်ချို၏ရင်ထဲက မှတ်မှတ်သားသားဖြစ်သွားသည်။

"နေဦးဗျ ... ကိုဗညားတို့အိမ်မှာ မကြာခဏ မွေးနေ့ပွဲတို့ ဘုန်းကြီးဆွမ်းကပ်ပွဲတို့ လုပ်တယ်လို့ ကြားပါတယ် ... တစ်ခါမှ ကျွန်တော်တို့ကို မဖိတ်ဖူးဘူး ... ဖေဖေနဲ့ မေမေရှိကတည်းကပဲလေ ... ခုမှ ထူးထူးဆန်းဆန်း ကိုဗညားရော နီနီစိုးရော ကိုယ်တိုင်ကိုယ်ကျလာဖိတ်တာ ... နည်းနည်းအံ့သြစရာများလားလို့ ... "

"မှန်ပါတယ် ကိုအောင်ချို ... "

ဗညားက ဘာမျှမပြောသေးမီ နီနီစိုးကပင် ပြောသည်။ ပြောပုံလေးကလည်း အပြုံးအရယ်ကလေးနှင့် စိတ်ရှည်လက်ရှည် ပြောပြခြင်းမျိုးဖြစ်ပါ၏။

"ဒီနှစ်အဖို့အကြောင်းထူးလေးတွေရှိလာတယ် ကိုအောင်ချို ဒီနှစ် အခုကျင်းပတဲ့ ဘုရားကိုးဆူပူဇော်ပွဲဟာ ဒက်ဒီ(ဒေါက်တာဦးမင်းစိုးကို ဆိုလိုသည်။)ရဲ့ အသက်ငါးဆယ့်ငါးနှစ်မြောက်နေ့ အထိမ်းအမှတ်နဲ့ ကျင်းပတာ ... နောက်ပြီး ကိုကိုဗညားက နိုင်ငံခြားသင်တန်းက ပြန်ရောက်လာတာရယ် ... နီနီတို့ကျောင်းပိတ်တာရယ် ... အားလုံးအိမ်မှာ လူစုံနေတော့ ... ခါတိုင်း နှစ်ထက်ပိုပြီး ကြီးကျယ်တဲ့ ဘုရား

ကိုးဆူပွဲလုပ်တာပါ ... ခါတိုင်းနှစ်တွေက ခပ်ကျဉ်းကျဉ်းပဲ လုပ်ပြီး ဧည့်သည်ဖိတ်တာလည်း ရွေးဖိတ်တာပါ ... ဒါကြောင့် အခုနှစ်မှာ ကိုအောင်ချိုတို့ကို တမင်တကာ လာဖိတ်တာပါ ... နောက်တစ်ချက် ရှိသေးတာက ... "

"အဲဒါ ကိုကိုပြောမယ် ... မိနီ ... "

ကိုဗညားက စကားကြားဖြတ်ဝင်ပြောပေသည်။

"ဒီလိုဗျ ... ကိုအောင်ချိုရ ... ဒက်ဒီက ကိုအောင်ချိုရဲ့ မေတ္တာမွန်ဆေးခန်းကိစ္စ ... ဒေါက်တာ ကိုနောင်ဝင်းဆွေရဲ့ ကုသတဲ့ကိစ္စ အခုလက်ရှိ ဒက်ဒီရဲ့ဆေးခန်းကိစ္စတွေနဲ့ပါ ပတ်သက်ပြီး ကိုအောင်ချိုနဲ့ရော ... ဒေါက်တာ ကိုနောင်ဝင်းဆွေနဲ့ရော တိုင်ပင်စရာလေးတွေ ... ညှိနှိုင်းစရာလေးတွေရှိနေတယ် ... ဒါကြောင့် ဒက်ဒီရော မာမီရောက ကိုအောင်ချိုတို့ သူငယ်ချင်းနှစ်ယောက်ကို လာဖြစ်အောင် ကိုယ်တိုင်သွားဖိတ်ကြဆိုလို့ ... ကိုအောင်ချိုတို့ အလုပ်ခွင် မဝင်ခင် မောင်နှမနှစ်ယောက်လာဖိတ်တာပါ ... "

"ကိုဗညားတို့က အလေးထားပြီး ဖိတ်တာဆိုတော့ လာရမှာပေါ့ဗျာ ... ဒါပေမဲ့ ပြောရတာ နည်းနည်း အားနာစရာဖြစ်နေသလားလို့ ... "

"ပြောပါရှင် ... အားမနာပါနဲ့ ... အားနာရမဲ့လူတွေမှ မဟုတ်တာ ... "

အားနာရမဲ့လူတွေမှ မဟုတ်တာဆိုသည့် နီနီစိုး၏



စကားတွင် ခင်မင်ရင်းနှီးကြသည်ဆိုသည့် အဓိပ္ပါယ်ပါဝင်နေကြောင်း အောင်ချို သတိထားမိလိုက်သည်။

"ကိုဗညားတို့ ... နီနီစိုးတို့ရဲ့ ဘုရားကိုးဆူပွဲကို ကျွန်တော်ကတော့ လာမှာပါ ... ဟိုကောင် နောင်ဝင်းဆွေကျတော့ သူသဘောပဲလို့ ပြောချင်ပါတယ် ... ဒီကောင်က လူစိမ်းတွေရဲ့အိမ်ဆိုရင် အသွားအလာမရှိတတ်လို့ပါ ... နောက်တစ်ခုက ဆေးခန်းကိစ္စ ... လူနာကိစ္စ ... ကုသမှုကိစ္စတွေမှာ အန်ကယ် ဒေါက်တာဦးမင်းစိုးနဲ့ ကျွန်တော် တိုင်ပင်စရာ ... ညှိနှိုင်းစရာ ... ကျွန်တော့်ဘက်ကတော့ ဘာမှမရှိလို့ အားနာတယ်လို့ ပြောတာပါ ... "

"ပြတ်လှချည်လား ကိုအောင်ချို ... "

ကိုဗညားက သူ့ပေါင်ကို သူ့လက်ဝါးဖြင့် ပုတ်ရင်း ပြန်ပြောသည်။

"ဆောရီးဗျာ ကိုဗညား ... "

ပြောရင်းပင် ကိုကိုဗညားနှင့် ကိုအောင်ချိုတို့ တင်းမာချင်သော အရိပ်အယောင်ပေါ်လာသောကြောင့် နီနီစိုးက ဝင်ပြောပြန်ပေသည်။

"ဒါကတော့ ... ကိုအောင်ချိုတို့ သဘောပါရှင် ... နောက်ပြီး ဒီကိစ္စမှာ ကိုကိုဗညားရော ... နီနီရော ... ဒက်ဒီပြောခိုင်းလိုက်တာထက်ပိုပြီး တခြားမသိပါဘူး ... ကိုကိုဗညားကလည်း နိုင်ငံခြားသင်္ဘောလိုက်နေတာ တစ်နှစ်ကျော်ကြာ

သွားပြီ ... နီနီကလည်း အဝေးရောနဲ့ ကင်းကွာပြီး တက္ကသိုလ် သွားတက်နေတာ သုံးနှစ်ရှိသွားပြီ ... ဒီတော့ အဝေးရောက အခြေအနေတွေကို ဘာမှ ဂဃနဏသိတာမှ မဟုတ်တာ ဘုရားကိုးဆူကို ကိုအောင်ချိုတို့လာကြမှပဲ ဒက်ဒီနဲ့ ညှိနှိုင်းချင် ညှိနှိုင်း ... မညှိနှိုင်းချင်နေပေါ့ ... နီနီတို့ ဖိတ်တဲ့ ဘုရားကိုးဆူကိုတော့ ဆက်ဆက်လာခဲ့ပါလို့ ... "

"လာမှာပါ နီနီစိုး ... "

"ဒါဆို ဒေါက်တာကိုနောင်ဝင်းဆွေကိုလည်း နီနီတို့ မောင်နှမက ဖိတ်ပါရစေလား ... "

"ရတယ် ... ရတယ် ... ဒီကောင် ကော်ဖီဝိုင်းမှာပဲ ... ဩော် ရောက်တုန်းရောက်ခိုက် ကော်ဖီသောက်သွားကြပါဦးဗျာ ဒီနေ့မနက် ဒေါ်ကြီးသိန်းက ပဲပလာတာလုပ်ကျွေးတယ် လာ ... လာ ... အားနာရမဲ့လူတွေမှ မဟုတ်တာ ... နောင်ဝင်းဆွေနဲ့လည်း မိတ်ဆက်ပေးရင်းပေါ့ ... "

မောင်နှမနှစ်ယောက် မငြင်းကြပေ။ အောင်ချိုရှေ့မှာ ခေါ်ဆောင်လာရာသို့ နောက်မှ ထမင်းစားခန်းသို့ လိုက်လာကြသည်။

"ဒေါ်ကြီးသိန်းရေ ... ပဲပလာတွေ နောက်ထပ် နှစ်ပွဲဖြင့်ပေးဦး ... ဧည့်သည်တွေအတွက် စပယ်ရှယ်ကောင်းကောင်းနော် ... ကော်ဖီတွေတော့ ကရားထဲမှာ ရှိသေးတယ် ... "

ထမင်းစားပွဲဝိုင်းတွင် ထိုင်ကြသည်။ အောင်ချိုက



ရယ်မောပြုံးရွှင်စွာ ကော်ဖီငှဲ့ရင်း ကော်ဖီခွက်များကို ကိုဗညားနှင့် နီနီစိုးရှေ့တွင် ချပေးသည်။

ဒီကောင်ရဲ့မျက်နှာ ရွှင်မြူးနေပါလားဟု နောင်ဝင်းဆွေက ရင်ထဲမှ မှတ်ချက်ချရင်း အောင်ချို့ကို ကြည့်သည်။ အောင်ချိုက နီနီစိုးကို စိုက်ငေးကြည့်နေသည်မို့ နောင်ဝင်းဆွေက သူ့ကို ကြည့်နေမှန်း မသိပေ။

နောင်ဝင်းဆွေက နီနီစိုးကို ကြည့်လိုက်ပြန်သည်။

"အံ့ ... ဘယ်ဆိုးလို့လဲ ... "

ဟု နောင်ဝင်းဆွေ ရင်ထဲမှတ်ချက်ချသည်။

"ဟေ့ကောင် ငနောင် ... "

"ဗျာ ... "

"အံမယ် ... ဒီနေ့ ဒီကောင် ငါ့ကို တယ်ရိုသေနေပါလား"

ဘယ်တုန်းကမှ ဗျာမထူးဘူးသော နောင်ဝင်းဆွေက ယခု ဗျာဟု အောင်ချိုခေါ်သည်ကို ထူးသဖြင့် အောင်ချိုရယ်သည်။

နီနီစိုးကလည်း နောင်ဝင်းဆွေက ကြီးတော်ကြီးမား ဗျာဟု ထူးသံကို အောင်ချိုနှင့်အတူ လိုက်ရယ်ပေးသည်။

တစ်ဦးနှင့်တစ်ဦး ကြည့်ရှုးစွာ ရယ်မောကြခြင်းသည် ရင်းနှီးမှုကို ပို၍မြန်စေတတ်ပါသည်။

"ဟေ့ကောင် နောက်မနေနဲ့ ငါမိတ်ဆက်ပေးမလို့ အဲဒါ ကိုဗညား ... ဒါက နီနီစိုး မောင်နှမအရင်း ... ဒေါက်တာဦးမင်း

စိုးရဲ့သားနဲ့ သမီး ... အေး မင်းကိုတော့ ဒေါက်တာနောင်ဝင်းဆွေမှန်း သူတို့က သိပြီးသား ...”

နောင်ဝင်းဆွေက လူမှုရေးအရ ထိုင်ရာမှထပြီး ကိုဗညားကို လေးလေးစားစား လက်ကမ်းပေးသည်။

“သိကျွမ်းရတာ ဝမ်းသာပါတယ် ကိုဗညား ...”

လက်ချင်းဆွဲ နှုတ်ဆက်လိုက်ကြသည်။

“ဟဲ ... ဟဲ ... ကိုနောင်ဝင်းဆွေကို မြင်လည်း မြင်ဖူးတယ် အသက်ငယ်ရွယ်ဖြောင့်တဲ့အပြင် ဆေးကုသရာမှာ သိပ်တော်တယ်လို့ ဟိုလူပြော သည်လူပြောနဲ့လည်း ကြားဖူးထားတယ် ... တွေ့ရတာ ဝမ်းသာတယ်ဗျာ ... အခုမှပဲ လူကြီးဒက်ထိတွေ့ရတယ် ...”

“ဟုတ်လား ကိုဗညား ... ရန်ကုန် ဖေဖေ့ဆီကလည်း ဟိုတစ်နေ့ကပဲ ကျွန်တော့်ဆီ စာလာတယ် ... ဓာတ်ပုံရော စာရော ရပါတယ်တဲ့ ...”

“ဗျာ ...”

ဗညား ကြောင်တက်တက်ဖြစ်သွားနေစဉ်မှာပင် နောင်ဝင်းဆွေက နီနီစိုးဆီသို့ လက်ကမ်းပေးပြန်သည်။

“သိကျွမ်းရတာ ဝမ်းသာပါတယ် ... ဒေါက်တာဦးမင်းစိုးမှာ သမီးချောလေးနှစ်ယောက်ရှိတယ် ... နှစ်ယောက်စလုံး တက္ကသိုလ်မှာလို့တော့ ကျွန်တော်ကြားထားပြီးသားပါ အခု မနီနီစိုးနဲ့တော့ သိကျွမ်းရလို့ ဝမ်းသာတယ်ဗျာ



အဲ ... နောက်ထပ်သိကျွမ်းဖို့တော့ တစ်ယောက်လိုနေသေးတာပေါ့ ...”

“သြော် ... မိမိနဲ့ သိဖို့ လိုသေးတယ်လို့ ကိုနောင်ဝင်းဆွေ ပြောတာလား ...”

“ဗျာ ... မိမိ ...”

“ဟုတ်တယ်လေ ... ညီမလေးနာမည်က မိမိစိုးပဲ ... အိမ်မှာတော့ ညီမလေးကို အတိုကောက် မိမိလို့ခေါ်လို့ပါ”

“မိမိစိုး ဟုတ်လား ...”

“အင်းလေ ... ကိုကိုဗညားက အကြီးဆုံး ... နီနီစိုးက ဒုတိယညီမလေး မိမိစိုးက အငယ်ဆုံးမလေး ...”

“ဒါဆို ... မိမိစိုးလည်း ကျောင်းပိတ်လို့ အိမ်ပြန်ရောက်နေရောပေါ့နော် ...”

“ကျောင်းပိတ်တာတော့ ဟုတ်တယ် ... ဒါပေမဲ့ မိမိက အိမ်ပြန်မရောက်ဘူး ကိုနောင်ဝင်းဆွေ ...”

“အိမ်မပြန်ဘဲ သူက ဘယ်သွားလို့လဲ ...”

နောင်ဝင်းဆွေသည် မိမိစိုးအကြောင်းကို အားမနာတမ်း မေးနေပေသည်။

အကြောင်းမူ ချစ်မျှော်ကျွန်းတွင် ဖိုးခွားက ရွှေမိကို မိမိဟု ခေါ်သည်နှင့် ဆက်စပ်သောကြောင့်ဖြစ်ပါ၏။

“ဒီဇင်ဘာကျောင်းပိတ်ရက်က နည်းနည်းလေးဆိုပြီး မိမိ အိမ်မပြန်ဘဲ သူငယ်ချင်းတွေနဲ့ ရှမ်းပြည်နယ်ဘက်သွားလည်

ကြတယ် ... မီမီက ဆိုးတယ် ... အငယ်ဆုံးဆိုပြီး တစ်အိမ်လုံးက အလိုလိုက်ထားလို့လား မသိဘူး ... ဆိုးချင်တယ်"

ဒေါ်ကြီးသိန်း ပလာတာပွဲများ ယူလာပြီမို့ စကားပြော ပြတ်သွားကြပြီး ပဲပလာတာနှင့် ကော်ဖီကို ကိုဗညားနှင့် နီနီစိုးတို့ စားသောက်ကြသည်။

"အတော်ပဲဗျာ ... ကိုအောင်ချိုတို့ကို မမီမှာစိုးတာနဲ့ ကျုပ်တို့မောင်နှမ အိမ်မှာ ဘာမှမစားသောက်ခဲ့ကြဘူး ... ကောင်းတယ်ဗျာ ... ပဲပလာတာရော ကော်ဖီရော အရသာ သိပ်ရှိတယ် ... "

ဗညား ချီးမွမ်းနေသည်ကို ဒေါ်ကြီးသိန်းက ဘေးမှ ရပ်ရင်း ပြန်ပြောသည်။

"အဒေါ်ရဲ့ ပဲပလာတာနဲ့ ကော်ဖီက လက်ရာမြောက်လှတယ် မဟုတ်ပါဘူး မောင်ဗညားရယ် ... တကယ်တော့ စနေမရဲ့ အုန်းနို့ခေါက်ဆွဲနဲ့ မုန့်တီသုပ်က မောင်ဗညားအဖို့ ပိုပြီး ခံတွင်းတွေ့မှာပါ ... "

"ဟာ ... ဒေါ်သိန်းကလည်းဗျာ ... "

ဗညားက ရှက်သောအမူအရာနှင့် ပြောလိုက်လေသည်။ ကိုဗညားသည် စနေမကို စွဲလမ်းခဲ့သဖြင့် သူ့မိဘက နိုင်ငံခြားသဘော်တင်ပေးလိုက်သည်ကို အဝေးရောကလူတွေ သိနေသောကြောင့်ဖြစ်ပါ၏။

"အခုတော့ စနေမရဲ့ အုန်းနို့ခေါက်ဆွဲနဲ့ မုန့်တီသုပ်က လက်



ရာမမြောက်တော့ဘူးဗျ ... ဒေါ်သိန်းမသိသေးဘူးထင်တယ် အခု စနေမဆိုင်ကို ကိုယ်တိုင်မထိုင်တာ ကြာပြီ ... ဒေါ်အေးမြပဲ ထွက်နေတယ် ... ဒါကြောင့် စနေမရဲ့ အုန်းနို့ခေါက်ဆွဲနဲ့ မုန့်တီသုပ်က လက်ရာမမြောက်တော့ဘူးဗျ ... "

စားသောက်ကြပြီးနောက် ကိုဗညားနှင့် နီနီစိုးတို့ ပြန်ရန် နှုတ်ဆက်ကြသည်။

"ကိုအောင်ချို ဆက်ဆက်လာနော် ... ဒေါက်တာရောပေါ့လေ ... မလာရင် နီနီ တကယ်စိတ်ဆိုးမှာ ... "

နီနီစိုး အဓိကထားပြောချင်သည်မှာ အောင်ချို့ကို ဖြစ်မှန်း သိသာသည်။ သူမ၏မျက်ဝန်းအစုံက အောင်ချို့ထံ ရောက်ရှိနေသောကြောင့်ဖြစ်ပါ၏။

"လာပါ့မယ်ဗျာ ... စိတ်ချ ... "

အောင်ချိုကလည်း သွားတွေဖြီကာ လာမည့်အကြောင်း စိတ်ချအောင် နီနီစိုးကိုသာ ဦးစားပေးပြောလိုက်ပေသည်။

မောင်နှမနှစ်ယောက် မော်တော်ကားမောင်းပြီး ပြန်သွားကြသည်။

နီနီစိုးသည် ကားထဲဝင်ချိန်မှအစ ကားထွက်သွားသည်အထိ အောင်ချို့အား ကားထဲမှလှမ်းကြည့်ကာ နှုတ်ဆက်လက်ပြသွားလေသည်။

ဖြန်းခနဲ အောင်ချို၏ကျောပြင်ကို နောင်ဝင်းဆွေ

ပုတ်လိုက်သည်။

"ဟာကွာ ... မင်း အဘကလိန်း ... လန့်သွားတာပဲ ... "

"မင်းဟာက ဣန္ဒြေပျက်လွန်းနေတယ်ကွ အောင်ချို ... **တကတည်း ဟိုကလည်း မော်တော်ကားထွက်သွားတဲ့အထိ ကားမှန်ပေါက်က လက်ပြလို့ မဆုံးနိုင်ဘူး ...** "

"သုံးနှစ်ကျော်ပြီကွ ... နီနီစိုးကို ဒီတစ်ခါပဲ ငါအနီးကပ်မြင်ဖူးတာ ... တော်တော်ချောလာတာပဲ နောင်ဝင်းအေ့"

"ဘာလဲ ... မင်း သူ့အပေါ် မြင်မြင်ချင်း ကြွေသွားပြီလား ချစ်သွားပြီလား ... ကြိုက်သွားပြီလား အောင်ချို ... အေး မင်း သူ့အပေါ် ကြွေသွားမှန်း ကြိုက်သွားမှန်းတော့ ငါသတိထားမိတယ် ... ပေမဲ့ ကြိုက်တာနဲ့ ကြွေတာနဲ့ ချစ်တာဟာ ကွာသေးတယ်နော် ... "

"အေးကွ ... အခု နီနီစိုးကို ငါတွေ့တာ ငါ့ရင်တွေ ခုန်တယ်ကွ ... "

"အင်း ... နီနီစိုး မင်းကိုကြည့်တဲ့အကြည့်ကလည်း ထူးခြားမှုရှိသလိုပဲ ... စဉ်းစားပေါ့ကွာ ... "

"ဆိုစမ်းပါဦး ... ငါက ဘယ်လိုစဉ်းစားရမှာလဲ ... "

"အချိုသတ်တာများဖြစ်နေမလားလို့ပေါ့ကွာ ... ငါက ဒို့အရင် ဆရာဝန်တွေလို နောက်မဆုတ်ဘဲ တင်းခံနေတော့ မင်းဘက်ကို ပြန်ခွေ့ကြည့်တဲ့သဘော အချိုသတ်တဲ့သဘောများ ရှိနေမလားလို့လေ ... တကယ်လို့ နီနီစိုးနဲ့ မင်းဖြစ်



မြောက်သွားရင် သူတို့မိဘတွေဘက်က ဘာသဘောမတူစရာရှိလို့လဲ ... မင်းမှာက မိဘမရှိတော့ဘူး ... ညီအစ်ကိုမောင်နှမ အရင်းအချာမရှိဘူး ... တစ်ဦးတည်းသောလူပျိုသူဌေး ... အေး ... နီနီစိုးကို မင်းလက်ထပ်ပြီးတဲ့အခါ ယောက္ခမနဲ့ သားမက် ဆေးခန်းတည်ထောင်ရေး ... လူနာကုသရေးတွေ ညှိနှိုင်းလို့ ရနိုင်တယ်ပေါ့ကွာ ... "

"မဆိုင်ဘူး ငနောင် ... နီနီစိုးကို ငါချစ်လို့ လက်ထပ်ယူတယ်ထားဦး ... ငါ့ရဲ့မေတ္တာမွန်ဆေးခန်းက မေတ္တာမွန်ဆေးခန်းပဲ ... တခြားစီပဲ သူငယ်ချင်း ... အခုပုံစံလုံးဝ မပျက်စေရဘူး ... "

"ကြည့်သေးတာပေါ့ကွာ ... ဒီည ဘုရားကိုးဆူပွဲ သွားကြတော့ တွေ့ကြမှာပဲဟာ ... "

"ဒါတော့ သွားရမယ် ငနောင် ... သေသေချာချာ နီနီစိုးကတို့ကို တကူးတက လာဖိတ်တာ ... "

"အေး ... ဟိုကျရင် ဒေါက်တာဦးမင်းစိုးက နှစ်ဆောင်ပြိုင်ဆေးကုခန်းကိစ္စကို ညှိနှိုင်းလိမ့်မယ်ထင်တာပဲ ... ငါ့အဖို့ကတော့ မင်းအတွက် ကူညီလုပ်ပေးရလည်း ရောက်တယ် ငါကိုယ်တိုင်ကလည်း အခုလိုကျေးလက်မှာ အခမဲ့ကုသပေးရတာကို စိတ်ထက်သန်တယ် ... ဒါကြောင့် ငါလုပ်နေတာ မင်းနဲ့ ဒေါက်တာဦးမင်းစိုး ညှိနှိုင်းလို့ ညီညွတ်သွားမယ်ဆိုရင် ငါ အစေရာမေတ္တာမွန်မှာ ဆက်နေဖို့ မလိုတော့ဘူးထင်တာ

ပဲ ... အောင်ချို ရန်ကုန်ကို ပြန်ဒိုးတော့မယ် ... ”

“စိတ်ချ သူငယ်ချင်း ... ဘယ်လိုမှ ညှိနှိုင်းလို့ မရဘူး ... ငါ့မိဘတွေရဲ့ဆန္ဒကို ငါသေတဲ့အထိ ဆောင်ရွက်သွားမှာ”

ထိုညဦးပိုင်းမှာပင် အောင်ချိုနှင့် နောင်ဝင်းဆွေတို့သည် ဒေါက်တာဦးမင်းဆွေ၏ ဘုရားကိုးဆူပွဲသို့ သွားဖြစ်ခဲ့ကြပါ၏။

“အယ် ... လာ ... လာ ... နီနီက ကိုအောင်ချိုတို့ကို ထွက်စောင့်နေတာ ... မာမီ ဒက်ဒီနဲ့ ကိုကိုဗညားကို ဒို့ပြင့် ဧည့်သည်တွေ ဧည့်ခံထားခိုင်းပြီး တမင် နီနီ ထွက်စောင့်နေတာ ... ”

“ကျေးဇူးပဲပေါ့ နီနီစိုး ... ”

အောင်ချိုက ပြန်ပြောလိုက်သည်။ နောင်ဝင်းဆွေက အောင်ချို၏နောက်တွင်ရပ်ကာ ရွှေပွဲလာ ပရိသတ်များကို ဟိုငေးသည်ငေး လိုက်ကြည့်သည်။

လေးယောက်ထိုင် စားပွဲကြွေ အစီအရီချထားသည်။ ခြံကျယ်သည်နှင့်အမျှ စားပွဲပေါင်း တစ်ရာထက်မနည်းရှိလောက်သည်။

ရောင်စုံမီးသီးတွေ ခြံအပြည့်မကဘဲ သစ်ပင်တွေမှာပင် သွယ်တန်းထားသည်မှာ ခြံကြီးတစ်ခုလုံး ဝေဆာနေပါ၏။

ဒံပေါက်ထမင်းမှာ ပြည်မြို့က ဒံပေါက်ကို အော်ဒါမှာခြင်းဖြစ်သည်။

တီးဝိုင်းကလည်း ပြည်မြို့မှ နာမည်ကြီးတီးဝိုင်းပင်



ဖြစ်ပေသည်။ အဆိုတော်လေးတွေမှာလည်း လှလှချောချော ကောင်ငယ်လေးတွေ၊ ကောင်မငယ်လေးတွေဖြစ်ပါ၏။

“လာ ... ကိုအောင်ချို ... ခြံထဲမှာက အများနဲ့ဖြစ်နေတယ် ကိုအောင်ချိုတို့အတွက် အိမ်ပေါ်ထပ်မှာ သီးသန့်ပြင်ဆင်ထားတယ် ... ”

“ဟာ ... နေပါစေ နီနီ ... ”

အောင်ချိုသည် မြောရင်းပင် စိုးတစ်လုံးဖြုတ်ကာ နီနီဟု အသားတင် ခေါ်လိုက်သည်။ နောက်ဆုံး စိုးမှာ ဖခင်ဦးမင်းစိုး၏ စိုးအလုံးတပ်ထားသောကြောင့် ဖြစ်ပါပေ။

ငါ့ကောင် အောင်ချို လူပျိုကြီးသည် စလုံးရေစ,နေပြီကောဟု နောင်ဝင်းဆွေ ရင်ထဲက ကျိတ်ပြီးမှတ်ချက်ချမိသည်။ ကျိတ်၍လည်း ပြုံးလိုက်ပါသည်။

“လာပါ ကိုအောင်ချို ... ဒက်ဒီက နီနီ့ကို မှာထားတယ် အိမ်ပေါ်က ဘုရားကိုးဆူခန်းမှာ ကိုအောင်ချိုတို့ကို သီးသန့် နေရာချပေးလို့ ဒက်ဒီရော မာမီရော နီနီ့ကို မှာထားတယ် ဒက်ဒီ မာမီတို့က ကိုအောင်ချိုတို့နဲ့ တစ်ဝိုင်းတည်းအတူစားမယ်တဲ့ ... စောင့်နေတာ ... ”

“ဒီလောက်ဆို အားနာစရာဖြစ်ပြီ ... ”

“ကဲ ... လာ ... သွားကြစို့ ... ”

နီနီစိုးက ရှေ့မှ အောင်ချိုနှင့်ယှဉ်တွဲ သွားသောကြောင့် နောင်ဝင်းဆွေမှာ အဖော်မဲ့ကာ နောက်မှလိုက်ပါသွားပါ

၏။

"အင်း ... ဒီကောင် ချေရင်ခုန်မယ်ဆိုလည်း ခုန်လောက်စရာပဲ ..."

ဟု မှတ်ချက်ချကာ နီနီ၏နောက်ကျောပိုင်းကို ကြည့်မိသည်။

ကျော့ရှင်းပါပေ၏။

တချို့ ကျော့ရှင်းလှသည်ဆိုသည့် မိန်းကလေးများမှာပင် ကျော့ရှင်းမှုတော့ လိုအပ်နေတတ်ပါ၏။

ကျော့ရှင်းသည်ဆိုခြင်းမှာ လည်တိုင်မှ ပခုံးအပေါ် အကျအဆင်း ပြေလျော့ကျလာပြီး လက်အိုးလက်ဖျံ၊ ဝမ်းဗိုက်ကျောပြင်တို့တွင် အဆီပိုအသားပိုလုံးဝမရှိ ကျောပြင်ပြန့်ပြူးခြင်း၊ ဝမ်းဗိုက်ရှပ်ဟပ်ခြင်း၊ ခြေတံလက်တံ အကျအဆင်းတုတ်ရာမှ သွယ်ခြင်းတို့ပင် ဖြစ်ပါသည်။

နီနီစိုးတွင် ကျော့ရှင်းခြင်း ပြည့်စုံပေသည်။

ဧည့်ခန်းသို့ရောက်လာသည်။ ပရိဘောဂများသိမ်းထားပြီး မွေးပွကော်ဇောကြီး ခန်းလုံးပြည့်ခင်းထားသည်။ ဧည့်ခန်း၏ရှေ့ထောင့်ခန်းတွင် ကျယ်ပြောသော ဘုရားခန်းကြီးထားရှိသည်။

ဘုရားကိုးဆူနှင့်ပတ်သက်သောအဆောင်အယောင်များအားလုံး ဘုရားခန်း၌ ရှိနေပါ၏။

"လာ ... ကိုအောင်ချို ဘုရားအရင်ဖူးကြစို့ ..."

နီနီစိုးက ဘုရားခန်းသို့ ရှေ့ဆောင်ဝင်သွားသည်။



ညဉ့်ဦးပိုင်းစောသေး၍ ဘုရားကိုးဆူဆရာက ဝတ်ဖြူစင်ကြယ်နှင့် ရွတ်ဖတ်ခြင်းမပြုသေးဘဲ အနားယူနေသည်။

ထုံးစံအတိုင်း အောင်ချိုနှင့် နှောင်ဝင်းဆွေ ဘုရားကို ဦးသုံးကြိမ်ကန်တော့သည်။

နီနီစိုးက ချက်ချင်း ပုဆစ်ကွေးလေးထိုင် လက်အုပ်ချီရင်း နှုတ်ခမ်းပွစိပွစိဖြင့် ရှိခိုးနေသည်ကို အောင်ချိုက စိုက်ကြည့်ကာ စောင့်နေသည်။ နှောင်ဝင်းဆွေကလည်း ငုတ်တုတ်ထိုင်စောင့်နေရပါ၏။

နီနီစိုး ဦးသုံးကြိမ်ကန်တော့ပြီး သွားပြီ။

"ကြာလိုက်တာ ... ဘာတွေ ဆုတောင်းနေလို့လဲ နီနီ"

"ထုံးစံအတိုင်းပေ့ါ ကိုအောင်ချို ... နီနီ မင်္ဂလာဖိုကိုရောက်ရပါလို၏လို့ ဆုတောင်းတာပေ့ါ ..."

"မလွယ်ကြောကြီးပါ ..."

"ဘယ်လိုမလွယ်ကြောကြီးလဲ ကိုအောင်ချို ..."

"ဟာ ... နိဗ္ဗာန်ရောက်ကြောင်းဆိုတာတော့ ကျင့်ရုံနဲ့တောင်မရတာ ... ဆုတောင်းတာနဲ့ ရမတဲ့လား ... ကိုယ်နဲ့နီးစပ်တာကိုပဲ ဆုတောင်းသင့်တာပေ့ါ နီနီ ..."

"ဒါဆို နီနီက ဘယ်ဆုတောင်းရမှာလဲ ..."

"ချစ်သူနဲ့ ပေါင်းရပါစေသားလို့ ဆုတောင်းရမှာပေ့ါ ..."

"အယ် ... ပြောချလိုက်တာ ... ကြည့်စမ်း နီနီ့မှာ ချစ်သူမှ မရှိသေးတာ ..."

"အခုမရှိလည်း နောက်ရှိလာမှာပဲဟာ ..."

"အယ် ..."

နောင်ဝင်းဆွေက မတ်တတ်ရပ် ပါးစပ်ကို လက်ဝါးပိတ်ကာ အောင်ချိုကို တမင်နောက်ပြောင်လို၍ ဝါးဟားဟားဟု အသံထွက် သမ်းဝေပြလိုက်သည်။

အောင်ချိုနှင့် နီနီစိုး ရှက်စနိုးဖြစ်သွားကြပါ၏။ အောင်ချိုက နောင်ဝင်းဆွေကိုကြည့်ရင်း ...

"ကဲ သွားစို့ နီနီ ... သူငယ် အိပ်ချိန်ရောက်နေပြီ ..."

"အေး ... သူငယ်အိပ်မှ ပြောချင်တာပြောကြပေါ့ကွာ ... အခု သူငယ်ကမှ မအိပ်သေးတာ ..."

နီနီ ရှက်စနိုးပြုံးလေးဖြင့် အပြင်သို့ ထွက်သွားတော့သည်။ နှစ်ယောက်သား နောက်မှလိုက်ရပြန်လေသည်။

"ဒီမှာထိုင်ကြနော် ... စားသောက်ကြဖို့ နီနီ သွားစီစဉ်လိုက်ဦးမယ် ..."

နီနီစိုး ထွက်သွားသည်။

"မင်းကွာ နောက်ရန်ကော ... ဟိုခများ ရှက်သွားပြီ ..."

နောင်ဝင်းဆွေက ပခုံးတွန့်ပြသည်။

"မင်းစွံနေပြီ အောင်ချို ... နီနီစိုးက မင်းကို စိတ်ဝင်စားနေမှန်း ငါ အကဲခတ်မိတယ် ..."

"ငါ့ကို အချိုသတ်တာဆို ..."

"အဲဒီလို ဖြစ်ချင်လည်း ဖြစ်နိုင်တယ်ပေါ့ကွာ ... ဒါပေမဲ့



ဟန်ဆောင်ပြီး ချစ်ယောင်ပြတာလား ... ရင်ထဲ နှလုံးထဲက တကယ်ချစ်တာလားဆိုတာ မျက်လုံးအကြည့်က သိသာတယ် ... အခု နီနီစိုးရဲ့အကြည့် မျက်လုံးထဲမှာ မင်းကို လိုလားနှစ်သက်ပြီး သူ့ရင်ထဲ နှလုံးထဲက ချစ်တယ်ဆိုတဲ့ သရုပ်ပေါ်နေတယ် ..."

အောင်ချို ငိုင်သွားသည်။

"အင်း ... သူနဲ့ငါ အပြန်အလှန် ချစ်ကြတယ်ဆိုဦးတော့ ဖြစ်ကြမယ်မထင်ပါဘူး နောင်ဝင်းဆွေရာ ... သူ့ဖားသားကြီးနဲ့ ဇွဲစပ်ဖို့မှ မလွယ်တာ ..."

ထိုစဉ်မှာပင် ...

ဦးမင်းစိုး၊ ဒေါ်မြင့်မြတ်နှင့် နီနီစိုးတို့ ရောက်လာကြသည်။

"ဟေး ... မောင်အောင်ချို စောင့်ရတာ ပျင်းနေပြီလား"

နှုတ်ဆက်ရင်း ခင်းထားသော စားပွဲခုံတွင် ဝိုင်းထိုင်ကြသည်။ ဒံပေါက်ပွဲများ လာချပေးကြပါ၏။

"ကဲ ... စားကြစို့ ... စားသောက်ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ..."

စားကြသည်။ ပြည်မြို့ ဒံပေါက်က တကယ်ကောင်း၊ ကယ်အရသာပြည့်စုံပါ၏။ ကြက်သားတုံးများမှာ ကြီးမားပြီး နူး နပ်နပ်ရှိပေသည်။

"ဒံပေါက်သိပ်ကောင်းပါလား အန်တီ ..."

"ဟုတ်ကယ် မောင်အောင်ချို ... စပယ်ရှယ် တမင်မှာထားတာ ... တစ်ပွဲကို အစိတ်တောင်ပေးရတယ် ... ဒီပေါက်ချက်တဲ့ဆန်ကိုက ဆတ်ချိုဆန်လေ ... စားကြပါကွယ် ... အားရပါးရကြီး ... "

စားသောက်ပြီးစီးသွားကြပါ၏။

ဆောင်းဦးပေါက်မို့ အအေးမတိုက်ဘဲ နှင်း(စ်)ကော်ဖီပူပူနွေးနွေးချပေးသည်။

"ဘုရားဖူးရင်း လိပ်ဥတူးတယ်လို့တော့ မထင်ပါနဲ့ကွာနော် မောင်အောင်ချို ... အန်ကယ်ရင်ထဲမှာရှိတာလေးတွေ ပြောချင်လို့ ... "

"ပြောပါ အန်ကယ် ... "

"ပြောရရင် ... အခုလက်ရှိအခြေအနေမှာ အန်ကယ့်ရဲ့စီးပွားရေးတော်တော်ကျဆင်းသွားတယ် ... ဆေးကုမှ ပိုက်ဆံရတဲ့ ဆရာဝန်ဆီကို လူနာတွေ အလာပါးသွားတယ်ဆိုရင် ဒီဆရာဝန်ရဲ့ ဝန်ငွေဟာ မကျဘဲ ဘယ်နေတော့မလဲ"

အောင်ချို၏မျက်နှာပူပူနှင့် နီနီစိုးကို လှမ်းကြည့်၏။

နီနီစိုး ခေါင်းငုံ့ထားသည်။

ဒေါက်တာဦးမင်းစိုးက ပဏာမ စကားစပြောရာသို့ ဒေါ်မြင့်မြတ်က ဆက်ပြီး ဝင်ရောက်ပြောပေသည်။

"အန်တီတို့ကအဝေရာဓာတ်တွေ မဟုတ်ပါဘူးမောင်အောင်



ချို ... ရေကြည်ရာ မြက်နုရာဆိုသလို ဦးမင်းစိုးနဲ့ အန်တီ လက်ထပ်ပြီး အဝေရာမှာတော့ ဆရာဝန်အပြိုင်မရှိတာမို့ ဆေးခန်းဖွင့်ရင် ကောင်းမယ်ထင်ပြီး ဖွင့်ခဲ့တာ သားအကြီးဗညားသုံးနှစ်သားအရွယ်ကတည်းကပါ ... အခုဆို အဝေရာရောက်နေတာ နှစ်အစိတ်နီးပါးရှိပြီလေ ... သမီး နီနီစိုးနဲ့ သမီးငယ် မီမီစိုးတောင် အဝေရာမှာမွေးတဲ့ အဝေရာဓာတ်သူလေးတွေ ဖြစ်သွားတယ် ... အန်တီပြောတာ ဟုတ်ပါတယ်နော် ... မောင်အောင်ချို ... "

"ဟုတ်ကဲ့ ... "

"အန်တီတို့တွက်ကိန်း ကိုက်ခဲ့ပါတယ် ... အဝေရာနဲ့ အနီးဝစ်ဝိုက်မှာ ကိုမင်းစိုးကုသပေးလို့ ရောဂါပျောက်ကင်းသွားတဲ့သူတွေ အသက်ဘေးက လွတ်မြောက်သွားသူတွေ ... ထောင်နဲ့ချီပြီး ရှိသွားပါပြီ ... "

"အန်ကယ်နဲ့ အန်တီတို့အတွက်လည်း အကျိုးရှိခဲ့တာပဲ မဟုတ်လား ... "

"ရှိသင့်သလောက် ရှိခဲ့ပါတယ် ... နှစ်အစိတ်အတွင်းမှာ ဟောဒီခြံကြီးနဲ့ တိုက်အိမ်ကြီးတည်ဆောက်နိုင်ခဲ့တယ် ... သားဗညားကစပြီး သမီးနှစ်ယောက်ကို ပညာကောင်းကောင်းသင်ပေးနိုင်တယ် ... အဲ သားကြီးဗညားကတော့ ပညာရေးမှာ ကံမလိုက်ရှာဘူး ... ဆယ်တန်းတော် မအောင်ဘူး ... ဒါကြောင့် နိုင်ငံခြားသင်္ဘောကို တက်နိုင်

အောင် အန်ကယ်နဲ့ အန်တီ ဆောင်ကြဉ်းပေးနိုင်ခဲ့တယ် ငွေကြေးအတော်လေးအကုန်ခံပြီး တင်ပေးလိုက်ရတယ်ဆိုပါတော့ကွယ် ... သိပ်အချမ်းသာ အကြွယ်ဝကြီးတော့ မဟုတ်ပါဘူး ... တကယ်ချမ်းသာတာက မောင်အောင်ချို ပါ ... ”

အောင်ချို ဘာမှပြန်မပြောသေး၊ ခုချိန်ထိ ဘာပြန်ပြောရမည်မှန်းလည်း မသိ။

“အဲ ... ပြောရရင်တော့ကွယ် လွန်ခဲ့တဲ့ တစ်လကျော် နှစ်လလောက်ကစပြီး အန်ကယ့်ဆီမှာတော့ ဆေးလာကုတဲ့လူနာတွေ တဖြည်းဖြည်း နည်းသထက် တစ်နေ့တခြား ပိုနည်းလာတယ် ... လူနာနည်းလေ အန်တီတို့မှာ ဝင်ငွေနည်းလေပေါ့ကွယ် ... အန်ကယ်ရော အန်တီရော မျက်ဖြူဆိုက်စပြုလာတယ် ... ရှေ့ဆက်ပြီး ဒီအတိုင်းသာ လူနာတွေ ပါးလာရင် ဒုက္ခပဲလို့ တွေးတောပူပန်စပြုလာတယ် ... အဲဒါ ဘာဖြစ်လို့လဲ သိလား မောင်အောင်ချို ... ”

“အန်တီပဲ ဆက်ပြောပါ ... ”

“အေးကွယ် ... ဟိုတုန်းက တိုက်ပေးပြီး စောင့်ကုရတဲ့ လူနာတွေဟာ အခု အန်ကယ်ရဲ့ဆေးခန်းကို မလာကြ[illegible] လို့ပဲ ... အန်တီတို့မှာ လူနာနည်းလေ ဝင်ငွေနည်းလေဖြ[illegible] လာတာပေါ့ကွယ် ... ဝင်ငွေနည်းပေမဲ့ နေ့စဉ် အိမ်သုံးစရိတ် လစဉ်အိမ်သုံးစရိတ်ကတော့ ဒီအ[illegible]င်းပဲ ဖြစ်နေတော့ ...



ကြာရင် အန်တီတို့မှာ လုံးပါးပါးနိုင်မလားဆိုတဲ့ သောကတွေ ဝင်လာတယ် ... ”

အောင်ချို ခေါင်းငုံ့ထားပါ၏။

နောင်ဝင်းဆွေကတော့ ခေါင်းလည်းမငုံ့၊ ခေါင်းလည်း မမော့ဘဲ ဒေါ်မြင့်မြတ်ပြောသမျှကို နားစွင့်နားထောင်နေသည်။

ဒေါ်မြင့်မြတ်သည် ယခု အသက်ငါးဆယ်ဝန်းကျင် အရွယ်အထိ မိန်းမချော၊ မိန်းမချော့ဖြစ်ပါ၏။ ငယ်စဉ်ကဆိုလျှင် နီနီစိုးချောသလို ချောမည့် အမျိုးသမီးကြီးပါပေ။

“အဲ ... ဒေါက်တာမင်းစိုးရဲ့ဆေးခန်းမှာ လူနာ ဒီလောက် နည်းပါးကျဆင်းသွားရတာ ဘာလို့လဲဆိုတဲ့ အဖြေရှာကြည့်တော့ ... အဝေးမှာ လွန်ခဲ့တဲ့နှစ်လလောက်ကစပြီး မောင်အောင်ချိုရဲ့ ဇီဝိတဒါနကုသိုလ်ဖြစ် အခမဲ့ကုသပေးတဲ့ မေတ္တာမွန်ဆေးခန်းကို လူနာတွေရောက်သွားကြလို့ပါပဲ မောင်အောင်ချို ... ”

အောင်ချို ခေါင်းပြန်မော့လာသည်။

“မေတ္တာမွန်ဆေးခန်းကြောင့်ဆိုတာ ဟုတ်ပါ့မလား အန်တီ မေတ္တာမွန်ဆေးခန်းဟာ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ဒီလိုပဲ ဆရာဝန်ငှားပြီး ဖွင့်ခဲ့တာပဲဟာ ... ဒါပေမဲ့ အခြေအနေမကောင်းလို့ ပိတ်လိုက်ဖွင့်လိုက်ဖြစ်ခဲ့ရပါသေးတယ် အန်ကယ့်ရဲ့ဆေးခန်းမှာ လူနာတွေ တန်းစီနေတာပဲ မဟုတ်

လား ... ”

“အေး ... ဒီကိစ္စကျတော့ အန်ကယ်ပြောချင်တယ် မောင်အောင်ချို ... ”

ဒေါက်တာဦးမင်းစိုး ကိုယ်တိုင်ဝင်ပြောပြန်သည်မို့ ဒေါ်မြင့်မြတ်က နှုတ်ပိတ်ထားပါ၏။

“ဆေးခန်းဖွင့်တယ် ... ဆေးခန်းဖွင့်တယ်ဆိုတိုင်း လူနာတွေ လာကြတာ မဟုတ်ပါဘူးကွယ် ... အဲဒီဆေးခန်းမှာ ကုသတဲ့ ဆရာဝန်ရဲ့အတတ်ပညာပိုင်းဟာ သိပ်အဓိကကျပါတယ် ... လူနာတစ်ယောက်ကို စမ်းသပ်ပြီး လူနာနဲ့ ဆေး သင့်အောင်ပေးတတ်တာဟာ ဆရာဝန်ရဲ့အဓိက အတတ်ပညာပိုင်းပါ ... ကုတယ် ကုတယ် ... ကုပေမဲ့ လူနာ ရောဂါမသက်သာဘူး ... မပျောက်ဘူးဆိုရင် ... လူနာက အဲဒီဆရာဝန်ဆီမှာ မကုချင်တော့ဘူး ... ငွေကုန်ချင် ကုန်ပါစေ အဓိကပျောက်ဖို့လိုတယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေ လူနာတွေမှာ ဖြစ်လာတယ် ... အဲ ... လွန်ခဲ့တဲ့ နှစ်နှစ်က မေတ္တာမွန်ဆေးခန်းကို မောင်အောင်ချို ဇီဝိတဒါနအခမဲ့ ဖွင့်ကုသပေမဲ့ လူနာတွေ ရောဂါမသက်သာဘူး ... မပျောက်ကင်းဘူး ... ဒါကြောင့် ငွေကုန်ကြေးကျခံပြီး အန်ကယ့်ဆေးခန်းမှာပဲ ပြန်လာကုကြတယ် ... ”

စကားပြောရင်းကပင် ဒေါက်တာဦးမင်းစိုးသည် နောင်ဝင်းဆွေအား မေးဆက်ပြရုံမက ပြုံး၍ကြည့်ပြီး ဆက်ပြောပြန်



သည်။

“ဟောဒီ နောက်ဆုံးရောက်လာတဲ့ ဒေါက်တာမောင်နောင်ဝင်းဆွေ မေတ္တာမွန်ဆေးခန်းမှာ ဝင်ထိုင်လိုက်တော့ ဆေးသိပ်လိုက်တယ် ... တချို့ တောပိုင်းကလူနာတွေဟာ ... ဒေါက်တာနောင်ဝင်းဆွေကို ဦးဖွဆရာလေးလို့တောင် သူတို့အချင်းချင်း အမွှန်းတင်ပြောကြတယ် ... ဒေါက်တာနောင်ဝင်းဆွေကုသပေတဲ့ လူနာတွေဟာ ရောဂါကြီးတဲ့လူနာဆိုရင် တဖြည်းဖြည်း တစ်နေ့ထက်တစ်နေ့ သက်သာလာတယ် ... ရောဂါနုသေးတဲ့ လူနာဆိုရင် တစ်ချီတည်း ကုသလိုက်တာနဲ့ ရောဂါပျောက်သွားတယ် ... ဒါဟာ အတတ်ပညာပိုင်းလေး တော်ပါတယ် ... တော်တာမှ သိပ်ကိုတော်တယ်လို့ အန်ကယ်က ဒေါက်တာနောင်ဝင်းဆွေကို ချီးမွမ်းပါတယ် ... ”

နောင်ဝင်းဆွေ ပြုံးလိုက်ပါ၏။

“ကျွန်တော့်ကို ချီးကျူးတာ ကျေးဇူးတင်ပါတယ် အန်ကယ် ဒါပေမဲ့ ဆေးတက္ကသိုလ်က ဆရာဝန်ဘွဲ့ရပြီး ဆရာဝန်ဖြစ်လာသူတိုင်းဟာ သင်ရိုးညွှန်းတမ်း အတူတူသင်လာကြသူချည်းပါပဲ ... တကယ်တော့ သင်ရိုးညွှန်းအဖွဲ့ တတ်မြောက်ကြရဲ့လားဆိုတာကိုလည်း စာမေးပွဲတွေ အဆင့်ဆင့်အကြိမ်ကြိမ် ဖြေခဲ့ကြသူချည်းပါပဲ ... တကယ်မတတ်သေးရင် စာမေးပွဲကျပါတယ် ... ကျွန်တော်ဆိုလိုတာက ဆေးတက္က

သိုလ်က ဆရာဝန်ဘွဲ့ရလာတဲ့ ဆရာဝန်တွေဟာ အတူတူ ချည်းပါလိုပါပဲ အန်ကယ် ... "

ဦးမင်းစိုးက ဦးခေါင်းဖြည်းလေးစွာ ခါပြသည်။

"အဲ့ဒီလို ဘယ်ဟုတ်ပါ့မလဲ ... အတတ်ပညာကို သင်ရိုးညွှန်းတမ်းအတူတူသင်ခဲ့ ဖြေခဲ့ အောင်ခဲ့လို့ ဆရာဝန်ဖြစ်လာတာချင်းတူကြပေမဲ့ လူနာတစ်ယောက်ကို စမ်းသပ်ကုသတဲ့နေရာမှာ ဆေးကုသတဲ့ဆရာဝန်ရဲ့ အင်နီရှိရေးတစ်(ဗ်) ဆိုတဲ့ ထိုးထွင်းချင့်ချိန်ဉာဏ်ကျတော့ ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်ဦးနှောက်နဲ့ လုပ်ဆောင်ရတာပဲ ... အဲ့ဒီမှာ အဲ့ဒီကုသတဲ့ ဆရာဝန်ရဲ့ ဂစ်(ဖ်)တက်(ဒ်)ဆိုတဲ့ ဘာဝပေးပါရမီလို့ ခေါ်ရမလား ... စန်းလို့ပဲ ခေါ်ရမလား ... အဲဒါကလည်း ရှိသေးတယ် ... မောင်နှောင်ဝင်းဆွေမှာ အဲ့ဒီနှစ်ခုစလုံးရှိတဲ့ အပြင် ဥပဓိရုပ်ကလည်း သိပ်ကောင်းတယ် ... အပြင်မှာ လူနာတွေပြောကြတာ တစ်ဆင့်ကြားပြန်ပြောရရင် မောင်နှောင်ဝင်းဆွေက လူနာကို ပြုံးပြပြီး စမ်းသပ်လိုက်တာနဲ့ အခြေအနေကို မေးတာနဲ့ ... လူနာဟာ စိတ်ကြည်နူးသွားကာပဲလို့ ပြောကြတယ်လေ ... အဲဒါဟာ စိတ်ပဲ ရောဂါတစ်ခုမှာ စိတ်ရဲ့စွမ်းဆောင်နိုင်မှုဟာ ရာခိုင်နှုန်းတော်တော်များများပါနေတယ် ... ဆရာဝန်က လူနာရဲ့စိတ်ကို လွှမ်းမိုးနိုင်တာကပဲ ဆေးမကုခင် ထက်ဝက်အောင်မြင်နေပြီ ..."

နှောင်ဝင်းဆွေ ပခုံးတွန့်ပြပြန်ပါ၏။ စောဒကစကား



ဆက်မဆိုတော့ပေ။

"အဲ့ဒီတော့ လိုရင်းကိုပြောရရင် ... မေတ္တာမွန်ဆေးခန်းမှာ လူနာတွေ ပြုကျသလောက် အန်ကယ့်ဆေးခန်းမှာ လူနာတွေ သိပ်ပါးသွားတယ် ... "

"အခမဲ့ ကုသတာကို အထင်မကြီးတဲ့ ကြေးရတတ် လူနာတွေကတော့ အန်ကယ့်ဆီမှာပဲ ကုသကြတာပဲ မဟုတ်လား အန်ကယ် ... "

"အရေအတွက်အားဖြင့် အင်မတန်နည်းပြီး မပြောပလောက်ဘူးဆိုပါတော့ မောင်အောင်ချို ... ကြေးရတတ်ဆိုမှတော့ ကိုယ်ပိုင်မော်တော်နဲ့ ပြည်မြို့က ထိပ်တန်းဆေးခန်း ... ထိပ်တန်းသမားတော်တွေဆီမှာ သွားကုနိုင်ပြီပဲ ... အဝေးမှာ အန်ကယ်တို့ကုသနေရတာတွေက ပြည်မြို့ကို သွားမကုနိုင်တဲ့ လူလတ်တန်းစားတွေနဲ့ လက်လုပ်လက်စားသမားတွေပါ ... အဲဒီတော့ မောင်အောင်ချိုနဲ့ အန်ကယ် နည်းနည်းပါးပါး ညှိကြစို့လား ... "

"ဘယ်လိုညှိမှာလဲ အန်ကယ် ... "

"ဘယ်ဆေးထိုးရင် ဘယ်နှုန်းယူမယ် ... သောက်ဆေး လိမ်းဆေးတွေ ဘယ်ရောဂါမှာ ဘယ်လိုပေးရင် ဘယ်နှုန်းမျိုးယူမယ်ဆိုတာမျိုးပေါ့ကွယ် ... အခမဲ့ကုသတာမဟုတ်တော့ရင် ဒီဆရာဝန်ကို ကြိုက်ရင် ဒီမှာကု ... ဟိုဆရာဝန်ကို ကြိုက်ရင် ဟိုမှာကုဆိုတဲ့ လူနာ့ဈေးယူတဲ့ သဘောပဲဆိုပါတော့

ဘယ်နှယ့်လဲ မောင်အောင်ချို … ဆေးပေးတာတွေ နှုန်းထားကန့်သတ်တာတွေကတော့ ဒေါက်တာနောင်ဝင်းဆွေနဲ့ အန်ကယ် ဆရာဝန်အချင်းချင်း ညှိရင်ရတယ် … ”

အောင်ချို ခေါင်းကုတ်သည်။

မေးစေ့ကို လက်ဝါးပုတ်သည်။

အောင်ချို့မျက်နှာတွင် အားနာစိတ်ဖြစ်နေကြောင်း ပေါ်လွင်နေသည်။

“အားနာပါတယ် အန်ကယ် … အဲဒါ မဖြစ်နိုင်ဘူးလို့ပဲ တောင်းပန်ပါရစေ … ”

“ဘာလို့ မဖြစ်နိုင်တာလဲ … ”

“ကျွန်တော် လုပ်နေတာကိုက ကွယ်လွန်သွားတဲ့ မိဘနှစ်ပါးရဲ့ဆန္ဒကို လုပ်ဆောင်နေတာပါ … ဘယ်လောက်ပဲ ကာလကြာမြင့်ပါစေ … ကျွန်တော် ဆေးခန်းဖွင့်ထားသရွေ့တော့ ကုသိုလ်ဖြစ် … အခမဲ့ ဓီဝိတဒါနမို့ပါ … ”

ဒေါက်တာ ဦးမင်းစိုး သက်ပြင်းချသည်။

ဒေါ်မြင့်မြတ် ကွက်ခနဲ မျက်နှာပျက်သည်။

နီနီမိုးက ရိဝေသောအကြည့်ဖြင့် အောင်ချို့ကို မျက်ဝန်းကြီးပင့်၍ ကြည့်သည်။

“အင်းပေါ့လေ … ကွယ်လွန်သွားတဲ့မိဘနှစ်ပါးရဲ့ဆန္ဒဖြစ်နေတော့လည်း မောင်အောင်ချိုမှာ ခက်နေတာပေါ့ … မောင်အောင်ချိုရဲ့မိဘနှစ်ပါးက သူ့ရဲ့စက်ရုံအလုပ်သမားတွေ



ဥယျာဉ် … လယ်ယာအလုပ်သမားတွေအပေါ်မှာ သံယောဇဉ်သိပ်ကြီးတာလား … စေတနာသိပ်ထားတယ်ဆိုတာ အန်ကယ်သဘောပေါက်နားလည်ပါတယ် … ကဲ … ဒါဆို ဒီလိုလုပ်ရင်ကောကွာ … ”

“ဘယ်လိုလုပ်ရင်လဲ အန်ကယ် … ”

“မောင်အောင်ချိုရဲ့ အလုပ်သမားတွေ အားလုံးနဲ့ မိသားစုအားလုံးကို မေတ္တာမွန်ဆေးခန်းက အခမဲ့ကုသိုလ်ဖြစ် ကုမြဲဆက်ကုပါ … အဲ … တခြား ကျေးလက်ရွာတွေက မောင်အောင်ချို့ရဲ့အလုပ်သမားမဟုတ်သူတွေကျတော့ ခုန အန်ကယ်ပြောသလို ကန့်သတ်နှုန်းထားနဲ့ ကိုယ့်ဆီလာ ကိုယ်ကု … သူ့ဆီသွား သူကုလိုက်ကြစို့လား … ”

“အဲဒါကိုလည်း ကျွန်တော် သိပ်အားနာစွာနဲ့ တောင်းပန်ပါတယ် အန်ကယ် … မေတ္တာမွန်ဆေးခန်းဟာ လူနာကိုခွဲခြားပြီး အခမဲ့ကုပေးသူ … ပိုက်ဆံယူ ကုသသူလို့ မခွဲခြားနိုင်ပါဘူး … ”

ထိုစဉ်မှာပင် အခန်းထဲသို့ ကိုဗညားရောက်လာသည်။ သူ့အဖေ ဒေါက်တာဦးမင်းစိုးအားဘယ်လိုလဲဟူသောအကြည့်မေးခွန်းမေးသည်။ ဒေါက်တာဦးမင်းစိုးက ဦးခေါင်းယမ်းပြလိုက်သည်။

“ကိုအောင်ချို့နှယ်ဗျာ … ဈေးကိုင်လိုက်တာ … ဒက်ဒီက ဒီလောက် ခခယယပြောနေတာကိုတောင် … ”

"ဆောရီးပဲ ကိုဗညား … ကျွန်တော်တစ်ယောက်တည်းရဲ့ သဘောထားဆန္ဒအရဆိုရင် အခု အန်ကယ်နဲ့ အန်တီပြောပြတာတွေကို လိုက်လျောလိုက်မှာပါ … အခုတော့ မေတ္တာမွန်ဆေးခန်းဟာ ကွယ်လွန်သွားတဲ့ ကျွန်တော့်မိဘတွေရဲ့ ဆန္ဒအရ ဖွင့်တာမို့ပါ … တစ်ခုတော့ ကျွန်တော်ပြောပါရစေ နောင်ထပ် သုံးနှစ် အခုပုံစံအတိုင်း မေတ္တာမွန်ဆေးခန်းကို ကျွန်တော် ဆေးခန်းဆက်ဖွင့်ပါရစေ … ကွယ်လွန်သူမိဘတွေရဲ့ဆန္ဒကို နောက်ထပ်သုံးနှစ် ကျွန်တော်ဆောင်ကြဉ်းပြီးရင် အန်ကယ် ပြောသလို ကျွန်တော်လုပ်ပါ့မယ် … အဲဒါ ကျွန်တော် အလိုက်လျောနိုင်ဆုံးပါ အန်ကယ် … "

"ဒါဆို … နောက်ထပ်သုံးနှစ်အတွင်း ကျုပ်တို့က ငုတ်တုတ်ထိုင်ငေးနေရမယ်ပေါ့ … "

"အို … ကိုကိုဗညား … "

နီနီစိုးက သူမ၏အစ်ကို နှုတ်အမူအရာ၊ ကိုယ်အမူအရာ ရိုင်းစိုင်းလာသည်ကို ဟန့်တားစကားဆိုလိုက်သည်။

"နင့်ပါးစပ်ပိတ်ထား မိနီနီ … နင်က ဘာလဲ သူ့လူ ငါ့ဘက်သားလုပ်ချင်နေတာလား … လောကမှာ ယောကျ်ားမရှားဘူးဆိုတာ နင်သိထား … "

"အို … "

နီနီစိုး မျက်နှာလက်ဝါးအုပ်ကာ ထိုနေရာမှ ပြေးထွက်သွားတော့သည်။



"ဒီမှာ ဒက်ဒီရော မာမီရော မပူနဲ့ … "

ဗညား၏ တင်းမာလာသော အခြေအနေကို ရင်မဆိုင်လိုသောကြောင့် အောင်ချို ထိုင်ရာမှထလိုက်သည်။ အောင်ချိုထတော့ နောင်ဝင်းဆွေလည်း ထရပ်သည်။

"ဒီမှာ ဒက်ဒီ … ဒက်ဒီနဲ့ မာမီပုံစံကတော့ ကျားသနားမှ နွားချမ်းသာပုံစံဖြစ်နေတယ် … ဘာမှမပူနဲ့ ဒက်ဒီဆေးခန်းမှာ နဂိုပုံမှန်အတိုင်း လူနာတွေ တိုကင်စီရတဲ့အထိ ပြန်ဖြစ်လာအောင် ကျွန်တော်လုပ်ပေးမယ် … ကဲ … ကိုအောင်ချိုနဲ့ ဒေါက်တာလူစွမ်းကောင်းကြီး ပွတ်နိုက်ဗျာ … "

"ပွတ်နိုက်ပါပဲ ကိုဗညား … ဒံပေါက်နဲ့ နက်(စ်)ကော်ဖီအတွက် ကျေးဇူးတင်ပါတယ် … "

"မလိုပါဘူး … ဒါ အလှူလုပ်နေတာပဲဟာ … သူတောင်းစားတွေတောင် ခေါ်ကျွေးရဦးမှာ … "

ဖိုးခနဲ ဇက်ခနဲပင် နောင်ဝင်းဆွေသည် ဗညား၏လက်ကို နောင်လှန်လိမ်ချိုးပြီးသားဖြစ်သွားပါ၏။ ချုပ်ကိုင်မှုစနစ်ကျလွန်းပြီး မြန်ဆန်လွန်းလှသောကြောင့် ဗညားမှာ နောင်ဝင်းဆွေလက်ထဲတွင် မလှုပ်နိုင် မရှားနိုင်ဖြစ်သွားသည်။

"ခင်ဗျားပဲ ဘုရားကိုးဆူကို လာဖြစ်အောင် လာပါလို့ မရမက လာဖိတ်တယ် … ဒီကျတော့ ခင်ဗျားတို့ လိုချင်တာမရတာနဲ့ မိုက်ရိုင်းစကားပြောတယ် … မိုက်ရိုင်းတဲ့အပြုအမူတွေ ပြုတယ် … "

"သူငယ်ချင်း ... နောင်ဝင်းဆွေ လွှတ်ပေးလိုက်ပါ ... ပြဿနာ ဒီထက်ကြီးမားလာရင် မကောင်းဘူးကွာ ..."

နောင်ဝင်းဆွေက လွှတ်ပေးလိုက်သည်။

ဗညားက ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြင့် တုတ်ဆွဲ၊ ဓားဆွဲလုပ်သေးသည်ကို ဒေါက်တာဦးမင်းစိုးက ဗညားကို ထိန်းလိုက်ပါ၏။

"ဗညား မင်းငြိမ်ငြိမ်နေစမ်း ... မြို့ထဲမှာ ညှို့သည်တွေ အများကြီးရှိနေတယ် ... ကျော်မကောင်း ကြားမကောင်း အားလုံးအရှက်ရမယ် ... သဘောပေါက် ..."

အောင်ချိုရော နောင်ဝင်းဆွေရော ခြေလှမ်းမှန်မှန်ဖြင့် ပြန်ထွက်လာခဲ့ကြသည်။

"ကိုအောင်ချို ..."

ခြံတံခါးမှအထွက်တွင် မှောင်ရိပ်ကွယ်စောင့်နေသော နီနီစိုးက အောင်ချိုအား တိုးတိုးလေး ခေါ်သံပြုလိုက်သည်။

"ဟင် ... နီနီ ..."

အောင်ချို အမှောင်ထဲ နီနီစိုးရှိရာသို့ ဝင်ရောက်သွားသည်။

နောင်ဝင်းဆွေက ပရိယာယ်နှင့် ခေါ်ခြင်းလားဟု အကဲခတ်ကြည့်သည်။

မဖြစ်နိုင်။

ယခုအထိ ဗညားက အိမ်ပေါ်မှာပင် ရှိနေသည်။ ဗညားနှင့် ဖြစ်ပျက်မှုသည်ကို နီနီစိုး သိပင်သိမည် မဟုတ်။



နောင်ဝင်းဆွေ ခြံပြင်ထွက်ခဲ့ပြီး အောင်ချိုကို စောင့်နေသည်။

ဆယ်မိနစ်လောက်ကြာပြီးမှ အောင်ချို ခြံပြင်ကို ထွက်လာသည်။

"ဘာပြောလဲ ... မင်းအမျိုးသမီးက ..."

"ငါ့ကို သိပ်အားနာတယ်တဲ့ ... သူ့ကိုကိုဗညားကိုသတိထားပါတဲ့ ... သူ့အစ်ကိုဗညားရဲ့စိတ်မျိုးက မိုက်ရူးရဲစိတ်မျိုးတဲ့ ကိုအောင်ချိုကို တိတ်တိတ်ပုန်းတစ်ခုခုလုပ်မှာ နီနီစိုးရိမ်လို့ တမင်လာစောင့်ပြီး သတိပေးတာပါတဲ့ ..."

နှစ်ယောက်သား လျှောက်လာရင်း ပြောနေခြင်းဖြစ်ပါ၏။ အောင်ချိုသည် ဒီအကြောင်းလေး ပြောရာတွင် အသံတွေ တုန်နေသည်။ စကားပြောရင်း တံတွေး ခဏခဏ မြိုချသည်။ ဒီကောင် စိတ်တွေ သိပ်လှုပ်ရှားနေမှန်း သိသာသည်။

"ဟေ့ကောင် အောင်ချို ... မင်းက ဘာဖြစ်နေတာလဲ ... မင်း သိပ်စိတ်လှုပ်ရှားနေပုံပဲ ... နီနီစိုးက မင်းကို စိုးရိမ်လို့ သတိပေးတာ စိတ်လှုပ်ရှားစရာလားကွာ ..."

"အေးကွ ... ငါ့ရင်တွေ တဒိန်းဒိန်းခုန်နေတယ် ..."

"ဘာလို့ မင်းရင်တွေက ခုန်ရတာလဲ ..."

"နီနီက ငါ့ကို အဲဒီလိုစေတနာနဲ့ ပြောတာ ငါ့ရင်ထဲ ဘယ်လိုဖြစ်မှန်းမသိဘူး ... ဒါကြောင့် ငါ့စိတ်ကို ငါမထိန်းနိုင်ဘဲ နီနီရဲ့ ပခုံးကို အတင်းဖက်ပြီး ... သူ့ပါးနှစ်ဖက်စလုံးကို ငါ

အတင်းနမ်းပစ်လိုက်တယ် ... ”
“ဗုဒ္ဓေါ ... ”
“အေး ... အဲဒီလို ဖြစ်လာလို့ ... ”
“မင်းကို ပါးမရိုက်လိုက်ဘူးလား ... ”
“မရိုက်ဘူးကွ ... ‘အို’ လို့အော်ပြီး အတင်းရုန်းထွက်ပြေးသွားတယ် ... ငါ့ရင်တွေ ခုန်လိုက်တာ ငအောင်ရာ ... ”
“အင်း ... ဒါမျိုးက ရင်ခုန်တတ်တာပဲ ... တအားချစ်လေ တအားရင်ခုန်လေပဲကွ ... ”
“ဒါဆို သူလည်း ရင်ခုန်မှာပဲနော် ... ”
“ပိုပြီးတောင် ခုန်မှာပေါ့ သူငယ်ချင်း ... သူက မိန်းမသားပဲ အဖြူပဲ ... ပိုပြီးတောင် ခံစားရရှာမှာပေါ့ ... ဒါပေမဲ့ မင်းတို့ဟာက မလွယ်ပါဘူးကွာ ... သူ့မိဘက မင်းကို သဘောတူဖို့ လွယ်မှ မလွယ်တော့တာ ... အေး ... သူက မင်းကို တကယ်ချစ်တယ် ... တကယ်လည်း စွန့်လွှတ်ရဲတယ်ဆိုရင်တော့ နိုးရာလိုက်မယ်ဆိုရင် ပေါင်းကြရလေသတည်းတော့ ဖြစ်နိုင်တာပေါ့ ... ”
“အေးကွနော် ... နောက်ထပ် ဘာတွေဖြစ်ကြဦးမလဲ မပြောတတ်ဘူး ... ”
“စောင့်ကြည့်ပေါ့ကွာ ... မင်းတို့အခြေအနေက ဖက်ဟယ် နမ်းဟယ်တွေတောင် ဖြစ်ပြီးမှပဲ ... သူကိုယ်တိုင် မင်းကို တကယ်ချစ်ရင် တစ်နည်းနည်းနဲ့ ဆက်သွယ်လာလိမ့်မယ်



အေး ... အမှောင်ထဲ ချောင်ထဲမှာ အလစ်ကို အဖက်ခံ အနမ်းခံရတာလို့ သူ့စိတ်ထဲက အလိုမတူရင်တော့ နောက်ထပ် မင်းကိုဆက်သွယ်မှာ မဟုတ်ဘူးပေါ့ အောင်ချို”
“ဟာ ... မင်းဟာက တအုံ့နွေးနွေးကြီးပါလား ငနောင်ရာ”
“အေး ... ဒါမျိုးဆိုတာက သဲသဲကွဲကွဲ မဖြစ်ခင် တအုံ့နွေးနွေး ဖြစ်စမြဲပဲလေကွာ ... ”

## ၁၄

"ဝေး … ဆရာဝန် … ငါဝင်လာမယ်နော် … "

"ဩော် … ဦးဖိုးချွား … လာလေ ဝင်ခဲ့လေ … "

"ကွာ … ရှေ့က ဆရာမက အလှည့်နဲ့ ဝင်ရမယ်ဆိုလို့ ငါက ဆေးကုတဲ့လူနာ မဟုတ်ဘူး … ဆရာဝန်နဲ့ တွေ့ချင်လို့လာတာလို့ ပြောမှ ဝင်ရတယ်လေ … သူက ကရင်မလေးမို့ ငါက ကရင်လိုပြောဝင်တာ … အကိုက်ဖြစ်သွားတယ်ဝေး"

"ကဲ … ထိုင် ဦးဖိုးချွား … ဆရာဝန်ကြီး ဦးမင်းမိုးအိမ်မှာ ဘုရားကိုးဆူပွဲလုပ်တုန်းက ဦးဖိုးချွား ဘာလို့မလာလဲ … ဦးဖိုးချွားက ဒေါက်တာဦးမင်းမိုးရဲ့ တပည့် မဟုတ်လား"

"ငါတို့နဲ့ ဒီပေါက်နဲ့ မတာနဲဘူးလေကွာ … ငါ့ကို ခိုင်းစရာမှ လို့ မခေါ်တာဘဲဖြစ်မှာပေါ့ … နောက်ပြီး ငါက ခရစ်ယာန် ဘာသာကိုးကွယ်တာလေ … ဆရာဝန်ရဲ့ ဘုရားကိုးဆူပွဲ



ဘယ်ခေါ်မလဲ … "

"အခု ဦးဖိုးချွား ဒေါက်တာဦးမင်းမိုးဆီကို လာတာပဲ မဟုတ်လား … "

"အဲဒါက တမင်အကြောင်းရှာတာလေ … ကျွန်းက သစ်သီးတွေ အခြေအနေကို လာပြောပြတယ်ပေါ့ကွာ … ဒါပေမဲ့ တကယ် ငါလာရတာက မိမိက ဆရာဝန်ဆီသွားပေးပါလို့ ခိုင်းတာကြောင့် ငါတမင်လာတာ … ငါ့မြေးကျေနပ်အောင် လာခဲ့ရတာ … "

"ရွှေမိက ဘာပြောခိုင်းလိုက်လို့လဲ … "

"နင် ဆရာဝန်ဘယ်တော့ လာမှာလဲတဲ့ … အဲဒါသိချင်တယ်တဲ့ … သူက ဆရာဝန်ကို ချစ်မျှော်ကျွန်းအကြောင်း ပြောပြချင်လှပြီတဲ့ … ငါးလည်း အတူတူမျှားကြမယ်တဲ့ … "

"ဒါဆို ရွှေမိကို ပြောလိုက်ပါ … ဆေးခန်းပိတ်တဲ့ ဥပုသ်နေ့ကျရင် ကျွန်တော်လာခဲ့မယ်လို့ … "

"ဥပုသ်နေ့ဆိုတာ ဘယ်နေ့လဲ ဝေး … "

"နေဦး … "

နောင်ဝင်းဆွေသည် ချိတ်ထားသော ပြက္ခဒိန်ကို လှမ်းကြည့်လိုက်ရသေးသည်။

"ဒီနေ့ တနင်္လာဆိုတော့ ဗုဒ္ဓဟူးနေ့ဟာ ဥပုသ်နေ့ပဲ … ဒီတော့ ရွှေမိကို ဗုဒ္ဓဟူးနေ့ လာမယ်လို့ပြောပါ … "

"အေးလေ … ဒါဆို ငါသွားပြီ … ဩ … အရင်တစ်ခေါက်

က ရလိုက်တဲ့ ဝက်ကြီးကို ကျပ်တိုက်ရောင်းတိုက်တာ ငါ့ငွေ ရှစ်ရာကျော်ရတယ်ဗျ ... ဝက်စွယ်ကတော့ ငါကိုယ်တိုင် ပြည်မြို့သွားရောင်းမှ ရမှာ ... တောဝက်စွယ် အစစ်ဆိုရင် ... ဝယ်တဲ့လူက ငါးရာ တစ်ထောင်ပေးဝယ်တယ်တဲ့ ... ဒါဆို ငါ့ပိုက်ဆံအများကြီးရတယ် ... ဆရာဝန်ကို ငါ ဘယ်လောက် ပေးရမလဲ ... ”

“တစ်ပြားမှ မပေးနဲ့ ... ကျွန်တော် ဗုဒ္ဓဟူးနေ့လာရင် ... ကောင်းကောင်းကျွေး ... ဒါပဲ ... ”

ဦးဖိုးခွား ခေါင်းညိတ်ပြီး ပြန်သွားသည်။

လူနာပါးချိန်တွင် နောင်ဝင်းဆွေသည် ချစ်မျှော်ကျွန်းမှ ရွှေမိအကြောင်း စဉ်းစားမိသည်။

ရွှေမိသည် စနေမလိုပင် လှသည်။

ကိုယ်ထည်အချိုးအဆစ် ပြေပြစ်သည်။

နီနီစိုးကဲ့သို့ပင် ကျော့ရှင်းသည်။

ရွှေမိက သူ့တို့ထက်ပို၍သာသည်မှာ အသက်ပို၍ငယ်ပြီး နုပျိုခြင်းဖြစ်ပါ၏။

ငယ်ရွယ်သူသည် နုပျိုစမြဲ။

အစွမ်းကုန်ပွင့်တော့မည့် ပန်းငုံလေးလို ဖူးဖူးစို့စို့ ရွှေမိက ပိုလှသည်။

ကောင်မလေးကိုယ်တိုင် မိမိကို ချစ်သွားမည်ဆိုပါက ချစ်သွားနိုင်စရာအကြောင်းရှိနေပါ၏။



နှလုံးသား၏ချစ်ခြင်းမေတ္တာဆိုသည်မှာ ရုပ်ချောတိုင်း၊ ဥစ္စာကြွယ်ဝတိုင်း၊ ချစ်လာသည်မဟုတ်၊ ဥစ္စာပေါ၊ ရုပ်ချောခြင်းကို ကြိုက်ကြခြင်းသာဖြစ်မည်။

နှလုံးသားမှ ဖြစ်ပေါ် ယိုစိမ့်ထွက်လာသည်မှာ ယိုစိမ့်ထွက်လာစရာအကြောင်းတစ်ခုခု ထိပ်တိုက်တွေ့ကြုံမှသာဖြစ်နိုင်ပေသည်။

တောဝက်လိုက်၍ အသက်လုပြေးလာရစဉ် မိမိက ဝင်ရောက်ကာကွယ် ကယ်တင်လိုက်ခြင်းမှာ မေတ္တာစိတ် နှလုံးသားမှ ယိုစိမ့်လာစရာအကြောင်းဖြစ်နိုင်သည်။

ဤဖြစ်ရပ်သည် စိတ်လွန်စွာ လှုပ်ရှားသွားစေသော ဖြစ်ရပ်မဟုတ်ပါလား။

ဒါဆိုလျှင် ...

မိမိကိုယ်တိုင်ကရော ရွှေမိကို ကယ်တင်ရစဉ်က စိတ်လှုပ်ရှားသွားသည်။ ပြီး ကောင်မလေးနှင့် တမင်တကာမဟုတ်သော အထိအတွေ့တွေ ထိတွေ့ရသည်။

မိမိ ရင်ခုန်ရပါ၏။

ဒါဆို မိမိ၏နှလုံးသားထဲကတော့ ရွှေမိအပေါ် ချစ်စိတ် ယိုစိမ့်နေပြီလား။

နောင်ဝင်းဆွေ ကိုယ့်ဟာကိုယ် ပြန်၍ စစ်ရလေပြီ။

အကယ်၍သာ ...

နှင်းဖြူခေါ် စနေမအား မိမိက ချစ်ပါသည်ဟု မဖွင့်

ဟမိသေးပါလျှင် ရွှေမိကို မိမိချစ်နေပြီဟုများ ကိုယ့်ကိုယ်စောင့်နတ်ကို ဝန်ခံမိလေမလား မပြောတတ်။

မိမိကို လွယ်တတ်လိုက်တာ ဖှောတစ်ယောက်၊ ဟောတစ်ယောက် ချစ်ရသလားဟု အပြစ်တင်လျှင်လည်း ခံရရုံပင်။

ဒီကြားထဲ။

နှင်းဖြူလုပ်သွားပုံကလည်း မဟုတ်၊ အိပ်မက်ထဲတွင် တွေ့ဆုံရပြီး လန့်နိုးသောအခါ ဘာမှအကောင်အထည်မရှိသလိုမျိုး လုပ်သွားသည်။ မိမိခံစားရပါ၏။

ဒီတော့လည်း မိမိသည် စိဟ်လေလေလွင့်လွင့်၊ လူလေလေလွင့်လွင့်ဖြင့် ချစ်မျှော်ကျွန်းရောက်သွားပြီး ရွှေမိနှင့် တွေ့ဆုံရပုံမှာ ချစ်စရာပုံပြင်လေး၊ သည်းထိတ်ရင်ဖို နှလုံးခုန် ရင်တုန်ဇာတ်လမ်းလေးဖြစ်ပေါ်လာရသည်။

ဦးဖိုးချွားသည် ရွှေမိကို မီမီဟု ခေါ်သည်။

ဒေါက်တာဦးမင်းစိုး၏သမီးအငယ်ဆုံးနာမည်'မီမီ'နှင့်သွားတိုက်ဆိုင်နေသည်။

ရွှေမိကတော့ ... ဦးဖိုးချွားသည် ကာရင်သံဝဲသောကြောင့် သူမအား ချစ်စနိုး မိဟုခေါ်သည်တွင် အသံဝဲ၍ 'မီမီ'ဟု ဖြစ်သွားသည်ဟု ပြောသည်။

ရွှေမိပြောသည်ကို မိမိယုံကြည်သည်။

အကယ်၍ ရွှေမိသည် ဒေါက်တာဦးမင်းစိုး၏ သမီးအငယ် တက္ကသိုလ်ကျောင်းသူမလေး မီမီစိုးသာဖြစ်ပါက အဘယ်မှာလျှင် လူသူသွားခြင်းမရှိသော ချစ်မျှော်ကျွန်းမှ ဦးဖိုးချွားထံတွင် ညအိပ်ညနေ နေခွင့် အဘယ်မှာလျှင်ပေးလိမ့်မည်နည်း။



ဘုရားကိုးဆူညက နီနီစိုးပြောခဲ့သည်မှာလည်း သူမ၏ ညီမလေး မီမီစိုးသည် ဒီဇင်ဘာ ကျောင်းပိတ်ရက်အတွင်းအိမ်မပြန်ဘဲ သူငယ်ချင်းများထံ လိုက်ပါသွားသည်ဟု ပြောခဲ့သည်။

ယင်းသို့ ဆက်စပ်ကြည့်လျှင် ...

ရွှေမိက ရွှေမိသက်သက် ဦးဖိုးချွား၏ မြေးမလေး။

မီမီစိုးက မီမီစိုးသက်သက် ဒေါက်တာ ဦးမင်းစိုး၏ သမီးအငယ်ဆုံးလေး ...

ဩော် ...

အရေးထဲ ဦးဖိုးချွား၏ ကာရင်သံဝဲခြင်းကပင်လျှင် နောင်ဝင်းဆွေအတွက် စနိုးစနောင့်တွေဖြစ်ရပါလေလား။

## ၁၅

ယနေ့ ဥပုသ်နေ့။

အောင်ချို့အဖို့ အဖိတ်ဥပုသ်မရှိ၊ စနေ၊ တနင်္ဂနွေမရှိ

ဝေလီဝေလင်းကပင် ဆန်အိတ်တွေ ဆီပုံးတွေတင်

သော သမ္ဗန်ကို ဘေးတွဲကာ မော်တော်ကြီးဖြင့် ပြည်မြို့သို့ ထွက်

သွားသည်။

ဥပုသ်နေ့ ဆေးခန်းပိတ်တာပဲ ငါနဲ့ပြည်ကို လိုက်ခဲ့

လားဟု အောင်ချိုက နောက်ဝင်းဆွေကို ခေါ်သေးသည်။

နောင်ဝင်းဆွေ မလိုက်။

ပထမအချက်မှာ အတွင်းလူနာတွေအတွက်

ရောင်းလှည့်စစ်ဆေးကြည့်ရှုပေးစရာရှိသည်။

ဒုတိယအချက်မှာ အောင်ချို့ကို ယုံ၍မဖြစ်



ကောင်က အလုပ်မပြီးလျှင် ပြည်မြို့တွင် ညအိပ်မည်။ အကယ်၍ အလုပ်ပြီးစီးသည့်တိုင်အောင် လွမ်းဝေနှင့်အဖွဲ့ကျပြီး ပျော်ပျော် ပါးပါးလေးတွေဖြင့် ညအိပ်ချင် အိပ်မည်။

အဲ ... အဓိက တတိယအချက်မှာ ယနေ့ ဥပုသ်နေ့ ဗုဒ္ဓဟူးတွင် ချစ်မျှော်ကျွန်းရှိ ရွှေမိထံ ဆက်ဆက်လာမည်ဟု ဦးဖိုး နွားမှတစ်ဆင့် မှာထားပြီးသားဖြစ်နေသည်။

ထို့ကြောင့် အောင်ချိုခေါ်ရာ ပြည်မြို့သို့ နောင်ဝင်းဆွေ လိုက်မသွားခြင်း ဖြစ်ပါ၏။

နံနက်ပိုင်း အတွင်းလူနာတွေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရစ်ယာန် သူနာပြုမလေးကို မှာကြားသည်။ နံနက်ပိုင်း ကော်ဖီသောက်ပြီးသည်နှင့် ချစ်မျှော်ကျွန်းသို့သွားရန် နောင်ဝင်းဆွေ ပြင်ဆင်တော့သည်။

အိုဗာအန်ဒါ နှစ်လုံးပြူးကို ယူသည်။ ကျည်နှစ် တောင့်ထိုးပြီး အပိုကျည်ဆန်တောင့်တွေ (၁၀)တောင့်ထည့်ယူခဲ့ သည်။

မော်တော်ဘုတ်ရှိရာ တံတားသို့ ဆင်းလာခဲ့သည်။

နီတွတ်ပင် မော်တော်စောင့်နေပါ၏။

နီတွတ်နှင့် အခြေအတင်ဖြစ်ရသေးသည်။ ယခင် အခေါက်၌ နီတွတ် မိမိနှင့် အဖော်လိုက်မသွားသည့်အတွက် သူ့ ဆရာအောင်ချိုက နားပန်ကျင်းထားသဖြင့် ယခုဇွတ်လိုက်မည် ဘကဲကဲဖြစ်နေသည်။

နောက်ဆုံး နောင်ဝင်းဆွေက နီတွတ်ကို မိမိက ဇွတ်အတင်းထားခဲ့သည်ဖြစ်ကြောင်း အောင်ချို့အား သက်သေပြရန် စာရေးပေးခဲ့မှ နီတွတ်ကျွန်ရစ်ခဲ့ပေသည်။

မော်တော်ဘုတ်ကို နောင်ဝင်းဆွေ မောင်းလာခဲ့သည်။

ချစ်မျှော်ကျွန်းသို့ မော်တော်ဆိုက်ကပ်ရာတွင် ရွှေမိ ပြေးဆင်းလာပြီး ကြိုဆိုလေမလားဟု မျှော်လင့်မိသည်။

ကြိုဆိုခြင်း မရှိပါလေ။

ကျောက်ဆူးကို ကမ်းပေါ်သစ်ပင်တစ်ခုတွင် ပစ်ချိတ်ပြီး နှစ်လုံးပြူးကိုင်ကာ နောင်ဝင်းဆွေ ကျွန်းပေါ်သို့ ဆင်းလိုက်သည်။

"မဆင်းနဲ့ ... မလာနဲ့ အစ်ကို ... ကျွန်းပေါ်ကို ဆင်းမလာနဲ့ အစ်ကိုပြန်မောင်းသွားပါ ... မလာပါနဲ့ ..."

လှမ်းကြည့်ရာ ပြေးဆင်းလာသော ရွှေမိက အော်ဟစ်ပြောနေပြီး ရွှေမိနောက်မှ ဘောင်းဘီဝတ်ထားသော လူနှစ်ယောက်က ပြေးလိုက်ကာ ရွှေမိကို အမိဖမ်းနေသည်။

လမ်းခုလတ်မှာပင် လူနှစ်ယောက်က ရွှေမိကို ဖမ်းမိသွားသည်။ ကျွန်းအတွင်းသို့ ရွှေမိကို အတင်းဆွဲခေါ်သွားသည်။

ရွှေမိ ရှန်းကန်ရင်း ပြန်ပါသွားပါ၏။

"ဒိုင်း ... "

နောင်ဝင်းဆွေ သေနတ်ကို မိုးပေါ်ထောင်ပစ်လိုက်



သည်။

တည့်တည့်ကြီးပစ်၍မဖြစ်၊ ကိုးလုံးကျည်နှင့် ခြောက်လုံးကျည်တို့သည် ကျည်ပြန့်များဖြစ်သည်။ သုံးယောက်ပူးနေသည်မို့ အလယ်မှ ရွှေမိကို ထိမှာစိုးရသည်။

ပြီး လူကို သေနတ်နှင့် ပစ်ခြင်းမှာ ပစ်ချင်တိုင်း ပစ်၍မဖြစ်၊ ဥပဒေက စကားပြောလာမည်ကို နောင်ဝင်းဆွေ ထည့်တွက်သည်။ မိမိအသက်ဘေးကို ရန်ပြုလာလျှင်သာ မိမိကိုယ်ကို ကာကွယ်သည့်အနေနှင့် ပစ်နိုင်ခွင့်ရှိသည်။

မိုးပေါ်ထောင်ပစ်ခြင်းမှာ သေနတ်သံဖြင့် ခြောက်လှန့်ခြင်းသာ ဖြစ်ပါ၏။

"ဒိုင်း ... "

နောင်တစ်ချက် ထပ်ပစ်ပြန်သည်။

ရွှေမိကို ဖမ်းသူနှစ်ယောက်မှာ နောက်သို့ပင် ပြန်လှည့်မကြည့်၊ ရွှေမိကို ထိမည်စိုး၍ တည့်တည့်ပစ်မည်မဟုတ်ကြောင်း သိရှိထားပုံရသည်။

အခြေအနေမှာ ရွှေမိတွင် အန္တရာယ်ရှိမှန်း မျက်ဝါးထင်ထင် တွေ့နေရပါ၏။

ဤကျွန်း၏ ဤဘက်ခြမ်းတွင် ဦးဖိုးချွားနှင့် ရွှေမိ မြေးအဘိုးနှစ်ဦးသာ ရှိနေမှန်းသိသော မသမာကောင်တွေသည် ရွှေမိအား အနိုင်ကျင့်ရန် ရောက်ရှိနေခြင်းဖြစ်နိုင်သည်။ ရွှေမိကလည်း ဗိုသဘ္ဘဝါတွေ မက်မောစရာမလေး မဟုတ်လား။

ရွှေမိက အစ်ကိုပြန်မောင်းသွား၊ ကျွန်းပေါ်မလာနှင့်ဟု အော်ပြီး သတိပေးစေကာမူ နောင်ဝင်းဆွေသည် „ရွှေမိကို ဒီအတိုင်းထားခဲ့ပြီး ပြန်မတဲ့လား။

နောင်ဝင်းဆွေ ရွှေမိကို ကယ်ရမည်။

နှစ်လုံးပြူးသေနတ်ထဲသို့ ကျည်ဆန်နှစ်တောင့်ထပ်ထည့်လိုက်သည်။ ဘာကျည်တောင့်ဟု ရွေးချိန်မရ၊ အိတ်ထဲလက်နှိုက်ပြီး ပါရှိလာသော ကျည်နှစ်တောင့်ကို ထိုးလိုက်ခြင်းဖြစ်သည်။

ထိုစဉ်မှာပင် ...

သစ်ပင်ကွယ်မှ လူသုံးယောက်ထပ်ထွက်လာပြီး ငုံ့၍ ကျည်ဆန်သွင်းနေသော နောင်ဝင်းဆွေအား နောက်ကျောဘက်သို့ရောက်နေသူက ဦးခေါင်းကို တုတ်ဖြင့် ရိုက်ချလိုက်သည်။

ရှေ့သို့သာ မဲနေမှု၊ ကျည်ဆန်ကို ငုံ့သွင်းနေမှု၊ လူသုံးယောက် ထပ်မံရှိမည်ဟု မထင်မှုများကြောင့် နောင်ဝင်းဆွေခံလိုက်ရသည်။

ဒူးညွှတ်ခွေလဲကျသွားပါ၏။ ပြန်၍ မထူ၊ မထနိုင်တော့ သတိမေ့သွားပေတော့သည်။

လူဆိုးနှစ်ယောက်က နောင်ဝင်းဆွေအား ချိုင်းတစ်ဖက်စီမှကိုင်ကာ တရွတ်တိုက် ဆွဲခေါ်သွားသည်။ ကျန်တစ်ယောက်က နောင်ဝင်းဆွေလက်မှ နှစ်လုံးပြူးသေနတ်ကို သိမ်းယူလိုက်သည်။



# ၁၆

မည်မျှကြာအောင် သတိမေ့နေသည် မသိ။

နောင်ဝင်းဆွေ သတိပြန်ရချိန်တွင် နေမွန်းတည့်နေပေပြီ။

ဦးဖိုးချားနေသော တဲကြီးအောက်တွင်ဖြစ်ပေသည်။ နောင်ဝင်းဆွေကို ခြေမျက်စိနှစ်ဖက်ပူးကာ ကြိုးတုပ်ထားသည့်လက်နှစ်ဖက်ကို သစ်သားတိုင်တွင် ကြိုးချည်တုပ်နှောင်ထားသည်။

မလှမ်းမကမ်းတွင် ဦးဖိုးချားထိုင်နေပြီး ဦးဖိုးချားလက်ထဲတွင် ဓားရှည်ကိုင်ထားပြီး ဒူးလေးနှင့် မြားကျည်တောက်ကို နောက်ကျောတွင် လွယ်ထားသည်။

"မင်း သတိရပြီလား ဆရာဝန် ... "

နောင်ဝင်းဆွေ ချက်ချင်းမဖြေ၊ ဦးခေါင်းတွင် မူး

နောက်နောက်ရှိနေသေးသည်။

မျက်လုံးကိုဖွင့်၊ ဦးခေါင်းကို သုံးလေးခါ ခါယမ်းလိုက်မှ မူးဝေခြင်းသက်သာသွားသည်။

"ရေသောက်ချင်တယ်ဗျာ ..."

"ရတယ်လေဝှဲ ..."

ဦးဖိုးခွားက အရိုးတံအရှည်တပ်ထားသော အုန်းမှုတ်ခွက်ဖြင့် သောက်ရေအိုးမှ ရေခပ်ကာ နောင်ဝင်းဆွေ၏ နှုတ်ခမ်းတွင် တေ့ပေး၊ စောင်းပေးသည်။

နောင်ဝင်းဆွေ ရေသောက်သည်။ စမ်းရေကို သဲအိုးတွင် ထည့်ထားသောရေမို့ အေးမြနေကာ နောင်ဝင်းဆွေ လန်းဆန်းသွားသည်။

ဆေးတံခဲနေသော ဦးဖိုးခွားဘက်သို့ နောင်ဝင်းဆွေက လှမ်းပြောသည်။

"ဆိုပါဦး ... ကျွန်တော့်ကို ဘယ်သူတွေက ရိုက်ဖမ်းတြိုးတုပ်ပြီး ဦးဖိုးခွားက စောင့်နေရတာလဲ ..."

"ဆရာဝန်ကို ဗညားရယ် ... ညဏ်ထွန်းရယ် ... သူတို့တပည့် သုံးယောက်ရယ်ပေါင်းပြီး ဖမ်းတယ်လေ ... ငါက ဗညားနိုင်းသမျှ လုပ်ပေးရတယ် ... ဗညားက ငါ့အလုပ်ရှင်မဟုတ်လား ... သူခိုင်းတာ ငါလုပ်ရမှာပဲပေါ့ ..."

"*အခု ... ဒါဖြင့် ဦးဖိုးခွားရဲ့ မြေးမလေးရွှေမိကို သူတို့က* ဖမ်းပြီး မတရားအနိုင်ကျင့်တာကို ဦးဖိုးခွားက ငြိမ်ခံနေသလား ..."



"ငါ့မှာ ဘာမြေးတစ်ကောင်မှ မရှိဘူး ဆရာဝန် ... ငါလူပျိုကြီးဟာပဲ ..."

"ဟင် ... ဒါဆို ရွှေမိက ..."

"မိမိက ဗညားရဲ့ ညီမငယ်လေကွာ ..."

"တောက် ..."

နောင်ဝင်းဆွေ တောက်တစ်ချက် နာနာကြည်းကြည်းခေါက်လိုက်သည်။

ရွှေမိသည် ဦးဖိုးခွား၏ မြေးမဟုတ်။

ဒေါက်တာဦးမင်းစိုး၊ ဒေါ်မြင့်မြတ်တို့၏ အထွေးဆုံးသမီး မိမိစိုးဖြစ်မှန်း ယခုမှ သေချာသွားသည်။

ရွှေမိခေါ် မိမိစိုးသည် မိမိကို ပရိယာယ်ညွှတ်ကွင်းသို့ သက်ဆင်းစေရန်ဖြစ်ပေတော့သည်။ ဒါကို နောင်ဝင်းဆွေ တောက်တစ်ချက်ခေါက်ခြင်းဖြစ်ပါ၏။

"ဒါဖြင့် ... ဦးဖိုးခွားက ကျွန်တော့်ကိုတွေ့တွေ့ချင်း ... မိမိစိုးကို ဦးဖိုးခွားရဲ့မြေးပါလို့ ဘာလို့ပြောတာလဲ ..."

"ဒါဟာ ဒီလိုလေကွယ် ... ဆရာဝန်က ငါ့ကို တောဝက်ပေးတဲ့နေ့ကို မှတ်မိလား ..."

"*မှတ်မိတယ်* ..."

"အေး ... သေနတ်သံကြားလို့ ငါပြေးလာတော့ ဆရာဝန်နဲ့ငါ ဘာစကားတစ်ခွန်းမှမပြောခင် မိမိက ငါ့ဆီကိုပြေးလာ

ပြီး ... သူ့ကို ဆရာကြီးဒေါက်တာဦးမင်းစိုးရဲ့ သမီးလို့ မပြောရဘူးတဲ့ ... ဖိုးချွားရဲ့မြေးလို့ ပြောရမယ်လို့ အမိန့်ပေးလို့ ငါက မီမီကို ငါ့မြေးလို့ ဆရာဝန်ကို ပြောရတာ ... ”

“ဒါဖြင့် ... ဟိုတစ်နေ့က ဦးဖိုးချွား ကျွန်တော့်ဆေးခန်းလာပြီး မြေးမိက တွေ့ချင်လို့ လာပါလို့ပြောတာ မီမီစိုးက ပြောခိုင်းတာ မဟုတ်လား ... ”

“ဘာဟုတ်မလဲ ... ဗညားက ပြောခိုင်းတာ ... နေဦးကွ ငါသိသလောက် အစကပြောပြမယ် ... နို့မို့ရင် ဆရာဝန်က မီမီကို အထင်လွဲမယ် ... ဖြစ်တာက ဒီလိုကွဲ့ ... အဲဒီနေ့က မီမီဟာ ပွဲချိတ်မောင်းပြီး တစ်ယောက်တည်း ဒီကျွန်းကို ရောက်လာတာ ... ကျောင်းပိတ်လို့ အဝေရာကို ပြန်လာတိုင်း မီမီက အဲဒီလိုပဲ ငါ့ဆီကို လာတတ်တယ် ... ဒီကျွန်းပေါ်ရောက်တာနဲ့ မီမီက သူ့ကိုယ်သူ ချစ်မျှော်ကျွန်းက ချစ်သူကို မျှော်ရင်း ရင်ကွဲနာကျသေသွားတဲ့ မိန်းကလေးလို့ သူ့ဟာသူ စိတ်ကူးယဉ်တယ် ... ဒီမှာက လူတွေက ယုံကြတယ်လေ ... ချစ်မျှော်ကျွန်းမှာ ရင်ကွဲနာကျပြီး သေသွားတဲ့ ကောင်မလေးဟာ ဥစ္စာစောင့်မလေးဖြစ်နေတယ်ဆိုတဲ့ စကားကို မီမီက ကလေးတစ်ဝက် ... အပျိုတစ်ဝက်ပဲလေကွာ ... အဲဒီလို သူ့ကိုယ်သူ ချစ်သူမျှော်တဲ့ မိန်းကလေးပုံစံနဲ့ နှင်းဆီပန်းတွေဝယ်လာတယ် ... စမ်းချောင်းဘေးမှာ သွားထိုင်တယ် ... နှင်းဆီပွင့်တွေ စမ်းရေထဲ တစ်ပွင့်စီ



မျှောတမ်း ကစားတာ ... ဒီကိုလာတဲ့အခေါက်တိုင်း ဒီလိုလုပ်တာ ဆရာဝန် ... ”

နောင်ဝင်းဆွေ အလေးအနက် စဉ်းစားတော့သည်။ ဦးဖိုးချွားသည် ကရင်လူမျိုး လူကြီးပိုင်းတစ်ဦးဖြစ်သည်။ လူမျိုး၏ အကျင့်ကိုက လိမ်ညာပြောတတ်ခြင်းမျိုး မရှိတတ်။ ယခု ဦးဖိုးချွား ပြောပြသည်တို့မှာ ဖြစ်စဉ်အမှန်တွေဟု နောင်ဝင်းဆွေ မှတ်ယူလိုက်သည်။

နောက်ပြီး မီမီစိုး ယခုလို စိတ်ကူးယဉ်ပြီး ချစ်သူမျှော်တမ်း ကစားသည်ဟုလည်း ဆရာဝန်တစ်ယောက်အနေနှင့် နောင်ဝင်းဆွေ စဉ်းစားသည်။

မီမီစိုး ဖြစ်တတ်သလို တချို့အမျိုးသမီးများတွင်လည်း ဖြစ်တတ်သည်။ အင်္ဂလိပ်လိုတော့ ဆိုင်ကိုပသီ(Psychopathy) ဟု အမည်ပေးထားသည်။ မြန်မာလိုဆိုလျှင်တော့ စိတ်ရောဂါတစ်မျိုးဟု ခေါ်ရလေမလား မပြောတတ်။ မိမိ၏ဘဝစစ် ဘဝမှန်ကို ခေတ္တခဏ မသိစိတ်က လွှမ်းမိုးထားစေပြီး မိမိစိတ်တွင် စွဲလမ်းသော ပုံပြင်တစ်ခုထဲက ဇာတ်ကောင်မင်းသမီးအသွင် ကူးပြောင်းသွားစေခြင်းဖြစ်ပါ၏။

မီမီစိုး ဤကျွန်းသို့ ရောက်လာလျှင် ရေမြေတောတောင် သာယာမှုတွေနှင့် သီးခြားဆန်နေသော ဤကျွန်းလေးကပင် မီမီစိုးကို လွှမ်းမိုးသွားပြီး ချစ်မျှော်ကျွန်းပုံပြင်ထဲက မင်းသမီးလေးဖြစ်သွားခြင်းဖြစ်ပေသည်။ ဤသို့ စိတ်ကူးယဉ်ပြီး လုပ်ဆောင်ရ

သည့်ကိုပင် မိမိမသိစိတ်၌ သာယာကြည်နူးသော အရသာကို မိမိစိုးနှစ်သက်ခြင်းကြောင့်ဖြစ်နိုင်ပေသည်။

ဒါက ဆရာဝန်အတွေးဖြင့် တွေးကြည့်ခြင်းဖြစ်ပါ၏။

ပေါ့ပေါ့လေးတွေးလျှင် ဦးဖိုးခွား ပြောသလို မိမိစိုးသည် ကလေးစိတ်တစ်ဝက်၊ အပျိုစိတ်တစ်ဝက်ဖြင့် ဤကျွန်းသို့ ရောက်သည်နှင့် သူမဘာသာ ချစ်သူမျှော်ဘဝသို့ပြောင်းကာ စိတ်ကူးယဉ်ကစားခြင်းတစ်မျိုးဖြင့် ကစားသည်လည်း ဖြစ်နိုင်ပါ၏။

"ဆက်ပြောပါ ဦးဖိုးခွား ... "

"အဲဒီနေ့က မိမိနဲ့ ဆရာဝန်တို့ စမ်းချောင်းဘေးမှာ တွေ့ကြသေးတယ်လေ ... ဆရာဝန်က မိမိကို မသိပေမဲ့ မိမိက ဆရာဝန်ကို ခုဒီဖင်ဘာကျောင်းပိတ်လို့ ပြန်အလာ အဝေရာမှာ မြင်ဖူးထားပြီးသား ... ဆရာဝန်က နာမည်လည်း ကျော်ကြားတာကိုး ... "

"စမ်းချောင်းဘေးမှာ တွေ့ကြတုန်းက မိမိဟာ ဘာလို့မှန်းတော့ မသိဘူး ... ငါ့ကို တိုးတိုးပြောတယ် ... သူဟာ ဖိုးခွားရဲ့ မြေးမလို့ ပြောပေးရမယ်တဲ့ ... ဆရာဝန်အပေါ် ငါ့ကို အဲဒီလို ပြောခိုင်းလို့ ငါကပြောရတာ ... "

အကြောင်းက ဆက်စပ်၍နေရသည်။ မိမိ အဝေရာမေတ္တာမွန်ဆေးခန်းမှ ဆရာဝန်မှန်း မိမိက သိထားသည်။ မိမိရောက်လာမှ သူမ၏ဖခင် ဆေးခန်းလူနာတွေ နည်းသွားသောကြောင့်လည်း လူကြီးတွေပြောစကားအရ မိမိကြားထားမည်။



ဒေါက်တာနောင်ဝင်းဆွေကို၊ မိမိက သိထားပြီးသူဖြစ်သည့်အပြင် သူမ၏ဖခင်နှင့် အပြိုင်ဆရာဝန်ဖြစ်နေသောကြောင့် သူမကိုယ်ကို ဒေါက်တာဦးမင်းစိုး၏ သမီးငယ်မှန်း မိမိမသိစေလိုသောကြောင့် ဖိုးခွား၏ မြေးရွှေမိဟု ဖိုးခွားအား ပြောစေခြင်းဖြစ်နိုင်သည်။

"ဘာလို့မှန်းတော့ ငါမသိဘူး ... ဆရာဝန်နဲ့ ကျွန်းမှာတွေ့တာနဲ့ ရွှေမိဟာ ငါ့မြေးလို့ ပြောခိုင်းစေတာပဲ ... "

"အင်းပေါ့ဗျာ ... သူ့ကိုယ်သူ ဖိုးခွားရဲ့မြေး ရွှေမိလို့ ပြောထားမှ အခုလို ကျွန်တော့်ကို အမိဖမ်းနိုင်မှာကိုးဗျ ... "

"အာ ... အာ ... ဆရာဝန် ထင်တာ မှားနေတယ် ... မိမိက ဆရာဝန်ကို သိပ်ချစ်သွားတယ်လေ ... "

"ဦးဖိုးခွားက အဲဒီလို ဘာလို့ပြောနိုင်တာလဲ ... "

"အစကတော့ ချစ်ချင်မှ ချစ်မယ်ပေါ့ဝဲ ... ဒါပေမဲ့ ဆရာဝန်က မိမိကို ပက်တော့မဲ့ အစွယ်ငေါငေါ တောဝက်ကြီးကို ပစ်သတ်ပြီး မိမိရဲ့အသက်အန္တရာယ်ကို ကယ်လိုက်တယ်လေ ... နောက်ပြီး ဆရာဝန်က သိပ်ချောတယ် ... ဒီတော့ မိမိက ဆရာဝန်ကို ချစ်သွားတာပေါ့ဝဲ ... အဲဒီနေ့က မိမိက အိမ်ပြန်ကာနီး ငါ့ကိုပြောသေးတယ် ... "

"ဘာပြောသေးလဲ ... "

"ဖိုးခွားရယ်တဲ့ ... မိမိ ဒီကျွန်းကိုလာလာပြီး ချစ်သူမျှော်တမ်းကစားတာ ... အခုတော့ မိမိ တကယ့်ကို ချစ်သူမျှော်

ရပြီတဲ့ ... ဖိုးချွားကို တောဝက်ကြီးပေးခဲ့တဲ့ ဆရာဝန်ကို မီမီ သိပ်ချစ်သွားပြီတဲ့ ... နောက်ဆို ဥပုသ်နေ့တိုင်း ဒီကျွန်းမှာ မီမီလာပြီး ရွှေမိဘဝနဲ့ ဖိုးချွားမြေးဘဝနဲ့ ဆရာဝန်ကို မျှော်မယ်တဲ့ ... အဲဒီလို ပြောပြီး ပြန်သွားတာ ... "

"ပြန်သွားတယ်ဆိုတော့ မီမီစိုးက ဒီကျွန်းက ဒီတဲမှာ မအိပ်ဘူးပေါ့ ဟုတ်လား ... "

"ဘယ်တော့မှ မအိပ်ဘူး ... မနက်ပိုင်း ပန်းတွေယူလာပြီး ရေမျှောကစားတယ် ... ညနေကျရင် ပြန်ရော ... အဲဒီနေ့ကလည်း ဆရာဝန်ပြန်သွားပြီးတဲ့နောက် သူ့ပွဲချိတ်ကို မောင်းပြီး မီမီပြန်သွားတာပဲဟာ ... "

"ဒါဆို ... ဘုရားကိုးဆူပွဲညက မီမီဟာ သူ့အိမ်မှာပဲ ရှိနေရမှာပေါ့ ... "

"ရှိနေတာပေါ့ ... ဆရာဝန် ... "

နောင်ဝင်းဆွေ သဘောပေါက်ပေပြီ။ ဘုရားကိုးဆူညက မီမီစိုးကို ဒေါက်တာဦးမင်းစိုးတို့အားလုံးက အပြင်ထွက်ခွင့်မပေးခြင်းသာ ဖြစ်ရမည်။

"ဆက်ပြောပါ ဦးဖိုးချွား ... အခု ကျွန်တော့်ကိုဖမ်းပြီး ကြိုးနဲ့ တုတ်ထားတဲ့အထိပြောပြပါ ... "

"မီမီနဲ့ ဆရာဝန် ဒီကျွန်းပေါ်မှာ တွေ့သွားကြတာကို ဗညားက သိသွားတယ်ဝဲ့ ... ဒါကြောင့် ဗညားက ငါ့ကိုခိုင်းတယ် မီမီက ခေါ်ခိုင်းတဲ့အနေနဲ့ ဆရာဝန်ကိုသွားပြောတဲ့ ... အေး



သူ [illegible] တဲ့ဒ [illegible] ငါလာပြောတာပဲ ဆရာဝန် ... "

"ဒီနေ့ [illegible] နေ့ ... ဆရာဝန်ဆက်ဆက်လာလိမ့်မယ်လို့ ဗညားကို ငါပြန်ပြောတယ် ... ဗညားက သူ့အစ်ကိုဝမ်းကွဲ ညဏ်ထွန်းနဲ့ တပည့်လေးယောက်ခေါ်လာပြီး ဒီကျွန်းမှာ မနက်ရှစ်နာရီကတည်းက စောင့်နေတာ ... မီမီကိုလည်း ဗညားကပဲ ဆွဲခေါ်လာတာ ... မီမီငိုတယ် ... သူ့အစ်ကို ဗညားခိုင်းတာကို မလုပ်ချင်ဘူး ... သတ်ချင်သတ်လို့ ပြန်ပြောတယ် ... ဆရာဝန်ရဲ့မော်တော် ဒီကျွန်းကိုကပ်တော့ ငါတို့အားလုံး ကြားတယ် ... သိတယ် ... အဲဒီမှာ မီမီက အတင်းထပြေးပြီး ဆရာဝန်ဆီ ပြေးသွားတာ ... အန္တရာယ်ရှိတယ်လို့ အော်ပြောတာ ... နောက်ဆုံး မီမီကိုလည်း တပည့်တွေနဲ့ ပြန်ခေါ်လာတယ် ... သတိမေ့နေတဲ့ ဆရာဝန်ကိုလည်း တရွတ်တိုက်ဆွဲခေါ်လာတယ် ... ဗညားက ဆရာဝန့်ကိုင်တဲ့ ပြောင်းလင်မယ်သေနတ်ကိုင်ပြီး ပြန်လာတယ် ... ဆရာဝန်က သတိမေ့နေတာမို့ ဖိုးချွား ဒီဆရာဝန်ကို စောင့်နေဆိုပြီး ဆရာဝန်ကို ကြိုးတုပ်ခဲ့ပြီး သူ့ အဝေရာကို ပြန်သွားတယ် ဒါပဲ ... "

"ဒါဆို ... အခု ဘယ်သူမှမရှိတုန်း ကျွန်တော့်ကို ကြိုးဖြည်ပေးပါလား ဖိုးချွား ... "

"ဘယ်ဖြစ်မလဲ ... ဗညားပြန်လာရင် ငါသေပြီပေါ့ ... ကြိုးဖြည်တော့ မပေးရဲဘူး ... ဆရာဝန် ထမင်းစားမယ်ဆိုရင်

ငါနဲ့ကျွေးမယ် ... "

နောင်ဝင်းဆွေ ခေါင်းခါပြသည်။ ထမင်းစားချင်စိတ်လည်း မရှိပေ။

ဒီလိုနှင့်ပင် နှစ်ယောက်သား ထိုင်နေကြသည်။ ဗညားသည် မိမိကိုဘာတွေဆက်လုပ်ပေမည်နည်းဟု စဉ်းစားသည်။

ထိုစဉ်မှာပင် ...

ဖိုးချွားကျောပေးထားရာ အရပ်တောတန်းထဲမှ အမျိုးသမီးတစ်ဦး ထွက်လာသည်ကို နောင်ဝင်းဆွေ လှမ်းမြင်သည်။ ဖိုးချွား ကျောပေးထားသည့်ဘက်မှာမို့ ဖိုးချွားမမြင်။

"နှင်းဖြူ ... "

သူမ၏လက်တွင် ပစ္စတိုသေနတ်တစ်လက်ကိုင်ထားသည်။

ခြေဖွနင်းလာသည့်ကြားကပင် နှင်းဖြူသည် သစ်ကိုင်းခြောက်တစ်ခုကို နင်းမိပြီး သစ်ကိုင်းခြောက်ကျိုးသံထွက်လာသည်။

ဖိုးချွား ချက်ချင်းလှည့်ကြည့်သည်။

နှင်းဖြူ သေနတ်ကိုင်လာသည်ကို တွေ့သည်နှင့် ဓားရှည်ကို မြှောက်ကာ ဖိုးချွား နှင်းဖြူထံ ပြေးသွားသည်။

"ဒိုင်း ... "

နှင်းဖြူ တကယ်ပစ်သည်။ ဖိုးချွား ချာလပတ်လည်ပြီး လဲကျသွားသည်။ ဖိုးချွားမလှုပ်ရှားပါလေတော့။



နှင်းဖြူသည် ဖိုးချွားကို ကျော်လွှားပြီး နောင်ဝင်းဆွေထံ ပြေးလာသည်။ ချည်ထားသော ကြိုးတွေကို နှင်းဖြူက ဖြည်ပေးသည်။

အနှောင်အဖွဲ့မှ နောင်ဝင်းဆွေလွတ်မြောက်ပေပြီ။

"ဖိုးချွား သေသွားပြီလားမသိဘူး နှင်းဖြူ ... "

"ဘယ်တတ်နိုင်မှာလဲ အစ်ကို ... သေသွားလည်း နှင်းဖြူအတွက် တတိယမြောက်လူသတ်မှုပေါ့ ... "

"ကိစ္စမရှိဘူး ... တို့မျက်မြင်သက်သေပဲ ... ဖိုးချွားက ဓားနဲ့ပြေးဝင်ခုတ်မှာမို့ နှင်းဖြူက ပစ်လိုက်ရတာပဲဟာ ... "

"နှင်းဖြူအတွက် မထူးပါဘူး အစ်ကို ... ကဲ ... လာ ... ပြေးစို့ အစ်ကို ... ကိုဗညားကို အဖွဲ့လာကာနီးပြီ ... သူတို့အကြံထုတ်နေကြတယ် ... အစ်ကို့ကို ရဲအမြင်နဲ့ရော လူများအမြင်နဲ့ရော မတော်တဆ နေသွားတာဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အကြံလေ ... "

"ဒါတွေကို နှင်းဖြူက ဘယ်လိုသိသလဲ ... "

"ပြောပြမယ် အစ်ကို ... လောလောဆယ်တော့ ဒီကျွန်းက လွတ်အောင် ပြေးနိုင်ဖို့ သိပ်အရေးကြီးနေပြီ ... "

"ကျွန်းဘမ်းစပ်မှာ တို့မော်တော်ထားခဲ့တယ် နှင်းဖြူ ... အခု ရှိမရှိသေးဘောဘဲ ... "

"ရှိတယ် အစ်ကို ... နှင်းဖြူတွေ့ခဲ့ တယ် ... "

"နှင်းဖြူကတော့ ဒီကျွန်းကို ဘာနဲ့လာသလဲ ... "

"ပွဲချိတ်နဲ့ အစ်ကို ... မီမီစိုးက ကိုဗညားအလစ်မှာ နှင်းဖြူကို သူ့ပွဲချိတ်သော့ တိတ်တိတ်လေးပေးတယ် ... ကိုဗညားတို့ အရက်သောက်နေတုန်း အလစ်ထွက်ခဲ့ပြီး မီမီစိုးရဲ့ပွဲချိတ်နဲ့ အစ်ကို့ဆီ လှဲ့လာတာ ... ကိုဗညားရဲ့ပစ္စတိုရှေ့ ကျည်ကပ်နှစ်ကပ် အပိုရောယူလာခဲ့တယ် ... ကြီးကြီးမြကို အတိုချုပ်ပြောပြီး ရဲစခန်းကို အကြောင်းကြားခိုင်းထားခဲ့တယ် ... "

နှစ်ယောက်သား ဖိုးခွားတဲမှထွက်လာခဲ့ကြသည်။ ပေါ် ကြီးမသွားရဲ့ ဘစ်ပင်၏ပင်စည်များကို ကွယ်ပြီး နှင်းဖြူကို လက်ဆွဲကာ လာကြသည်။

ပြေးရင်းလွှားရင်းပင် နှင်းဖြူပြောသော စကားတွေကို စဉ်းစားကြည့်သည်။

မီမီစိုးက ပွဲချိတ်သော့ကို နှင်းဖြူကိုပေးသည်။

နှင်းဖြူက ဗညားအရက်မူးနေစဉ် ဗညား၏ပစ္စတိုနှင့် ကျည်ကပ်တွေယူခဲ့သည်ဟု ဆိုသည်။

ဤနှစ်ချက်အရ နှင်းဖြူသည် ဗညားလက်ထဲရောက်နေမှန်း ပေါ်လွင်စေသည်။

နှင်းဖြူ၏လက်မောင်းကို နောင်ဝင်းဆွေ ဆုပ်ကိုင်လိုက်သည်။

"ပြောစမ်း နှင်းဖြူ ... ဗညားဆီ နှင်းဖြူရောက်သွားတယ်ပေါ့ ဟုတ်လား ... "



"အဲဒါတွေ မပြောပါရစေနဲ့ အစ်ကို ... "

"မရဘူး ပြောရမယ် ... ပြော ... "

"ကဲ ... ပြောပါ့မယ် အစ်ကို ... အဝေရာဘုရားပေါ်မှာ အစ်ကိုနဲ့ နှင်းဖြူ ချစ်သွားကြပြီး ပွေ့ဖက်နေတာကို ညဏ်ထွန်းက ဓာတ်ပုံရိုက်ယူပြီး ဗညားကို ပြန်ပြောတာ ညပိုင်းကျတော့ ဗညားဟာ နှင်းဖြူကိုခေါ်သွားပြီး ... အမမွေပေါင်းသင်းတယ် အစ်ကို ... "

"တောက် ... "

နောင်ဝင်းဆွေ တောက်ခေါက်သံက ပြင်းထန်လှပါ၏။

"နှင်းဖြူရဲ့ခန္ဓာကိုယ်ဟာ မသန့်တော့ဘူး အစ်ကို ... အစ်ကိုနဲ့ ဘုရားမှာ ချစ်ကြတဲ့အထိ နှင်းဖြူ အပျိုရည်မပျက်ခဲ့ပါဘူး ဒါကြောင့် အစ်ကိုနဲ့ နောက်ထပ်မတွေ့နိုင်အောင် နှင်းဖြူကို အစ်ကိုလိုက်မရှာအောင် နှင်းဖြူစာရေးပြီး ကြီးကြီးမြကို ညနေကျမှ ဒီစာ အစ်ကို့ကို သွားပေးလို့ မှာခဲ့ပြီး ဗညားနဲ့ပဲ နှင်းဖြူဆက်နေခဲ့တယ် ... "

"ဒါပေါ့ ... ဗညားက တို့အဝေရာကို မရောက်ခင်ကတည်းက နှင်းဖြူရဲ့ငယ်ချစ်မဟုတ်လား ... "

"ဒီလိုမပြောပါနဲ့ အစ်ကို ... နှင်းဖြူဘဝဟာ လုံးလုံးလျားလျား အစ်ကိုနဲ့ နီးစပ်ဖို့ ဝေးသွားပြီ ... ဗညား အနိုင်ကျင့်တာကို ခံလိုက်ရပြီးပြီ ... အရှုံးထဲက အမြတ်ရအောင် ဗညား

ကိုပဲ နှင်းဖြူပြန်ပူးပေါင်းလိုက်တယ် ... ဗညားဟာ အစ်ကိုနဲ့ ကိုအောင်ချို့ကို ရန်ရှာတော့မယ်ဆိုတာ နှင်းဖြူသိထားတယ် ... ဒါကြောင့် အခု နှင်းဖြူ အစ်ကို့ကို လာကယ်နိုင်တာပေါ့ အစ်ကို ... အချစ်ဆိုတာ လူချင်းပေါင်းသင်းရမှ အရာမြောက်တာ မဟုတ်ပါဘူး အစ်ကိုရယ် ... ရင်ထဲကရာသက်ပန်ချစ်နေလည်း အချစ်ဟာ အရာမြောက်ပါတယ်ဟော ... အစ်ကို ... "

ပြောပြောဆိုဆို နှင်းဖြူ နားစွင့်လိုက်သည်။ မော်တော်တစ်စီး ခုတ်မောင်းနေသော အင်ဂျင်စက်သံကို ကြားရပါ၏။

"သူတို့ လာကြပြီ အစ်ကို ... နှင်းဖြူတို့ ပြေးစို့ ... "

နောင်ဝင်းဆွေ ဆိုက်ထားသော မော်တော်ဆီသို့ နှစ်ယောက်သား ပြေးသွားကြသည်။

ဗညား၏မော်တော်ကို နှင်းဖြူက သူမကိုင်ဆောင်ထားသည့် ပစ္စတိုနှင့် စတင်ပစ်ခတ်တော့သည်။

ထိုသို့ ပစ်ခတ်သည်မို့ ဗညားသည် သူ၏ မော်တော်ကို ကမ်းသို့တိုးကပ်ပြီး ရှေ့ဆုံးမှ ဗညားခုန်ဆင်းသည်။

"အစ်ကို မော်တော်ပေါ်တက်ပြီး စက်နှိုးထား ... နှင်းဖြူ ကျောက်ဆူးဖြုတ်ပြီး မော်တော်ပေါ်တက်ခဲ့မယ် ... "

လက်ရှိလုပ်ဆောင်သင့်သည်မှာ နှင်းဖြူပြောသည့်အတိုင်း ဖြစ်နေသဖြင့် နောင်ဝင်းဆွေ မော်တော်ပေါ်သို့ လွှားခနဲတက်ရောက်လိုက်သည်။



ဗညားသည် နောင်ဝင်းဆွေထံသို့ သေနတ်ကိုင်ရင်း ရှေ့မှ ပြေးသွားသည်။ သူ့နောက်မှ ညဏ်ထွန်းကလည်း သေနတ်ကိုင်လျက်ပင် ပြေးလာသည်။

"ဒိုင်း ... ဒိုင်း ... "

နှင်းဖြူက ပြေးဝင်လာသော ဗညားနှင့် ညဏ်ထွန်းကို ပစ္စတိုနှင့် လှမ်းပစ်သည်။ တစ်ချိန်တည်းမှာပင် ကျောက်ဆူးကို မ,ယူပြီး မော်တော်ပေါ် ပစ်တင်နေသည်။

ဗညား အပြေးရပ်လိုက်သည်။ သူကိုင်ထားသော သေနတ်မှာ နောင်ဝင်းဆွေ၏ အိုဗာအန်ဒါ နှစ်လုံးပြူးသေနတ်ဖြစ်ပါ၏။

ဗညားက ထိုနှစ်လုံးပြူးသေနတ်နှင့်ပင် နှစ်ချက်ဆင့်ပစ်လိုက်သည်။

"အို အမေ့ ... "

နှင်းဖြူကို ထိမှန်ပြီး နှင်းဖြူလဲကျသွားသည်။

"နှင်းဖြူ ... နှင်းဖြူ ... "

နောင်ဝင်းဆွေ အငမ်းမရ အော်ဟစ်ပြီး မော်တော်ပေါ်သို့ ပြန်ခုန်ဆင်းကာ နှင်းဖြူဆီရောက်သွားပြီး ပွေ့ချီလိုက်သည်။

ထိုစဉ်မှာပင် ...

အခြားမော်တော်တစ်စီး ဦးဆိုက်ဝင်ရောက်လာရင်း လှမ်းအော်ပြောသံထွက်ပေါ်လာသည်။

"ဟေး ... ဗညားနဲ့ ညဏ်ထွန်း ... ငါတို့ အဝေးရာရဲစခန်းက ရဲတပ်ဖွဲ့ပဲ ... မင်းတို့ သေနတ်တွေ အောက်ချလိုက်"

ဗညားနှင့် ညဏ်ထွန်း ချက်ချင်းပင် သေနတ်ကို ပစ်ချကာ လက်မြှောက်ထားလိုက်ကြတော့သည်။

ရဲတပ်ဖွဲ့က ဗညား၊ ညဏ်ထွန်းနှင့် သူ့တပည့်လေးယောက်အား တစ်သီကြီး လက်ထိပ်ခတ်ဖမ်းဆီးလိုက်တော့သည်။

"နှင်းဖြူ ... နှင်းဖြူ ... နှင်းဖြူ မသေရဘူး ... အစ်ကိုကိုယ်တိုင် နှင်းဖြူအသက်ကို အရပြန်ယူမယ် ... "

"သေရင်လည်းသေပျော်သွားပါပြီ အစ်ကို ... အစ်ကို့အသက်ကို နှင်းဖြူကယ်နိုင်တာပဲ နှင်းဖြူဝမ်းသာလို့ မဆုံးပါဘူး အစ်ကို ... တကယ်က နှင်းဖြူ အစ်ကို့ကို ပုံပြင်လေးတစ်ခု ပြောပြခဲ့ဖူးတယ်လေ ... ခြင်္သေ့ကြီးရဲ့အသက်ကို ကြွက်ငယ်လေးက ကယ်နိုင်ခဲ့တဲ့ ပုံပြင်ပေါ့ ... "

"အို ... နှင်းဖြူရယ် ... "

နောင်ဝင်းဆွေ ကျစ်ကျစ်ပါအောင် နှင်းဖြူကိုဖက်ထားစဉ်မှာပင် အဝေးရာစခန်းမှ စခန်းမှူးရဲအရာရှိရောက်လာသည်။

"ဒီမယ်ဗျာ ... ဟောဒီသေနတ်မှန်ထားတဲ့ နှင်းဖြူဟာ ..."

"အဲဒါ စနေမပါ ဒေါက်တာ ... "

"ထားပါတော့ ... စနေမဟာ အချိန်မီခွဲစိတ်ကုသနိုင်ရင် အသက်ရှင်မှာပါ ... ကျည်ဆန်တွေက နှစ်လုံးပြူးကျည်ဆန်



တွေမို့ ကိုယ်ထဲကို အနက်ကြီးမဝင်ပါဘူး ... ပြည်မြို့ဆေးရုံအထိ ယူသွားရင်တော့ ... သွေးထွက်လွန်တာရော ကျည်ဆိပ်တက်တာရောကြောင့် အသက်ရှင်ချင်မှ ရှင်မယ် ... အဝေးရာက မေတ္တာမွန်ဆေးခန်းကိုသာ ခေါ်သွားပါရစေ ကျွန်တော် ကုသပေးနိုင်မှာပါ ... "

ရဲအရာရှိက စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်သည်။

"ထုံးစံကတော့ မှုခင်းနဲ့ ပတ်သက်တဲ့ဒဏ်ရာရသူကို တရားဝင် ပြည်သူ့ဆေးရုံကို ပို့ပေးရတာပဲ ... ဒါပေမဲ့ ဒေါက်တာ့ရဲ့ တောင်းဆိုချက်အတိုင်း လုပ်ပါ ... ကျွန်တော် အထက်ကို သီးသန့် အစီရင်ခံစာ တင်ပေးပါ့မယ် ... နောက်ပြီး ရဲအဖွဲ့ကို သတင်းပေးနိုင်သူဟာ စနေမပါ ... ဒေါ်အေးမြကို စနေမရဲ့ ထွက်ဆိုချက်တွေက သိပ်အရေးကြီးပါတယ် ... ဒေါက်တာ့ဆေးခန်းကိုပဲ ခေါ်သွားပါ ... ကျွန်တော် နောက်ကနေလိုက်လာပြီး စနေမသက်သာမှ ထွက်ဆိုချက်ယူမယ်"

နောင်ဝင်းဆွေ စနေမကို ပွေ့ပြီး မော်တော်ပေါ်တင်သည်။ ရဲကြပ်နှင့် ရဲသားတစ်ယောက်ကို လုံခြုံရေးအတွက် ရဲအရာရှိက ထည့်ပေးသည်။ နောင်ဝင်းဆွေက စနေမကို သူ၏ပေါင်းတွင်ပင်ထားကာ မော်တော်မောင်းထွက်လာခဲ့သည်။

"အစ်ကို ... "

"ပြော ... နှင်းဖြူ ... "

"နှင်းဖြူဘဝမှာ သေပျော်ပါပြီ ... သေလည်း သေသင့်ပါပြီ ဒီဘဝမှာတော့ နှင်းဖြူဘဝဟာ ဘယ်လိုမှမကောင်းတော့ပါဘူး ... အစ်ကို နောင်တမလွန်ဘဝမှာတော့ ကောင်းချင်ကောင်းမှာပါ ... "

"အို မဟုတ်တာ ... နှင်းဖြူ မသေစေရပါဘူး ... နှင်းဖြူ မသေအောင် ကိုယ်အစွမ်းကုန် ကြိုးစားကုမယ် ... "

"ဩော် ... အစ်ကိုရယ် ... "

နှင်းဖြူ ညည်းညည်းတွားတွားလေး ပြောပြီး ငြိမ်သွားသည်။ တစ်ခဏအကြာတွင် စကားကို ပြောပြန်သည်။

"အစ်ကို ... "

"စကားသိပ်မပြောနဲ့ နှင်းဖြူ ... ဒဏ်ရာတွေ ဘာမှမလုပ်ရသေးခင် စကားသိပ်မပြောပါနဲ့လား ... သိပ်အားစိုက်ပြောရမှာစိုးလို့ပါ နှင်းဖြူ ... "

"တစ်ခွန်းပဲ ပြောပါရစေ အစ်ကို ... မိမိစိုးကို အစ်ကိုလက်ထပ်ပါ ... မိမိစိုးလေးဟာ အစ်ကို့အပေါ်မှာ တကယ်မျက်ကန်းချစ် ချစ်တာပါ ... အဲဒါ နှင်းဖြူ မျက်မြင်ကိုယ်တွေ့ပါ သူ့အစ်ကိုဗညားကို သူရိုက်လည်း ရိုက်တယ် ... တံတွေးနဲ့လည်း ထွေးတယ် ... အစ်ကို့အပေါ်မှာ ဒီလိုလုပ်ရမလားဆိုပြီးလေ ... "

"ကဲပါ ... နှင်းဖြူရယ် ပြောချင်တာတွေကိုလည်း ဆေးခန်း



ရောက်ပြီး ကုသလို့ သက်သာမှ ဆက်ပြောပါ ... အစ်ကို့ကို တကယ်ချစ်ရင် နောက်ထပ်စကားတွေ မပြောပါနဲ့တော့နော် ... "

အစ်ကို့ကို တကယ်ချစ်၍ပဲလား၊ ဒဏ်ရာတွေကပဲ ပြင်းထန်လာ၍လားမသိ၊ နှင်းဖြူသည် အစ်ကိုပြောသည့်အတိုင်း နောက်ထပ်စကားမဆိုတော့ဘဲ ငြိမ်သက်စွာနေလိုက်တော့သည်။

▲

## ၁၇

ဗညားတို့တစ်ဖွဲ့လုံး ထောင်ကျသည်။

*နှင်းဖြူခေါ် စနေမအား နောင်ဝင်းဆွေ၏ဆေး* ခန်းတွင် အရေးပေါ်ကျည်ဆန်ခွဲထုတ်ပြီး အတန်ငယ် သက်သာလာသည်နှင့် မှုခင်းကိစ္စဖြစ်နေသောကြောင့် ပြည်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ တရားဝင်ပေးပို့ရသည်။

ဦးဖိုးခွား မသေပါ။ ပြည်မြို့ပြည်သူ့ဆေးရုံကို အချိန်မီပို့ပြီး ကုသနိုင်ခဲ့သည်။

နှင်းဖြူ စနေမထံမှ ထွက်ဆိုချက်တွေ၊ စစ်ဆေးမေးမြန်းချက်တွေကို ရဲတပ်ဖွဲ့ကယူပြီး စနေမကို အပြစ်မှလွှတ်စေသည်။ သူမ၏အသက်အန္တရာယ်ကို ကာကွယ်ရ၍ ဦးဖိုးခွားကို သေနတ်နဲ့ ပစ်ရကြောင်း နောင်ဝင်းဆွေ၏ မျက်မြင်သက်သေထွက်ဆိုချက်က စနေမကို အပြစ်မှကင်းလွတ်စေခြင်းဖြစ်ပါ၏။

နောင်ဝင်းဆွေသည် ပြည်မြို့ပြည်သူ့ဆေးရုံတွင် တင်ထားသော မနှင်းဖြူအား နေ့စဉ်သွားကြည့်ရှုသည်။ အောင်ချို



က စိတ်တိုင်းကျ သူ့မော်တော်ဖြင့် လိုက်ပို့ပေးသည်။ အောင်ချိုက သူ့လုပ်ငန်းတွေကို မန်နေဂျာ ကိုဗထူးနှင့် မွှေလွှဲထားသလို ဆေးခန်းကိုလည်း နောင်ဝင်းဆွေက ယာယီဒေါ်အဲဖော့နှင့် လွှဲပြီး ပြည်မြို့မှ ပြန်ရောက်သည်နှင့် သူ၏ဆေးခန်းကို ထိုင်ပေးသည်။

ယခုကျမှပင် နောင်ဝင်းဆွေက သူငယ်ချင်း အောင်ချိုအား ကိစ္စအဝဝတွေကို ဖြေပြသည်။

မိမိထံသို့ဓားထွန်းညွန့်ရောက်ရှိလာပြီးငွေငါးသောင်းပေးကာ အဝေးမှ ထွက်သွားဖို့ ဖြားယောင်းပုံ၊ ထိုနည်းနှင့်မရသဖြင့် မိမိကို ဓား၊ သေနတ်ဖြင့် ခြိမ်းခြောက်ပုံ။

အ[illegible]ရာစေတီရင်ပြင်ပေါ်တွင် စနေမခေါ် နှင်းဖြူအား မိမိက မေတ္တာရှိကြောင်း အတိအလင်းဖွင့်ပြောပြီး စနေမနှင့် *သူ ချစ်သူဖြစ်သွားကြပုံ*

မိမိစိုးနှင့် ဖိုးခွားကျွန်းပေါ်တွင် တွေ့ခဲ့ပုံ၊ ယခုဖြစ်ပွားရ၍ သူ့အစ်ကို ဗညားဘက်မှ မလိုက်ဘဲ မိမိကို ကယ်တင်ဖို့ မိမိစိုးက စနေမနှင့် ပူးပေါင်းပုံစသည့် ဖြစ်ပျက်ခဲ့သမျှအားလုံးကို မော်တော်နှင့်သွားရင်း ပြောပြလိုက်သည်။

"မင်းကွာ ... အစကတည်းက အားလုံး ငါ့ကိုဖွင့်ပြောရောပေါ့ သူငယ်ချင်း ... "

"ဘာထူးမှာလဲ အောင်ချို ... မင်းစိတ်အနှောင့်အယှက်ဖြစ်ရုံပေါ့ ... မင်းက သိပ်အလုပ်များတဲ့လူပဲ ... နောက်ပြီး ဓားထွန်းညွန့်ကို ငါက အနိုင်ယူလိုက်ခဲ့တာပဲ ... မင်းရဲ့ မေတ္တာမွန်ဆေးခန်းအပေါ်မှာ ငါက ဘယ်လိုမှစိတ်အပြောင်း

အလွဲဖြစ်တာ မဟုတ်တော့ တွေတွေထူးထူးတွေ မင်းကို မပြောတော့ဘူးပေါ့ကွာ … အခုမှ ပြောချိန်တန်ပြီထင်လို့ အားလုံးဖွင့်ပြောတာ … ”

“အင်းပေါ့လေ … ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲ ထားပါတော့ … မင်းစိတ်ဓာတ်မပြောင်းလွဲဘဲ ငါ့အပေါ် နိုင်မာတာကိုပဲ ငါက သိပ်လေးစားပါတယ် … ညြ … လက်စသတ်တော့ ဒေါက်တာဦးမင်းစိုးက မင်းကို အဲဒီနည်းတွေနဲ့ မအောင်မြင်လို့ သူ့သမီးကို ရှေ့တန်းတင်ပြီး ငါတို့ကို အချိုသတ်တာကိုး”

“ဦးမင်းစိုးကတော့ ဟုတ်တယ် … ဒါပေမဲ့ သူ့သမီးတွေက ရှတော့ ငါတို့ကို အဖေ့ဆန္ဒအချိုသတ်တာ မဟုတ်တာတော့ သေချာတယ် အောင်ချို … မီမီစိုးကို ကြည့်လေကွာ”

“ဟုတ်ပါတယ် … ကောင်မလေးကတော့ မင်းကို တကယ့်ရင်ထဲနှလုံးထဲက ချစ်နေတာကိုး … ”

“ဟေ့ကောင် … အောင်ချို … နီနီစိုးကရော မင်းကို ရင်ထဲနှလုံးသားထဲက တကယ်ချစ်တာမဟုတ်ဘူးလို့ မင်းပြောနိုင်မလား … ”

“ဒါတော့ ငါမသိဘူး … ဘုရားကိုးဆူညာကတည်းက ခုအချိန်ထိ ငါ နီနီစိုးကို မတွေ့ရသေးဘူး … သူ ငါ့ကို တကယ်ချစ်ရင် … ငါ့ကို ထပ်တွေ့ဖို့ ကြိုးစားရမှာပေါ့ … ငါက သူ့ကို ချစ်တဲ့အကြောင်းပြောပြီး ဖက်လည်း ဖက်ခဲ့တာပြီးပြီ … ပါးကိုလည်း နမ်းခဲ့ပြီးပြီဟာပဲကွာ … ”



# ၁၈

နှင်းဖြူခေါ် စနေမ ပြည်မြို့ ပြည်သူ့ဆေးရုံကို တက်ရောက်ကုသသည်မှာ ယနေ့ဆို ရက်ပေါင်းနှစ်ဆယ်ရှိသွားပြီ။

နောင်ဝင်းဆွေသည် နေ့စဉ် စနေမခေါ် နှင်းဖြူထံသို့ သွားရောက်ပေသည်။

ယနေ့လည်း ပြည်မြို့ နှင်းဖြူထံမသွားမီ အောင်ချိုနှင့် နံနက် ကော်ဖီသောက်ကြသည်။

“မင်း … စနေမနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားလဲ နောင် … ”

“ဘာကို ဘယ်လိုသဘောထားလဲလို့ မင်းမေးတာလဲ … အောင်ချို … ”

“လက်ထပ်ဖို့အထိပေါ့ကွာ … အခုနေ စနေမက ဗညားနဲ့ ညားပြီးသွားပြီလေ … ”

"တရေးဝင်လက်ထပ်ပြီး ညားတာမှ မဟုတ်တာဘဲကွာ ... နိုင်ငံထက်စီးနင်း ဖွတ်ပေါင်းသင်းတာ ခံရတာပဲဟာ ... "

"ဒါပေမဲ့ စနေမ အပျိုမဟုတ်ရှတော့ဘူးလေကွာ ... "

"မလိုပါဘူးကွာ ... ငါက ဆရာဝန်ပဲ ... "

"ဘာဆိုင်လဲ မင်းဆရာဝန်နဲ့ ... "

"အပျိုရယ် ... အအိုရယ်ဆိုတာ ရုပ်ခန္ဓာဖြပ်ပိုင်းမှာ ဆရာဝန်အနေနဲ့ ထွေထွေထူးထူးခြားနားမှုမရှိဘဲ သူငယ်ချင်း ... လူတွေက ပညတ်ပိုင်းအရသာ အပျိုရယ် ... အအိုရယ်သတ်မှတ်တာ ... ဗညားအနိုင်ကျင့်ခံရတာကို ငါထည့်မတွက်ဘူး"

"စံပါပဲ မင်းကတော့ ... ဒါဆို နှင်းဖြူကို မင်းလက်ထပ်မှာပဲပေါ့ ... ဟုတ်လား"

"လက်ထပ်တယ်ဆိုတာက ... ကိုယ့်ဘက်က တစ်ယောက်တည်း လက်ထပ်လို့ရတာမျိုးမှ မဟုတ်တာဘဲ အောင်ချို နှင်းဖြူကိုယ်တိုင်က လက်ထပ်ဘာကို သဘောတူမှ လက်ထပ်လို့ရမှာ ... "

"တကယ်လို့ ... နှင်းဖြူက မင်းနဲ့ လက်ထပ်ပါ့မယ်ဆိုရင် မိမိစိုးကိုရော ... မင်းဘယ်လိုသဘောထားမလဲ ငနောင်"

နောင်ဝင်းဆွေ ငြိမ်သွားသည်။ ပြီးမှ ဖြည်းလေးစွာ ပြန်ပြောသည်။

"ကောင်မလေး မိမိစိုးကိုလည်း ငါချစ်မိတာ အမှန်ပါပဲ



အောင်ချို ... ဒါပေမဲ့ နှင်းဖြူကိုကျော်ပြီး ငါဘာလုပ်လို့ရမှာလဲ ... "

"မင်းဟာက တစ်မျိုးကြီးပဲ ... "

"အေး ... ဖြစ်လာတာတွေကိုက တစ်မျိုးကြီးကိုးကွ ... "

သူငယ်ချင်းနှစ်ယောက် ပြောနေကြစဉ်မှာပင် ဒေါ်ကြီးသိန်း ကော်ဖီပိုင်းသို့ ဝင်လာသည်။

"အပြင်မှာ ညှိုသည် နှစ်ယောက်ရောက်နေတယ်ကွဲ့ ... တစ်ယောက်က အောင်ချိုကို တွေ့ချင်လို့တဲ့ ... နောက်တစ်ယောက်က မောင်ဆွေကို တွေ့ချင်တာတဲ့ ... "

"ဘယ်သူတွေလဲ ဒေါ်ကြီးသိန်း ... "

"မောင်ချိုရော ... မောင်ဆွေရော ကိုယ်တိုင်ထွက်ကြည့်ရင် တွေ့မှာပေါ့ကွ ... "

ဒေါ်ကြီးသိန်းက ပဟေဠိဆန်ဆန်ပြောပြီး မီးဖိုခန်းသို့ ဖွတ်ဝင်သွားသည်။ အောင်ချိုနှင့် နောင်ဝင်းဆွေ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြသည်။

"လဲ ... လာ ... မင်းရော ငါရော ထွက်တွေ့မှဖြစ်မှာ ... "

နှစ်ယောက်စလုံး တွဲကာ ဧည့်ခန်းထဲသို့ ထွက်လာခဲ့ကြသည်။

"ဟော ... အဲဗျ ... နီနီစိုးပါလား ... "

"ဟိတ် ကောင်မလေး ရွှေမိ ... "

နီနီစိုး ခေါင်းငုံ့ထားသည်။ ဘုရားကိုးဆူညက အောင်ချို ဖက်ရမ်းနမ်းရှုံ့ထားသည်ကို ယခုအချိန်ထိ အရှက်မပြေသေးဟန်တူပါ၏။

ရွှေမိကောင်မလေးက နောင်ဝင်းဆွေကို ရဲရဲတင်းတင်းပင် ပြန်ပြောသည်။

"ရွှေမိမဟုတ်တော့ဘူး အစ်ကို ... အခု မီမီအစစ်ဖြစ်သွားပါပြီနော် ... အခု မီမီတို့ ညီအစ်မလာတာ မစနေမကို ဆေးရုံမှာ သွားလိုက်ကြည့်ချင်လို့ လိုက်ခွင့်ပေးမှာလား အစ်ကို"

"သိပ်ပေးတာပေါ့ ... ဒါပေမဲ့ အမိရဲ့ဒက်ဒီနဲ့ မာမီကြီးတို့က တို့နဲ့လိုက်ရင် အမိလေးကို ပွမ်မှာပေါ့ ... "

"မပွမ်တော့ပါဘူး အစ်ကို ... တကယ်တော့ ဒက်ဒီနဲ့ မာမီက ဒီလောက်မဟုတ်ပါဘူး ... ကိုကိုဗညားက ဖွတ်လုပ်တာကို ဒက်ဒီနဲ့ မာမီက တားမရဆီးမရဖြစ်သွားတာပါ ... အခုတော့ ကိုကိုဗညားခံလိုက်ရလို့ ဒက်ဒီရော မာမီရော သိပ်နောင်တရနေကြပါပြီ ... အခု မီမီတို့ ညီအစ်မ ဒက်ဒီနဲ့ မာမီကို ပြောပြီးမှ လာကြတာပါ အစ်ကို ... "

နောင်ဝင်းဆွေက အောင်ချို့ကို ပြောလိုက်သည်။

"ဟေ့ကောင် အောင်ချို ... ငါကတော့ ရွှေမိကို မော်တော်နဲ့ ပြည်ကိုခေါ်သွားမှာ ... မင်းကကော နီနီစိုးကို ခေါ်မှာပဲ မဟုတ်လား ... "



အောင်ချိုက အိုက်တင်ခံသည်။

"ငါက ဘုရားကိုးဆူညဘက်အိမ်မျိုးကိုမှ နီနီကို ခေါ်သွားချင်တာကွ ... ဘုရားကိုးဆူဆိုတာက ညကျမှကျင်းပလို့ရတာ မဟုတ်လား ... "

"အယ် ... ကြည့် ... "

နီနီစိုး မျက်နှာလေးတကယ်ပင် သွေးရောင်လွှမ်းသွားသည်။ ရှက်သွေးတွေ ဖြာသွားသောကြောင့်ဖြစ်ပါ၏။

"တကယ်ပဲ ကိုအောင်ချို ပေါက်ကရပြောတယ် ... နီနီရှက်တယ် ... "

"ကဲ ... ကဲ ... ရှက်ရင် နောက်ကလိုက်ခဲ့ ... လာ ရွှေမိတို့ ရှေ့က မော်တော်ဆီကို သွားနှင့်မယ် ... "

နှစ်စုံတွဲ မော်တော်နှင့် ပြည်သို့လာခဲ့ကြသည်။ စနေမတက်သော ဆေးရုံရှိအခန်းသို့ လေးယောက်သား ဝင်ခဲ့ကြသည်။

သို့သော် ...

စနေမ မရှိတော့ပြီ။ သူမတက်ခဲ့သော ခုတင်ပေါ်ရှိ မွေ့ရာ၊ ခေါင်းအုံး၊ စောင်တွေကိုပင် သူနာပြုဆရာမက သိမ်းဆည်းခနေပေပြီ။

"ဒေါက်တာနောင်ဝင်းဆွေဆိုတာ ဘယ်သူပါလဲရှင် ... "

သူနာပြုဆရာမလေးက အောင်ချိုနှင့် နောင်ဝင်း

ဆွေကို ကြည့်ပြီး မေးမြန်းသည်။

"ဒေါက်တာနောင်ဝင်းဆွေဆိုတာ တို့ပဲ ဆရာမ … ဘာလိုလဲ … "

"ဩော် … ဒီခုတင်က လူနာမနှင်းဖြူက ဒေါက်တာနောင်ဝင်းဆွေလာရင် ဒီစာပေးပါဆိုလို့ပါ … "

နောင်ဝင်းဆွေက သူနာပြုဆရာမပေးသောစာအိတ်ကို ယူလိုက်သည်။

"သူ့ကို ဆင်းခွင့်ပေးလိုက်တာလား ဆရာမ … "

"လက်မှတ်ထိုးဆင်းသွားတာပါ … ဒါပေမဲ့ သူ့ဒဏ်ရာတွေက ပျောက်သလောက်ရှိနေပါပြီ … ဒီနေ့မနက် ဆရာဝန်ကြီး ရောင်း(ဒ်)လှည့်ရင် ဆင်းခွင့်ပေးတော့မှာပါ … "

"ဒါဆို နှင်းဖြူက ဘယ်တုန်းက ဆင်းသွားတာလဲဟင်"

"မနေ့ ညနေကပါ … "

သူနာပြုဆရာမလေးအပြင်ထွက်သည်နှင့်နောင်ဝင်းဆွေသည် နှင်းဖြူ၏စာကို ဖွင့်ဖတ်သည်။

**အစ်ကို …**

**နှင်းဖြူ စစ်ကိုင်းဘက်ကို သွားပါပြီ၊ နှင်းဖြူဘဝဟာ သေရင်သေ၊ မသေဘဲအသက်ရှင်နေရင်တော့ ဘုရားရဲ့သမီးတော် သီလရှင်ဘဝနဲ့သာ အရှေ့ဘ်ကန်ဆုံးပါ။**

**အစ်ကို့ကို နှင်းဖြူ သိပ်ချစ်ပါတယ်။**



**ဒါပေမဲ့ …**

**ဒီဘဝ ဒီအမှုသာပဲပေါ့ အစ်ကို။**

**နှင်းဖြူ**

နောင်ဝင်းဆွေ စာကိုဖတ်ပြီး ငိုင်သွားသည်။ ငေါင်သွားသည်။

ငြိမ်သွားသည်။

"စနေမက ဘာတွေရေးထားလဲ အစ်ကို … မိမို့ကို ဖတ်ခွင့်ပေးမလားဟင် … "

"ရော့ … ဖတ် … ဒီစာကို မိမိသိပ်ဖတ်ချင်နေတယ် … "

နောင်ဝင်းဆွေက စာကို အဖြန့်လိုက်အတိုင်း ပေးကာ မိမိစိုးကို ဖတ်စေသည်။ မိမိစိုးဖတ်သည်။ စာက တိုတိုလေးမို့ ချက်ချင်းဖတ်ပြီးသွားပါ၏။

"အယ် … မမ စနေမ သီလရှင်ဝတ်လိုက်ပြီတဲ့ … နှမြောစရာကြီး … မမစနေမက ဆံပင်သိပ်ကောင်းတာ … ခေါင်းတုံးရိပ်ပစ်လိုက်တာ ဆံပင်တွေ နှမြောစရာ … "

ကောင်မလေးမိမိစိုးသည် နှင်းဖြူခေါ် စနေမနှင့် သူမ၏အစ်ကို နောင်ဝင်းဆွေတို့ ချစ်ခဲ့ကြသည်ကို ဘယ်လိုမှ အမှတ်မထားကြောင်း ဆံပင်တွေ နှမြောစရာဟု ပြောလိုက်ခြင်းက သက်သေခံနေပါ၏။

လေးယောက်သား ဖိုးခွားကို ဝင်ကြည့်ကြသေးသည်။

ဖိုးခွားလည်း ဆေးရုံမှ ဆရာဝန်၏ခွင့်ပြုချက်အရ ဆင်းသွားပေပြီဟု သိရသည်။

ဦးဖိုးခွား ချစ်မျှော်ကျွန်းသို့ပင် ပြန်မည်ထင်ပါ၏။

နောင်ဝင်းဆွေသည် ဦးဖိုးခွားအပေါ် အာဃာတ မထားပေ။

ဦးဖိုးခွားသည် သူ၏အလုပ်ရှင်အပေါ် သစ္စာရှိခြင်းသာဖြစ်ပါ၏။ ဖိုးခွားလိုလူမျိုးကိုယ်က သစ္စာရှိသော လူမျိုးဖြစ်ပေသည်။

လေးယောက်သား မော်တော်ဆီသို့ ပြန်လာခဲ့ကြသည်။

"မော်တော်ကို မင်းမောင်းမလား အောင်ချို ..."

"အေး ..."

"ဒါဆို မနီနီစိုး ရှေ့ခန်းက အောင်ချိုဘေးမှာပဲ ထိုင် ... လာ မီမီ ... အစ်ကိုတို့က နောက်က ကေဗင်ခန်းမှာ ထိုင်ကြမယ် ..."

မီမီစိုးသည် သူမ၏ချစ်သူအစ်ကိုပြောသမျှ တစ်သဝေမတိမ်း နာခံဖို့ အမြဲအဆင်သင့်ရှိနေပါ၏။

မော်တော်မောင်းထွက်ခဲ့သည်။ မော်တော်မှာ ဘေးဘက်အကာတွေ အားလုံးဖွင့်ထားသည်။



မောင်းသွားသော မော်တော်ထဲတွင် ရှေ့ဦးပိုင်းအခန်းနှင့် နောက်ပဲ့ပိုင်းကေဗင်ခန်းတို့မှာ အလယ်မှ ကေဗင်ခန်းကာထားသောကြောင့် ရှေ့ပိုင်းမှ ပဲ့ပိုင်းကေဗင်ခန်းကို ကြည့်၍မမြင်နိုင်။

နောက်ကေဘင်ခန်းထဲမှ ရှေ့ဦးပိုင်းကို လှမ်းကြည့်လည်း မမြင်နိုင်။

သို့သော် ...

ဘေးနှစ်ဖက် အကာတွေအားလုံးဖွင့်ထားသောကြောင့် ဘေးမှကြည့်လျှင်တော့ မော်တော်မောင်းသူ ဦးပိုင်းကိုဖြစ်စေ၊

မော်တော်၏ပဲ့ပိုင်းကေဘင်ခန်းထဲကိုဖြစ်စေ အားလုံးမြင်တွေ့နိုင်ပါ၏။

အကယ်၍သာ ...

ကမ်းပေါ်မှဖြစ်စေ၊ ဖြတ်သွားသော အခြားမော်တော်၊ သမ္ပန်များကဖြစ်စေ၊ ဘေးဘက်မှလှမ်းကြည့်လိုက်လျှင်တော့ ...

မော်တော်၏ဦးပိုင်းတွင် မောင်းနေသော အောင်ချိုက နီနီစိုးကို ကျစ်ကျစ်ပါအောင် ပွေ့ဖိုက်ထားသည်ကိုလည်းကောင်း၊

ပွဲပိုင်းတွင် ဒေါက်တာနောင်ဝင်းဆွေက ကောင်မလေး မိမိစိုးကို ကျစ်ကျစ်ပါအောင် ပွေ့ဖိုက်ထားသည်ကိုလည်း ကောင်း မြင်တွေ့ကြမည်ဖြစ်ပါလေတော့သည်။

ဒါဆို ပွဲပြီးပါလေပြီ။

ပက်စာခွာလို့ရပြီ။

ဖျာသိမ်းလို့ ရပြီ။

ကန့်လန့်ကာချ၍ ရပေပြီ။

ဩော် ... ချစ်သူတွေ ချစ်သူတွေ အပြန်အလှန် ချစ်သွားကြပြီကိုး။

အားကြီးရို့။

တက္ကသိုလ်တင်မြင့်